ဗေဒရာဘာဝဗိုဒ်

အဓိပ္ပာယ်

(စာပေ ပြုစုသူ)

PJ

အမ်(မ)အေ-မဟာဝိဇ္ဇာ

လယ်တီပဏ္ဍိတ-ဆရာဦးမောင်ကြီး

မာတိကာ

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၁။	သုဂန္ဓထေရဝတ္ထု	....	၁
၂။	စက်တော်ရာကိုရှိခိုးရခြင်းအကျိုး	....	၃
၃။	နန္ဒိယထေရဝတ္ထု	....	၁၁
၄။	အဘယထေရဝတ္ထု	....	၁၇
၅။	နာဌပုတ္တဆရာကြီးက ဝါဒပြိုင်ရန်နည်းပေးပုံ	....	၂၃
၆။	မြတ်စွာဘုရားနှင့် အဘယမင်းသား အပြန်,အလှန် မေးမြန်းဖြေဆိုပုံ	....	၃၀
၇။	စကားခြောက်ခွန်းအကြောင်း	....	၃၁
၈။	အဘယမင်းသား ဘုရားရှင်ဝေပည့်အဖြစ်သို့ ရောက်ပုံ		၃၄
၉။	လောမသက ဂိယထေရဝတ္ထု	....	၃၉
၁၀။	ဘဒ္ဒေကရတ္တသုတ္တန်အကြောင်း	....	၄၁
၁၁။	ဇမ္ဗုဂါမိယထေရဝတ္ထု	....	၆၂
၁၂။	ဟာရိတထေရဝတ္ထု	....	၇၀
၁၃။	ဥတ္တိယထေရဝတ္ထု	....	၇၈
၁၄။	ဂဒ္ဒရဘီရိယထေရဝတ္ထု	....	၈၇
၁၅။	သုပ္ပိယထေရဝတ္ထု	....	၉၄
၁၆။	သစ်သီးလှူဒါန်းသော ဒါနစေတနာအကျိုးပေးပုံ		၁၀၀
၁၇။	သောပါကထေရဝတ္ထု	....	၁၁၁
၁၈။	မွေးဖွားခြင်း၏ဒုက္ခ	....	၁၁၄
၁၉။	အလောင်းကိုမီးသင်္ဂြိုဟ်ပုံ	....	၁၁၅
၂၀	မေတ္တာတရားကိုဟောကြားတော်မူပုံ	....	၁၂၁
၂၁။	ပေါသိယထေရဝတ္ထု	....	၁၂၄
၂၂။	မယားဟောင်းကဖြားယောင်းပုံ	....	၁၃၀
၂၃။	သာမညကာနီထေရဝတ္ထု	....	၁၃၄
၂၄။	ကုမာပုတ္တထေရဝတ္ထု	....	၁၃၉
၂၆။	ကုမာပုတ္တသဟာယထေရဝတ္ထု	....	၁၄၄

မာတိကာ

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၂၆။	ဂဝံပတိထေရဝတ္ထု	....	၁၄၉
၂၇။	ဂပံပတိမထေရ်မြတ်ကြီး၏တန်ခိုးဂုဏ်	....	၁၅၆
၂၈။	တိဿထေရဝတ္ထု	....	၁၅၉
၂၉။	ဝဟုမာနထေရဝတ္ထု	....	၁၆၉
၃၀။	သပိတ်မှောက်ကံထိုက်ပုံ	....	၁၇၂
၃၁။	လိဿ္ဌဝိမင်းသားတောင်းပန်၍ သပိတ်လှန်ခြင်း	....	၁၇၃
၃၂။	သိရိဝဟုထေရဝတ္ထု	....	၁၇၈
၃၃။	လျှပ်စစ်ပုံယှဉ်၍ဝိပဿနာဆင်ခြင်ပုံ	....	၁၈၁
၃၄။	ခဒိရဝနိယရေဝတဝတ္ထု	....	၁၈၃
၃၅။	မင်္ဂလာဆောင်ကိစ္စပြီးသည်နှင့်တပြိုင်နက် ထွက်ပြေးပုံ	....	၁၉၆
၃၆။	ရှားတောကြီးသို့ဘုရားရှင်ကြွတော်မူခြင်းနှင့် ရှင်သီဝလိဘုန်းတန်ခိုး	....	၂၀၅

ဇရာဘာသာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုद္ဓဿ

ကေနိပါတ်

၂၄-သုဂန္ဓဇရဝဏ္ဏ၊

တိဿဘုရားလက်ထက် တောသွားမုဆိုးတဦး

ရှေးလွန်ခဲ့တဲ့ ကိုးဆယ့်နှစ်ကမ္ဘာထက်တွင် တိဿ အမည် ရှိတဲ့ ရှင်တော်ဘုရား ထွန်းကားပွင့်ပေါ်တော်မူခဲ့တယ်၊ထိုလက်ထက်တော် အခါ အမျိုးသားတယောက်သည် တောသွားမုဆိုးကြီးလုပ်ပြီး တောသား တောကောင် များကို မြားဖြင့်ပစ်ခတ် အသေသတ်လျက် မလျောက်ပတ်တဲ့ အသက်မွေးမှုဖြင့် မိဘနှစ်ပါးကို လုပ်ကျွေးမွေးမြူကာ နေခဲ့တယ်။

မုဆိုးအလုပ်ဖြင့် မိဘများကို လုပ်ကျွေးခြင်းဆိုတာ မသင့်လျော်ဘူးပေါ့၊ သို့ရာတွင် မုဆိုးလုပ်တဲ့ပါဏာတိပါတကံကတမျိုး,မိဘတို့ကိုရိုသေစွာ လုပ်ကျွေးတဲ့ကုသိုလ်က တမျိုး၊ အဲ-သို့ကလို ကုသိုလ်,အကုသိုလ် နှစ်ပါး ရောစပ်နေတယ်-လို့ ဆိုရပေလိမ့်မယ်။

တနေ့သောအခါ တိသ ရှင်တော်မြတ်ဘုရားသည် ချိုးမြောက်သင့်တဲ့ သတ္တဝါများကို ရှုစားဆင်ခြင်တော်မူသည်တွင် မိဘလုပ်ကျွေးတဲ့ မုဆိုးကြီးကို မြင်တော်မူသည်နှင့် ထိုမုဆိုးကြီး ကျက်စားရာဖြစ်တဲ့ တောတောင်အတွင်းသို့ ကိုယ်တော်တိုင် ကြွသွားပြီး ခြေတော်ရာသုံးဆူကို ထင်ရှားစွာ ချထားတော်မူခဲ့တယ်၊ ရှင်တော်ဘုရားများဟာ မဟာကရုဏာ လွန်စွာကြီးမြတ်တော်မူကြပါပေရဲ့။

ခြေတော်ရာ ၁ ဆူ

တနေ့သောအခါ ထိုမုဆိုးကြီးသည် လေးမြှားကိုထမ်းပြီး တောစခန်းသို့ ထွက်လေသည်တွင် ထိုခြေတော်ရာမြတ် သုံးဆူကို တွေ့မြင်ပါရော၊ ရှေးဘုရားရှင်တို့၏ လက်ထက်တော်အခါကလဲ ပါရမီအထူးကိုဆည်းပူးခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်သောကြောင့် ခြေတော်ရာသုံးဆူကိုမြင်လျှင် မြင်ခြင်း ကြက်သီးမွေးညှင်းထကာ သဒ္ဓါစေတနာဖြစ်ပွားပြီး—

> "သြော်-စက်လက္ခဏာအစုံနှင့် အလွန်မြင့်မြတ်တဲ့ ခြေတော်ရာများပါကလား၊ လောကသုံးပါးတွင် အတုမရှိတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ခြေတော်ရာအစစ်အမှန် ဖြစ်ပေတယ်၊ရိုသေစွာဦးခိုက်၍ ဖူးထိုက်လို့ တွေ့ကြုံရတာအမှန်ဘဲ"။

အဲ-သို့ကလို ကြီစည်ဆင်ခြင်ကာ အကြိမ်ကြိမ်လက်စုံမိုးပြီး ရှိခိုးပူဇော်တယ်။

ခြေတော်ရာကို သပ္တတ်ခါးပန်းဖြင့် ရှုဒါန်းပုံ

ထိုနောင်တဘန် ခြေတော်ရာကို ပူဇော်လှူဒါန်းလိုတဲ့ စေတနာဖြစ်ပေါ်လာသည်နှင့် လေးမြှားကိုချပြီး တောပန်းများကို ရှာဘွေသည်တွင် သပ္တတ်ခါးပွင့်တွေကို မြင်ပါရော၊ ထိုသပ္တတ်ခါးပွင့်တွေကို လျင်မြန်စွာခူးပြီး ရိုသေမြတ်နိုးစွာ စက်တော်ရာသုံးဆူကို တင်လှူပူဇော်တယ်၊ ထိုနေ့ကစပြီး မုဆိုးကြီးဟာ စက်တော်ရာသုံးဆူရှိရာ ဌာနသို့ မကြာမကြာသွားရောက်ပြီး မိမိတတ်စွမ်းသမျှ လှူဒါန်းပူဇော်လေ့ရှိသတဲ့။

စက်တော်ရာ သုံးဆူကို ကြည်ဖြူမြတ်နိုးစွာ ဖူးတွေ့ရတဲ့နေ့က အစပြုပြီး မုဆိုးအလုပ်ကို အလျင်းပယ်ဖြုတ်လျက် ကောင်းမွန်မြင့်မြတ်တဲ့ အသက်မွေးမှုအလုပ်ဖြင့် မိဘနှစ်ပါးကို ခစားလုပ်ကျွေးလို့ နေတယ်၊

ထိုမုဆိုးတွေတဲ့ စက်တော်ရာသုံးဆူဟာလဲ တစတစ ထင်ရှားကျော်စောပြီး လူအပေါင်းများစွာ သိရှိကြသဖြင့် ထိုတောအုပ်ကြီးအတွင်းသို့ မပြတ်မပြတ်ပရိသတ်ပေါင်းများစွာတို့က သွားရောက် ပူဇော်ကာ ဖူးမျှော်ကြသတဲ့၊မြန်မာနိုင်ငံမှာ ထင်ရှားစွာတည်ရှိနေတဲ့ စက်တော်ရာနှစ်ဆူ၏ အတ္ထုပ္ပတ္တိမှာလဲ မုဆိုးကြီးတဦးပါ၀င်နေတယ်၊ တောသွားမုဆိုးများဟာ စက်တော်ရာကို ပူဇော်ခွင့်နှင့် အကြောင်းတိုက်ဆိုင်နေတယ်လို့ ဆိုရမှာဘဲနော်။

စက်တော်ရာ ရှိခိုးရခြင်းအကျိုး

သက်တော်ထင်ရှားရှိတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို မဆိုထားဘိဦး၊တရာ့ရှစ်ကွက် စက်လက္ခဏာ အစုံ ကျေးဇူးဂုဏ်နှင့်ပြည့်စုံတော်မူတဲ့ စက်တော်ရာများကို ကြည်ညိုမြတ်နိုးစွာ ရှိခိုးပူဇော်ရပါလျှင် နောင်သံသရာ၌ ချမ်းသာကောင်းကျိုး အမျိုးမျိုး ဖြစ်ထွန်းနိုင်ကြောင်းကို ယခုပြဆိုလျက်ရှိတဲ့ သုဂန္ဓ ထေရ၀တ္ထု၊ဖြင့် ကောင်းစွာ သိနိုင်ကြတာပေါ့၊ ရှေးရှေး ဆရာကြီး အစဉ်အဆက်တို့၏ ညွှန်ကြားဆုံးမချက်ဖြင့် ယခုအခါ မြန်မာပြည်မှာ နှစ်စဉ်မပြတ် လူပေါင်းများစွာ သွားရောက်ပြီး စက်တော်ရာနှစ်ဆူကို ပူဇော်ရှိခိုးလေ့ရှိကြတယ်၊ ထိုသူတို့၏ သန္တာန်မှာလဲ ကုသိုလ်စေတနာ များစွာတိုးပွားလျက် အကျိုးများကြလိမ့်မည်မှာ အမှန်ပေါ့။

သီဟိုဠ်ကျွန်း သမန္တကူဋ တောင်ထိပ်မှာလဲ စက်တော်ရာတဆူ ထင်ရှားရှိတော်မူတယ်၊ ထိုစက်တော်ရာ ရှိတဲ့ဌာနသို့ သီဟိုဠ်သူ, သီဟိုဠ်သားတို့နှင့်တကွ လူပေါင်းများစွာတို့ အစဉ်တစိုက် သွားရောက်ပူဇော် နေကြတာလဲ အထင်အရှားပေပေါ့၊ ဤအချက်၌ စက်တော်ရာအကြောင်းနှင့် စပ်လျဉ်းပြီး ဂုဏ်တော်,ကျေးဇူးတော်တွေကို ရေးသားရန် များစွာပင်ရှိပေတယ်၊ သို့ရာတွင် ထေရာဘာသာပြန် ကျမ်းရင်းနှင့် မဆိုင်လှသဖြင့် မရေးသားဘဲ လျစ်လျူ။ ရှုလိုက်ရပါသည်။

ပြဆိုခဲ့ပြီးတဲ့ မုဆိုးကြီးသည် စက်တော်ရာ သုံးဆူကို အကြောင်းပြုကာ အသက်ဆုံးသည့်တိုင်အောင် ကုသိုလ်တရားကို ပွားများအားထုတ်ပြီး သက်တမ်းကြွေလို့ စုတေ သွားတော့ တာ၀တိ$ သာ နတ်ပြည်မှာ ဖြစ်ရတယ်။

အပဒါန် ပါဠိတော်များကို ထုတ်ဆောင်၍ ပြပါဦးမည်

(က) ဝနကမ္မိကော ပုရေ အာသိ၊ ပိတုမာတု မံပေါသံဟိ။
ပသုမာရေန ဇိဝါမိ၊ ကုသလံ မေ နဝိဇ္ဇတိ။

အနက်ကား

(က) အဟံ၊ အကျွန်ုပ်သည်။ ပုရေ၊ ရှေးလွန်ခဲ့ပြီးသော ကိုးဆယ့်နှစ်ကမ္ဘာထက်၌။ဝနကမ္မိကော၊တောင်ကျက်စားသော တောသွားမုဆိုးကြီးသည်။ အာသိ၊ ဖြစ်ခဲ့ပါသတည်း။ လုဒ္ဒကမ္မေန၊ မုဆိုးအလုပ်ဖြင့်။ ပိတုမာတုံ၊ ဘခင်, မိခင် ကျေးဇူးရှင် နှစ်ပါးကို။ အပေါသိ၊ လုပ်ကျွေးမွေးမြူခဲ့ပါသတည်း။ ပသုမာရေန၊ တောသားသမင်တို့ကို သတ်ဖြတ်ခြင်းဖြင့်။ ဇိဝါမိ၊ အသက်မွေးခဲ့ပါသတည်း။ မေ၊ အကျွန်ုပ်အား။ ကုသလံ၊ ကုသိုလ်ကောင်းမှုသည်။ နဝိဇ္ဇတိ၊ မရှိရိုးအမှန်ပါပေတည်း။

(ခ) မမ အာသယသာမန္တာ၊ တိသော လောကဂ္ဂနာယကော။
တိဏိပဒါနိ ဒသေသိ၊ အနုကမ္ပါယ စက္ခုမာ။

အနက်ကား

(ခ) တဒါ၊ ထိုအခါ၌။ မမ၊ အကျွန်ုပ်၏။ အာသယ သာမန္တာ၊ ကျက်စားရာဖြစ်သော တောအနီး၌။ လောကဂ္ဂနာယကော၊ လောကတိုက်ဘောင်ဝယ် ရှေဆောင်ရှေရပ်အမြတ်ကြီးဖြစ်တော်မူပေထသော။ စက္ခုမာ၊ ပညာစက္ခုအလင်းရှိန်ဖြင့် တထိန်ထိန် ထွန်းပတော်မူသော။ တိသော၊ တိသမြတ်စွာဘုရားသည်။ အနုကမ္ပါယ၊ အကျွန်ုပ်အား သနားတော်မူသဖြင့်။ တိဏိပဒါနိ၊ စက်တော်ရာ သုံးဆူတို့ကို။ ဒသေသိ၊ ချထားကာ ပြတော်မူပေသတည်း။

(ဂ) အဂ္ဂန္တွေ စ ပဒေ ဒိသ္မာ၊ တိသနာမယ သတ္ထုနော။
ဟဋ္ဌော ပဟဋ္ဌစိတ္တော၊ ပဒေ စိတ္တံ ပသာဒယိံ။

အနက်ကား

(ဂ) စ၊ အခွင့်ကောင်းကြုံ၍ ကုသိုလ်ထူးဖြစ်ပုံကား။ တိသနာ-မယ၊ တိသ အမည်ရှိသော။ သတ္ထုနော၊ ဘုရားရှင်၏။ အဂ္ဂန္တွေ၊ နင်း နှိပ် ချထားတော်မူခဲ့သော။ ပဒေ၊ ခြေတော်ရာသုံးဆူတို့ကို။ ဒိသ္မာ၊ ချထားကာ ပြတော်မူပေသတည်း။

(ဃ) အဂ္ဂန္တွေ စ ပဒေ ဒိသ္မာ၊ တိသနာမယ သတ္ထုနော။
ဟဋ္ဌော ပဟဋ္ဌစိတ္တော၊ ပဒေ စိတ္တံ ပသာဒယိံ။

အနက်ကား

(ဃ) စ၊ အခွင့်ကောင်းကြုံ၍ ကုသိုလ်ထူးဖြစ်ပုံကား။ တိသနာ-မယ၊ တိသ အမည်ရှိသော။ သတ္ထုနော၊ ဘုရားရှင်၏။ အဂ္ဂန္တွေ၊ နင်း နှိပ် ချထားတော်မူခဲ့သော။ ပဒေ၊ ခြေတော်ရာသုံးဆူတို့ကို။ ဒိသ္မာ၊

ဖူးမြင်တွေ့ကြုံရသည်ရှိသော်။ ပဟဋ္ဌစိတ္တေန၊ ရှင်လန်းသော စိတ်ဖြင့်။ ဟဋ္ဌော၊ ရှင်မြှူးနှစ်သက်သည်ဖြစ်၍။ ပဒေ၊ ခြေတော်ရာသုံးဆုဋ္ဌ။ စိတ္တံ၊ ကုသိုလ်စိတ်မြတ်ကို။ ပသာဒယိ၊ အာရုံပြုကာ ကြည်ညိုစေခဲ့ပါ သတည်း။

(ဃ) ကောရက္ခာ ပုပ္ဖိတံ ဒိသ္မာ၊ပါဒပံ ဓရဏီရုဟံ။
သကောသကံ ဂဟေတ္မာန၊ ပဒသေဋ္ဌံ အပူဇယိ။

အနက်ကား

(ဃ) အဟံ၊ အကျွန်ုပ်သည်။ ဓရဏီရုဟံ၊ မြေ၌ပေါက်၍နေသော။ ပုပ္ဖိတံ၊ အခိုင်တဝေဝေ ဖူးပွင့်၍နေသော။ ကောရက္ခာပါဒပံ၊ သပ္တတ်ခါးပင်ကို။ ဒိသ္မာ၊ တွေ့မြင်ရသည်ရှိသော်။ သကောသကံ၊ အခိုင်နှင့်တကွ။ ဂဟေတ္မာန၊ ဆွတ်ယူ၍။ ပဒသေဋ္ဌံ၊ စက်တော်ရာမြတ်ကို။အပူ-ဇယိ၊ လှူဒါန်းပူဇော်ခဲ့ပါသတည်း။

(c) ယံ ယံ ယေနုပပဇ္ဇာမိ၊ ဒေဝတ္တိ တတ္ထ မာနုသံ။
ကောရက္ခာကစ္ဆဝိ ဟောမိ၊ ပုပ္ဖါဘာသော ဘဝါမဟံ။

အနက်ကား

(c) အဟံ၊ အကျွန်ုပ်သည်။ ယေန ၊ အကြင်ကုသိုလ်ကံကြောင့်။ ယံဒေဝတ္တိံဝါ၊ အကြင်နတ်ဘဝသို့ရင်း။ယံမာနုသံဝါ၊ အကြင်လူ့ဘဝသို့ရင်း။ ဥပပဇ္ဇာမိ၊ကပ်ရောက်ဖြစ်ပွားခဲ့ရလေ၏။ တတ္ထ၊ထိုဖြစ်ရာဘုံဘဝတို့၌။ ကောရက္ခာကစ္ဆဝိ၊ သပ္တတ်ခါးပွင့်အဆင်းကဲ့သို့ ဝါဝင်းစိုပျိုသော အရေအဆင်းရှိသည်။ ဟောမိ၊ ဖြစ်ရပါသတည်း။ အဟံ၊ အကျွန်ုပ်သည်။ ပုပ္ဖါဘာသော၊ အဝါနုပန်းပွင့် အသွေးကဲ့သို့ ယဉ်ကျေးလှပသော အရောင်အဆင်းရှိသည်။ ဘဝါမိ၊ ဖြစ်ခဲ့ရပါသတည်း။

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း တာဝတိံသာနတ်ပြည်မှစ၍ ကြီးကျယ်မြင့်မြတ်တဲ့ ဘုံဘဝတို့၌သာ တခမ်းတနား ဖြစ်ပွားခဲ့ရတယ်၊ ဖြစ်လေရာဘုံဘဝတိုင်းမှာလဲ သပ္တတ်ခါးပွင့်အဆင်းနှင့်တူစွာဝါရွှေတောက်လင်းလှပတဲ့အရောင်အဆင်းနှင့် ပြည့်စုံခဲ့တယ်၊ မြင်ကြတဲ့သူအများတို့ကပန်းပွင့်ကိုမြင်တဲ့အခါ ကြည်လင်ကြတာလို သူ့ကိုမြင်လျှင်လဲကြည်လင်မြတ်နိုးစွာ ချစ်ခင်ကြတယ်။

သုဂတိဘုံဘဝ အစဉ်အဆက်ဖြင့် ကျင်လည်ခဲ့ပြီးတဲ့နောက် ယခုဘဒ္ဒကပ်အခါ ကဿပရှင်တော်ဘုရား လက်ထက်တော်သို့ ရောက်တော့ သာသနာတော်နှင့် တွေ့ကြုံ၍ လူ့ဘုံမှာ သူကြွယ်ကြီးတဦး ဖြစ်လာတယ်၊ သာသနာကိုကြည်ညိုတဲ့ ပုဂ္ဂိုလ်ဖြစ်သော အတိုင်း ဘုရားအမှုးရှိတဲ့ သံဃာတော်မြတ်တို့ကိုလဲ မပြတ်မပြတ် လှူဒါန်းလေ့ရှိတယ်။ "အလှူရေစက် လက်နှင့်မကွာ" ဆိုတဲ့ စကားအတိုင်းပေပေါ့။

ကုသိုလ်ထူးကို ပြုလုပ်ပုံ

တနေ့သောအခါ ထိုသူကြွယ်ဒါယကာသည်ရှင်တော်ဘုရားသီတင်းသုံးတော်မူရာဖြစ်တဲ့ ဂန္ဓကုဋိ တိုက်တော်သို့သွားပြီးတရားနာသည်တွင် မွေးကြိုင်သော ရနံ့တို့ဖြင့် တပ်ပ်ပ်ထုံနေပုံမျှားကို ခံစားတွေ့ရှိခဲ့ရတယ်၊ ထိုအခါ ဘယ်လို အကြံဖြစ်ပေါ်လာသလဲဆိုတော့–

"ဂန္ဓကုဋိတိုက်တော်ကြီးဟာ လွန်စွာ မွေးကြိုင်လှပါကလား၊ ကြိုင်လှိုင်တဲ့ရနံ့ကိုမည်သူမဆို နှစ်သက်လေ့ရှိကြတယ်၊ ထိုဂန္ဓကုဋိတိုက်တော်ကြီး အတွင်းမှာ ကြိုင်လှိုင်သည်ထက်တိုး၍ ကြိုင်လှိုင်အောင် ဂန္ဓာရုံဒါနကြီးတခုကို ပြုလုပ်လှူဒါန်းရလျှင် သင့်လျော်လိမ့်မယ်"။

အဲ-သို့ကလို အကြံဖြစ်ပေါ်လာတယ်။

ထို့နောက် လွန်စွာအဘိုးထိုက်တန်တဲ့ ဂေါသီတစန္ဒကူး နံ့သာနှစ်တွေကိုဝယ်ပြီး နံ့သာမှုန့်ဖြစ်အောင်ညက်ညက်ကြီး ကြိတ်တယ်၊မှုန့်မှုန့်ညက်ညက်ကြိတ်ပြီးတော့ နံ့သာရေတို့ဖြင့် သရွတ်ဖြစ်အောင် ဖျော်တယ်၊ ထိုနံ့သာသရွတ်တို့ဖြင့် ရှင်တော်ဘုရား ကိန်းစံတော်မူရာဖြစ်တဲ့ အတွင်းနံရံအလုံးစုံကို အကုန်မွမ်းမံကာ ပူဇော်တယ်။

ဆုတောင်းပုံ

အဲ–သို့ကလို မြင့်မြတ်ထူးဆန်းတဲ့ နံ့သာဒါနကြီးကို ပြုလုပ်ပြီး–

"ဘုန်းတော်ကြီးလှသော ရှင်ပင်ဘုရား..ဤနံ့သာဒါနကို အဆန်းတကြယ် လှူဒါန်းရတဲ့ ဒါနစေတနာကြောင့် နောင်ဖြစ်လေရာဘဝတိုင်း ဘဝတိုင်းမှာ အကျွန်ုပ်၏ ကိုယ်ရနံ့သည် ဤဂေါသီတစန္ဒကူးကဲ့သို့ အထူးသဖြင့်ကြိုင်လှိုင်ပါစေဘုရား"။

အဲ-သို့ကလို ဆုတောင်းလိုက်တယ်၊ သူဆုတောင်းပုံကို ထောက်တော့ ပန်းနံ့သာနှင့် အမွှေးအကြိုင်ဝါသနာပါကြောင်း ထင်ရှားတာပေါ့လေ။

အသက်ဆုံးသည့်တိုင်အောင် တဘဝလုံး ကုသိုလ်ကောင်းမှုများကို ကြိုးစားအားထုတ်ပြီး အသက်တမ်းကြွလို့ စုတေသွားတော့ ယခုဂေါတမ ရှင်တော်ဘုရား လက်ထက်တော်သို့တိုင်အောင် ယုတ်နိမ့်သော ဘုံဘဝတို့၌ တကြိမ်တခါမျှမဖြစ်ပွားခဲ့ရဘဲ ထူးထူးချွန်ချွန် မွန်မြတ်တဲ့ ဘုံဘဝတို့၌သာ ဖြစ်ပွားခဲ့ရတယ်။

အဆုံးဘဝသို့ရောက်၍အကျိုးထူးပေးပုံ

သာကီနွယ်ဘွား ယခုဂေါတမ ရှင်တော်ဘုရား ပွင့်တော်မူတဲ့လက်ထက်တော်အခါ ပြဆိုခဲ့တဲ့ နံ့သာဒါယကာကြီးသည် သာဝတ္ထိပြည်ပုဏ္ဏား သူဌေးကြီးအိမ်မှာ ပဋိသန္ဓေတည်လာတယ်၊ ဂေါသိတစန္ဒကူးနံ့သာကိုလှူဒါန်းပြီး ရည်မှန်း ဆုတောင်းခဲ့တဲ့ ကုသိုလ်စေတနာကြောင့် ပဋိသန္ဓေတည်နေသည်နှင့် တပြိုင်နက် မိခင်သူဌေးကတော်ကြီး၏တကိုယ်လုံးမှ တထုံထုံတလိုင်လိုင်နှင့် မွှေးကြိုင်တဲ့ရနံ့တွေ ပေါ်ထွက်လာတယ်၊တအိမ်လုံးမှာလဲ ဘယ်နေရာမဆို စန္ဒကူးရနံ့တို့ဖြင့် သင်းပျံ့ကြိုင်လိုင်နေသတဲ့၊ အိမ်သူ,အိမ်သားမှစ၍ ကျေးကျွန်များ တိုင်အောင်"သည်ယနေ့-တယ်ထူးဆန်းပါကလား၊သည်အိမ်ကြီးမှာ ရှေးအခါက မဖြစ်စဘူး ထူးထွေတဲ့ရနံ့မျိုးတွေ ကြိုင်လိုင်နေတယ်"၊ အဲ-သို့ကလို သူထက်ငါ ဝမ်းသာအားရ ပြောဆိုကြသတဲ့။

သူဌေးကြီးအားရဝမ်းသာဖြစ်ပုံ

ဘခင်သူဌေးကြီးက မဖြစ်စဘူး စန္ဒကူးရနံ့တွေကြိုင်လိုင်ပုံအကြောင်းကို ဆင်ခြင်စုံစမ်းလေရာ သူဌေးကတော်ကြီး၏ကိုယ်မှ ရနံ့တလိုင်လိုင်နှင့် မွှေးကြိုင်ကြောင်းကို သိရသဖြင့်–

"သြော်-ငါ့သူဌေးကတော်ကြီးဟာ ဟုတ်-ယခင်ရှေးကမမွှေးစဘူး ထူးဆန်းဆန်း ပန်းရနံ့အားရှိုးပိုလဲသို့ ထူးပိုသင်းပျံ့လို့ နေပါကလား။

အိမ်ရှင်မကြီး၏ အထူးမွေးကြိုင်တဲ့တိတ်နိမိတ်ကို ထောက်လိုက်တော့ ငါတို့အိမ်မှာ ရှေ့ငွေရတနာအမျိုးမျိုးနှင့် လာဘ်လာဘတွေ တိုးလာလိမ့်မယ်ထင်တယ်၊ သည့်ပြင်တချက်မှာလဲ ဘုန်းကြက်သရေရှိတဲ့ ငါ၏ဇနီးမှာ ဘုန်းကြီးတဲ့ သားရတနာတပါးကို ဖွားမြင်ရရှိဘို့တိတ်နိမိတ်ဖြစ်ပေါ်လာတယ်-လို့လဲ ထင်မိတယ်၊ဘုန်းကံရှိတဲ့သူများပဋိသန္ဓေတည်လာလျှင် မဖြစ်စဘူး ထူးဆန်းတဲ့နိမိတ်တွေ ပေါ်ပေါက်လေ့ရှိသတဲ့၊ ငါ့သူဌေးကတော်ကြီးဟာလဲ မဂ်လာရှိတဲ့ ကြက်သရေဆောင်မကြီးပေဘဲ၊ဘုန်းကံရှိတဲ့ မိန်းမတို့ဝမ်းတိုက်မှာ ပဋိသန္ဓေတည်နေလာတဲ့ သားများဟာလဲ ဘုန်းကံကြီးမားစမြဲပေပေါ့"။

အဲ-သို့ကလို တွေးတောဆင်ခြင်ကာ ဝမ်းသာအားရခြင်းဖြစ်နေသတဲ့။

သူဌေးကတော်သန္ဓေတည်ပုံ

ထို့နောက် များမကြာမီအတွင်းမှာပင် သူဌေးကတော်ကြီး ဝမ်းတိုက်၌ ပဋိသန္ဓေကိန်းပိုက်ကြောင်းကိုသိလေရာ ရှေးကထက်ပင် ချစ်ခင်မြတ်နိုးခြင်းဖြစ်ပြီး ယုယုယယနှင့် ပြုစုစောင့်ရှောက်လို့ထားတယ်၊ ထိုသူဌေးကြီးအိမ်မှာ ဆယ်လတိုင်တိုင် စန္ဒကူးရနံ့တို့ဖြင့် တပ္ပုပ္ပါ ကြိုင်လှိုင်နေသတဲ့၊ကုသိုလ်ကံများဟာ တူသောအကျိုးကိုပေးတယ်-ဆိုတာ အလွန်မှန်ပါကလားနော်။

သည်ဝတ္ထုကိုထောက်ထားပြီး နောက်ဘဝသံသရာတို့၌ ကိုယ်ရန်ကောင်းခြင်းကို အလိုရှိပါလျှင် ပန်း,နံ့သာအစရှိတဲ့ဂန္ဓာရုံဒါနများကို ရတနာသုံးပါးတို့၌ ဝပ်တွားကော်ရော် ပူဇော်လှူဒါန်းကြရမယ်။

ဖွားမြင်ပုံ

ပဋိသန္ဓေတည်နေသည်မှ ဆယ်လသို့တိုင်ရောက်လာတော့ လူတို့ဓမ္မတာအတိုင်း ရတနာသိုက်ဝင်ဖြစ်တဲ့ သားကလေးတယောက်ကို ဖွားမြင်လာတယ်၊ ဖွားတဲ့အခါမှာလဲ တစုံတရာမှအညစ်အကြေး မတင်ဘဲ ရတနာရွှေကြွတ်မှ ပတ္တမြားကျောက်မြတ်ကိုထုတ်သလို သန့်ရှင်းစင်ကြယ်စွာ ကြည်ကြည်လင်လင် ဖွားမြင်လို့လာသတဲ့၊ မီးရှူးသန့်စင် ဖွားမြင်သည်နှင့် တပြိုင်နက် ပုဏ္ဏားသူဌေးကြီး၏အိမ်မှ ထက်

ဝန်းကျင်အရပ်တခွင်မှာ မဖြစ်စဘူး အလွန်ထူးတဲ့စန္ဒကူးရနံ့တွေ ကြိုင်လှိုင်လို့သွားသတဲ့၊ လူများအပေါင်းကလဲ သောင်းသောင်းဖြဖြ ချီးမွမ်းအံ့ဩကြတယ်။

ဂန္ဓ-ဟု ကင်ပွန်းတပ်ပုံ

ရှုပ်ဆင်းအင်္ဂါ လက္ခဏာနှင့်ပြည့်စုံ၍ မွေးထုံတဲ့ သားကလေးကို ဘခင်ပုဏ္ဏားကြီးမြင်တော့ ရှင်လန်းနှစ်ခြိုက်စွာ ရင်သွေးရတနာကို ပွေ့ပိုက်ပြီး "ငါ့သားကြီးဟာ သူ့အမည်သူဆောင်လို့ လူ့ဘောင်သို့လာခဲ့တယ်"၊ အဲ-သို့ကလို ပြောဆိုကျူးရင့်ပြီး သုဂန္ဓရယ်လို့ အမည်ပေးတယ်၊ မြန်မာလို ပြန်ဆိုရပါလျှင် မောင်သင်းကြိုင်ရယ်လို့ဆိုရမှာပေါ့၊ နံ့သာကုသိုလ်ထူးကို ဆည်းပူးပြုလုပ်ခဲ့တဲ့အတွက် မွေးဖွားသည်ကစပြီး မွေးမွေးကြိုင်ကြိုင်နှင့် သန့်သန့်ပျံ့ပျံ့ ခဲ့ခဲ့ ညားညားကြီးပွားလို့လာခဲ့တယ်၊ ကြိုင်လှိုင်သင်းပျံ့တဲ့ ကိုယ်ရနံ့ဂုဏ်ထူးကြောင့် သုဂန္ဓသတို့သားကို လူများအပေါင်းတို့က ပိုင်းဝန်းကာ ချစ်ခင်မြတ်နိုးကြတာပေါ့။

ပါရမီရှင်တို့၏ ဝါသနာ

သံသရာဝဋ်မှ လွတ်ထွက်ကြောင်းဖြစ်တဲ့ကုသိုလ်မျိုးကို စိုက်ပျိုးခဲ့တဲ့ ပါရမီရှင်ကလေးဖြစ်တဲ့အတိုင်း အိမ်ရာထောင်တဲ့ လူတို့ဘောင်မှာ စည်းစိမ်ဂုဏ်ရောင်တို့ဖြင့် ပြောင်ပြောင် လက်လက် နေတိုင်လိုတဲ့ဆန္ဒမရှိဘဲ သာသနာဘောင်သို့ဝင်ပြီး ရဟန်းပြုချင်တဲ့ စိတ်မျိုးတွေသာ မပြတ်မပြတ် ဖြစ်ပေါ်လို့နေသတဲ့၊ ပါရမီလက်ကိုင်ရှိတဲ့ ပုဂ္ဂိုလ်များဟာ ကာမဂုဏ်ဇာတ်မျိုးကို မြတ်နိုးခုံမင်လေ့မရှိကြဘူး။

ဘခင်သူဌေးကြီးကလဲ မဟာသေလမထေရ်ကို ကြည်ညိုမြတ်နိုးစွာ ကိုးကွယ်ထားတဲ့အတိုင်း နေ့စဉ်မပြတ် အိမ်သို့ကြွရောက်၍ ဆွမ်းခံတော်မူလေ့ရှိရာ သုဂန္ဓသတို့သားကလဲ နေ့စဉ်မပြတ် မထေရ်ကြီးအလံသို့ကပ်ပြီး ဝတ်ကြီး, ဝတ်ငယ် ဆောင်ရွက်ကာ တရားတော်ကို နာလေ့ရှိတယ်။

ရဟန်းဖြစ်ပုံ

(၁)-သို့ကလို မပြတ်မပြတ် တရားတော်မြတ်ကို ကြားနာရရှိတရားရေဝလာတော့ မိမိအိမ်မှာပင် နေချင်ဟဲ့ ဆန္ဒမရှိတော့ဘူးတဲ့၊ ထိုအခါ

မိဘများထံမှာ ခွင့်မပေးလျှင် မနေရအောင် မရမက အခွင့်တောင်းပြီး မဟာသေလမထေရ်ကြီးအထံမှာပင် ရဟန်းပြုလုပ်တယ်။

ရဟန်းဖြစ်ပြီးတဲ့အခါ ဥပဇ္ဈာယ်မထေရ်ကြီးထံမှ သင့်လျော်တဲ့ ကမ္မဋ္ဌာန်းကို သင်ကြားပြီး ဆိတ်ငြိမ်ရာသို့ကပ်၍ ဝိပဿနာတရားမြတ်ကို ဆင်ခြင်ရှုစားလေရာ ခုနစ်ရက်အတွင်းမှာပင် ကိလေသာကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။

ဥဒါန်းကျူးပုံ

ရဟန္တာဖြစ်ပြီးတဲ့အခါ လွန်စွာ ဝမ်းမြောက်တော်မူလှသဖြင့် ဓိမိဂုဏ်ထူးကို ဘွဲ့ဆိုကာ ဥဒါန်းဂါထာတပုဒ်ကို သွန်ကလို-ကျူးရင့်တော်မူလေသတည်း။

ဥဒါန်းဂါထာ

အနဝဿိကော ပဗ္ဗဇ်တော၊ ပဿ ဓမ္မသုဓမ္မတံ၊
တိဿောဝိဇ္ဇာ အနုပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

အနက်ကား

ဓမ္မသုဓမ္မတံ၊ တရားတော်မြတ်၏ ကောင်းမြတ်သော တရားတော်စစ်ဖြစ်ပုံကို။ ပဿ၊ စေ့စေ့ ၎င့် ကြည့်ရှုဆင်ခြင်စမ်းပါလော။ ပဗ္ဗဇ်-တော၊ ရဟန်းပြု၍လာခဲ့သည်မှာ။အနဝဿိကော၊ တဝါမျှမရသေးပါ။ တိဿောဝိဇ္ဇာ၊ ဝိဇ္ဇာဥာဏ် သုံးပါးတို့သို့။ အနုပတ္တာ၊ အစဉ်အတိုင်းပေါက်ရောက်ခဲ့လေပြီ။ ဗုဒ္ဓဿ၊ရှင်တော်မြတ်ဘုရား၏။သာသနံ၊အဆုံးအမတော်များကို။ ကတံ၊ လိုက်နာပြုလုပ်ခြင်းကိစ္စ ပြီးစီးခဲ့လေပြီ။

ဆိုလိုရင်း အဓိပ္ပါယ်

ဤဂါထာ၌ ဆိုလိုရင်းအဓိပ္ပါယ်မှာ ရဟန်းပြု၍ တဝါမျှမရသေးပါ၊ ဝိဇ္ဇာဥာဏ်သုံးပါးပေါက်၍ ထမြောက်အောင်မြင်ခဲ့လေပြီ၊ ဘုရားရှင်၏ အဆုံးအမတော်ဖြစ်သော သာသနာကိစ္စ အလုံးစုံကို အကုန်ပြီးစီးအောင် ပြုလုပ်ဆောင်ရွက်အပ်ပြီ၊ ဤသို့ဆိုလိုရင်း ဖြစ်ပေသည်။

ဝိဇ္ဇာဉာဏ်သုံးပါး ဆိုသည်မှာ—
(၁) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်,
(၂) ဒိဗ္ဗစက္ခုဉာဏ်,
(၃) အာသဝက္ခယဉာဏ်-ဤဉာဏ်သုံးပါးကိုဆိုသည်။

အဘိညာဉ် ခြောက်ပါးနှင့်တကွ ကိလေသာအာသဝေါ ခွါလျှောကင်းလွတ်၍ အထွင့်ဆုံး,အမြတ်ဆုံး-ဟု ဆိုအပ်တဲ့ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူပြီးသောအခါ သာသနာတော်အတွင်းမှာ သုဂန္ဓမထေရ်မြတ်ကြီးတပါး-ဟု ထင်ရှားကျော်စောတော်မူလေသတည်း။

သုဂန္ဓထေရဝတ္ထုပြီး၏။

၂၅-နန္ဒိယဇရဝတ္ထု

ပဒုမုတ္တရဘုရား ပရိနိဗ္ဗာန်ဖြစ်ခြိန်

ရှေးလွန်ခဲ့တဲ့ ကမ္ဘာတသိန်းအခါ ပဒုမုတ္တရရှင်တော်ဘုရား ထင်ရှားပွင့်တော်မူတဲ့ လက်ထက်တော်တွင် အမျိုးသားကလေးတယောက်ဟာ သာသနာတွင်းဌ ကြုံကြိုက်ပြီး လူ့ဘောင်မှာလူဖြစ်၍ လာခဲ့တယ်၊ သာသနာတော်ကို ကြည်ညိုလျက် ကုသိုလ်တရားပွားများအားထုတ်နေစဉ် အတွင်းမှာပင် ပဒုမုတ္တရဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသွားတယ်။

သာရကီဠနသဘင်

အလောင်းတော်မြတ်ကို သာရဲကီဠနသဘင် ဆင်ယင်ကျင်းပကာ လူ,နတ်,ဗြဟ္မာအပေါင်းတို့ သောင်းသောင်းခြိမ့်ခြိမ့် ပူဇော်ကြတယ်၊ အလောင်းတော်မြတ်ကို တေဇောဓာတ်လောင်ပြီးတဲ့နောက် ကိုယ်တော်သဏ္ဌာန်အတိုင်း မပြိုမကွဲ တခဲနက်ကျန်ရစ်ခဲ့တယ်၊အသင်္ခေ္ယသရီရဓာတ်ကို ထူးဆန်းအံ့သြဖွယ် အလွန်ကြီးကျယ်တဲ့ ရွှေစေတီကြီးအတွင်းမှာ ဌာပနာသွင်းပြီး ကိုးကွယ်ကြတယ်။

သရီရဓာတ်တော်များကိုစေတီတည်မုံ

အသက်တမ်းရှည်လျားတဲ့ ဘုရားရှင်ကိုယ်တော်မြတ်တို့၏ သရီရဓာတ်တော်ဟာ အစိတ်စိတ်အမြွှာမြွှာ ကွဲပြားလေ့မရှိဘူး၊ မပြိုမကွဲ

တခဲနက်တည်၍ ကျန်တော်မူရစ်တယ်၊ဓာတ်တော်တွေက အကွဲအပြား မရှိတော့ စေတီပေါင်းများစွာ တည်ထားကိုးကွယ်ဘို့ အခွင့်မရှိတော့ ဘုံးပေါ့၊စေတီတော်ကြီးတဆူသာ ရတနာအမျိုးမျိုးတို့ဖြင့် ပြိုးပြိုးပြောင်ပြောင် တောက်လောင်ခမ်းနားစွာ တည်ထားကိုးကွယ်ကြရတယ်၊ အနန္တလောကဓာတ်အတွင်းမှာ သည်ခေတ်အခါက ရတနာစေတီကြီးတဆူထဲသာ ရှိတာပေါ့၊ သည်လိုတဆူထဲရှိတဲ့အတွက် လူ,နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတွေဟာ နေ့မစဲ ညမစဲ သဲသဲရုတ်ရုတ် အုတ်အုတ်ကျက်ကျက် သူ့ထက်ငါ ရှိခိုးပူဇော်ကြရတယ်။

သည်လိုရတနာစေတီကြီးသာ ယခုခေတ်အခါ ထင်ရှားစွာရှိခဲ့ပါလျှင် အနန္တကမ္ဘာလောကဓာတ်အတွင်းမှာ တအံ့တသြ ပြောလို့မပြီး ချီးမွမ်းလို့မကုန်နိုင်အောင် ထင်ရှားကျော်စောစွာ ပူဇော်ရာကြီးဖြစ်နေမှာပေါ့၊ သည်လိုကြီးကျယ်ခမ်းနားတဲ့ ရတနာစေတီတော်မြတ်ကြီးတွေဟာ ဘယ်ကလောက်ပင်ခိုင်ခံ့စေကာမူ ကမ္ဘာပျက်စီးတော့ ကမ္ဘာမီးလောင်မြိုက်၍ အနိစ္စလက်နက်ဖြင့် ပျက်စီးခြင်းသို့ ဆိုက်ရောက်တော်မူကြရတယ်၊ အနန္တလောကဓာတ်အတွင်းမှာ ဘယ်လို ဝတ္ထုမျိုးမှ အစဉ်ထာဝရ ခိုင်မြဲတာမရှိဘူး၊ အဆုံးတရက်မှာ အနိစ္စလက်နက်ဖြင့် သွက်သွက်လည် ပျက်ပြန်း၍ အဆုံးသို့ တိုင်ရောက်ကြရတာချည်းဘဲ၊သည်လိုအနိစ္စသဘောများကို တွေးတောဆင်ခြင်မိပါလျှင် ဘယ်လိုအရာမျိုးကိုမျှ အားကိုးတခုပြုလုပ်တွယ်တာနေဘို့ မရှိတော့ဘူးပေါ့။

အဲ-ပြဆိုခဲ့ပြီးတဲ့ အမျိုးသားသည် အသမ္ဘိန္နသရီရဓာတ်တော်မြတ်ကို ဌာပနာတဲ့ ရတနာစေတီကြီးပြီးတော့ အသီးအခြား ကုသိုလ်ကောင်းမှုတခုကို ပြုလုပ်တည်ထောင်တယ်၊ ကုသိုလ်ပြုလုပ်ပုံကတော့ အလွန်အဘိုးထိုက်တဲ့ စန္ဒကူးနံ့သာနှစ်တွေကို ရနိုင်သမျှ ဝယ်ယူစုဆောင်းပြီး နံ့သာပွတ်လုံးတွေကို အဆန်းတကြယ် ကင့်တယ်စွာပြုလုပ်တယ်၊ပွတ်လုံးတွေပြုလုပ်ပြီးတော့ စေတီတော်မြတ်ကြီး၏ ပစ္စယံအဆင့်မှာ ပတ်ဝိုက်စီတန်းလျက် ပွတ်လက်ရမ်းကြီး ပြုလုပ်ကာ လှူဒါန်းပူဇော်တယ်၊ နံ့သာပွတ်လက်ရမ်းကြီး ပြုလုပ်လှူဒါန်းပြီးစီးတဲ့အခါ ၉စေတီတော်မြတ်ကြီးလဲ အတိုင်းထက်အလွန် တင့်တယ်ရုံမက စန္ဒကူးရနံ့တို့

ဖြင့် တပ်ပ်ပ်လှိုင်ရှိနေတော်မူတယ်၊စေတီတော်မြတ်ကြီးသို့ လာရောက်၍ ရှိခိုးပူဇော်ကြတဲ့ ပုဂ္ဂိုလ်အပေါင်းတို့မှာလဲ မြှေးကြိုင်တဲ့အနံ့ကို ရသဖြင့် ဟာဒယရှင်မြှီးပြီး အထူးကြည်လင်ကြတယ်။

ပြဆိုခဲ့တဲ့ နံ့သာပွတ်လက်ရမ်း ဒါယကာသည် မိမိကုသိုလ်ကြီးပြီးစီးတဲ့အခါ သဒ္ဓါတရားတွေ အတိုင်းထက်အလွန်ပွားများပြီး အသက်ဆုံးသည့်တိုင်အောင် ကုသိုလ်ကောင်းမှုများကို ကြိုးစား လို့နေတယ်၊ အသက်တမ်းကြွေလို့ စုတေသွားတော့ လူ့ပြည်ကိုအောက်ဆုံးထား၍ မြင့်မြတ်တဲ့ ဘုံဘဝတို့၌သာ ကမ္ဘာတသိန်းတိုင်တိုင် ကျင်လည်ခဲ့ရတယ်။

ဆိုင်ရာအပဒါန်ပါဠိတော်များကိုထုတ်ပြပါဦးမည်

(ဂ) ပဒုမုတ္တရောနာမ ဇိနော၊ လောကဇေဋ္ဌော နရာသဘော။
ဇလိတ္ဘာ အဂ္ဂိက္ခန္ဓောဝ၊ သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။

အနက်ကား

(ဂ) လောကဇေဋ္ဌော၊ လောကဓာတ်တိုက်အလုံးခို အမြတ်ဆုံးဖြစ်တော်မူပေသော။ နရာသဘော၊ ပုဂ္ဂိုလ်မြတ်, ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်ညွှန့်,ပုဂ္ဂိုလ်ဖူးလည်း ဖြစ်တော်မူပေထသော။ သမ္ဗုဒ္ဓေါ၊ သစ္စာလေးတန် တရားမှန်ကို ဝေဘန်၍သိမြင်တော်မူနိုင်ထသော။ ပဒုမုတ္တရော-နာမ၊ ပဒုမုတ္တရအမည်ရှိပေထသော။ ဇိနော၊ ဘုရားရှင်သည်။ အဂ္ဂိက္ခန္ဓောဝ။ ပြောင်ပြောင်ထိန်ညီး မီးပုံကြီးကဲ့သို့။ ဇလိတ္ဘာ၊လောကဓာတ်တိုက်အတွင်းခို ထွန်းလင်းတော်မူပြီးသော်။ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ဝင်စံသောကိန်းဖြင့် ချုပ်ငြိမ်းတော်မူလေသတည်း။

(ခ) နိဗ္ဗုတေစ မဟာဝီရေ၊ ထူပေါ် ဝိတ္ထာရိကော အဟု။
ဒူရတောဝ ဥပဋ္ဌန္တိ၊ ဓာတုဂေဟံ ဝရုတ္တမေ။

အနက်ကား

(ခ) ဝရုတ္တမေ၊ အမြတ်ဥသျှောင် အခေါင်အဖျားဖြစ်တော်မူပေသော။ မဟာဝီရေ၊ ရှင်တော်မြတ်ဘုရားသည်။ နိဗ္ဗုတေစ၊ ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသည်ရှိသော်။ ဝိတ္ထာရိကော၊ အဆန်းတကြယ်အံ့ဩ

ဘွယ်လျှင် ကြီးကျယ်ခမ်းနားလှစွာသော။ ထူပေါ်၊ ရတနာစေတီမြတ်ကြီးသည်။ အဟု၊ လောကသုံးပါးတွင် ထင်ရှားစွာ ဖြစ်ပေါ်လတ်သတည်း။ တံဓာတုဂေဟံ၊ ထိုဓာတ်တော်တိုက်ဖြစ်သော စေတီတော်မြတ်ကြီးကို။ သတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ ဒုရတောဝ၊ အဝေးမှပင်လျှင်။ ဥပဇ္ဇေန္တိ၊ ဖူးမြင်သောအားဖြင့် ဝပ်တွားဆည်းကပ်နိုင်ကြလေကုန်သတည်း။

(ဂ) ပသန္နစိတ္တော သုမနော၊ အကံ စန္ဒနဝေဒိကံ။
ဒိဿတိ ထူပဂ္ဂန္ဓောဝ၊ ထူပနုဋ္ဌိဝိကော တဒါ။

အနက်ကား

(ဂ) အဟံ၊ အကျွန်ုပ်သည်။ပသန္နစိတ္တော၊ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍။ သုမနော၊ ဝမ်းမြောက်ဝမ်းသာ။ စန္ဒနဝေဒိကံ၊ စန္ဒကူးပွတ်လက်ရမ်းကို။ အကံ၊ ပြုလုပ်လှူဒါန်းခဲ့ပါသတည်း။ တဒါ၊ ထိုအခါ၌။ သော၊ ထိုစန္ဒကူးပွတ်လက်ရမ်းသည်။ ထူပါနုဋ္ဌိဝိကော၊ စေတီတော်ကြီးနှင့်သင့်လျော် လျောက်ပတ်သည်ဖြစ်၍။ ထူပဂ္ဂန္ဓောဝ၊ စေတီလုံးဝန်း သင္ဘောန်ကြီးကဲ့သို့။ ဒိဿတိ၊ ထင်ရှားလေသတည်း။

(ဃ) ဘဝေ နိဗ္ဗတ္တမာနဿ၊ ဒေဝတ္တေ အထ မာနုသေ။
ဥိနတံ မေ နပဿာမိ၊ ပုဗ္ဗကမ္မဿိ·ဒံ ဖလံ။

အနက်ကား

(ဃ) ဒေဝတ္တေဘဝေ၊ နတ်ဘုံဘဝ၌ရင်း။မာနုသေဘဝေ၊ လူ့ဘုံဘဝ၌ရင်း။မေ၊ အကျွန်ုပ်သည်။ နိဗ္ဗတ္တမာနဿ၊ ဖြစ်၍နေစဉ်။ ဥိနတံ၊ စည်းစိမ်ချမ်းသာတို့၏ ယုတ်လျော့ခြင်းကို။ နပဿာမိ၊ တကြိမ်တခါမျှ မတွေ့မမြင်စဘူးပါ။ ဣဒံ၊ ဤသို့စည်းစိမ်ချမ်းသာတို့၏ မယုတ်မလျော့ခြင်းသည်။ ပုဗ္ဗကမ္မဿ၊ ရှေးဘ၌ပြုခဲ့ဘူးသောစန္ဒကူးပွတ်လက်ရမ်းဒါန၏။ ဖလံ၊ အကျိုးထူးအမှန်ပေတည်း။

အဆုံးဘဝသို့ဆိုက်ရောက်ပုံ

အဲ–ပြဆိုခဲ့ပြီးတဲ့အတိုင်း ကုသိုလ်အထူးကို ဆည်းပူးပြုလုပ်ခဲ့တဲ့အတွက် ကမ္ဘာတသိန်းတိုင်တိုင် သုဂတိဘုံဘဝတို့၌သာ ကောင်းစွာကျင်လည်ဖြစ်ပွားရှိလာခဲ့ရာ လွန်ခဲ့တဲ့ ကမ္ဘာပေါင်း တရာ့ငါးဆယ်အခါတွင် စကြာမင်းအဖြစ်ပေါင်း ရှစ်ကြိမ်တိုင်တိုင်ဖြစ်ခဲ့ရတယ်။

နန္ဒိယသတ္တိသား

ယခုအဆုံးဘဝသို့ တိုင်ရောက်လာတော့ ကပိလဝတ်ပြည် သာကီနွယ်အမျိုးဇာတ်မှာ မြင့်မြတ်တင့်တယ်စွာ ဖြစ်ပေါ်လို့ လာခဲ့တယ်၊ မွေးဖွားလာခဲ့တဲ့အခါ မိဘတို့၏စိတ်နှလုံးကို သိမ်းကြုံးကာ နှစ်သက်စေနိုင်တဲ့အတွက် နန္ဒိယသတ္တိသားရယ်လို့ မှည့်ခေါ်ကြတယ်၊ ရှင်တော်မြတ်ဘုရား၏ ဆွေတော်,မျိုးတော်တဦးပေပေါ့။

ရဟန်းပြုပုံ

အရွယ်သို့ရောက် လူလားမြောက်လာတဲ့အခါ အနုရုဒ္ဓါမင်းသားရဟန်းပြုလုပ်လို့သွားပြီ-ဆိုတဲ့ သတင်းစကားကို ကြားရတော့ အားကျခြင်းဖြစ်ပြီး—

> "အနုရုဒ္ဓါအစရှိတဲ့ သာကီဝင်မင်းသားတွေ လူ့ဘောင်ကို ခွါစွန့်၍ သာသနာတော်တွင်းသို့ဝင်ကာ ရဟန်းပြုတော်မူကုန်ကြပေါ့၊ ထိုနည်းတူစွာ ငါလဲ ရဟန်းမပြုဘဲ လူတို့ဘောင်မှာ ကြောင်တောင်တောင် ကျန်နေရစ်ခဲ့ပါလျှင် ဘယ်မှာသင့်လျော်နိုင်ပါ့မလဲ"။

အဲ-သို့ကလို စိတ်မျိုးတွေ ဖြစ်ပေါ်လာသဖြင့် ဘုရားရှင်ထံမှာ တောင်းပန်လျှောက်ထားပြီး ရဟန်းပြုလုပ်သွားတယ်၊ ရဟန်းဖြစ်တဲ့အခါ နန္ဒိယမထေရ်ရယ်လို့ ထင်ရှားကျော်စောသွားတာပေါ့။

ရဟန္တာဖြစ်ပုံ

ထို့နောက် ရှင်တော်ဘုရားထံသို့ ချဉ်းကပ်၍ သင့်လျော် လျောက်ပတ်တဲ့ ကမ္မဋ္ဌာန်းများကို သင်ကြားနာယူ၍ ဆိတ်ငြိမ်ရာအရပ်သို့ ခိုဝင်ကာ ဆင်ခြင်ရှုစားတော်မူရာတွင် မကြာမီအတွင်း ကိလေသာ ကင်းရှင်းလျက် ဝဋ်ခပင်းကုန်ပျောက်တဲ့ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။

ရဟန္တာဖြစ်တော်မူပြီးတဲ့အခါ နန္ဒိယမထေရ်မြတ်သည်နောင်တော်ကြီးဖြစ်တဲ့ ရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်ကြီးနှင့်တကွ ပါစိနဝံသတိုင်းမှာရှိတဲ့ သမင်တောသို့ သွားရောက်တော်မူပြီး ဖလသမာပတ္တိချမ်းသာဖြင့် ဆိတ်ငြိမ်စွာ စံနေတော်မူတယ်။

မာရ်နတ်ချောက်လှန့်မုံ

တနေ့သောအခါ ယုတ်မာတဲ့ မာရ်နတ်ကောင်ကြီးသည် နန္ဒိယမထေရ်မြတ်ကို ချောက်လှန့်လိုတဲ့ဆန္ဒဖြင့် အလွန်ကြောက်မက်ဘွယ်ကောင်းတဲ့ ရုပ်သွင်ကို ဖန်ဆင်းပြီး ကြောက်လန့်ခြင်းကြီး ကြောက်လန့်လေအောင် အကြီးအကျယ်ချောက်လှန့်တယ်။

နန္ဒိယမထေရ်ကြိမ်းဝါးမုံ

ထိုအခါ နန္ဒိယမထေရ်မြတ်က မာရ်နတ် ချောက်လှန့်ကြောင်းကို သိတော်မူသည်တွင်–

> "ဟဲ့-မာရ်နတ်…သင့်နိုင်ငံမှ လွတ်မြောက်ပြီးတဲ့ ပုဂ္ဂိုလ်များကို ဘယ်လိုပင် သင်ချောက်လှန့်သော်လဲ ကြောက်လန့်ကြလိမ့်မည်မဟုတ်၊ ချောက်လှန့်တဲ့သင့်မှာသာ အကြီးမဲ့ ပင်ပန်းရုံ ရှိလိမ့်မယ်"။

အဲ-သို့ကလို မိန့်ဆိုကြိမ်းဝါးတော်မူလိုရကား အောက်ပါ ဂါထာတပုဒ်ကို မိန့်ဆိုတော်မူလေသတည်း။

> ဩဘာသဇာတံ ဖလဂံ၊ စိတ္တံ ယဿ အဘိက္ခသော။
> တာဒိသံ ဘိက္ခုမာဝေ့သဇ္ဇ၊ကက္ခဒုက္ခံ နိဂစ္ဆသိ။
> (ထေရဂါထာပါဠိတော်)

အနက်ကား

ကက္ခ၊ယုတ်မာမဲမှောင်ဟဲ့-မာရ်နတ်အမိုက်ကောင်။ယဿ၊အကြင်ရဟန္တာပုဂ္ဂိုလ်မြတ်၏။ စိတ္တံ၊ မြင့်မြတ်သောစိတ်တော်သည်။ အဘိက္ခ-သော၊ မပြတ်မလပ်။ ဖလဂံ၊ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သည်ဖြစ်၍။ ဩဘာသဇာတံ၊ ဉာဏ်ရောင်အလင်းတို့ဖြင့် ထွန်းဝင်းထိန်တောက်၍နေ၏။တာဒိသံ၊ ထိုသို့သဘောရှိသော။ ဘိက္ခုံ၊ ရဟန္တာအရှင်မြတ်ကို။ အာသဇ္ဇ၊ထိပါးနှောင့်ရှက်ခြင်းကြောင့်။ ဒုက္ခံ၊ ဆင်းရဲဒုက္ခအမျိုးမျိုးသို့။ တွံ၊ သင်မာရ်နတ်မိုက်သည်။ နိဂစ္ဆသိ၊ မချွတ်ကေန် အမှန်ရောက်လတ္တံ့သည်သာတည်း။

ဤကဲ့သို့ ကြိမ်းဝါးတော်မူလေရာ ကြောက်လန့်သောစိတ်ဖြင့် မာရ်နတ်အယုတ်တမာကြီးသည် ထိုနေရာ၌ပင်လျှင် ရုတ်တရက်ပျောက်ကွယ်ထွက်ပြေးရလေသတည်း။

နန္ဒိယထေရဝတ္ထုပြီး၏။

၂၆-အာဘယထေရဝတ္ထု

ပဒုမုတ္တရဘုရားရှင်လက်ထက် အမျိုးသားတဦး

ဘုန်းရောင်လျှံထိန် ဥာဏ်စက်ရှိန်ဖြင့် သံယိန္ဒာဓိပတိ အတုမရှိ မြင့်မြတ်တော်မူတဲ့ ပဒုမုတ္တရရှင်တော်ဘုရား ထင်ရှားပွင့်တော်မူစဉ်အခါ အမျိုးသား တယောက်သည် သာသနာတော်ကို ကြည်ညိုလှသဖြင့် လူတို့ဘောင်မှ ထွက်ရှောင်ပြီး ရဟန်းပြုလုပ်ကာ ဝိနည်းကျင့်ဝတ်နှင့် ပြည့်စုံစွာနေထိုင်ခဲ့တယ်၊ ထိုရဟန်းတော်မြတ်သည် ဥာဏ်ပဋိဘာန်နှင့် ပြည့်စုံတဲ့အတိုင်း မကြာမီအတွင်းမှာပင် ပိဋကတ်သုံးပုံကိုတတ်မြောက်ပြီး ဓမ္မကထိက ပုဂ္ဂိုလ်ကြီး ဖြစ်သွားတယ်။

ဂုဏ်တော်ကိုချီးကျူးကာ တရားဟောပုံ

သာသနာတော်အတွင်းမှာ ထင်ရှားကျော်စောစွာ ဓမ္မကထိကအလုပ်ဖြင့် အားထုတ်တော်မူစဉ် တရားပလ္လင်သို့တက်၍ တရားဟောတိုင်း ဟောတိုင်း ပထမရှေးဦးစွာ ပဒုမုတ္တရ ရှင်တော်ဘုရား၏ ဂုဏ်ကျေးဇူးကို ချီးကျူးဘွဲ့သီကာ ထောမနာဂါထာကြီး လေးပုဒ်ကို ရွတ်ဆိုတော်မူလေ့ရှိတယ်၊ဘုရားဂုဏ်ထူးကို ချီးကျူးရွတ်ဆိုတဲ့ ဂါထာပြီးမှ အစဉ်အတိုင်း ဓမ္မဒေသနာများကို ဟောကြားလေ့ရှိသတဲ့။

ဗုဒ္ဓထောမနာဂါထာတော်များက အနှစ်အရသာနှင့် ပြည့်စုံလှသဖြင့် ကြားနာရတဲ့ ပရိသတ်တို့၏စိတ်ထဲမှာ သဒ္ဓါတရား အတိုင်းထက်အလွန် တိုးပွားပြီး ဘုရားရှင်ကို အထူးပင် ကြည်ညိုကြသတဲ့၊ အဲ-သို့ကလို တရားဟောတိုင်းဟောတိုင်း ဘုရားဂုဏ်ကို ချီးကျူးကာ ဗုဒ္ဓထောမနာ ဂါထာကို ရွတ်ဆိုရင့်ကျူးတဲ့ ကုသိုလ်ကံ အထူးကြောင့် ထိုဘဝမှစုတေတဲ့အခါကစပြီး တကြိမ်တခါမျှ အပါယ်လေးပါးသို့ မလားမကပ်ရဘဲ မြင့်မြတ်တဲ့ဘုံဘဝတို့၌သာ ကျင်လည်တော်မူခဲ့ရတယ်။

အဲ-ပြဆိုခဲ့တဲ့ အဘယမထေရ်မြတ်၏ ဂုသိုလ်ထူးကို အကြောင်းပြု၊ ကာ ရှေးဆရာမြတ်ကြီးတို့က သဒ္ဓါတရား တိုးပွားကြစေရန် အနုမောဒနာဂါထာကြီးတပုဒ်ကို သိုကလို-ဖွဲ့ဆိုတော်မူခဲ့ကြပေသတည်း။

အနုမောဒနာဂါထာ

အဘိတ္ထုရိတ္ထာ ပဒုမုတ္တရံ ဇိနံ၊
ပသန္နစိတ္တော အဘယော သယမ္ဘုံ။
နာဂဋ္ဌိ ကပ္ပါနိ အပါယဘူမိံ၊
သတံ သဟဿာနိ ဥဠာရသဒ္ဓေါ။ ။

အနက်ကား

ဥဠာရသဒ္ဓေါ၊ မွန်မြတ်သော သဒ္ဓါတရားရှိသော။ အဘယော၊ အဘယမထေရ်၏ အလောင်းသည်။ ပသန္နစိတ္တော၊ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍။ သယမ္ဘုံ၊ သစ္စာလေးဆိုင်ကို ကိုယ်တော်တိုင်သိမြင်တော်မူသော။ ဇိနံ၊ ငါးပါးမာရ်စွယ်ကို လှန်ပယ်နှိမ်နင်း၍ အောင်ခြင်းကြီး အောင်တော်မူပေသော။ ပဒုမုတ္တရံ၊ ပဒုမုတ္တရဘုရားရှင်ကို။ အဘိတ္ထုရိတ္ထာ၊ ဂါထာရင့်ကျူးလျက် အထူးချီးမွမ်းခဲ့ခြင်းကြောင့်။ သတံသဟဿာနိကပ္ပါနိ၊ ကမ္ဘာတသိန်းတို့ပတ်လုံး။ အပါယဘူမိံ၊ အပါယ်လေးဘုံသို့။ နာဂဋ္ဌိ၊ တကြိမ်တခေါက်မျှ မဖြစ်မရောက်ဘူး ရှိးမှန်သည်သာတည်း။

တိုက်တွန်းစကား

အဲ-ယခုပြဆိုခဲ့တဲ့ အဘယထေရ်၏ အလောင်းတော်ကို ရှုမျှော်ဆင်ခြင်ပြီး ဘုရားရှင်၏ ဂုဏ်ကျေးဇူးတို့ကို မပြတ်မပြတ် ချီးကျူးကြရမယ်၊ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တွေဆိုတာ အတိုင်းမသိ,အနှိုင်းမရှိ ကြီစည်ဆင်ခြင်လို့ မဆုံးနိုင်အောင် ကြီးကျယ်များပြားတယ်၊ သည်လို ဂုဏ်ကျေးဇူးတွေကို ကြည်ညိုခြင်းအထူးနှင့် ချီးကျူးလို့နေခဲ့ပါလျှင် မြင့်မြတ်တဲ့ ကုသိုလ်တရား အတိုင်းမသိဖြစ်ပွားပြီး အဆုံးတိုင်အောင် မကြီစည်နိုင်တဲ့ အကျိုးထူးတွေကို ဖြစ်ပေါ်စေနိုင်တယ်၊ အဲ-သို့အတွက်ကြောင့် ရှေးဆရာမြတ်ကြီးတွေက--

အစိန္တိယော ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

အနက်ကား

အစိန္တိယျေ၊ အဆုံးတိုင်အောင် မကြေစည်နိုင်သော ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်အထူး၌။ ပသန္နာနံ၊ ကြည်ညိုချီးကျူးကြကုန်သော သူတို့အား။ အစိန္တိယျောဟု၊အဆုံးတိုင်အောင် မကြေစည်နိုင်သော။ ဝိပါ-ကော၊ အကျိုးထူးသည်။ ဟောတိ၊ ဖြစ်ပေါ်စမြဲပေတည်း။ အဲ-သို့ကလို မိန့်ဆိုတော်မူကြတာပေါ့။

ဝိပဿီဘုရားရှင်လက်ထက်တော်သို့ ဆိုက်ရောက်ပုံ

အဲ–ပြဆိုခဲ့တဲ့အတိုင်း ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်အခါ ဓမ္မကထိကပုဂ္ဂိုလ်ကြီးလုပ်ပြီး ဘုရားရှင်၏ ဂုဏ်တော် အထူးတို့ကို ဂါထာတို့ဖြင့် ချီးကျူးလျက် ကြည်နူးနှစ်သိမ့်ဘွယ် ဟောကြားခဲ့တဲ့ ကုသိုလ်အဟုန်ကြောင့် လူ့ဘုံ, နတ်ဘုံတို့မှာ စည်းစိမ်ချမ်းသာ အဆင့်ဆင့်ဖြင့် မြင့်မြင့်မြတ်မြတ်ဖြစ်ပွားခဲ့ပြီးတဲ့နောက် ဝိပဿီဘုရားရှင် လက်ထက်တော်သို့ရောက်တော့ သာသနာတော်ကြီးနှင့် ကြုံကြိုက်ခါ လိမ်မာပြေ့ပျောင်းတဲ့ အမျိုးသားကလေးဖြစ်လာတယ်။

ဆပ်သဖူးပန်းလှူဒါန်းခြင်းအကျိုး

တနေ့သောအခါ "ဝိနတာ" အမည်ရှိတဲ့ မြစ်ကမ်းထိပ်တွင် ဝိ ပဿီရှင်တော်ဘုရား ဗျာန်ဝင်စားကာ သီတင်းသုံးတော်မူနေသည်ကို ကံအားလျော်စွာ အခန့်သင့် ကြုံကြိုက်ဖူးမြင်ရလေရာ ဆိုခဲ့တဲ့အမျိုး သားသည် သဒ္ဓါတရား အထူးသဖြင့် ဖြစ်ပွားသောကြောင့် ရနံ့တလှိုင် လှိုင် အလွန်မွှေးကြိုင်တဲ့ ဆပ်သဖူးပန်းကိုယူပြီး ကြည်ညိုမြတ်နိုးစွာ လှူဒါန်းလိုက်တယ်၊ အဲ-သို့ကလို ဆပ်သဖူးပန်းကို လှူဒါန်းခဲ့ရတဲ့ စေ တနာကြောင့် လွန်ခဲ့တဲ့ ကိုးဆယ့်တကမ္ဘာက အစပြုပြီး ယခုဘဒ္ဒကပ် ကမ္ဘာသို့တိုင်အောင် အပါယ်လေးပါးသို့ မလားမကပ်ခဲ့ရဘူးတဲ့။

(က) ဝိနတာ နဒိယာ တီရေ၊ဝိဟာသိ ပုရိသုတ္တမော။
အဒ္ဒသံ ဝိရဇံ ဗုဒ္ဓံ၊ကေဠိ သုသမာဟိတံ။

အနက်ကား

(က) ပုဗ္ဗေ၊ရှေးလွန်လေပြီးသော ကိုးဆယ့်တကမ္ဘာထက်၌။ ပုရိ-သုတ္တမော၊ယောကျ်ားမြတ်ဖြစ်တော်မူသော ဝိပဿီမြတ်စွာဘုရားသည်။

ဝိနတာနဒိယာ၊ဝိနတာမည်သော မြစ်ကြီး၏။တီရေ၊ အေးမြအရိပ် မြစ်ကမ်းထိပ်၌။ ဝိဟာသိ၊ ဗျာန်ဝင်စါးကာ သီတင်းသုံး စံနေတော်မူလေသတည်း။တဒါ၊ထိုအခါ၌။ အဟံ၊အကျွန်ုပ်သည်။ဝိရဇံ၊ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးတော်မူပေသော။ကေဋ္ဌံ၊တည်တည်တံ့တံ့ ခံ့ခံ့ခိုင်ခိုင်။ သုသမာဟိတံ၊ သမာဓိဗျာန်တရားကို ဝင်စားတော်မူလျက်။ နိသိန္နံ၊ သီတင်းသုံးစံနေတော်မူသော။ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဒ္ဒသံ၊ ကြည်ကြည်လင်လင် တွေ့မြင်ဖူးမျှော်ရပါသတည်း။

(၁) မဓုဂန္ဓဿ ပုပ္ဖေန၊ ကေတကဿ အဟံ တဒါ။
ပသန္နစိတ္တော သုမနော၊ဗုဒ္ဓသေဋ္ဌံ အပူဇယိံ။

အနက်ကား

(၁) တဒါ၊ထိုဘုရားရှင်ကို ဖူးမြင်ရသောအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ပသန္နစိတ္တော၊ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍။ သုမနော၊ဝမ်းမြောက်ဝမ်းသာ။ မဓုဂန္ဓဿ၊ ချိုမြိန်သောရနံ့ရှိသော။ ကေတကဿ-ပုပ္ဖေန၊ ဆပ်သဖူးပန်းဖြင့်။ ဗုဒ္ဓသေဋ္ဌံ၊ ဘုရားမြတ်ကို။အပူဇယိံ၊မြတ်နိုးကော်ရော် ပူဇော်လှူဒါန်းခဲ့ပါသတည်း။

အဆုံးဘဝသို့ဆိုက်ရောက်ပုံ

ကံကောင်းကြီးကြီက်ချမ်းသာသိုက်ကို ထိုက်ထိုက်တန်တန် တူးဖေါ်၍ အကျော်အမော်ဆိုလောက်တဲ့ ဘုံဘဝတို့၌သာ ကြိမ်ဘန်များစွာ ကျင်လည်ခဲ့ရပြီးတဲ့နောက် အဆုံးဘဝသို့ရောက်တော့ ရာဇဂြိဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရမင်းတရားကြီး၏ သားတော်မြတ်ရတနာ ဖြစ်ပွားလို့လာခဲ့တယ်၊ဖွားမြင်တဲ့အခါ နိုင်ငံမြို့ရွာတို့၌ဘေးအန္တရာယ်ကင်းရှင်းမျှ ချမ်းသာခြင်း နိမိတ်ကြီးတွေ ထင်ရှားစွာဖြစ်ပေါ်လို့ လာတဲ့အတွက် အဘယကုမာရရယ်လို့ ခမည်းတော်မင်းတရားကြီးကတွဲမည်ပေးသနားတော်မူတယ်၊မြန်မာလိုပြန်ဆိုရပါလျှင် ဘေးမဲ့ကိုယ်တော်ရယ်လို့ ဆိုရမှာပေါ့လေ။

နာဋပုတ္တဆရာကြီး၏တပည့်ဖြစ်ခြင်း

ထိုအဘယမင်းသားသည် အရွယ်သို့ရောက်လာတဲ့အခါ ကိုးကွယ်ရာကိုရှာဘွေသည်တွင် နာဋပုတ္တဆရာကြီးနှင့် အခန့်သင့်တွေ့ကြုံလေရာ

ထိုတိတ္ထိဆရာကြီးကိုပင် ဘုရားအစစ်မှတ်ထင်ပြီး ကြည်ညို၊ မြတ်နိုးစွာ ဆည်းကပ်လို့နေတယ်၊ နာဌပုတ္တာဆရာကြီး၏ တပည့်ဖြစ်ရခြင်းကား သုံးလောကထွဋ်ထား ဂေါတမရှင်တော်ဘုရားပွင့်တော်မမူမီစောစော စီးစီးကပင် ဖြစ်သွားသတဲ့၊ ကျွတ်တမ်းဝင်ရမဲ့ အဆုံးဘဝသို့ရောက်တဲ့ ပုဂ္ဂိုလ်များသော်ပင် ဘုရားမှန်,တရားမှန်နှင့် မတွေ့ရသေးခင် ဥာဏ်အမြင်မပွင့်လင်းသဖြင့် မှောက်မှောက်မှားမှားဂိုဏ်းတပါးတို့နှင့် တွေ့ကြုံ၊ တတ်ကြောင်းများကိုလဲ သတိထားကြရမယ်။

နာနာသတ္ထာရ ဥလ္လောကနဘေးကြီးဆိုတာ ပုထုဇဉ် သတ္တဝါတို့ တွေ့ကြုံ၊ရစမြဲပေပေါ့၊ ကိုးကွယ်ရာမမြဲ, ဆရာမမြဲ, ဘုရားမမြဲ, ဘောက်လွဲဘောက်ပြန် ဖြစ်တတ်ပုံသဘောဆိုးကြီးကို နာနာသတ္ထာရ ဥလ္လောကနဘေးရယ်လို့ ခေါ်ရတယ်၊ ဘုရားအမျိုးမျိုးတို့၏မျက်နှာကို တမျှော်မျှော်နှင့်မော်၍ကြည့်နေရခြင်းဟာ လွန်စွာမှောက်မှားစေတတ်တဲ့ဘေးဆိုးကြီး အစစ်ပေပေါ့၊ ကိုးကွယ်ရာမှတ်ထင်၍ ကြည်ညိုစွဲလမ်းမိပြီဆိုမှဖြင့်တော်တော်နှင့်လွတ်လို့ မရနိုင်တော့ဘူး၊အယူဝါဒနှင့် စပ်လျဉ်း၍ စွဲလမ်းခြင်း ဆိုတာလွန်စွာခိုင်မြဲတာကလား။

အဘယမင်းသားဝါဒစွဲသန်ပုံ

အဘယမင်းသားသည် နာဌပုတ္တာဂိုဏ်းဆရာကြီး၏ အပေါ်မှာ ယုံကြည်မြတ်နိုး အားကိုးခြင်းရှိနေသည်နှင့် ဂေါတမရှင်တော်မြတ်ဘုရား ထင်ရှားစွာဖြစ်ပေါ်၍ ရာဇဂြိဟ်ပြည် ဝေဠုဝန်ကျောင်းတော်ကြီးအတွင်းမှာ သီတင်းသုံးဝါဆို၍ စံနေတော်မူသော်လဲ ဘုရားရှင်ထံသို့သွားရောက်ဆည်းကပ်လေ့မရှိဘဲ မိမိကြည်ညိုမြဲဖြစ်တဲ့ နာဌပုတ္တာဂိုဏ်းကို သာ အားပေးနေတယ်။

ခမည်းတော် ဗိမ္ဗိသာရမင်းကြီးက ဘုရားရှင်၏ကျောင်းတကာ မဟာသောတာပန်ကြီး ဖြစ်တော်မူနေသော်လဲ သားတော်အဘယမင်းသားကတော့ ဘုရားရှင်ကို ကြည်ညိုလေးမြတ်စွာမဆည်းကပ်ဘူး၊ ခမည်းတော်နှင့်သားတော် လွန်စွာပင်ရင်းနှီးတော်မူကြသော်လဲ ကိုးကွယ်ရာ ဘာသာရေးမှာတော့ သဘောမတူဘဲ တဘက်တလမ်းဖြစ်နေကြတာပေါ့၊ ခမည်းတော်ဗိမ္ဗိသာရမင်းတရား~~ကြီးက အဘယမင်း~~

သားကို သနားတော်မူလျှသဖြင့် သာသနာတော်ဘက်သို့ ဝင်ရောက်အောင် တရားသဖြင့်သွေးဆောင် သိမ်းသွင်းပါသော်လဲ စွဲမိရင်းအယူဝါဒကိုမစွန့်နိုင်သဖြင့် ကောင်းမွန်တဲ့စိတ်ထားနှင့် ခမည်းတော်ဘုရားကြီးသွေးဆောင်ရာသို့ မလိုက်မပါဘဲ ကြည်ညိုမြဲအတိုင်းဘဲ နာဋပုတ္တဆရာကြီးကိုသာ ကြည်ညိုလို့နေတယ်။

လောကမှာ ကိုးကွယ်ရာနှင့်စပ်လျဉ်း၍ကွဲပြားခြင်းအမျိုးမျိုးတွေရှိစမြဲပေပေါ့၊ ယခုခေတ်အခါ မြန်မာပြည်မှာလဲ ကိုးကွယ်ရာနှင့် စပ်လျဉ်း၍သဘောမတူအယူခြားနားလျက် သားနှင့်အဘ,မောင်နှင့်နှမ, လင်နှင့်မယား ကွဲပြားနေကြပုံတွေဟာလဲ အထင်အရှားပင်ရှိကြတယ်၊ စိတ်သဘော အယူအဆဆိုတာ အလွန် ပြင်ဆင်နိုင်ဘို့ ခဲယဉ်းတာကလား။

နာဋပုတ္တဆရာကြီး၏သဘောထား

ရှင်တော်ဘုရား လက်ထက်တော်က ပုရာဏကဿပ, မက္ခလိဂေါသာလ,နာဋပုတ္တမှစ၍ ဂိုဏ်းအသီးထူထောင်ကာ ဘုရားလုပ်နေကြတဲ့ဆရာကြီးခြောက်ဦးရှိတယ်၊ ထိုဆရာကြီးခြောက်ဦးတို့အနက် နာဋပုတ္တဆရာကြီးဟာ အထင်ပေါ်အကျော်စောဆုံး တန်ခိုးအကြီးဆုံးပေပေါ့၊ သူ့ဂိုဏ်းဟာလဲ လွန်စွာလူများ၍ စည်စည်ကားကားရှိတယ်၊ သူ့ဌေး, သူကြွယ်,မင်းသား, မင်းမြေးမှစ၍ မျက်နှာကြီး,ဂုဏ်ကြီးတဲ့သူတွေလဲ များသောအားဖြင့် နာဋပုတ္တဂိုဏ်းကို ကြည်ညိုကြတယ်၊ အဲ-သို့ကလို ကြည်ညိုသူများ၍ ထင်ရှားကျော်စောနေတဲ့ အတွက် နာဋပုတ္တဆရာကြီးဟာလဲ စိတ်နေစိတ်ထား တစွင့်စွင့်မြင့်မားပြီး ရှင်တော်ဘုရားကို သာ ဂုဏ်ပြိုင်လိုတဲ့ သဘောတွေအမြဲဖြစ်နေတယ်။

နေ့ရှိသမျှ ရှင်တော်ဘုရား၏အပြစ်ကိုရှာပြီး အချက်ပိုင်လျှင် ကိုင်လိုက်မယ်-ဆိုတဲ့ သဘောမျိုးနှင့် အစဉ်မပြတ် ကြံစည်လို့နေတယ်၊ ဝါဒပြိုင်ဆိုင်လေသမျှ နာဋပုတ္တဆရာကြီး၏ ဥာဏ်တွေပေါ့၊ ရှင်တော်ဘုရားဟောကြားတဲ့ ဒေသနာတွေမှာလဲ အပြစ်သာရှာလေ့ ရှိတယ်၊ အဲ-သည်ကဲ့သို့ အမှားဘမ်းရန် အပြစ်ရှာကြံ၍နေခဲ့ရာ တနေ့သောအခါ ရှင်တော်ဘုရား၏ မှားယွင်းချက်တခုကို သူ့စိတ်ထဲမှာတွေ့ရသတဲ့၊

သည်လိုတွေ့ရခြင်းဟာလဲ သာမန်ကြီစည်ကာမျှနှင့် တွေ့ရတာမဟုတ် ဘုန်းလေးလတိုင်တိုင်ကြီစည်မှ ဝါဒတင်ရန်အချက်တခုကို တွေ့ရသတဲ့။

ရှင်ဂေါတမနှင့်ဝါဒဖြိုင်ရန်ကြီစည်မုံ

အဲ-သို့ကလို ဝါဒတင်ရန် အချက်တခုကိုတွေ့တော့ ဝမ်းမြောက်ဝမ်းသာ သည်လိုကြီစည်လိုက်သတဲ့။-

"ရှင်ဂေါတမကို ဝါဒတင်ရန် အချက်ကောင်းတခုတော့ တွေ့ပြီ၊သည်အချက်နှင့် ကိုင်လိုက်ရပါလျှင် ရှင်ဂေါတမ ဟာ မရှန်းမထွက်နိုင်ဘဲ အခက်ကြုံနေရမှာ အမှန်ဘဲ၊ သည်အခါကျ တော့ လှလှကြီးဂါကနိုင်ဘို့ ပြိုင်ဘက်ကင်းအောင် သည်လော ကအတွင်းမှာ ဂါ၏ဂုဏ်တန်ခိုးတွေ ဖြိုးဖြိုးဝေအောင် ကျော် စောသွားလိမ့်မယ်၊ ဂါ့တပည့်ရင်းကြီးဖြစ်တဲ့ အဘယမင်းသား ဟာလဲ မဂဓတိုင်းကြီးအလယ်မှာ လွန်စွာ မျက်နှာကြီးတဲ့သူ တယောက်ပေါ့၊ ရှင်ဂေါတမထံသို့ အဘယမင်းသားကို စေ လွှတ်ပြီး ဝါဒအတင်ခိုင်းရလျှင် ဖိုင်းဖိုင်းလဲအောင် ရှင်ဂေါတမ ရှုံးသွားလိမ့်မယ်၊ ဂါ့တပည့်ကြီးနှင့် ဝါဒပြိုင်၍ အနိုင်ရတဲ့အခါ သာလို့ပင် ဂုဏ်ကြီးတာပေါ့၊ နေရာကျပြီ၊ မကြာမီစေလွှတ်၍ ရှင်ဂေါတမကိုနိုင်အောင် ဝါဒအပြိုင်ခိုင်းမှ သင့်တော့မယ်"။

အဲ-သို့ကလို ကြီစည်မိသတဲ့။

နာဠုပုတ္တဆရာကြီးက အဘယမင်းသားကို ဝါဒဖြိုင်ရန်နည်းပေးပုံ

အဲ-သည်ကဲ့သို့ ကြီစည်ပြီးတဲ့နောက် အဘယမင်းသားသည် နာဠု ပုတ္တဆရာကြီးထံသို့ သွားရောက်ဆည်းကပ်လေရာ ဆရာကြီးက သို့က လို အမိန့်ရှိတယ်။

"အို-တပည့်ကြီးအဘယ····လောကသုံးပါးတွင်ဘုရားရယ် လို့ ကျော်စောနေတဲ့ ရှင်ဂေါတမထံသို့သွားပြီးဝါဒတင်စမ်းပါ၊ သည်အချက်မှာ ရှင်ဂေါတမက အရှုံးပေးရလိမ့်မယ်၊ ရှင်ဂေါ တမ၏ မှားယွင်းချက်တခုကို အချက်ထိထိ လက်ကိုင်မိနေပြီ၊

ဝါဒပြိုင်လျှင် နိုင်မှာအမှန်ဘဲ၊ တလောကလုံး ကျော်စောနေတဲ့ ရှင်ဂေါတမကို အနိုင်ရခဲ့ပါလျှင် သင်-အာဘယမင်းသား၏ ဂုဏ်သတင်းဟာ လွန်မင်းစွာကြီးကျယ်သွားမှာ အမှန်ပေါ့''။

အဲ-သို့ကလိုပြောသိုရာ အာဘယမင်းသားက–

"ကောင်းပါပြီဘုရား၊ အနိုင်ရလျှင် ပြိုင်ပါမည်ဘုရား၊ ဝါဒတင်ပုံ နည်းလမ်းကိုသာ မိန့်ကြားတော်မူပါ''။

လို့လျှောက်ထားတယ်။

နားချသွန်သင်ပုံ

ထိုအခါ နာဂုပုဏ္ဏဆရာကြီးက''အို-အာဘယမင်းသား…မှတ်သားနားထောင်ပါ၊ရှင်ဂေါတမပယ်သို့သွားခြင်း ပထမရှေးဦးစွာ သည်လိုမေးမြန်းလိုက်။–

"အို-ရှင်ဂေါတမ…အရှင်ဘုရားသည် သူတပါးတို့ မနှစ်သက်တဲ့စကားကို မိန့်ကြားတော်မူတော့ ရှိပါသလား၊ သည်လိုမေးမြန်းတဲ့အခါ ရှင်ဂေါတမက သူဟပါးတို့ မနှစ်သက်တဲ့စကားကို ငါဘုရားမိန့်ကြားတော်မူတော့ရှိတယ်''။

အဲ-သို့ကလို ပြောဆိုခဲ့ပါလျှင် သင်-အာဘယမင်းသားက ရှင်ဂေါတမကို သည်လို-ပြန်လှန်ကာ စကားဖြင့် တင်စီးလိုက်ပေတော့။–

စကားဖြင့်တင်စီးပုံ

"အို-ရှင်ဂေါတမ…ကျွန်တော်တို့ရှိသမျှသောလူအပေါင်းတွေဟာလဲ သူဟပါးတို့မနှစ်သက်တဲ့ စကားကို ပြောကြားလေ့ရှိရာ ပဋိနည်းတူစွာ ရှင်ဂေါတမလဲ သူဟပါးတို့ မနှစ်သက်တဲ့ စကားကို ပြောကြားခဲ့ရှိတယ်၊ သည်လိုဖြစ်ခဲ့ပါလျှင် လောကသုံးပါး ဘုရားရယ်လို့ ခေါ်ဝေါနေတဲ့ ရှင်ဂေါတမဟာ သာမန်လူပေါင်းများစွာတို့နဲ့ ဘယ်မှာပြုံးပြိုင်ပါတော့မလဲ၊ မြင့်မြတ်တဲ့ ဘုရားရဟန်းဟာ ဘယ်မှာတို့ပြိုင်ပါတော့မလဲ''။

အဲ-သည်လို စကားဖြင့် တင်စီးလိုက်ပေတော့၊သည်လို တင်စီးလိုက်တဲ့အခါ ရှင်ဂေါတမဟာ ကြိုရာမရဘဲ မိုင်ဝေးဝေးကျသွားလိမ့်မယ်။

ထို့ပြင်တနည်းမှတ်စမ်းအုံး၊ပြောခဲ့တဲ့အတိုင်း ရှင်ဂေါတမက မဖြေကြားဘဲ-

"ငါဘုရားသည် သူတပါးတို့ မနှစ်သက်တဲ့ စကားမျိုးကို ပြောဆိုလေ့မရှိဘူး"။

သည်လိုဖြေကြားခဲ့ပါလျှင် သင်-အဘယမင်းသားက စကားဖြင့် သည်လို တင်စီးလိုက်။-

"အို-ရှင်ဂေါတမ....အရှင်ဘုရားသည် သူတပါးတို့ မနှစ်သက်တဲ့စကားကို မိန့်ဆိုလေ့မရှိဘူးဟုဖြေကြားခဲ့တယ်၊သည်လိုဖြေကြားခြင်းဟာ မုသာဝါဒစကား ဖြစ်သွားတော့ မှာပေါ့၊ အရှင်ဘုရားကိုယ်တော်တိုင် ဒေဝဒတ်ရဟန်းအား ငရဲလောင်း, ငရဲကောင် တကမ္ဘာပတ်လုံး ငရဲ၌တည်ရမဲ့ အကောင်၊ကုစားလို့မရနိုင်တဲ့အကောင်၊ အဲ-သို့ကလို နှားမခံသာတဲ့စကားလုံးတို့ဖြင့် အသုံးပြုကာ မိန့်ဆိုတော်မူခဲ့တယ်-မဟုတ်ပါလား၊ ရှင်ဂေါတမ၏ ကြမ်းတန်းတဲ့စကားကို ကြားရသဖြင့် ဒေဝဒတ်ရဟန်းဟာ စိတ်မချမ်းမသာ လွန်စွာဆင်းရဲလို့ သွားခဲ့တယ်-မဟုတ်လား၊ သူတပါးတို့ မနှစ်သက်တဲ့စကားကို ပြောကြားလေ့မရှိဘူးဆိုတာ မှားယွင်းကုန်ပါပေါ့ကလား။

အဲ-သည်လိုစကားဖြင့် တင်စီးလိုက်။-

"အို-အဘယမင်းသား....အစွန်းနှစ်ဘက် မလွတ်နိုင်တဲ့စကားဖြင့် တင်စီးလိုက်တဲ့အခါ ရှင်ဂေါတမသည် ဘယ်ဘက်ကမှ ရှောင်ထွက်လို့ မရနိုင်ဘဲ သင့်လက်ထဲမှာ မိလို့နေလိမ့်မယ်၊ အလျှံရဲရဲ သံတွေခဲကို ခံတွင်းထဲသို့ထည့်လိုက်တဲ့အခါ ထွေးလို့လဲမရ၊ မျိုလို့လဲမရ၊ ဒုက္ခကြီးစွာ ကြုံတွေ့နေသလို ရှင်ဂေါတမဟာလဲ သံတွေခဲနှင့်တူတဲ့ ဝါဒဖြင့် တင်လိုက်တဲ့အခါ မထွေးနိုင်, မမျိုနိုင်၊ လက်မှိုင်ချကာ ဒုက္ခကြီးစွာနှင့် ငငေးလို့ သာနေရလိမ့်မယ်။

သည်အခါကျတော့ သင်အဘယမင်းသားက ငအောင်ပွဲရ၍ လောကအလယ်မှာ ဂုဏ်ရောင်ဖြင့် တင့်တယ်လိမ့်မယ် မဟုတ်လား။

လက်ရင်းတပည့်ကြီးဖြစ်တဲ့ အဘယမင်းသားက အောင်ပွဲရတယ်လို့ ဆိုပါလျှင် ဆရာဖြစ်တဲ့ ငါအရှင်မှာလဲ လောကတွင် ဂုဏ်မောက်၍ တန်ခိုးရောင်တောက်လိမ့်မယ်၊သည်အခါကျတော့ လောကကြီးအတွင်းမှာ ငါကိုယ်တော်မြတ် တဆူထဲသာ မင်းမူလို့ဘုရားလုပ်ရတော့မှာပေါ့၊ ရှင်ဂေါတမကို ဝါဒဖြင့်နိုင်အောင် ချီးစမ်းပါ၊ သူတန်ခိုးကြီးနေတာ အတော်ကြီးကြာခဲ့ပေါ့၊ ရာဇဂြိုဟ်ပြည်မှာ သူ့သာသနာထွန်းလင်း၍ သင့်ဘမည်းတော် မင်းကြီးနှင့်တကွ တိုင်းသူ,ပြည်သားတွေက ကြည်ညိုလို့နေကြတယ်၊ ရှင်ဂေါတမ ဂုဏ်ညှိုး၍ တန်ခိုးမှိန်ခဲ့ပါလျှင် ငါ့အရှိန်ဟာ ကြီးမားလာလိမ့်မယ်-မဟုတ်လား၊-အဲသည်အခါကျတော့မှ ဂေါလကြီးအဂ္ဂ,သာ၏ ငါ့သာသနာကို ရာဇဂြိုဟ်ပြည်မှာ ပြန့်ဂုရလိမ့်မယ်"။

အဲ-ဒီကလို အဘယမင်းသားအား နားချလို့သွန်သင်တယ်။

အဘယမင်းသားက ပြန်ကြားလျှောက်မှု

နာဂုပုတ္တဆရာကြီးရဲ့ စကားကိုကြားတော့ အဘယမင်းသားက အားရဝမ်းသာနှင့်။-

"အဲ-သည်အဟိုင်းမှန်လျှင် ရှင်ဂေါတမကို ဝါဒပြိုင်ဖို့ အကိုင်ရတော့မှာဘဲ၊ မိုးကိုမ်းတင်မယ်ပါနှင့်၊ ယခု ချက်ခြင်းပင် ရှင်ဂေါတမထံသို့ တပည့်တော်သွားရောက်၍ အရှင်ဘုရားသင်ကြားတဲ့ နည်းလမ်းအဟိုင်း စကားဖြင့် တင်မီးပါ့မယ်၊ အောင်ပွဲရတဲ့အခါ တပည့်တော်ပို့သာသနာဟာ ရာဇဂြိုဟ်နုယ်အတွင်းမှာ တွန်းလင်းလို့သွားရပေတဲ့"

လို့ လျှောက်ထားတယ်။

ဘုရားရှင်ထံသို့ သွားရောက်မှု

အဲ-ဒီကလို လျှောက်တာနဲ့ အဘယမင်းသားသည် နာဂုပုတ္တဆရာကြီးအား တပ်တွားပြီးကာ နေရာမှတပ်၊ မိမိအိမ်တော်သို့ မပြန်ဘဲ ကျွန်ုပ်သတင်းပို့တဲ့ ဘုရားရှင်သီတင်းသုံးတော်မူရာ ဝေဠုဝန်ကျောင်းတော်သို့ လာခဲ့တယ်၊ ဘုရားရှင်ထံသို့ ရောက်၍ အရှေ့ဘက်,

သလ္လာပ စကား ပြောကြားနေဆဲတွင် နေဝင်လုခါနီး အချိန်သို့ ရောက်သွားသည်နှင့် အဘယမင်းသား၏ စိတ်ထဲမှာ သည်လိုအကြံ ဖြစ်ပေါ်လာသတဲ့။-

ကြံစည်မှု

"ယခုအခါနေဝင်ခါနီး၍အချိန်ကောင်းကောင်းမရနိုင်ဘူး၊ ဝါဒပြိုင်ဆိုင်ခြင်းဆိုတာအချိန်ကောင်းကောင်းရမှဖြစ်နိုင်တယ်၊ သည်ဝေဠုဝန်ကျောင်းတော်ကြီး ဆိုတာလဲ ငါနှင့်ဆိုင်တဲ့နေရာ မဟုတ်ဘူး၊ သံယာတော်များနှင့် ဘုရားရှင်၏ နေရာဖြစ်ခဲ့တယ်၊ ကိုယ်နှင့်မဆိုင်တဲ့နေရာမှာ ကိုယ့်ဩဇာလဲ မရှိနိုင်ဘူး၊ အဲ-သို့ အတွက်ကြောင့် ဘုရားရှင်ကို ဆွမ်းလုပ်ကျွေးရန် ငါ့အိမ်တော် သို့ပင့်ပြီး ငါ့ပိုင်နက်ထဲသို့ကျမှ ဝါဒပြိုင်ဘို့သင့်လျော်လိမ့်မယ်"။

သည်လို ကြံစည်မိသတဲ့။

အဘယမင်းသားဟာ ဘုရားရှင်ထံပါးသို့ရောက်တော့ ခပ်ကြောက်ကြောက်ဖြစ်လာတာပေါ့လေ၊ဘုရားရှင်တို့၏ ဘုန်းတန်ခိုးအရှိန်ဆိုတာ လွန်စွာကြီးကျယ်တာကလား၊ ကြောက်လန့်တဲ့ အတွက်ကြောင့် သူ့အိမ်တော်သို့ ရောက်အောင် ပင့်ဆောင်လိုတဲ့ ဆန္ဒတွေ ဖြစ်ပေါ်လာတာပေါ့၊ အဲ-သို့ကလို အကြံဖြစ်ပြီးတဲ့နောက် အဘယမင်းသားက ရှင်တော်ဘုရားကို သည်လိုလျှောက်ထားတယ်။

"အရှင်ဘုရား…နက်ဖြန်နံနက် ဆွမ်းဘုဉ်းပေးတော်မူခြင်း အလို့ငှါ အရှင်ဘုရားနှင့်တကွ သံယာတော်လေးပါး တပည့်တော်၏ အိမ်သို့ကြွတော်မူပါ"။

အဲ-သည်လို လျှောက်ထားတယ်၊ ရှင်တော်ဘုရားကလဲ ဆိတ်ဆိတ်နေခြင်းဖြင့် သည်းခံ ခွင့်ပြုတော်မူတယ်။

သံယာတော်လေးပါးမျှသာ အဘယ်ကြောင့် ပင့်ရပါသလဲ ဆိုတော့ သဒ္ဓါတရားရှိလို့ပင့်ရတာကလဲ မဟုတ်၊ဘုရားရှင်၏နောက်တော်က သံယာတော်တွေ အများပါလျှင် ဝါဒပြိုင်တဲ့အခါ ဘုရားရှင်ဘက်တော်က ကူညီပိုင်းဝန်းကာ ပြောဆိုကြမည့်အရေးကိုကြီတွေးကြောက်လန့်တာကတကြောင်း၊ အဲ-သည်အကြောင်းများကြောင့် ဝတ္ထုရားကျေရုံ သံယာတော်လေးပါးမျှကိုသာ ပင့်ဆောင်ခြင်းဖြစ်သတဲ့။

ဘုရားရှင်ကလဲ တကယ့်သဒ္ဓါတရားနှင့် ဆွမ်းကျွေးချင်လို့ပင့်တာ မဟုတ်၊ ဝါဒပြိုင်ကာ အနိုင်ယူချင်လို့ ပင့်ကြောင်းကိုလဲ ကောင်းစွာ သိတော်မူတယ်။

အဘယမင်းသား၏အိမ်တော်သို့ရောက်၍ ဝါဒပြိုင်တဲ့အခါ အဘယမင်းသား၏ အသိဉာဏ်များသည် မှန်ကန်စွာပွင့်လင်း၍ သာသနာအတွင်းသို့ သက်ဆင်းကူးပြောင်းလာမဲ့ အကြောင်းကိုလဲ ကောင်းစွာ သိမြင်တော်မူတယ်၊ အဲ-သို့အတွက်ကြောင့် အဘယမင်းသားကို သနားခြင်းကရုဏာဖြင့် ဒိဋ္ဌိဝင့်တွင်းမှလွတ်ကင်းအောင် ဖျေဖျက်တော်မူခြင်း၄၂ ပင့်လျှောက်ချက်ကို ငြင်းပယ်တော်မမူဘဲ လွယ်ကူစွာနှင့် အခွင့်ပေးတော်မူတယ်။

ဘုရားရှင် ကြွရောက်တော်မူမုံ

နောက်တနေ့မုံနက်သို့ ကျရောက်လေသောအခါ ဘုန်းတော်ကြီးလှသော ရှင်တော်မြတ်ဘုရားသည်သပိတ်,သင်္ကန်း ပြင်ဆင်ကာနောက်ပါသံယာတော် သုံးပါးနှင့်တကွ အဘယမင်းသား၏ အိမ်တော်သို့ ကြွသွားတော်မူတယ်၊ အိမ်တော်သို့ ရောက်တော့ အဘယမင်းသားကလဲ ကောင်းမွန်စွာ ပေးရာထိုင်ခင်း ပြင်ဆင်ပြီး မွန်မြတ်တဲ့ ဘောဇဉ်အရသာတို့ဖြင့် ကပ်လှူကျွေးမွေးတယ်။

ဝါဒတင်မုံ

ဆွမ်းဘုဉ်းပေးပြင်းကိစ္စပြီးစီးတဲ့အခါ ဘုရားရှင်ကို ပြဋ္ဌာန်းတဲ့နေရာ၌ထားရှိ၍ အဘယမင်းသားက နိမ့်ပြေတဲ့နေရာတခု၌ ထိုင်ကာ ရှင်တော်ဘုရားကို သို့ကလို မဟင်ကာလျှောက်ထားပါတယ်။

"အရှင်ဘုရား....သူတပါးတို့ မနှစ်သက်တဲ့မကားကို အရှင်ဘုရားကိုယ်တော်တိုင် ငြင်းကြားတော်မူလေ့ရှိပါသလား"။

ဟု-မိုးကလို လျှောက်ထားတော့ ရှင်တော်မြတ်ဘုရားက

"ကု-အဘယမင်းသား....သည်အချက်ကို ဟာဟက် သတ်သတ် တနည်းတလမ်းကဲ့အားဖြင့် မှတ်သားလို့ မရနိုင်ဘူး၊ ကို-ကတ ဟုခေါ်သား...အကါအခ ဝိုသင့်လျော်သောအကြောင်းကိုပြည့်ရှုမ္ဘ အကျိုးမပြည့်မှန်ခဲ့ပါလျှင် သူတပါးတို့မနှစ်သက်

တဲ့ စကားပင်ဖြစ်သော်လဲ မိန့်ကြားတော်မူလေ့ရှိပေတယ်၊ အ
ကျိုးမရှိရိုးမှန်ခဲ့ပါလျှင် သူတပါးတို့မနှစ်သက်တဲ့ စကားကို အ
ရိပ်အမြွက်ကလေးမျှ ငါဘုရား မိန့်ကြားတော်မူလေ့မရှိဘူး''။
သည်ကဲ့သို့ ဖြေကြားတော်မူတယ်။

ရှင်တော်ဘုရား၏ အမိန့်တော်စကားကို ကြားတော့ အဘယမင်း
သား၏ စိတ်ဓာတ်အတွင်းမှာ လင်းကနဲ အသိဉာဏ် ပေါ်ပေါက်လာ
သဖြင့် "နာဠုပုတ္တဆရာကြီး ရှုံးပြီ" လို့ လွှတ်ကနဲ ဟစ်အော်တော်မူ
လိုက်သတဲ့၊ အဘယမင်းသားဟာ အလွန်ဉာဏ်ပါးတဲ့ ပုဂ္ဂိုလ်တဦးပေ
ပေါ့၊ စကားတချက်နှင့် အနက်အဓိပ္ပါယ်ကို အကျယ်သိမြင်လို့သွား
နိုင်ပေတယ်။

ထိုအခါ ရှင်တော်ဘုရားက "အို-အဘယမင်းသား…ဘယ်အတွက်
ကြောင့် ရုတ်တရက် သည်လိုဟစ်အော်ရသလဲ" လို့ အမေးတော်ရှိ
ရာ အဘယမင်းသားက နာဠုပုတ္တဆရာကြီး သင်ကြားလိုက်တဲ့အတိုင်း
အလုံးစုံအကုန်လျှောက်ထားပြီး-

"နာဠုပုတ္တ ဆရာကြီးဟာ အလွန်ဉာဏ်တိမ်ပါကလားဘုရား၊
အရာအားလျော်စွာ ဝေဘန်ကာမသိဘဲ တထစ်ချအားဖြင့်သာ
မှတ်သားပြောဆိုလေ့ရှိတယ်၊တပည့်တော်ကိုသင်ကြား၍ အရှင်
ဘုရားထံကိုလွှတ်ပြီး အနိုင်ရအောင် ဝါဒအပြိုင်ခိုင်းတာလဲ
စိတ်,စေတနာမကောင်းကြောင်း ထင်ရှားတာဘဲ၊အရှင်ဘုရား
၏စကားတခွန်းမျှဖြေကြားချက်နှင့် သဘောအလုံးစုံကိုအကုန်
ရိပ်မိပါပြီဘုရား''။

အဲ-သို့ကလို ဖွင့်ဆိုလျှောက်ထားတယ်။

လှည့်ပတ်ဉာဏ်ဆင်မုံ

ထိုသို့ဝါဒတင်စဉ်အခါ အဘယမင်းသား၏ ရင်ခွင်ထဲမှာ ခုနစ်လ
သားမျှရှိတဲ့ ကလေးတယောက်ကို ပိုက်ထားလျက်ရှိသတဲ့၊ဘာကြောင့်
သည်ကလေးကို ပိုက်ပွေ့ထားသလဲလို့ဆိုတော့ တကယ်လို့ဝါဒပြိုင်၍
နိုင်ပုံမပေါ်တဲ့အခါ ရင်ခွင်ထဲကကလေးကို တနည်းနည်းဖြင့် ငိုအောင်
လုပ်ပြီး တမင်တကာရမယ်ရှာလျက် ကလေးငိုတဲ့အတွက် ဆက်လက်

၍မပြောနိုင်တဲ့ဟန် နေရာမှထသွားရန် အကြံဉာဏ်ဆင်ပြီး ကလေးကို ရင်ခွင်ထဲမှာပိုက်ထားခြင်းဖြစ်သတဲ့၊သို့ရာတွင် အာဘယမင်းသား၏ ဉာဏ်သည် ဖြောင့်မှန်စွာပေါ်ပေါက်လာသည်နှင့် မူလကကြံစည်ထားရင်းအတိုင်း ကလေးငိုအောင် ရမယ်မရှာရတော့ဘဲ ဘုရားရှင်ကို သာ ပုံယုံအပ်နှင်းကာ ကြည်ညိုခြင်းဖြစ်သွားတယ်။

မြတ်စွာဘုရားနှင့် အာဘယမင်းသား အပြန်အလှန်မေးမြန်းပြောဆိုပုံ

ထို့နောက် ရှင်တော်ဘုရားက အကျယ်အားဖြင့် သိစေတော်မူလိုတဲ့ အတွက် အာဘယမင်းသား၏ ရင်ခွင်ထဲမှာ ပိုက်ထားတဲ့ကလေးကို ဥပမာတင်ပြီး—

"အို-အာဘယမင်းသား…သင်၏ရင်ခွင်မှာ ပိုက်လျက်ရှိတဲ့ ကလေးအမိုက်သည် အိုးခြမ်းကွဲကိုဖြစ်စေ၊ တစုံတခုသောအရိုးကိုဖြစ်စေ၊ကောက်ယူကာ မျိုလိုက်မိသဖြင့် အာခေါင်မှာတစ်ရှိနေတဲ့အခါ သင်မင်းသားက ကလေးချမ်းသာအောင် ဘယ်လိုရှက်ဆောင်မလဲ"—

လို့ မေးတော်မူတယ်။

ထိုအခါ အာဘယမင်းသားက—

"ကလေးချမ်းသာအောင် အာခေါင်ထဲမှဆွဲထုတ်ယူဆောင်ပါမည်ဘုရား"-

လို့ လျှောက်ထားလေရာ ရှင်တော်ဘုရားက—

"လွယ်လွယ်ကူကူနှင့် ထုတ်ယူလို့မရလျှင် သင်မင်းသားက ဘယ်လိုပြုလုပ်မလဲ"—

လို့ထပ်မံကာမေးတော်မူပြန်တယ်၊ထိုအခါ အာဘယမင်းသားက—

"လွယ်လွယ်ကူကူနှင့် ထုတ်ယူလို့မရခဲ့ပါလျှင် ကလေး၏ ဦးခေါင်းကို လက်ဝဲလက်ဖြင့် နှာနှာကိုင်ပြီး လက်ျာလက်ညှိုးဖြင့် အာခေါင်တွင်းသို့ အတင်းနှိုက်ပြီး သွေးသံရဲရဲနှင့် ငိုချင်သမျှငိုပလေစေ၊ မရရအောင် ထုတ်ဆောင်ယူပါမယ်ဘုရား"။

အဲ-သို့ကလို လျှောက်ထားတယ်။

ရှင်တော်ဘုရားက-

"ထိုကဲ့သို့ အတင်းထုတ်ယူခဲ့ပါလျှင် ထိုကလေးမှာ မချမ်းမသာဒုက္ခဝေဒနာတွေ ဖြစ်လိမ့်မယ်မဟုတ်လား"-

လို့မိန့်တော်မူပြန်ရာ အဘယမင်းသားက-

"သာမည်ခေတ္တာမျှ ဒုက္ခဝေဒနာဖြစ်သည်ကို အရေးမယူနိုင်ပါ၊ကလေးကို ချမ်းသာစေလိုတဲ့ကရုဏာဖြင့် မရရအောင် အာခေါင်ထဲမှ ဆွဲထုတ်လို့ယူရပါလိမ့်မယ်ဘုရား"။

သည်လိုလျှောက်ထားတယ်၊ ထိုအခါရှင်တော်မြတ်ဘုရားက-

"အို-အဘယမင်းသား····ယခုပြဆိုခဲ့တဲ့ ဥပမာအတိုင်းဘဲ သတ္တဝါတဦးတယောက်မှာ ချမ်းသာဘို့အကျိုးရှိခဲ့ပါလျှင် နှစ်သက်ဘွယ်စကား မဟုတ်သော်လဲ ငါဘုရား မိန့်ကြားတော်မူလေ့ရှိတယ်၊ အကျိုးမရှိဘူးဆိုခဲ့ပါလျှင် သူတပါးတို့မချမ်းသာတဲ့စကားကို အရိပ်အခြေက်မျှ ပြောကြားတော်မူလေ့မရှိဘူး" လို့မိန့်တော်မူတယ်။

စကားခြောက်ခွန်းအကြောင်း

ထို့နောက် ရှင်တော်ဘုရားက အဘယမင်းသားအား စကားခြောက်ခွန်းကို သိုဂလို-မိန့်ကြားတော်မူတယ်။

(၁) "အို-အဘယမင်းသား···· အကြင်စကားသည်မှန်လဲမမှန်၊ အကျိုးလဲမရှိ၊ သူတပါးတို့လဲ မနှစ်သက်၊ ထိုစကားမျိုးကို ဘယ်အခါမှ ငါဘုရားမိန့်ကြားတော်မူလေ့မရှိဘူး။

(၂) အို-အဘယမင်းသား ···· အကြင်စကားသည် မှန်ကားမှန်၏၊ သို့ရာတွင် အကျိုးမရှိ၊ သူတပါးတို့လဲ မနှစ်သက်၊ ထိုစကားမျိုးကိုလဲ ငါဘုရားဘယ်အခါမှမိန့်ကြားတော်မူလေ့မရှိဘူး။

(၃) အို-အဘယမင်းသား···· အကြင်စကားသည် မှန်လဲမှန်၏၊ အကျိုးလဲရှိ၏၊သို့ရာတွင် သူတပါးတို့မနှစ်သက်၊ထိုစကားမျိုးကို အခါအဘွဲ့အားလျော်စွာ မိန့်ကြားတော်မူလေ့ရှိတယ်။

(၄) အို-အဘယမင်းသား…. အကြင်စကားသည် မှန်လဲမမှန်၊ အကျိုးလဲမရှိ၊ သို့ရာတွင် သူတပါးတို့ နှစ်သက်၏၊ ထိုစကားမျိုးကို ဘယ်အခါမှ ငါဘုရားမိန့်ကြားတော်မူလေ့မရှိဘူး။

(၅) အို-အဘယမင်းသား…. အကြင်စကားသည် မှန်ကားမှန်၏၊ အကျိုးမရှိ၊ သူတပါးတို့ နှစ်သက်၏၊ ထိုစကားမျိုးကိုလည်း ငါဘုရားဘယ်အခါမှ ဒိန့်ကြားတော်မူလေ့ မရှိဘူး။

(၆) အို-အဘယမင်းသား….အကြင်စကားသည် မှန်လဲမှန်၏၊ အကျိုးလဲရှိ၏၊ သူတပါးတို့လဲ နှစ်သက်၏၊ ထိုစကားမျိုးကို အခါအမှင့်အားလျော်စွာ ဒိန့်ကြားတော်မူလေ့ရှိတယ်။

ငါဘုရားသည် လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းဟိုအား သနားကရုဏာဘုံယှဉ်တဲ့ စကားကို သာ ဒိန့်ကြားတော်မူလေ့ရှိတယ်၊ သနားခြင်း ကရုဏာမှ လွတ်ကင်းတဲ့ စကားမျိုးကို ငါဘုရားဒိန့်ကြားတော်မူလေ့မရှိဘူး။

အဘယမင်းသားအံ့ဩမှု

အဲ-ပြောဆိုခဲ့ပြီးကဲ့အတိုင်း စကားဂြိုဟ်နှန်းနှင့် စပ်လျဉ်းတဲ့အချက်ကို ဒိန့်သိုးတော်မူလိုက်ရာ အဘယမင်းသား၏ဝိတ်ထဲမှာ လွန်စွာအံ့ဩခြင်းဖြစ်ပြီး—

"ဘုန်းတော်ကြီးလှတဲ့သာရဉ်ပင်ဘုရား…. ဥပမာအားဖြင့် ဒိန့်ကြားတော်မူသည်မှာ လွန်စွာရှင်းလင်းလှပါပေတယ်၊ ရုတ်တရက် အချက်အချပ်စွာရှင်းလင်းအောင် ရှေးဟောင်းတော်မူခဲ့တဲ့ အရှင်ဘုရား၏ ဉာဏ်တော်သည် အလွန် အံ့ဩဖွယ်ရှိပေစွ။

ဥပမာတဲ့ မင်းပညာ, ပုဏ္ဏားပညာ, သူဌေးပညာ, ရဟန်းပညာ, သည်ပညာမျိုးပုဂ္ဂိုလ်များက အရှင်ဘုရားတော်ဆီ လာရောက်၍ တပိုတခုသောဒေါဝိဘာဝနှင့် ကျောက်ထားမေးမြန်းကြရာ လွယ်ကူရှင်းလင်းစွာ ဖြေကြားတော်မူနိုင်ကြောင်းမှာ နဂါးကပင်ကြီးတင်ကာ ကြိုးဆွဲလိုထားတော်မူပါသလား၊ သို့မဟုတ် လိုပညာရှိပုဂ္ဂိုလ်တို့၏ အကြံအစည်ကို ဟင်းကြို၍သိတော်မူနေပါသလား"။

အဲ-သို့ကဲ့သို့ ကျောက်ထားမေးမြန်းတယ်။

ထိုအခါရှင်တော်ဘုရားက မိန့်ကြားတော်မူသည်မှာ–

"အို-အဘယမင်းသား…. ရထား၏ အင်္ဂါအလုံးစုံတို့ကို အကုန်နှားလယ်တယ်မဟုတ်လား"။

ထိုအခါ အဘယမင်းသားက–

"အရှင်ဘုရားတပည့်တော်သည် ယေရှယ်စဉ်ကစ၍ရထား၏အင်္ဂါတို့ကို စုံလင်စွာနှားလယ်ပါသည်ဘုရား"။

သည်လို လျှောက်ထားတော့ ရှင်တော်မြတ်ဘုရားက–

"အို-အဘယမင်းသား..တစုံတယောက်သောသူသည် သင့်ထံသို့လာ၍ ရထားအင်္ဂါတို့ကို မေးမြန်းလာတဲ့အခါခဏခြင်းလွယ်ကူစွာနှင့် ရှင်းရှင်းလင်းလင်း ဖြေကြားနိုင်တယ်မဟုတ်လား"။

သည်လိုမေးတော်မူတော့ အဘယမင်းသားက–

"တပည့်တော်သည် ယေရှယ်စဉ်ကစ၍ ရထားအင်္ဂါတို့မှာ လိမ်မာကျွမ်းကျင်ခဲ့သည် ဖြစ်သောကြောင့် ကြီမှိုင်ဆိုင်းတွေးခြင်းမရှိဘဲ ခဏခြင်းလွယ်ကူစွာနှင့် ရထားအင်္ဂါတို့ကို ရှင်းလင်းစွာ ပြန်ကြားဖြေဆိုနိုင်ပါသည်ဘုရား"။

အဲ-သည်လို လျှောက်ထားတော့ ရှင်တော်မြတ်ဘုရားက–

"အို-အဘယမင်းသား….ထိုနည်းအတိုင်းဘဲ၊တရားအလုံးစုံကို အကုန်ရှင်းလင်းစွာ ထိုးထွင်းသိမြင်တော်မူပြီးဖြစ်သောကြောင့် ပညာရှိအမျိုးမျိုးတို့ ဂါဘုရားထံမှောက်သို့ လာရောက်မေးမြန်းကြတဲ့အခါ ရှည်ကြာစွာဆိုင်းငုံခြင်းမရှိဘဲ ခဏချက်ခြင်း ရှင်းလင်းထင်ရှားစွာဖြေကြားတော်မူနိုင်တယ်၊ ဖြေကြားရန်ဖြစ်တဲ့ အချက်များဟာလဲ ဂါဘုရား၏ ဉာဏ်တော်အတွင်းသို့ အလိုအလျောက်အဆင်သင့် ဝင်ရောက်ကြတယ်၊ တင်ကြိုကြိုစည်မှုကို ပြုတော်မူလေ့မရှိဘူး"။

သို့ကလို မိန့်ကြားတော်မူတယ်။

အဘယမင်းသား-သရဏာဂုံဆောက်တည်ကာ ဘုရားရှင်၏တပည့်အဖြစ်သို့ ချဉ်းကပ်ပုံ

ရှင်တော်ဘုရား၏ ထူးဆန်းနက်နဲတဲ့ အမိန့်တော်စကားကို ကြားလေရာ အဘယမင်းသားသည် ဝမ်းသာအားရ နှစ်သက်လှသည်နှင့် ရိုသေစွာရှိခိုးဝပ်တွားပြီး သို့ကလို လျှောက်ထားတယ်။

"ဘုန်းတော် ကြီးလှသော ရှင်ပင်ဘုရား၊ ဥပမာနှင့်တကွ ဟောပြတော်မူတဲ့တရားတော်သည် အဟောဝတ-အုံ့ကြွေဘွယ် ရှိပေစွ၊ နှစ်သက်ဘွယ်ကောင်းပေစွ- အရှင်ဘုရား၊ မှောက်၍ ထားသောအိုးကို လှန်၍ပြဘိသကဲ့သို့၎င်း၊ မှောင်ကြီးအတွင်း မှာ ဓာတ်မီးအလင်းကို ဖွင့်ပြလိုက်သကဲ့သို့၎င်း၊ ထို့နည်း တူစွာ တပည့်တော်၏ စိတ်အတွင်းမှာ အလင်းကြီး ပေါ်ပေါက်ပြီ ရှင်းရှင်းလင်းလင်း သိမြင်ခြင်းသို့ ရောက်သွားပါပြီ အရှင်ဘုရား၊ တပည့်တော်သည် ယနေ့ကစ၍ ဘုရားကို ဆည်းကပ်ပါ၏၊ တရားတော်မြတ်ကိုဆည်းကပ်ပါ၏၊ သံဃာတော်မြတ်ကို ဆည်းကပ်ပါ၏၊ သရဏာဂုံသုံးပါး ဦးထိပ်ထားသော ဥပါသကာ မင်းသား-ဟူ၍ အမှတ်ထားတော်မူပါ ဘုရား"။

အဲ-သို့ကလို ကြည်ညိုပြုတိုးစွာ လျှောက်ထားတယ်။

ထို့နောက် ရှင်တော်ဘုရားသည် တပည့်အဖြစ်သို့ ချဉ်းကပ်လာသော အဘယမင်းသားအား သင့်လျော်တဲ့ အရေ မာဒနာတရားကို ဟောကြားတော်မူပြီး ဝေဠုဝန်ကျောင်းတော်သို့ ပြန်လည်ကြွသွားတော်မူလေသတည်း။

နာဠပုဏ္ဏဆရာကြီး၏ ဆုံးမ်ားနစ်နာပုံ

အဘယမင်းသားဟာ ပညာပါရမီ ဝိုလ်ပြည့်ဝတဲ့ အဖြူမ ဘဝိက ပုဂ္ဂိုလ်ပြစ်ပေသောကြောင့် ဘုရားရှင်ကို တကြိမ်ကျူးမြင်ရ၍ တရားဓမ္မကို တကြိမ်မျှ ကြားနာရပုံမျှနှင့် လှလှကြီး အကျိုးနပ်လို့ သွားပေတယ်၊ ဘုရားမှန်, တရားမှန်ကိုကိုယ့်ဉာဏ်ဖြင့် နှိုင်းယှဉ်ကာ ချင်မြန်စွာ သိ

နိုင်ဘို့ဆိုတဲ့ အရေးဟာလဲ လွယ်ကူတာ မဟုတ်ဘူး၊ တကယ်ပါရမီရှိမှ တကယ့်အမှန်ကို သိနိုင်တာကလား၊ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတွေကို ကြည်ညိုရိုသေစွာနှင့် ဥပါသကာဖြစ်တဲ့ နေ့ကစပြီး နာဋပုတ္တာဆရာကြီး ထံသို့ တခါတခေါက်မျှ သွားရောက်ခြင်း မပြုတော့ဘူးတဲ့၊ ဘုရားရှင် ထံသို့သာ နေ့စဉ်မပြတ်သွားရောက်ဆည်းကပ်ပြီး တရားတော်မြတ်ကို ကြားနာလို့နေတယ်။

နာဋပုတ္တာဆရာကြီးမှာဖြင့် အားကိုးရာဖြစ်တဲ့ မျက်နှာရှိတပည့်ရင်း ကြီးတယောက် ဆုံးရှုံးသွားတာပေါ့၊ ရာဇဂြိုဟ်ပြည်မှာ အဘယမင်း သားကို လက်ကိုင်ထားရတုန်းကတော့၊နာဋပုတ္တာဆရာကြီးဟာအလွန် မျက်နှာကြီးတာပေါ့၊ အဘယမင်းသား လက်လွတ်သွားတဲ့ အခါကစ ပြီး ရှေးကလို မျက်နှာမရှိတော့ဘဲ ဂုဏ်အရှိန်များဟာလဲ သေးသိမ် မှိန်ညှိုးသွားတယ်။

''ဆိုင်နေ အကောင်းသား၊ ထသွားမှ ကျိုးမှန်းသိ'' ဆိုတဲ့စကားအ တိုင်း အဘယမင်းသားကို ဝါဒပြိုင်ရန်မခိုင်းဘဲ ဣန္ဒြေရရနေခဲ့ပါလျှင် သည်လိုမျက်နှာညှိုးငယ်ခြင်း မဖြစ်နိုင်ဘူးပေါ့။

ကိုယ့်ရှုံး၊ကိုယ့်ပတ်မုံ

ဝါဒပြိုင်ဆိုင်မှုနှင့်စပ်ပြီးနာဋပုတ္တာဆရာကြီးဟာ''ကိုယ့်ရှုံး၊ကိုယ့်ပတ်'' ဆိုတဲ့စကားအတိုင်း ကိုယ့်အမှုကကိုယ့်ပြန်ပတ်ပြီး မကြာမကြာ မှား ယွင်းပျက်စီးခြင်းကြီးနှင့် တွေ့ကြုံရတယ်၊နာဋဒုန္ဒုဘေါက ဥပါလိသူဌေးကြီး ကိုဝါဒပြိုင်ရန် ဘုရားရှင်အထံသို့ စေလွှတ်တဲ့အခါက အရှုံးကြီးရှုံး၍ အဆုံးစွန်နစ်နာသွားတယ်၊ အဲ-သည်အဆုံးရှုံးပွဲကြီးမှာ နာဋပုတ္တာ ဆရာကြီးဟာ ကုလမစ္ဆရိယနှိပ်စက်ပြီးအသက်သေဆုံးခြင်းသို့ ရောက် သွားတယ်၊ မမှန်တဲ့အရာဟူသမျှ အမှန်အစစ်နှင့် ပြိုင်ဆိုင်ခဲ့ပါလျှင် အနိုင်မရဘဲ အဆုံးကျတော့ ရှုံးရစမြဲပေပေါ့။

အဘယမင်းသား သံဝေဂရပုံ

အဲ-ပြဆိုပြီးတဲ့အတိုင်း အဘယမင်းသားသည် တိတ္ထိတို့ညွှတ်ကွင်း မှ လွတ်ကင်းထွက်မြောက်၍ ဘုရားရှင်၏ တပည့်ကြီးဖြစ်တဲ့နေ့ကစ၍

သာသနာကိုကိုင်းရှိုင်းလျက် သူတော်ကောင်းတို့၏ နည်းလမ်းအတိုင်း နေထိုင်တော်မူခဲ့ရာ တနေ့သောအခါသို့ကျတော့ ညီတော်အဇာတသတ်မင်းသား၏ ပုန်ကန်သောင်းကျန်းတဲ့ အရေးတော်ကြီးနှင့် တွေ့ကြုံရပါရော၊ အဇာတသတ်မင်းသားသည် အမှားဂိုဏ်းကို တည်ထောင်တဲ့ ဆရာဒေဝဒတ်နှင့်ပေါင်းပြီး ဘုရားဖြစ်ကြောင်းကို ကြံစည်ကာ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို ဘမ်းပြီး အကျဉ်းထားတယ်၊ခမည်းတော်မင်းတရားကြီးကို နတ်ပြည် စံလေအောင် အစာရေစာဖြတ်ခြင်းမှစပြီး နည်းလမ်းအမျိုးမျိုးတို့ဖြင့် ကြံစည်ပါသော်လဲ သောတာပန်ဖြစ်တဲ့ မင်းတရားကြီးမှာ တရားအရသာဖြင့် မျှတစွာနေ၍ မသေနိုင်တဲ့အတွက် အကြမ်းနည်းအားဖြင့် ခြေဘဝါးကို ဒါးနှင့်ခွဲပြီး မီးရဲရဲမှာ အကင်ခိုင်းတယ်၊ အလွန်မိုက်မဲတဲ့သားယုတ်ပေါ့၊ မသေ သေအောင် သို့ကလောက်နှိပ်စက်တော့ ကြာရှည်စွာ မခံနိုင်တော့ဘဲ ဇီဝိန်ကြွေ၍ စုတေချုပ်ဆုံးတော်မူရရှာတယ်။

အဇာတသတ် ထီးနန်းဆုပ်ချုပ်ပုံ

ခမည်းတော် မင်းတရားကြီး နတ်ပြည်စံတဲ့အခါ အဇာတသတ်မင်းသားက ထီးနန်းကိုဆုပ်ပြီး မင်းလုပ်တော်မူတာပေါ့၊ နည်းပေးလမ်းညွှန်ဆရာကြီးပြုလုပ်တဲ့ ဒေဝဒတ်ဟာလဲရာဇဂြိုဟ်ပြည်မှာ လွန်စွာဘုန်းကြီး၍ ဂိုဏ်းအသီးဝှေပြီး ဘုရားတဆူလုပ်ပါတော့၊ မင်းပျို,မင်းလွင် စိတ်ထင်ရာကိုဝိုင်းပြု မင်းရိုင်းကို အခိုပြုပြီး ပတရားတဲ့ နည်းလမ်းဖြင့် ဘုရားပဒန်းကို ဖွင့်လှစ်တဲ့ ဒေဝဒတ်ဟာ မှားချင်တိုင်း မှားဘို့ အမျှားကြီး အမွှင့်ရသွားတာပေါ့။

မင်းပြောင်းမင်းလဲပြစ်ခဲ့ ဘုရင်အသစ်နန်းတက်ပြင်း, ဘုရားအသစ်တဆူပေါ်တော်မူပြင်း၊သည်ကဲ့သို့သော အဖေရေးတော်ကြီးများနှင့် ပြည့်ကြီးလရာအာဘယမင်းသား၏ စိတ်ထဲမှာမကျေမချမ်းမြေ့ပြီးဝေ့ယိတ်လန့်တဲ့စိတ်ပြင့် သို့ကလို-ကြံစည်တော်မူမိသတဲ့။

"ပြော-လောကကြီးဟာ အလွန်ပုတ်မာ သောင်းကျန်းပါ၊ ကလေးမတရားလိုက်တဲ့ သားမိုက် တကောင်အတွက်ကြောင့် ခမည်းတော်မင်းတရားကြီးလဲ နတ်ရွာလားတော်မူရှာပြီ၊ သောတာပန် ပုဂ္ဂိုလ်မြတ်ကြီးဖြစ်သော်လဲ ဝဋ်ဆင်းရဲကိုတော့ မလွန်

ဆန်နိုင်ရှာဘူး၊ နတ်ရှာစံခါနီးမှာ အကြီးအကျယ် ဆင်းရဲတော်မူသွားရရှာတယ်၊ ထိတ်လန့်ဘွယ် အလွန်ကောင်းပါကလား။

ထီးနန်းစည်းစိမ်ကို ခံစားရခြင်းဆိုတာလဲ အလွန်ထက်မြက်တဲ့သန်လျက်သွားမှာလိမ်းကျံထားတဲ့ပျားရည်ကို လျှာနှင့်လျက်ရတဲ့အလား အလွန်ဘေးအန္တရာယ်တွေ များပါကလား။

ညီတော် အဇာတသတ်ဟာလဲ ဒေဝဒတ်နှင့် ပေါင်းမိလို့ မကောင်းမှုကံကြီးကွေကို မိုက်မိုက်မှားမှား လိုက်စားပြုကျင့်ရတယ်၊ သူယုတ်မာတို့နှင့် ပေါင်းသင်းရခြင်းဆိုတာ လွန်စွာ အပြစ်ကြီးပါကလား။

ဒေဝဒတ်ကလဲ ညီတော် အဇာတသတ်ကိုအားကိုးပြီး ဂိုဏ်းအသီးထူကာ ဘုရားတဆူပြိုလုပ်ပြန်တယ်၊ ကိုယ့်ပမာနကိုမနှိုင်းချိန် ဂုဏ်သိရကြက်သရေနှင့်တကွ ပိမိသန္တာန်မှာ ဗျာန်, မဂ်, ဖိုလ်တရားမရှိဘဲနှင့် လောကကြီးအတွင်းမှာ ဘုရားတဆူရယ်လို့ဝန်ခံခြင်းဟာ အယုတ်မာတကာတို့၏ထိပ်သီး အမိုက်ဆိုလ်ချုပ်ကြီးဖြစ်သွားတာပေါ့။

သို့ကလောက် ကမောက်ကမ ကသောင်းကနင်းနိုင်တဲ့ လောကကြီးအတွင်းမှာ နေထိုင်ရသဖြင့် သုခချမ်းသာ ဘယ်မှာရနိုင်ပါတော့မလဲ။

လူတို့ဘောင်မှာ ဝတ်ကြောင်ကိုဆင်ယင်၍ တရှင်ရှင် တပျော်ပျော်နေထိုင်ရခြင်းဆိုတာ တနေ့နေ့မှာ ဘေးဒုက္ခတွေ့တတ်ထားတဲ့အမှန်ဘဲ၊ တကြိမ်လောက်ဘေးတွေ့လျှင် ပျော်မွေ့ခဲ့တဲ့ ချမ်းသာက လာရောက်လို့မကူညီနိုင်ဘူး။

အဲ-သို့အတွက်ကြောင့် လူဝတ်ကြောင်နှင့် လူ့ဘောင်ကထွက်ပြီး သာသနာဘက်သို့ဝင်ပါ။ တရားအလေ့ဖြင့် ပျော်မွေ့ကာနေတော့မယ်''။

ရဟန်းပြုတော်မူပုံ

အဲ-သို့ကလို အကြံဖြစ်ပြီးတဲ့နောက် မိဘအခြွေအရံ များကိုမှ ဝန်ကြားတိုင်ပင်ခြင်းပြုတော်မူ၍ ဘုရားရှင်အထံသို့ ချဉ်းကပ်ပြန်စွာသွားပြီး ရဟန်းပြုပေးပါမည့် အကြောင်းနှင့် ဥဒ္ဒေါဘောင်းလျှောက်ထားတယ်၊

ရှင်တော်မြတ်ဘုရားကလဲတရားထူးသိမြင်၍ကျွတ်တမ်းဝင်မဲ့ပုဂ္ဂိုလ်ဖြစ်ကြောင်းကို ဆင်ခြင်တော်မူမိသည်နှင့် မကြာမနေး ရဟန်းပြုရန်. အခွင့်ပေးတော့ အဘယမင်းသားဟာ ဖန်ဝါသက်နန်းနှင့် မြတ်ရဟန်းဖြစ်သွားပါရော၊ အဘယမင်းသားရဟန်းပြုသွားပြီ-လို့ ကြားကြတော့ တိုင်းသူပြည်သားတို့ကများစွာအံ့ဩကြတာပေါ့၊ ရဟန်းဖြစ်ပြီးတဲ့အခါ သာသနာတော်အတွင်းမှာအဘယမထေရ်ရယ်လို့ ထင်ရှားကျော်စောသွားတော်မူတယ်။

ဃောတာမန်တည်ပုံ

ဒေ- ပြည်ခဲ့ပြီးတဲ့အဘိုင်း ရဟန်းအဖြစ်သို့ ရောက်တော်မူပြီးတဲ့နောက် ဝိနည်းတော်နှင့် သင့်လျော်ညီညွတ်စွာ သီတင်းသုံးတော်မူလေရာ ဟရနေ့ဃောအခါ ရှင်တော်မြတ်ဘုရားက ကာဏကစ္ဆပေါပမသုတ္တန်ဒေသနာ တရားကို ဟောကြားတော်မူတယ်၊ ကာဏကစ္ဆပေါပမသုတ္တန်ဆိုတာ **လိပ်ကာဏ်းထမ်းပိုးဆိုးပြီးစကားအဟိုင်း** သုဂတိဘုံဘဝတို့ကို ကြုံရဘို့ခဲယဉ်းကြောင်းကို ဥပမာတင်ထားပြီ ဟောကြားတော်မူတဲ့ သုတ္တန်ကိုဆိုတယ်၊ သည်သုတ္တန်ကြီးကို ထုတ်ယောင်လို့ ပြန်ရပါတယ် ကျယ်ဝန်းမည်စိုးဟောကြောင့် လျှစ်လျူရှုလိုက်ရတော့သည်။

ရဟန္တာဖြစ်ပြီးဥဒါန်းကျူးပုံ

အဘယမထေရ်သည် ပဲ့ပဲ့တဲ့ ကာဏကစ္ဆပေါပမသုတ္တန်ဒေသနာတော်ကို ကြားနာရတော့ ဒီဒီနှင့်ဝိစိကိစ္ဆာကို ပယ်ပြတ်ပြီး မြင့်မြတ်တဲ့ ရဟန္တာအဖြစ်သို့ ပိုက်ရောက်သွားတယ်၊ ထို့နောက်တဘန်ပါပသနာဥာဏ်အဆင့်ဆင့်ဖြင့် အလုပ်ပြုခဲ့ကာ ကြိုးစားတော်မူပြန်လေရာ ကိုးလခန့်ခန့်ကုန်ခန်းခဲ့ ရဟန္တာအဖြစ်သို့ ပိုက်ရောက်လေသတည်း၊ ရဟန္တာဖြစ်ပြီးတဲ့အခါ ဗုဒ္ဓ၏အကျင့်ပဋိပတ်ကို ဖွဲ့ဆိုကာဥဒါန်းဂါထာတရပ်ကို ပိုင်လေလို့ကျူးရင့်ခဲ့ပေတည်း။

သုတ္တာ ဘာသိတံ ဝါ၊ ဝုဒ္ဓဝသာ ဒိစ္စပဒ္ဓုနော။
ပစ္ဘဝ်ုဘဝ်ိ ဘိ နိပုဏံ ဝါ ဥ ဥ ဥ ဥ ဥ ဥ ယတာ။
(ဇေတဝနဂါထာပါဠိတော်)

အနက်ကား

အာဒိစ္စဗန္ဓုနော၊ နေမင်း၏ အဆွေဖြစ်တော်မူပေသော။ ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရား၏။ဘာသိတံ၊ ဟော်ကြားတော်မူအပ်သော။ ဝါစံ၊ နှာကြားပျော်ပျော် စကားတော်ကို။ သုတ္ဝာ၊ ကြားနာရသည်ရှိသော်။ ဝါဠုဂ္ဂိ၊သေးမျှင်လှပြား သားမြီးဖျားကို။ဥသုနာ၊မြှားဖြင့်။ပဋိဝိဇ္ဈိယထာ၊ ထွင်းဖေါက်၍သွားအောင် ပစ်နိုင်ဘိသကဲ့သို့။ တထာ၊ ထို့နည်းတူစွာ။ နိပုဏံ၊သိမ်မွေ့လှစွာ သစွာလေးချက် တရားနက်ကို။ ဟိ၊ စင်စစ်ကေန်။ အဟံ၊အကျွန်ုပ်သည်။ ပစ္စဗျာဓိံ၊ဉာဏ်အလင်းဖြင့် ထိုးထွင်း၍ သိမြင်ရလေပြီ။

ဆိုလိုရင်းအဓိပ္ပါယ်

ဝါဠုဝေဓိ လေးသမားသည် သားမြီးဖျားကို လျှို့ထွင်းသွားအောင် ပစ်နိုင်ဘိသကဲ့သို့ ထို့အတူပင် နေမင်းအနွယ်ဖြစ်တော်မူတဲ့ ရှင်တော်ဘုရား၏ တရားတော်ကို ကြားနာရသဖြင့် အလွန်နူးညံ့သိမ်မွေ့နက်နဲလှသော တရားအချက်ကို ဉာဏ်အလင်းဖြင့် ထိုးထွင်း၍ သိမြင်နိုင်ပေပြီ-ဟူ၍ ဆိုလိုသည်။

ပရိနိဗ္ဗာန်စံပုံ

ရဟန္တာဖြစ်ပြီးတဲ့အခါ သာသနာတော်အတွင်းမှာ အဘယရဟန္တာ မထေရ်မြတ်ကြီးတပါး-ဟုထင်ရှားကျော်စောစွာနှင့်အသက်တော်ရှည် သမျှကာလပတ်လုံး သာသနာတော်ဝန်ကို ထမ်းဆောင်တော်မူပြီးလျှင် ခန္ဓာချုပ်ငြိမ်း၍ ဇာတ်သိမ်းတော်မူတဲ့အခါ ဒေမာကြင့်နှီး အမြှိုက်နန်းဌ စံမြန်းတော်မူရလေသတည်း။

အဘယထေရဝတ္ထုပြီး၏။

၂၇-လောမသကဒိယထေရဝတ္ထု

ဝိပဿီဘုရားလက်ထက်
အမျိုးသားတဦး

ရုပ်,နာမ်နှစ်ရပ် အမြစ်ပယ်လျက် မပြတ်ဖြစ်ပွားပုံ ပဋိစ္စသမုပ္ပါဒ် တည်းဟူသော စက်ရထားမှ ထွက်သွားခုန်ဆင်း၍ ဘုံအတွင်းတိုက် အလုံးကို အမှန်းကြီးရှိမှန်းသဖြင့် ရှုန်းထွက်လွတ်မြောက်ရန် အမြ

ကြီလျက်ရှိနေတဲ့ အမျိုးသားတယောက်သည် ရှေးလွန်လေပြီးတဲ့ ကိုးဆယ့်တက မ္ဘာထက်အခါ ၀ိပဿီဘုရားရှင်ပွင့်တော်မူတဲ့ ခေတ်နှင့်ကြုံ၍ လူ့ဘုံမှာလူဖြစ်လို့ လာတယ်။

ကုံဂေါ၀ပန်းရှုခါန်းပုံ

တနေ့သောအခါ ထိုအမျိုးသားသည် ကိစ္စတခုရှိသည်နှင့် ကုံဂေါ၀ပန်းတို့ကို ယူဆောင်ပြီး လမ်းခရီးတခုသို့ သွားတယ်၊ ထိုသို့ခရီးသွားစဉ် အခိုက်မှာ ကံအားလျော်စွာ လမ်းခရီးမတ်တတ်မှာ ၀ိပဿီဘုရားရှင်နှင့်တွေ့ကြုံဆုံစီးမိပါရော၊ဘုရားရှင်ကို မြင်လျှင်မြင်ခြင်း ကြည်ညိုမြတ်နိုးလွန်စွာ သဒ္ဓါတရားဖြစ်ပွားသည်နှင့် မိမိယူဆောင်လာသည့် ကုံဂေါ၀ပန်းကို ရှင်တော်ဘုရား၏ လက်တော်သို့ ဆက်ကပ်လှူဒါန်းလိုက်တယ်၊ စေတနာ ပြခေါ်နှုန်းပြီး ကုံဂေါ၀ပန်းတို့ကို လှူဒါန်းလိုက်ရတဲ့ ကုသိုလ်စေတနာကြောင့် အပါယ်လေးပါးသို့ မလားမကပ်ရဘဲ မြင့်မြတ်တဲ့ သုဂတိဘုံဘ၀တို့မှာသာ ကျင်လည်ခဲ့ရသတဲ့။

(က) သုဝဏ္ဏ၀ဏ္ဏံ သမ္မုဒ္ဓံ၊ အာဟုတိနံ ပဋိဂ္ဂဟံ။
ရထိယံ ပဋိပဇ္ဇန္တံ၊ နာဂပုပ္ဖေဟိ ပူဇယိံ။ ။

အနက်ကား

(က) အဟံ၊ အကျွန်ုပ်သည်။ ပုဗ္ဗေ၊ ရှေးလွန်လေပြီးသော ကိုးဆယ့်တက မ္ဘာထက်၌။ အာဟုတိနံ၊ ထူးမြတ်သော လှူဘွယ် ဝတ္ထုတို့ကို။ ပဋိဂ္ဂဟံ၊ ခံယူခြင်းပ္ပါထိုက်ပေသော။ သုဝဏ္ဏ၀ဏ္ဏံ၊ ရွှေအဆင်းကဲ့သို့ ၀ါ၀င်းထိန်ပြောင်သော ကိုယ်တော်ရောင်လည်း ရှိပေထသော။သမ္မုဒ္ဓံ၊ ၀ိပဿီရှင်တော်မြတ်ဘုရားကို။ ရထိယံ၊လမ်းခရီး၌။ပဋိပဇ္ဇန္တံ၊ကြွသွားတော်မူစဉ်။ နာဂပုပ္ဖေဟိ၊ ရနံ့ကြိုင်လှိုင် ပွင့်ခိုင်ထူးဆန်း ကုံဂေါ၀ပန်းတို့ဖြင့်။ ပူဇယိံ၊ လှူဒါန်းပူဇော်ခဲ့ပါသတည်း။

ကဿပဘုရားရှင် လက်ထက်တော်သို့ ဆိုက်ရောက်လာပုံ

အဲ-ပြဆိုပြီးတဲ့အတိုင်း ၀ိပဿီရှင်တော်မြတ်ဘုရားကို ကုံဂေါ၀ပန်းတို့ဖြင့် လှူဒါန်းခဲ့ရတဲ့ စေတနာကြောင့် သုဂတိသံသရာတို့၌သာ ချမ်းသာစွာ ကျင်လည်ရခဲ့ပြီးတဲ့နောက် ယခုဘဒ္ဒကပ်ကမ္ဘာတွင် ကဿပ

ဘုရားရှင် လက်ထက်တော်သို့ရောက်တော့ အမျိုးသားကလေး တယောက် ဖြစ်လာတယ်၊ အရွယ်သို့ရောက်တော့ သာသနာတော်ကို ကြည်ညိုလှသဖြင့် လူ့ဘောင်ကို ရှောင်ကွင်းပြီး သာသနာတော်တွင်းမှာ ရဟန်းပြုလုပ်ကာ တရားနှင့်အညီ ဆောက်တည်ကျင့်သုံးလို့နေတော်မူတယ်၊ ထိုရဟန်းတော်အရှင်မြတ်မှာ လွန်စွာချစ်ခင်တဲ့ သီတင်းသုံးဘော်ရဟန်း တပါးလဲရှိတယ်၊ သွားအတူ,လာအတူမခွါမခဲ့ အမြဲပေါင်းသင်းကာ တရားသဖြင့် ချစ်ခင်နေတဲ့ မိတ်ဆွေရဟန်းတော်ဖြစ်သတဲ့။

ဘဒ္ဒေကရတ္တသုတ်

တနေ့သောအခါ ကဿပ ရှင်တော်မြတ်ဘုရားသည် ရဟန်း အပေါင်းတို့အားဘဒ္ဒေကရတ္တသုတ္တန်တရားကို ဟောကြားတော်မူတယ်၊ ထိုသုတ္တန်တရားတော်ကိုကြားနာပြီးတဲ့နောက် ဆိုခဲ့တဲ့ရဟန်းတော်နှင့် မိတ်ဆွေရဟန်းတော် နှစ်ပါးတို့သည် ဘဒ္ဒေကရတ္တ သုတ္တန်နှင့် စပ်လျဉ်းတဲ့အဓိပ္ပါယ် အချက်များကို ဓမ္မသာဂစ္ဆာသဘောဖြင့် နှီးနှောဆွေးနွေးကြတဲ့အခါ မိတ်ဆွေရဟန်းတော်က ဘဒ္ဒေကရတ္တသုတ္တန်၏ အဓိပ္ပါယ်ကို ရေရေလယ်လယ် မပြောကြားနိုင်ဘူးတဲ့။

ထိုအခါ ဆိုခဲ့တဲ့ရဟန်းတော်က ဘယ်လိုဆုတောင်းလိုက်သလဲလို့ ဆိုတော့။

> "ကျွန်ုပ်သည်ယခုအခါ ဘဒ္ဒေကရတ္တ သုတ္တန်၏ အဓိပ္ပါယ်ကို ရေရေလယ်လယ်ကြီး မပြောဟောနိုင်သော်လဲ နောင်လာလတံ့သောအခါ သင်မိတ်ဆွေကြီးအား ဘဒ္ဒေကရတ္တ သုတ္တန်၏ အဓိပ္ပါယ်ကို ရေရေလယ်လယ်ကြီး အကျွန်ုပ်ဟောနိုင်စေသား"။

အဲ-သို့ကလို ဆုတောင်းပတ္ထနာမှုကို ပြုလိုက်သတဲ့။

> အဟံ အနာဂတေ တုယ္ဘံဘဒ္ဒေကရတ္တိं ကထေတုံ သမတ္ထော ဘဝေယ္ယံ။

[ထေရ အဋ္ဌကထာ။]

အနက်ကား

အဟံ၊ အကျွန်ုပ်သည်။ တုယှံ၊ သင့်အား။ ဘဒ္ဒေကရတ္တံ၊ ဘဒ္ဒေကရတ္တသုတ္တန်ကို။ ကထေတုံ၊ ရေရေလယ်လယ်ကြီး ဟောကြားခြင်းငှါ။ သမတ္ထော၊ စွမ်းနိုင်သည်။ ဘဝေယ္ယုံ၊ ဖြစ်ရပါလို၏။

အဲ-သို့ကလို ဆုတောင်းတော့ မိတ်ဆွေ ရဟန်းတော်က ဝမ်းသာတဲ့ စိတ်ထားနှင့် "နောင်အခါ အကျွန်ုပ်သည် ဘဒ္ဒေကရတ္တသုတ္တန်ကို သင့်အားမေးမြန်းနိုင်သောပုဂ္ဂိုလ်ဖြစ်ရပါလို၏"အဲ-သည်လို ဆုတောင်းလိုက်ပြန်တယ်။

စဉ်းစားကြစမ်းပါ၊ ထိုရဟန်းတော်နှစ်ပါးတို့၏ ဆုတောင်းပုံဟာ ဘယ့်ကလောက် အချိုးကျသလဲလို့ လောကီစည်းစိမ်ချမ်းသာကို လိုလားတဲ့စိတ်မျိုးနှင့် ဆုတောင်းကြတာလဲမဟုတ်ဘူး၊ တရားသဘောနှင့် စပ်လျဉ်း၍ ကောင်းမွန်မြင့်မြတ်စွာ ဆုတောင်းကြခြင်းဖြစ်ပေသည်။

အဲ-သည်ဆုတောင်းပုံများကိုအတုခိုးပြီး ယခုအခါသာသနာတော်ကို ကြည်ညိုကြတဲ့အမျိုးသမီးတို့လဲ "နောင်အခါသူတပါးတို့အား ဓမ္မစကြာသုတ္တန်တရားကို ဟောကြားနိုင်ပါစေ၊ အနတ္တလက္ခဏာသုတ္တန်တရားကို ဟောကြားနိုင်ပါစေ၊မဟာသတိပဋ္ဌာန်သုတ္တန်တရားကိုဟောကြားနိုင်ပါစေ၊ ပဋ္ဌာန်းတရားကိုဟောကြားနိုင်ပါစေ"အဲ-သို့ကလို ဆုတောင်းမှုများကို ပြုလုပ်သင့်ကြပေသပေါ့။

"အဆင်းညို၊ကိုယ်မှာကတိုး၊ အမျိုးမြတ်စွာ၊ အသံသာ၍၊မျက်နှာ ပွင့်လန်းပါစေ။"

ဆိုတဲ့ ဆုတောင်းမျိုးကတော့ ကိလေသာအာရုံ ကာမဂုဏ်နှင့် မကင်းသဖြင့် လွန်မင်းမြတ်နိုးစွာ ဆုတောင်းလို့မသင့်လျော်ပေဘူး။

အဆုံးဘဝသို့ ဆိုက်ရောက်ပုံ

အဲ-ပြဆိုခဲ့တဲ့ သီတင်းသုံးဘော် ရဟန်းတော်အရှင်မြတ် နှစ်ပါးတို့သည် အသက်ဆုံးသည့်တိုင်တောင် ရဟန်းတရားကို ကြိုးစား အားထုတ်ခဲ့ကြပြီးသော် သက်တမ်းကြွေ၍ စုတေသွားတော့ မြင့်မြတ်တဲ့ဘုံဘဝတို့ဌာသာ စည်းစိမ်ချမ်းသာပြည့်စုံစွာနှင့်ကျင်လည်ကြရတယ်၊ပါရမီမရင့်သေးတဲ့အတွက် ကဿပဘုရားရှင်၏ သာသနာတော်တွင်းမှာ ကျွတ်တန်းဝင်ခွင့်ကိုမရကြဘူး။

ကံဂေါ်ပန်းလှူဒါန်းရခြင်းအကျိုး

ယခု ဘုရားရှင်လက်ထက်တော်သို့ရောက်တော့ ကံဂေါ်ပန်းကို လှူဒါန်းခဲ့ရတဲ့အမျိုးသားဟာ ကပိလဝတ် နေပြည်တော်ကြီးမှာ မြင့်မြတ်တဲ့ သာကီဝင်အမျိုးဇာတ်၌ ထူးဆန်းစွာ ဖြစ်ပွါးလာတယ်၊ ထိုသတို့သား မွေးဖွားလာတဲ့ အခါကစ၍ ခြေဘဝါးအပြင်မှာ အလွန် နူးညံ့သိမ်မွေ့တဲ့ အမွေးဖြူကလေးတွေ ပါလာတယ်၊ သောဏ သူဌေးသားကဲ့သို့ပေါ့လေ၊အဲ-သို့ကလိုခြေဘဝါးအပြင်မှာ အမွေးဖြူဖြူနုနုကလေးတွေ ရှိတဲ့အတွက်ကြောင့် ထိုမင်းသား၏အမည်ကို လောမသကဒိယ-ရယ်လို့ မှည့်ခေါ်ကြတယ်၊ အကျိုးပေးထူးဆန်းလာတဲ့အတွက် ပုံပန်းသဏ္ဌာန်များဟာလဲ လွန်စွာလှပ၍ နူးညံ့သိမ်မွေ့ခြင်းဂုဏ်နှင့် အလွန်ပြည့်စုံသတဲ့။

ထို့ပြင်တပါး ကဿပဘုရားရှင် လက်ထက်တော်က သီတင်းသုံးဘော်ဖြစ်ခဲ့တဲ့ မိတ်ဆွေ ရဟန်းကတော့ တာဝတိံသာ နတ်ပြည်မှာ "စန္ဒန"နတ်သားရယ်လို့ ထင်ရှားကျော်စောစွာ ထိုအခါ၌ ဖြစ်နေတယ်၊ ထို စန္ဒန–နတ်သားကတော့ ကဿပဘုရားရှင် လက်ထက်ကလေ့ကျက်ခဲ့ရင်းရှိတဲ့အတိုင်း ဘဒ္ဒေကရတ္တသုတ္တန်၌ပါတဲ့ ဂါထာတော်များကို နှုတ်တက်ရွရွ ရရှိလို့နေသတဲ့။

သို့ရာတွင် ထိုဂါထာတို့၏အဓိပ္ပါယ်ကိုတော့ အကျဉ်းအကျယ်မသိဘဲ မေ့လျော့လို့နေတယ်၊ဘဝများစွာ ဖုံးလွှမ်းလာတဲ့အတွက်မေ့ကုန်တာပေါ့၊ အဓိပ္ပါယ်ကိုဘယ်မှာသိနိုင်တော့မလဲ၊ပုထုဇဉ်ဆိုတာ ဘဝမှောင်ကြီး ပိတ်လို့ဆီးမှုဖြင့် လွှမ်းခဲ့တဲ့ စာပေပရိယတ်များကို မမှတ်မိဘဲ မေ့လျော့ ပျောက်ပျက်ကုန်စမြဲပေါ့။

ရှင်တော်ဘုရားသည် ကပိလဝတ် နေပြည်တော်ကြီးသို့ ကြွရောက်တော်မူကာ ဆွေတော် မျိုးတော်အပေါင်းတို့အား အမြိုက်တရားဖြင့်ချီးမြှောက်တော်မူသည်တွင် အာနန္ဒာမင်းသား,အနုရုဒ္ဓါမင်းသားမှစ၍ များစွာသောသာကီဝင် မင်းသားတွေဟာ သာသနာတော်တွင်းသို့ဝင်ပြီး ဝမ်းမြောက်ဝမ်းသာ ရဟန်းပြုကြတယ်။

မင်းသားရဟန်းမပြုနိုင်

ပြဆိုခဲ့တဲ့ လောမသကဂ်ိယမင်းသားကတော့ မိမိကိုယ်ကိုမွေးပြီး အရေးလုပ်လွန်းတဲ့အတွက် ရဟန်းမပြုနိုင်ဘူးတဲ့၊ ရဟန်းပြုခဲ့ပါလျှင် ချမ်းချမ်းသာသာမနေရဘဲ အလွန်ဆင်းရဲသွားလိမ့်မယ်၊အဲ-သို့ကလို အထင်ရောက်၍ရဟန်းဘဝကိုကြောက်သဖြင့် နောက်သို့တွန့်ဆုတ်ကာ လူ့ဘောင်မှာသာ ကျန်နေရစ်ခဲ့သတဲ့။

စန္ဒနနတ်သား၏–နှီးဆော်ချက်

ထိုအခါစန္ဒနနတ်သားသည် ကဿပဘုရားရှင်လက်ထက်က ဖြစ်ပျက်ခဲ့တဲ့အကြောင်းများကို စဉ်းစားဆင်ခြင်မိလေရာ-

"သြော် ကဿပဘုရားရှင်၏လက်ထက်တော်မှာ သီတင်းသုံးဘော်ဖြစ်တဲ့ မိတ်ဆွေရဟန်းတပါးမှာ အတူတကွကျင့်ကြံနေထိုင်ခဲ့ပါတကား၊ဘဒ္ဒေကရတ္တသုတ္တန်နှင့်စပ်လျဉ်းပြီး တရားဆွေးနွေးခြင်းကိုပြုလုပ်ခဲ့ကြတယ်၊ ငါ့မိတ်ဆွေ ရဟန်းတော်ဟာ ယခုအခါ ဘယ်ဘဝမှာဖြစ်လို့ နေပါလိမ့်မလဲ။

အဲ-သို့ကလို စဉ်းစားဆင်ခြင်မိသတဲ့။

သည်ကဲ့သို့ ဆင်ခြင်ပြီး လူ့ခွင်လောကကို ကြည့်လိုက်တဲ့အခါ ကပိလဝတ်နေပြည်တော်ကြီးမှာရှပ်ဆင်းအင်္ဂါပြည့်စုံစွာနှင့် သာကီဝင်မင်းသားဖြစ်နေကြောင်းကို နတ်တို့မျက်စိဖြင့် ရှုကြည့်တွေ့မြင်ရတယ်။

စန္ဒနနတ်သားကိုယ်ထင်ပြပုံ

ထို့နောက်တဘန် အဆွေတော်မင်းသား၏ ဖြစ်ပုံအခြင်းအရာများကို ကြည့်ရှု ဆင်ခြင်လေရာ မှန်သောအတိုင်း သိသည်နှင့်-

"သြော်- ငါ့အဆွေတော်ကြီးဟာ လွန်စွာမွေ့လျော့လို့ နေပါကလား၊ သာသနာတော်ကြီးအတွင်းမှာ လူဖြစ်လို့ လာပါလျက် သာသနာဘောင်သို့ဝင်ပြီး ကဿပဘုရားရှင်၏ လက်ထက်တော်ကလိုရဟန်းမပြုနိုင်ပါဘဲကလား၊ သူ့ကိုယ်ကလေးကို အလှမွေးပြီးကိုယ်ချမ်းသာရေးကိုသာ ဂရုစိုက်လို့နေတယ်"၊ ရဟန်းဖြစ်စဉ်ဘဝတုန်းက ဘဒ္ဒေကရတ္တသုတ္တန်ကို ဟောနိုင်ပါ

စေသားရယ်လို့သူကိုယ်တိုင်ကတိထား၍ဆုတောင်းခဲ့တဲ့အချက်များကိုမမှတ်မသားမိဘဲ မေ့လျော့ကုန်ပါပေါ့ကလား၊ မိတ်ဆွေ၀တ်တရားအတိုင်း သူ့ထံသို့သွားပြီး သတိပေးအုံးမှသင့်တော့မယ်"။

အဲ-သို့ကလိုကြ၊ကာ ညဉ့်သန်းခေါင်အခါ တာ၀တိ$ သာနတ်ပြည်မှ ဆင်းပြီး မင်းသားနေတဲ့ ခန်းဆောင်အတွင်းသို့ ကိုယ်ရောင် ထွန်းလင်းစွာနှင့် ရောက်လာခဲ့တယ်။

မင်းသားကလဲ ယုတ်တရက်စက်ရာမှ လန့်နိုးပြီးစန္ဒနနတ်သားကို မြင်လျှင်မြင်ခြင်း မကြိုစဘူး · တွေ့မြင်ပုံထူးသောကြောင့် ပြုံးကလူးပြာကလာနှင့် ကြောက်လန့် တုန်လှုပ်နေတယ်၊ ထိုအခါနတ်သားက—

"အို—မင်းသား မကြောက်လန့်ပါနှင့် အကြောင်းကိစ္စတခုရှိလို့ တာ၀တိ$ သာနတ်ပြည်မှ ဆင်းလာတဲ့ နတ်သားဖြစ်ပါတယ်။"

အဲ-သို့ကလို ပြောဆိုနှစ်သိမ့်စေပြီး နတ်သားကသည်ကဲ့သို့ မေးမြန်းလိုက်တယ်။

နတ်သားနှင့် မင်းသား အမေး,အဖြေ

နတ်သား။　သင်မင်းသားသည် ဘဒ္ဒေကရတ္တသုတ္တန်၏ အဓိပ္ပါယ်ကို အကျဉ်းနည်း အကျယ်နည်းအားဖြင့် နားလယ်ပါရဲ့လား။

မင်းသား။　ကျွန်ုပ် နားမလယ်ဘူး။

နတ်သား။　အဓိပ္ပါယ်ကိုနားမလယ်လျှင် ဘဒ္ဒေကရတ္တသုတ္တန်၌ပါရှိတဲ့ ဂါထာတော်များကို နှုတ်တက်ရပါသလား။

မင်းသား။　သည်ဂါထာမျိုးကိုလဲ တပုဒ်မျှနှုတ်တက်မရပါဘူး၊နှုတ်တက်ရဘို့ဝေးလေစွ၊ဘဒ္ဒေကရတ္တဆိုတဲ့ အမည်သည်ကို တခါမျှမကြားဘူးပါ။

နတ်သား။　ဟို-ရှေးအခါ သင်သည်ကျွန်ုပ်အား ဘဒ္ဒေကရတ္တသုတ္တန်ကိုဟောကြားမယ်လို့ ကတိထားခဲ့တယ် မဟုတ်လား။

မင်းသား။　ဘယ်တုန်းက ကျွန်ုပ် ကတိထားခဲ့ဘူးသလဲ၊ သည်လို ကတိထားခဲ့တာကို မမှတ်မိပါဘူး။

မင်းသားကို ဘုရားထံ ခေါ်ဆောင်မှုံ

အဲ-ဤကဲ့သို့ သာကီဝင်မင်းသားက သတိမရသောသဘောအားဖြင့် ပြောကြားတဲ့အခါ စန္ဒနနတ်သားက–

> ''အို–လူမင်းသား-အလွန်မေ့လျော့လှပါကလား၊ ဘဒ္ဒေကရတ္တသုတ္တန်ကို ကျွန်ုပ်အား ဟောကြားမယ်လို့ ဟို-ရှေးတုန်းအခါက သင် ကတိထားခဲ့ရိုး အမှန်ဘဲ၊ ရှေးဇာတ်ဟောင်း အတ္ထုပ္ပတ်များကို ထင်ရှားစွာ သိရလေအောင် သင်လိုက်ခဲ့ပေတော့၊ယခုပင် ဘုရားရှင်ထံသို့ သွားကြစို့''–

လို့ ပြောကြားပြီး နတ်တို့၏ တန်ခိုးအားဖြင့် သာကီဝင်မင်းသားကို ဘုရားထံသို့ ခေါ်ဆောင်သွားတယ်၊ လူမင်းသားမှာတော့ ခေါ်ဆောင်လို့သာ လိုက်သွားရတယ် ဘယ်အကြောင်းတခုကိုမျှ စဉ်းစားလို့ မရဘူးတဲ့။

ဘုရားရှင်ထံသို့ရောက်တော့ စန္ဒနနတ်သားက အကြောင်းမျိုးစုံကို အကုန်ပြန်၍လျှောက်ထားလေရာ ရှင်တော်မြတ်ဘုရားက ဆွေတော် မျိုးတော်ဖြစ်တဲ့ သာကီဝင်မင်းသားအား သတိတရားရစေခြင်းငှါ ရှေးဇာတ်ဟောင်းများကို ပြန်ကြားမိန့်မြွက်တော်မူတယ်။

ဘုရားရှင်မိန့်ကြားမှုံ

> ''ကဿပဘုရား ပွင့်တော်မူစဉ်အခါက သင်တို့နှစ်ဦးသည် အထူးချစ်ခင်စွာသာသနာတော်အတွင်းမှာ သီတင်းသုံးနေထိုင်ခဲ့ကြတဲ့ ရဟန်းနှစ်ပါးဖြစ်ကြတယ်၊ တနေ့သောအခါ ကဿပဘုရား ဟောကြားတော်မူတဲ့ ဘဒ္ဒေကရတ္တသုတ္တန် ဒေသနာနှင့် စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းကြရာတွင် သင်မင်းသားက နောင်အခါ ဘဒ္ဒေကရတ္တသုတ္တန်ဒေသနာကို သင့်အား ဟောကြားမယ်လို့ ဆုတောင်းခြင်းအားဖြင့် ကတိထားခဲ့တာ အမှန်ဘဲ''။

အဲ-ဤကဲ့သို့မိန့်ကြားတော်မူတယ်။

ရဟန်းပြုရန်ခွင့်တောင်းပုံ

ရှင်တော်ဘုရား၏ အမိန့်စကားကို ကြားတော့ သာကိုဝင်မင်းသား က ဝမ်းသာအားရနှင့်-

"အရှင်ဘုရား ရှေးဇာတ်ဟောင်းများကို ကြားရသဖြင့် များစွာနှစ်သက်၍ အားတက်ခြင်းဖြစ်မိပါတယ်၊ကတိထားခဲ့တဲ့ အတိုင်း နတ်သားအား ဟောကြားလိုပါတယ်၊ သို့ရာတွင် လူဝတ်ကြောင်နှင့် လူ့ဘောင်မှာသာ နေထိုင်ခဲ့ပါလျှင် ဘဒ္ဒေ ကရတ္တသုတ္တန်တရားကိုဟောကြားနိုင်မည် မဟုတ်ပါ၊သာသနာ ဘောင်မှာ ရဟန်းပြု၍ လေ့လာမှတ်သား သင်ကြားအားထုတ် မှသာလျှင် ဟောနိုင်ပါလိမ့်မယ်၊ သို့ဖြစ်၍ တပည့်တော်အား သနားတော်မူသဖြင့် ရဟန်းပြုရန် အခွင့်ပေးတော်မူပါဘုရား"။

အဲ–ဤကဲ့သို့ ခွင့်တောင်းတယ်၊ သူ့မိတ်ဆွေဟောင်းဖြစ်တဲ့ နတ် သားလာတော့ သဒ္ဓါတရားပွားများဟိုးတက်၍ ရဟန်းဘက်သို့ညွှတ် သွားတာပေါ့လေ၊ တော်ပါပေရဲ့ချီးမွမ်းစရာပေါ့။

ဘုရားရှင်ထပ်မံမိန့်ကြားပုံ

ရဟန်းပြုရန် ခွင့်တောင်းတဲ့အခါ ရှင်တော်မြတ်ဘုရားက–

"အို-မင်းသားမိဘတို့ထံမှ ခွင့်ပြုချက်မရလျှင် ရဟန်းပြု ရန် ငါဘုရားအခွင့်မပေးနိုင်ဘူး"–

လို့ မိန့်တော်မူတဲ့အတွက် ရှင်တော်ဘုရားကို ဝတ်တွားရှိခိုးပြီး အခွင့်တောင်းရန် မိဘတို့ထံသို့ ပြန်သွားတယ်၊ စန္ဒနနတ်သားလဲ တာဝတိ$ သာနတ်ပြည်သို့ ပြန်သွားပါရော။

မိဘတို့ထံမှာအခွင့်တောင်းခြင်း

ရဟန်းပြုရန် စိတ်ထက်သန်နေတဲ့ သာကိုဝင်မင်းသားသည် နောက် တနေ့နံနက်အချိန်တွင် မိဘတို့ထံသို့ကပ်ပြီး-

"အကျွန်ုပ်သည် လူတို့ဘောင်မှာ လူဝတ်ကြောင်နှင့် ယောင်တောင်တောင်ကြီး မနေလိုတော့ပါ၊ သာသနာတော်

ဘောင်သွေ့ဝင်ပြီး ရဟန်းပြုကာ တရားအမြှောက်ကို အားတိုက် ကြိုးကြိုးစားလိုပါတယ်၊ အခွင့်ပေးတော်မူကြပါဘုရား"–

လို့ အခွင့်တောင်းတယ်၊ ထိုအခါ မိဘများက အခွင့်ပေးလိုတဲ့ ဆန္ဒမရှိသည်နှင့်–

ချစ်သား သင်၏ရုပ်ရည်သဏ္ဌာန်များဟာ နုနယ်သိမ်မွေ့လှတယ်၊ ပတ္တမြားအသွေး နီတွေးတဲ့ ဘဝါးပြင်မှာ အမွေးမြင်ဖြူဖြူ ရွှန်ရွှကလေးတွေလဲ ပေါက်နေတယ်၊ ယခုအရွယ်သို့ တိုင်အောင် ဘယ်လိုဆင်းရဲနှင့်မျှ မတွေ့ခဲ့စဘူးဘဲ အထူးသိမ်မွေ့စွာနှင့် ကိုယ်ချမ်းသာ ကိုမွေးပြီး အေးအေးကလေး နေခဲ့တယ် မဟုတ်လား၊ အခြွေအရံအစေခံတွေကလဲ ချစ်သားရဲ့အကြောက် အလိုလိုက်ပြီးဖျော်ဖြေကြရတယ်။

အဲ-သို့ကလို စိတ်ဖျိုကိုယ်နုနှင့် စည်းစိမ်ခံပြီး ချမ်းချမ်းသာသာ ကြီးပွားလာတာကို ဘယ်မှာရဟန်းပြုလို့ ဖြစ်နိုင်ပါမလဲ။

အို–ချစ်သား ရဟန်းပြုရခြင်းဆိုတာလွန်စွာဆင်းရဲ၍ တကိုယ်ထဲနေရတယ်၊ အခြွေအရံအစေခံလဲမထားရဘူး၊ မိမိခြေသလုံးဖြင့် ရင်းနှီးပြီး တအိမ်တစလောင်း တောင်းခံလို့ စားသောက်ရတယ်။

ရဟန်းဆိုတာ ကောင်းမွန်တဲ့ အခင်းအရုံကိုပယ်ရှားပြီး တောကြိုတောင်ကြားမှာ သမင်များကဲ့သို့ ပုန်းလျှိုးကာ နေရတယ်။

ယခုအခါ သဒ္ဓါတရားကလေးဖြစ်တုန်းမို့ တရားကျင့်သုံးရန် ရဟန်းပြုလိုသော်လဲ နောင်တကယ်တန်း ရဟန်းဖြစ်သွားတော့ စိတ်ညစ်ညစ်နှင့် ဒုက္ခအဖုံဖုံကို စုံလင်စွာ တွေ့ရလိမ့်မယ်၊ သည်အခါကြတော့ ရဟန်းဘဝမှာ ငြီးငွေ့ပြီး မပျော်မမွေ့ဘဲ လူထွက်လို့လာခဲ့ပါလျှင် ဖံကတုံးနှင့် ဘုန်းကြီးလူထွက်ကြီးသာ အဖတ်တင်နေလိမ့်မယ် မဟုတ်ပါလား။

အဲ-သို့ကလို အကြောင်းပြကာ ပြောဆိုတားမြစ်ကြတယ်။

ထိုအခါ ရဟန်းပြုလိုတဲ့ သားတော်မောင်က ရဲရင့်စွာ ရဟန်းပြု နိုင်ကြောင်းနှင့် မိဘနှစ်ပါးကို သွေးကလို ပြောကြားတယ်။

ဒဗ္ဗံ ကုသံ ပေါဠုလိကံ၊ ဥသိရံ မုဉ္ဇပဗ္ဗဇံ။
ဥရသာ ပနုဒိဿာမိ၊ ဝိဝေက မနုဗြူဟယံ။ ။
(ဆရဝါထာ ပါဠိတော်။)

အနက်ကား

မာတာပိတရော၊ မိခင်ဘခင် အို-ကျေးဇူးရှင်နှစ်ပါးတို့။ အဟံ၊ ရဟန်းပြုရန် ရည်သန်ရှယ်ဆောင် အကျွန်ုပ် သားတော်မောင်သည်။ ဝနေ့၊ ဘေးရန်မြားမြောင် မြှိုင်တောတောင်၌။ ဒဗ္ဗံ၊ မြေစာမြက်တောကြီးတွေကိုလုင်း။ ကုသံ၊ သမန်းမြက်တောကြီးတွေကိုလုင်း။ ပေါဠုလိကံ၊ ဆူးဖြင့်ရစ်ရုံသော ကလိန်ချုံကြီးတွေကိုလုင်း။ ဥသိရံ၊ ပိန်းတောကြီးတွေကိုလုင်း။ မုဉ္ဇပဗ္ဗဇံ၊ ကိုင်းတော, ကျူတောနှင့် ဖြူဆံမြက်တောကြီးတွေကိုလုင်း။ ဥရသာ၊ မိမိရင်ဘတ်ဖြင့်။ ပနုဒိဿာမိ၊ မကြောက်မရွံ့ နောက်မတွန့်ဘဲ စွန့်စွန့်စားစား တိုးကာတိုးကာထွက်သွားပါတော့အုံ့။ဝိဝေကံ၊ဆိတ်ငြိမ်ရာတွင် ကောင်းစွာပွားများ ဝိပဿနာအမြတ်တရားကို။ အနုဗြူဟယံ-အနုပြူဟယဆိုသော၊ ကြိုးကြိုးစားစား ပွားများအားထုတ်လျက်။ပဗ္ဗဇိဿာမိ၊ ပရိကွာရာသက်နိုး ဝတ်ဆင်မြန်းလျက် ရှင်ရဟန်းပြု ပါတော့မည်နည်း။

ဆိုလိုရင်း အဓိပ္ပါယ်

အို-မိခင်,ဘခင် ကျေးဇူးရှင် နှစ်ပါးတို့.. အကျွန်ုပ် သားတော်မောင်၏ ရုပ်ဆင်းသဏ္ဌာန်များဟာ ကံအားလျော်စွာ နူးညံ့သိမ်မွေ့၍နေသော်လဲ တကယ်တမ်းဆိုတော့ အပင်ပန်းခံနိုင်ပါတယ်၊ သည်ကိုယ်ကလေးကို အလှမွေးပြီး ချမ်းသာပေးကာ နေထိုင်ခြင်းဆိုတာ ဘာအကျိုးရှိအုံးမှာလဲ၊ လွန်ခဲ့တဲ့သံသရာတခွင်မှာ သည်လိုကိုယ်မျိုးတွေကို ချမ်းသာပေးပြီး လှအောင်မွေးခဲ့တဲ့ ဘဝတွေ ဆိုတာ အလွန်များခဲ့လှပါပြီ။

ဝါဂွမ်းဆိုင်ပမာ လွန်စွာသိမ်မွေ့ပြီး ရွှေအဆင်းကဲ့သို့ ဝါဝင်းတောက်ပ၍ လှချင်တိုင်း လှနေတဲ့ ကိုယ်များဟာ များမကြာမီအတွင်း ဇရာညှဉ်း၍ အိုခြင်းသို့ရောက်ရစမြဲပါ၊ အလှ

ဂုဏ်ဆိုတာ ခိုင်မြဲတဲ့သဘော မဟုတ်ပါဘူး၊ ကိုယ်ခန္ဓာကိုချမ်းသာပေးရ်ု လှအောင်မွေးနေကြတဲ့အတွက် သံသရာဝဋ်မြဲမှ လွတ်ခုံကျော်ထွက်ခြင်းငှါ မစွမ်းနိုင်ဘဲ ရှိနေကြတယ် မဟုတ်ပါလား၊ သံသရာဝဋ်စက်မှ လွတ်ထွက်လိုတဲ့ဆန္ဒကြောင့် သည်ကိုယ်ကလေးကို ချမ်းသာမပေး အလှမမွေးဘဲ သာသနာအရေးနှင့် ပျော်ရအောင် ရဟန်းပြုလိုခြင်း ဖြစ်ပါတယ်၊ ရဟန်းပြုပြီးတဲ့အခါ ကြောက်ရွံ့ရွံ့နှင့်နောက်တွန့်ပြီးဆုတ်ခွာထွက်ပြေးလာလိမ့်မယ်လို့ ထင်တော်မမူကြပါနှင့်။

ချမ်းသာချင်လို့ ရဟန်းပြုတာ မဟုတ်ပါဘူး၊ အဆင်းရဲခံကာ တရားအလုပ်ကို အားထုတ်ချင်လို့ ရဟန်းပြုလိုတဲ့ ဆန္ဒဖြစ်ပေါ်လာတာပါ၊ ရဟန်းဖြစ်ပြီးတော့ တောတောင်အတွင်းသို့ ထွက်သွားတဲ့အခါ မြေစာမြက်တောကြီးတွေ,သမန်းတောကြီးတွေ,ကိုင်းတော- ကျူတောနှင့် ဖြူဆံမြက်တောကြီးတွေ,ဆူးဖြင့်ရစ်ရုံတဲ့ကလိန်ချုံကြီးတွေ၊ အဲ-သို့ကလို မကြီစဘူး အထူး ကြောက်ဘွယ်ကောင်းတဲ့ တောချုံ ပိတ်ပေါင်းတွေကို သားတော်၏ရင်ဘတ်ဖြင့် တိုးဝှေ့ပြီး ပျော်ပျော်မွေ့မွေ့ကြီး ထွက်သွားနိုင်ပါတယ်။

တောတောင်အတွင်းသို့ ရောက်တဲ့အခါ ကာယဝိဝေက, စိတ္တဝိဝေက, ဥပဓိဝိဝေက၊သည်ဝိဝေက တရားသုံးပါးကို ပွားများအားထုတ်လို့ နေပါ့မယ်၊အဲ-သို့ကလို ရဲရဲဝံ့ဝံ့ ပြောဆိုကာ မရ-ရကြောင်း ရဟန်းပြုဘို့အခွင့်တောင်းပါရော။

မိဘများ အခွင့်ပေးပုံ

မိဘများကတားမြစ်လို့မရနိုင်ကြောင်းကို သိတဲ့အခါ–

"အို–ချစ်သား…ရဟန်းဘဝမှာ ကြာရှည် လေးမြင့်စွာ နှစ်နှစ်ခြောက်ခြောက် ပျော်ပိုက်နိုင်မယ်လို့ဆိုလျှင် ရဟန်းပြုပါတော့၊ မောင့်နောင်တော်ကြီးတွေ ဖြစ်ကြတဲ့ အနုရုဒ္ဓါ, အာနန္ဒာစသောသာကီဝင် မင်းသားတွေလဲ ရဟန်းပြုလို့သွားကြပါပြီ၊ နောင်တော်ကြီးများရဲ့ ခြေရာကို ကောင်းစွာလိုက်နင်းပေတော့" လို့–

အနှုးအညွှတ်ပြောဆိုကာ အခွင့်ပေးတော်မူကြတယ်၊အခွင့်ရတဲ့အခါ စကြာမင်းစည်းစိမ်ကို ရတဲ့အလား မျှားစွာဝမ်းမြောက်ခြင်း ဖြစ်သွားတာပေါ့။

ရဟန်းဖြိုမုံ

ထို့နောက် သာကီဝင်မင်းသားသည် ဘုရားရှင်ထံသို့ လျင်မြန်စွာသွားပြီး မိဘတို့ထံမှ ခွင့်ရခဲ့ကြောင်းနှင့် လျှောက်တင်ကာ ရဟန်းပြုပေးတော်မူပါဘုရားလို့ ခွင့်တောင်းတော့-ရှင်တော်ဘုရားကလဲ လွယ်ကူစွာနှင့် အခွင့်ပေးတော်မူတယ်၊ ဘုရားရှင်ထံမှ အခွင့်ရ၍ ရဟန်းပြုပြီးတဲ့အခါ သာသနာတော်တွင်းမှာ လောမသကဋိယ ထေရ်တပါးရယ်လို့ ထင်ရှားကျော်စောခဲ့ သွားလေသတည်း။

လောမသကဋိယအား ရဟန္တာမျှားမေးမုံ

ရဟန်းဖြစ်ပြီးစအခါ တောတောင်သို့ မထွက်သေးဘဲ ကပိလဝတ်နေပြည်တော်မှာရှိတဲ့ နိဂြောဓာရုံ ကျောင်းတိုက်ကြီးမှာပင် သီတင်းသုံးနေထိုင်တော်မူတယ်၊ ထိုအခါ အချို့အချို့သော ရဟန္တာများက ကိုယ်အဆင်းသဏ္ဌာန်၏ နှုးညံ့သိမ်မွေ့ပုံတွေကို ရှုကြည့်ပြီး–

> "အိုလောမသကဋိယ....သင်၏ ကိုယ်များသည် အလွန်နှုးညံ့သိမ်မွေ့ပေစွတကား၊ လှပတင့်တယ်ပေစွတကား၊ ပတ္တမြားအသွင် ဘဝါးပြင်မှာ အမွှေးမျှင်ဖြူဖြူကလေးတွေလဲ ပေါက်နေတယ်၊ တောတောင်သို့ထွက်ပြီး တကယ်တမ်းအားထုတ်ရတဲ့ ထိုရဟန်းအလုပ်ကို ကြိုးစားနိုင်ပ မလားလို့"

မေးမြန်းတော်မူကြတဲ့အခါ ရဟန်းတော်အရှင်မြတ်က မိဘတို့ထံမှာ ပြောကြားခဲ့တဲ့အတိုင်း ဂါထာတပုဒ်ကိုရွတ်ဆိုပြီး ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား အားထုတ်နိုင်တဲ့အကြောင်းကို ပြောကြားတော့- ရဟန်းပေါင်းများစွာတို့က သာဓုခေါ်ကြသတဲ့။

စန္ဒနနတ်သား ဆိုက်ရောက်လာပြန်မုံ

လောမသကဋိယ ရဟန်းတော်သည် ရဟန်းပြုပြီးစအခါ ဖြစ်သောကြောင့် တောတောင်သို့ မထွက်သေးဘဲ နိဂြောဓာရုံကျောင်းတိုက်ကြီး

အတွင်းမှာပင် သီတင်းသုံးနေထိုင်စဉ်အခါ မိတ်ဆွေဟောင်းကြီး ဖြစ်ခဲ့ဘူးတဲ့ စန္ဒနနတ်သားသည် ဘဒ္ဒေကရတ္တသုတ္တန်ကို လေ့ကျက်မှတ်သား ပွားများစေလိုတဲ့ ဆန္ဒနှင့် သန်းခေါင်ယံအခါ ကိုယ်ရောင်ကိုယ်ဝါကို ထွန်းလင်းစေပြီး ထိုရဟန်းတော်၏ သီတင်းသုံးရာဖြစ်တဲ့ ကျောင်းတိုက်အတွင်းသို့ ဆိုက်ရောက်လာပြန်ပါရော၊ စန္ဒနနတ်သားကလဲ ဘဒ္ဒေကရတ္တသုတ္တန်နှင့် စပ်လျဉ်းပြီး အလွန်အရေးကြီးနေတာပေါ့လေ။

ရဟန်းတော်နှင့် နတ်သားတို့ အချင်းချင်းပြောဆိုကြပုံ

(နတ်သား) အရှင်ဘုရား....ဘဒ္ဒေကရတ္တသုတ္တန်၏ အဓိပ္ပါယ် အကျဉ်း,အကျယ် များကို မှတ်သားတော်မူမိပါသလား။

(ရဟန်း) မမှတ်သားမိဘူး၊ ရှင်တော်ဘုရားထံမှ နာလဲမနာကြားရသေးဘူး၊ သင်နတ်သားကိုယ်တိုင် ဘဒ္ဒေကရတ္တသုတ္တန်၏ အကျဉ်း, အကျယ် အဓိပ္ပါယ်များကို မှတ်သားမိပါသလား။

(နတ်သား) အကျဉ်း,အကျယ် အဓိပ္ပါယ်များကိုတော့ တပည့်တော် မမှတ်သားမိပါ၊ သို့ရာတွင် ဘဒ္ဒေကရတ္တသုတ္တန်၌ ပါရှိတဲ့ဂါထာလေးပုဒ်ကိုတော့ နှုတ်တက်ရရှိထားပါတယ်ဘုရား။

(ရဟန်း) ဘယ်အခါတုန်းက ရရှိထားပါသလဲ။

(နတ်သား) တရံရောအခါ ရှင်တော်မြတ်ဘုရားသည် တပည့်တော်တို့ တာဝတိံသာနတ်ပြည်မှာရှိတဲ့ ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်တဲ့ ပဏ္ဍုကမ္ပလာ မြကျောက်ဖျာထက်၌ သီတင်းသုံးစံနေတော်မူကာ နတ်အပေါင်းတို့အား တရားဟောတော်မူသည်တွင် ဘဒ္ဒေကရတ္တသုတ္တန်ဒေသနာကို တပည့်တော်ကြားနာရပါတယ်၊ ထိုအခါကစပြီး ဘဒ္ဒေကရတ္တ ဂါထာလေးပုဒ်ကို နှုတ်တက်ရရှိထားပါတယ်ဘုရား။

(ရဟန်း) သြော်–တော်ပေစ္ဆ၊တော်ပေစ္ဆ၊ ဘဒ္ဒေကရတ္တ ဂါထာများကို အကျွန်ုပ် ကြားနာလိုပါတယ်၊ သင်နတ်သား ရရှိထားတဲ့အတိုင်း ကျွန်ုပ်အား ဟောကြားပါ။

အဲ–သည်ကဲ့သို့ ရဟန်းတော်အရှင်မြတ်က ဟောကြားဘိုးတောင်းပန်လေရာ စန္ဒန-နတ်သားက မိမိရရှိထားတဲ့အတိုင်း ဘဒ္ဒေကရတ္တာဂါထာလေးပုဒ်ကို သို့ကလို ဟောကြားခဲ့လေသည်။

(က) အတီတံ နာန္ဝါဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။
ယဒတီတံ ပဟီနန္တိ၊ အပ္ပတ္တဉ္စ အနာဂတံ။ ။

အနက်ကား

(က) အတီတံ၊ဖြစ်ပြီးသော အကြောင်းဟူသမျှ တွေကို။နာန္ဝါဂမေယျ၊ အစဉ်တစိုက် လိုက်၍တွေးတောမနေရာ။ အနာဂတံ၊ မရောက်လာသေးသော သဘောတွေကိုလည်း။ နပ္ပဋိကင်္ခေ၊ မြော်လင့်တောင့်တ၍မနေရာ။ ယံအတီတံ၊ အကြင်လွန်ပြီးသော သဘောဟူသမျှသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုအတိတ်သဘောတရားစုသည်။ ပဟီနံ၊ ပယ်ပြီး ချုပ်ပြီး ကုန်ခန်းပြီးသာတည်း။ အနာဂတံစ၊ အနာဂတ်သဘောတရားစုသည်ကား။ အပ္ပတ္တံ၊ ကြုံတွေ့ဆိုက်ရောက်လာသေးသည် မဟုတ်ချေ။

ဆိုလိုရင်း အဓိပ္ပါယ်

လွန်ပြီးသော အတိတ်သဘောတွေကို အစဉ်တစိုက်လိုက်၍ တွေးတွေးကာ မနေပါနှင့်၊ အတိတ်သဘောဆိုသည်မှာ ကုန်ခန်းပျက်စီးပြီးတွေဖြစ်ကြတယ်၊ အနာဂတ်သဘောတွေကိုလည်း မြော်လင့်တောင့်တ၍ မနေပါနှင့်၊ အနာဂတ်ဆိုသည်မှာ ကြုံတွေ့ဆိုက်ရောက်လာသေးသည် မဟုတ်ပါ၊ ဤကဲ့သို့ ဆိုလိုရင်းဖြစ်ပေသည်။

(ခ) ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထတတ္ထ ဝိပဿတိ။
အသံဟီရံ အသံကုပ္ပံ၊ တံ ဝိဒ္ဒါ မနုဗြူဟယေ။ ။

အနက်ကား

(ခ) ယော၊ အကြင်ပညာရှိ ပုဂ္ဂိုလ်သည်။ တတ္ထတတ္ထ၊ ထိုထိုအရပ်ဌာနတို့၌။ ဝါ၊ထိုထိုအကြောင်းအရာတို့၌။ ပစ္စုပ္ပန္နံ၊ တွေ့ကြုံဆဲဖြစ်၍နေသော။ ဓမ္မံစ၊ သဘောတရားစုံကိုသာလျှင်။ ဝိပဿတိ၊ ရှုဆင်ခြင်၍နေ၏။ သောဝိဒ္ဒါ၊ ထိုပညာရှိသည်။ အသံဟီရံ၊ တွန့်တိုဆုတ်နစ်ခြင်းမရှိဘဲ။ အသံကုပ္ပံ၊ ပျက်စီးခြင်းမရှိဘဲ။ တံ၊ ထိုပစ္စုပ္ပန် တရားစုကိုသာလျှင်။ အနုဗြူဟယေ၊ ဉာဏ်ဖြင့်ရှုစား၍ ပွားများအားထုတ်ရာ သတည်း။

ဆိုလိုရင်း အဓိပ္ပါယ်

ပညာရှိပုဂ္ဂိုလ်သည်ကား လွန်ပြီးအတိတ်ကိုလည်း မတွေးတော၊ လာလတ္တံ့သော အနာဂတ်ကိုလည်း မမြော်လင့်၊ တွေ့ကြုံ ဖြစ်ပေါ်ဆဲ ဖြစ်သော ပစ္စုပ္ပန် သဘောတရားကိုသာလျှင် ဉာဏ်ဖြင့်ဆင်ခြင်၍ ထင်မြင်အောင် ပွားများရာသည်-ဟုဆိုလို၏။

(၇) အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊ ကော ဇာ မရဏံ သုဝေ။
န ဟိ နော သင်္ဂရန္တေန၊ မဟာသေနေန မစ္စုနာ။ ။

အနက်ကား

(၇) အဇ္ဇေဝ၊ ယနေ့စောစော လတ်တလောပင်လျှင်။ ကိစ္စံ၊ ကုသိုလ်ရေးနှင့်စပ်၍ ပြုအပ်သမျှကိစ္စအလုံးစုံကို။ အာတပ္ပံ၊ ပူပူပင်ပင် လျှင်လျှင်မြန်မြန်။ ကာတဗ္ဗံ၊ ပြုလုပ်အားထုတ်အပ်သည် သာလျှင် တည်း။ သုဝေ၊ နက်ဖြန်ခါ၌။ မရဏံ၊ သေရလိမ့်မည် အရေးကို။ ကော၊ အဘယ်သူသည်။ ဇာ၊ တင်ကြို၍ သိနိုင်ပါအုံ့နည်း။ ဟိ၊ စင်စစ်ကေန် တကယ်မှန်၏။ မဟာသေနေန၊ စစ်သည်ဗိုလ်ပါ များစွာလက်ကိုင်ရှိ၍ နေသော။ တေနမစ္စုနာ၊ ထိုသေမင်းနှင့်။ နော၊ အကျွန်ုပ်တို့အား။ သင်္ဂရံ၊ သေရမည်နေ့ရက်ကို ချိန်းချက်၍ ထားမှုသည်။ နအတ္ထိ၊ မှန်သောအတိုင်းပင်သိလေတော့ မရှိရှိးကေန်ပင်တည်း။

(အဓိပ္ပါယ် ထင်ရှားပြီ။)

(ဃ) ဝေဝိဟာရိ အာတာပိ၊ အဟောရတ္တ မတန္ဒိတံ။
တံ ဝေ ဘဒ္ဒေကရတ္တောတိ၊ သန္တော အာစိက္ခတေ မုနိ။

အနက်ကား

(ဃ) ဝေဝိဟာရိ၊ ဤသို့ဆိုခဲ့ပြီးသော အတိုင်း ပွားများကာနေ ထိုင်လေ့ရှိသော။ အာတာပိ၊ အပူတပန် ပြင်းထန်စွာ ကျင့်ကြံအား ထုတ်လေ့ရှိသော။ အဟောရတ္တိ၊ နေ့ညဉ့်ပတ်လုံး။ ဝါ၊ နေ့ရော ညဉ့်ရော၊ အတန္ဒိတံ၊ ပျင်းရိထိုင်းမှိုင်းခြင်းမရှိသော။ တံ၊ ထိုပုဂ္ဂိုလ်မြတ်ကို။ ဝေ၊ ဧကန်စင်စစ်။ ဘဒ္ဒေကရတ္တောတိ၊ နေ့ရော ညဉ့်ပါ အခါတိုင်းကောင်း မြတ်၍နေသော ပုဂ္ဂိုလ်ကြီးဟု၍။ သန္တော၊ သူတော်ကောင်းအစစ်ကြီး

ဖြစ်တော်မူသော။ မုနိ၊ ရှင်တော်မြတ်ဘုရားသည်။ အာစိဏ္ဏတော၊ အ ချုပ်အားဖြင့် ဟောကြားတော် မူခဲ့ပေသတည်း။

ဆိုလိုရင်းအဓိပ္ပါယ်

ပစ္စုပ္ပန်သဘောတွေကိုသာ နွေရောညဉ့်ပါ မပျင်းမရိုရှုဆင်ခြင်၍နေ တဲ့ပုဂ္ဂိုလ်မြတ်ကို ဘဒ္ဒေကရတ္တပုဂ္ဂိုလ်ဟု ဆိုထိုက်ကြောင်းနှင့် ရှင်တော် ဘုရားမိန့်ကြားတော်မူခဲ့သည်ဟု ဆိုလို၏၊ဘဒ္ဒေကရတ္တပုဒ်၏ အဓိပ္ပါယ် မှာ နွေရောညဉ့်ပါ အခါတိုင်း ကောင်းသောပုဂ္ဂိုလ်ဟု ဆိုလိုသည်၊ ဘဒ္ဒေကရတ်–ပုဂ္ဂိုလ်မြတ်ဟူသော စကားကိုလည်း ရှေးပညာရှိကြီးများ မိန့်ကြားတော်မူခဲ့ကြပေသတည်း။

မှတ်ချက်။ ။ဤ ဘဒ္ဒေကရတ္တ ဂါထာလေးပုဒ်ကို ဥပရိပဏ္ဏာသ ပါဠိတော် ဘဒ္ဒေကရတ္တသုတ်မှ ထုတ်ဆောင်ဘော်ပြလိုက်ပါသည်။

စန္ဒန–နတ်သားက ရဟန္တာအားတိုက်တွန်းပုံ

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း စန္ဒနနတ်သားက မိမိနှုတ်တက်ရရှိထား ခဲ့တဲ့အတိုင်း ဘဒ္ဒေကရတ္တ ဂါထာတော်လေးပုဒ်ကို ရွတ်ဆိုဟောကြား ပြီးတော့ ရဟန္တာအရှင်မြတ်အား သည်ကဲ့သို့ နှိုးဆော်တိုက်တွန်းပြန် တယ်။

> အရှင်ဘုရား…ရှင်တော်ဘုရားထံသို့ဆည်းကပ်ပြီး ဘဒ္ဒေက ရတ္တသုတ္တန်၏ အဓိပ္ပါယ်ကို အကျယ်ဝေဘန်နည်း, အကျဉ်း ဝေဘန်နည်းနှင့်တကွ စုံလင်စွာ နာကြားမှတ်သား တော်မူပါ၊ လွန်စွာအကျိုးများပါလိမ့်မယ်၊ ဘဒ္ဒေကရတ္တသုတ္တန်၌ ဘော်ပြ ပါရှိတဲ့အတိုင်း အတိတ်လွန်ပြီးတွေကိုလဲ မတွေးတော၊ အနာ ဂတ် သဘောတွေကိုလဲ မမြော်လင့်ဘဲ ပစ္စုပ္ပန်ဖြစ်တဲ့ ရူပ နာမ် ခန္ဓာတွေကိုသာ ဝိပဿနာသို့တင်၍ ဆင်ခြင်ရှုစားတော် မူပါလျှင် ရဟန်းကိစ္စ ပြီးဆုံးပါလိမ့်မယ်ဘုရား။

အဲ-သည်ကဲ့သို့ လျှောက်ထားပြီး စန္ဒန- နတ်သားဟာလဲ ကိုယ် ရောင်ကိုယ်ဝါကိုဖျောက်၍ တာဝတိံသာ နတ်ပြည်ကို ပြန်သွားပါ ရော့။

ဘဒ္ဒေကရတ္တသုတ္တန်ကိုကြားနာပုံ

သန်းခေါင်ယံအခါ နတ်သားလာပြီး သတိပေးစကားဖြင့် လျှောက်ထားချက်ကိုကြားတော့ ရဟန်းတော်၏ စိတ်ထဲမှာ လွန်စွာအားတက်ခြင်းဖြစ်ပြီး—

"မိတ်ဆွေဟောင်းကြီးဖြစ်တဲ့ သည်နတ်သားဟာ ငါ့အကျိုးစီးပွားကို မျှားစွာ လိုလားပါပေတယ်၊ သူကသတိပေးတဲ့ အတွက် မြင့်မြတ်တဲ့ရဟန်းဘောင်သို့လဲ ဆိုက်ရောက်ခဲ့ပေတယ်၊ ယခု တဘန် ဘဒ္ဒေကရတ္တသုတ္တန်ကို လျင်မြန်စွာ ကြားနာပြီး ကိလေသာကုန်ဆုံး၍ ရဟန်းကိစ္စတုံးအောင် စိတ်နှလုံးဖြူစင်စွာနှင့် လာရောက်လို့တိုက်တွန်းပြန်တယ်၊ ဓမ္မမိတ်ဆွေ အစစ်ကြီးပေါ့၊ သူတိုက်တွန်းတဲ့အတိုင်း ရှင်တော်ဘုရား အထံသို့သွားပြီး ဘဒ္ဒေကရတ္တသုတ္တန်တရားကို ကြားနာမှ သင့်တော့မယ်"။

အဲ—သည်ကဲ့သို့ ကြံစည်ပြီး ရှင်တော်ဘုရားထံမှောက်သို့ ဝင်ရောက်ခစားတယ်။

ရှေတော်သို့ရောက်တဲ့အခါ လွန်ခဲ့တဲ့ ညဉ့်သန်းခေါင် အချိန်တွင် နတ်သားနှင့်တွေ့ဆုံ၍ ပြောဆိုကြပုံအလုံးစုံကိုအကုန်လျှောက်ထားပြီး-

"အရှင်ဘုရား တပည့်တော်အား သနားတော် မူပါသဖြင့် ဘဒ္ဒေကရတ္တသုတ္တန်ကို အကျဉ်း,အကျယ် အဓိပ္ပါယ်နှင့် တကွ ဟောကြားတော်မူပါဘုရား"

လို့-လျှောက်ထားတောင်းပန်တယ်။

ထိုအခါ ရှင်တော်မြတ်ဘုရားက လျှောက်ထားတောင်းပန်ချက် အတိုင်း ဝေဘန်နည်းအမျိုးမျိုးတို့နှင့် ဟောကြားတော်မူလေရာ ရဟန်းတော်၏စိတ်မှာ ဥာဏ်ပညာပွင့်လင်း၍ ရှင်းလင်းစွာ နားလည်သိရှိတော်မူတယ်။

ရဟန္တာအဖြစ်သို့ဆိုက်ရောက်ပုံ

ဘဒ္ဒေကရတ္တ သုတ္တန်တရားကို ကြားနာပြီးတဲ့အခါ လောမသကဂီယရဟန်းတော် အရှင်မြတ်သည် မိမိရည်ရွယ်ရင်းအတိုင်း ကိလေ

သာကုန်ဆုံး၍ ရဟန်းကိစ္စ တုံးစေခြင်းအလို့ငှါ တကိုယ်တည်း တောတောင်အတွင်းသို့ထွက်ပြီး ဘဒ္ဒေကရတ္တ သုတ္တန် နည်းအတိုင်း ပစ္စုပ္ပန်ဖြစ်တဲ့ ရူပ်နာမ်ခန္ဓာတွေကို ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်ရှုစား၍ မနေမနား အပူတပန် ပြင်းပြင်းထန်ထန် ကြိုးစား အားထုတ်တော်မူလေရာ မကြာမီအတွင်းမှာပင် ကိလေသာအာသဝေါ ကွာလျှောကင်းပြတ်၍ မြင့်မြတ်တဲ့ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။

သာသနာရေးနှင့်ဆိုင်သောကိစ္စအလုံးစုံ အကုန်ပြီးစီးတဲ့အခါ မိမိ၏ဉာဏ်အတွင်းမှာ တရားအလင်းကြီးပေါ်ပေါက်၍ လာသဖြင့် ယခင်က ဂတိထားခဲ့ရင်းအတိုင်း စန္ဒနနတ်သားအား ဘဒ္ဒေကရတ္တသုတ္တန် တရားကို အကျယ်ဝေဘန်နည်း, အကျဉ်းဝေဘန်နည်းနှင့် တကွ အဆန်းတကြယ် တန်ဆာဆင်ကာ ဟောကြားတော်မူလေသတည်း။

အပဒါန်ဂါထာများကို ထုတ်ပြဦးမည်

(c) တတော စရိတ္ဝာ တိဒသံ၊ စန္ဒနော ဥပပဇ္ဇတိ။
အဟံ ကပိလဝတ္ထုသ္မိံ၊ အဇာယိ သာကိယတြဇော။

အနက်ကား

(c) တတော၊ ထိုတုသိတာ နတ်ပြည်မှ။ စရိတ္ဝာ၊ စုတေခဲ့သည်ရှိသော်။ စန္ဒနော၊ စန္ဒန-နတ်သားသည်။ တိဒသံ၊ တာဝတိံသာနတ်ပြည်၌။ ဥပပဇ္ဇတိ၊ ဖြစ်လေသတည်း။ အဟံ၊ အကျွန်ုပ်မူကား။ ကပိလဝတ္ထုသ္မိံ၊ ကပိလဝတ်နေပြည်တော်ကြီး၌။ သာကိယတြဇော၊ သာကီဝင်မင်းသားသည်။ အဇာယိ၊ ဖြစ်ခဲ့ပါသတည်း။

(စ) ယဒါ ဥဒါယိထေရေန၊ အဗ္ဘိဋ္ဌော လောကနာယကော။
အနုကမ္ပိယ သကျာနံ၊ဥပေသိ ကပိလဝှယံ။ ။

အနက်ကား

(စ) ယဒါ၊ အကြင်အခါ၌။ဥဒါယိထေရေန၊ ကာဠုဒါယိမထေရ်မြတ်သည်။ အဗ္ဘိဋ္ဌော၊ တောင်းပန်တိုက်တွန်းအပ်သည်ဖြစ်၍။ လောကနာယကော၊ လောကထွတ်ထား မြတ်စွာဘုရားသည်။ သကျာနံ၊ သာ

ကိုဝင်နွယ် ဖြစ်ကြကုန်သော ဆွေတော်မျိုးတော်တို့အား။ အနုကမ္ပိယ၊ သနားညှာတာ ကရုဏာရှိတော်မူသဖြင့်။ ကပိလဝယ်၊ ကပိလဝတ်မည်သောနေပြည်တော်ကြီးသို့။ ဥပေသိ၊တပည့်နောက်ပါ သယ်ဘောတော်ပေါင်း သောင်းသောင်းခြီရုံကာ ကြွလာတော်မူခဲ့ပါသတည်း။

(ဆ) တဒါတိမာနိနော သက္ကာ၊ နဗုဒ္ဓဿ ဂုဏညုနော။
ပဏာမန္တိ နသမ္ဘုဏ်ံ၊ ဇာတိထဒ္ဓါ အနာဒရာ။ ။

အနက်ကား

(ဆ)တဒါ၊ ထိုကြွလာတော်မူသောအခါ၌။ အတိမာနိနော၊ မာနတံခွန် ချန်ချန်စွင့်စွင့် အလွန်မြင့်ကုန်သော။ သက္ကာ၊ သာကီဝင်နွယ် အပေါင်းတို့သည်။ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရား၏။ ဂုဏညုနော၊ ဂုဏ်ကျေးဇူးကိုအထူးသိကြကုန်သည်။ နဟောန္တိ၊ မဖြစ်ကြကုန်။တေန၊ ထို ဂုဏ်တော်ကိုမသိကြခြင်းကြောင့်။ ဇာတိထဒ္ဓါ၊ အမျိုးမာန်ဖြင့် ခက်ထန်၍ နေကြကုန်သော။ တေ၊ထို သာကီဝင်နွယ် အပေါင်းတို့သည်။ အနာဒရာ၊ ရိုသေသမှုကိုမပြုနိုင်ကြကုန်ဘဲ။ သမ္ဘုဏ်ံ၊ ရှင်တော်မြတ်ဘုရားကို။ နပဏာမန္တိ၊ဦးညွှတ်ကျိုး၍ ရှိမခိုးဘဲနေကြလေကုန်၏။

(၈) တေသံ သက်ပ္ပမညာယ၊ အာကာသေ စက်မိ ဇိနော။
ပဇ္ဇုန္နော ဝိယ ဝဿိတ္ထ၊ ပဇ္ဇလိတ္ထ ယထာ သိခီ။ ။

အနက်ကား

(၈) တေသံ၊ မာနထောင်လွှား ထိုသာကီဝင်အများတို့၏။သက်ပ္ပံ၊ ခက်ထန်ထောင်လွှား အကြီးများကို။ အညာယ၊ သိတော်မူလေသည်ရှိသော်။ ဇိနော၊ငါးမာရ်အောင်မြင် ဘုရားရှင်သည်။ အာကာသေ၊အထက်တခွင်ကောင်းကင်ပြင်၌။ စက်မိ၊ လူးလာတုံ့ပြန် စကြီကြွသွားတော်မူလေသတည်း။ ပဇ္ဇုန္နောဝိယ၊ မိုးယံနတ်သားကဲ့သို့။ ဝဿိတ္ထ၊ ကောင်းကင်တရိုးမှ မိုးယံရွာ သွန်းချတော်မူလေသတည်း။သိခီယထာ၊ မီးတောက်မီးလျှံကဲ့သို့။ ပဇ္ဇလိတ္ထ၊ တထိန်ထိန်တဝင်းဝင်း ထွန်းလင်းတောက်ပတော်မူလေသတည်း။

(ဈ) ဒဿေတ္ဝာ ရူပမတုလံ၊ ပုန အန္တရဝေယထ။
ဧကောပိ ဟုတ္ဝာ ဗဟုဝေ၊အဟောသိ ပုန ဧဝကော။ ။

အနက်ကား

(ဈ) အတုလံ၊ ပြိုင်ဘက်ကင်းဘိ တုမရှိသော။ ရူပံ၊ အထူးထူးအထွေထွေ အဆင်းတော်ကြက်သရေကို။ ဒဿေတ္ဝာ၊ အံ့မပြီးအောင် ရေမီးအစုံစုံဖြင့် ပြတော်မူပြီးသော်။ ပုန၊ တဘန်။ အန္တရ-ဝေယထ၊လူတို့မျက်မှောက်တွင်ကွယ်ပျောက်တော်မူပြန်လေသတည်း။ ဧကော၊ ကိုယ်တော်တပါးတည်းသည်။ ဟုတ္ဝာပိ၊ ဖြစ်ပါသော်လည်း။ ဗဟုဝေ၊ ကိုယ်တော်ပေါင်းများစွာ။ အဟောသိ၊ ဖြစ်ပေါ်၍လာတော်မူပြန်၏။ပုန၊တဘန်။ ဗဟုဝေ၊ ကိုယ်တော်ပေါင်းများစွာမှ။ ဧကော၊ ကိုယ်တော်တပါးတည်းသည်။အဟောသိ၊ ဖြစ်တော်မူပြန်လေသတည်း။

(ဉ) အန္ဓကာရံ ပကာသဉ္စ၊ ဒဿယိတ္ဝာ အနေကဝေ။
ပါဋိဟေရံ ကရိတ္ဝာန၊ ဝိနယီ ဉာတကေ မုနိ။ ။

အနက်ကား

(ဉ) ဝေ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောအတိုင်း။ အန္ဓကာရဉ္စ၊ ကွယ်ပျောက်ခြင်းကိုလည်း။ ပကာသဉ္စ၊ ထင်ရှားစွာဘော်ပြခြင်းကိုလည်း။ အနေကဝေ၊ များပြားဆန်းကြယ် အံ့သြဘွယ်ရှိလေအောင်။ဒဿယိတ္ဝာ၊ ပြတော်မူလျက်။ ပါဋိဟေရံ၊ တန်ခိုးပြာဋิဟာကို။ ကရိတ္ဝာန၊ အဆန်းတကြယ် အံ့သြဘွယ်ပြုတော်မူ၍။ မုနိ၊ ရှင်တော် မြတ်ဘုရားသည်။ ဉာတကေ၊ ဆွေတော် မျိုးတော်အပေါင်းတို့ကို။ ဝိနယီ၊မာန်စွယ်ကျိုးအောင် အမျိုးမျိုးဆုံးမတော်မူလေသတည်း။

(ဋ) စတုဒီပေါ မဟာမေယော၊ တာဝဒေဝ ပဝဿထ။
တဒါ ဟိ ဇာတကံ ဗုဒ္ဓေါ၊ ဝေဿန္တရ မဒေသယိ။ ။

အနက်ကား

(ဋ) တာဝဒေဝ၊ ထို တန်ခိုးတော်ပြသောအခါ၌ပင်လျှင်။ စတု-ဒီပေါ၊ လေးကျွန်းလုံး နှံ့ပြားသော။ မဟာမေယော၊ ထစ်ခြိမ်းဝဲချိုး

မိုယ်းတော်ကြီးသည်။ပဝဿထ၊ကောင်းကင်ဘွေမှ ရွာစွေသွန်းချလေသတည်း။ တဒါဟိ၊ ထိုအခါ၌ပင်လျှင်။ ဗုဒ္ဓေါ၊ ရှင်တော်မြတ်ဘုရားသည်။ ဝေဿန္တရံဇာတကံ၊ ဝေဿန္တရာဇာတ်တော်ကို။ အဒေသယိ၊ နှုးညွှတ်စေကြောင်း ဇာတ်တော်ပေါင်း၍ ကောင်းစွာဟောကြားတော်မူလေသတည်း။

(၄) တဒါ တေ ခတ္တိယာ သဗ္ဗေ၊ နိဟန္ဒ္ဓာ ဇာတိဇံ မဒံ။
ဥပေသုံ သရဏံ ဗုဒ္ဓံ၊ အာဟ သုဒ္ဓေါဒနော တဒါ။ ။

အနက်ကား

(၄) တဒါ၊ ထိုဝေဿန္တရာ ဇာတ်တော်ကြီးကို ဟောတော်မူပြီးသောအခါ၌။သဗ္ဗေ၊ အလုံးစုံကုန်သော။ တေခတ္တိယာ၊ ထိုသာကီဝင်မင်းအပေါင်းတို့သည်။ ဇာတိဇံမဒံ၊ အမျိုးအနွယ်ဖြစ်သော မာန်တက်ခြင်းကို။ နိဟန္ဒ္ဓာ၊ မကျန်မကြွင်း ရှင်းလင်း သုတ်သင်ကြကုန်လျက်။ ဗုဒ္ဓံ၊ ရှင်တော်မြတ်ဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဥပေသုံ၊ ထံတော်ပါးဌ ဝပ်တွားကာ ကပ်ရောက်ကြလေကုန်သတည်း။တဒါ၊ ထိုအခါ၌။ သုဒ္ဓေါဒနော၊ ဓမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးသည်။ ဧဝံ၊ ဤသို့။ အာဟ၊ ရှိခိုးဝပ်တွားကာ လျှောက်ထားလေသတည်း။

(၃) ဇုဒံ တတိယံ တဝ ဘူရိပညေ၊ ပါဒါနိ ဝန္ဒာမိ သမန္တစက္ခု။
ယဒါ ဟိ ဇာတော ပထဝိ ပကမ္ပယိ၊ ယဒါ စ တံ နဇ္ဇဟိ ဇမ္ဗုဆာယာ။

အနက်ကား

(၃) ဘူရိပညေ၊ မြေကြီးတန္တ၊ အထုကြီးစွာ ဉာဏ်ပညာရှိပေသောအရှင်မြတ်ဘုရား။တဝ၊အရှင်မြတ်ဘုရား၏။ပါဒါနိ၊ခြေတော်အစုံတို့ကို။ ဇုဒံတတိယံ၊ ၅ယခုသုံးကြိမ်တိုင်တိုင်။ ဝန္ဒာမိ၊ ဦးညွှတ်ကျိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။ သမန္တစက္ခု၊ စက္ခုငါးစုံ အကုန်စုံးပိုင် ဘုန်းလိုင်ထွန်ဝင် အို-သားတော်မြတ်ဘုရားရှင်။ ယဒါဟိ၊ အကြင်အခါ၌မူကား။ တံ၊ ရှင်ပင်မြတ်ဘုရားသည်။ ဇာတော၊ လုမ္ပနီမြို့ ဂနိုင်အပြင်ပန်းဥယျာဉ်၌ ဖွားမြင်တော်မူခဲ့လေ၏။ တဒါ၊ ထိုအခါ၌။ ပထဝိ၊

သိလာပ်သု အထုဘွေချာ မြေနှစ်လွှာသည်။ပကမ္မယိ၊ဒလိမ့်ဒလိမ့်နှင့် တသိမ့်သိမ့်တုန်လှုပ်ခဲ့ပေသည်ဘုရား။ယဒါ၈၊ အကြင်လယ်ထွန်မင်္ဂလာ ထွက်တော်မူသောအခါ၌မူကား။ ဇမ္ဗူဆာယာ၊သပြေပင်ရိပ်သည်။ တံ၊ ရှင်ပင်ဘုရားကို။ နဇ္ဇဟိ၊ စွန့်ခွာတိမ်းရှောင်ခြင်းမပြုခဲ့ပေ။ တဒါ၊ ထို အခါ၌။အဟံ၊တပည့်တော်သည်။ ဝန္ဒာမိ၊ ဦးညွှတ်ကိုး၍ ရှိခိုးခဲ့ပါသည် ဘုရား။

(ပ) တဒါ ဗုဒ္ဓါနုဘာ၀ဇ္ဇိ၊ ဒိသ္မာ ဝိမ္ဘိတမာနသော။
ပဗ္ဗဇိတ္ဝာန တတ္ထေ၀၊ နိ၀သိ မာတုပူဇကော။ ။

အနက်ကား

(ပ) တဒါ၊ ထိုပြာဋိဟာပွဲ ဆင်နွှဲကျင်းပသောအခါ၌။ အဟံ၊ အကျွန်ုပ်သည်။တံဗုဒ္ဓါနုဘာ၀ံ၊ ထိုဘုရားရှင်၏ တန်ခိုးအာနုဘော်ကို။ ဒိသ္မာ၊ မျက်၀ါးထင်ထင် တွေ့မြင်ရသည်ရှိသော်။ ဝိမ္ဘိတမာနသော၊ အံ့ဩြခြင်းရှင်လန်းသော စိတ်ရှိသည်ဖြစ်၍။ တတ္ထေ၀၊ထိုတန်ခိုးပြာဋိဟာ ပြုရာအရပ်၌ပင်လျှင်။ ပဗ္ဗဇိတ္ဝာန၊ ရဟန်းပြု၍။ မာတုပူဇကော၊ မွေးမယ်တော်ကို ပူဇော်လုပ်ကျွေးလျက်။ နိ၀သိ၊ သီတင်းသုံး နေထိုင် ခဲ့ပါသတည်း။

(ဏ) စန္ဒနော ဒေ၀ပုတ္တော မံ၊ ဥပဂန္ဓွာန ပုစ္ဆထ။
ဘဒ္ဒေကရတ္တသ တဒါ၊ သခ်ေပ၀ိတ္ထာရံ နယံ။ ။

အနက်ကား

(ဏ) တဒါ၊ ထိုရဟန်းပြု၍ နေသောအခါ၌။ စန္ဒနော၊ စန္ဒနအ မည်ရှိသော။ ဒေ၀ပုတ္တော။ ရှေးကမိတ်ဆွေဟောင်း ဖြစ်ခဲ့ဘူးသော နတ်သားသည်။ မံ၊ အကျွန်ုပ်ကို။ ဥပဂန္ဓွာန၊ ချဉ်းကပ်၍။ ဘဒ္ဒေက ရတ္တသ၊ ဘဒ္ဒေကရတ္တသုတ္တန်၏။ သခ်ေ၀ိတ္ထာရံနယံ၊ အကျဉ်းနည်း, အကျယ်နည်းကို။ ပုစ္ဆထ၊ မေးမြန်းလျှောက်ထားလေသတည်း။

(တ) စောဒိတောဟံ တဒါ တေန၊ ဥပစ္စ နရနာယကံ။
ဘဒ္ဒေကရတ္တံ သုတ္ဝာန၊ သံ၀ိဂ္ဂေါ ဝနမာမကော။ ။

အနက်ကား

(တ) တဒါ၊ ထိုရောအခါ၌။ တေန၊ ထိုစန္ဒန-နတ်သားသည်။ စောဒိတော၊ နှိုးဆော်တိုက်တွန်းအပ်လေသောကြောင့်။ နရနာယကံ၊ လူတို့ရှေ့သွား မြတ်ဘုရားကို။ . ဥပစ္စ၊ ဝပ်တွားချဉ်းကပ်၍။ ဘဒ္ဒေက ရတ္တံ၊ ဘဒ္ဒေကရတ္တသုတ္တန်ကို။ သုတ္တာန၊ ကြားနာရသည်ရှိသော်။ သံဝိဂ္ဂေါ၊ ထိတ်လန့်တုန်လှုပ်သော စိတ်ရှိသည်ဖြစ်၍။ဝနမာမကော၊ တောတောင်အတွင်း၌ နေထိုင်ခြင်းအလေ့မျိုးကို မြတ်နိုးနှစ်သက်၍ လာသည်။ အာသိ၊ ဖြစ်ခဲ့ပါသတည်း။

(ထ) တဒါ ဝနံ ပဝိဋ္ဌော ဟံ၊ သရိတ္တာ ဇိနသာသနံ။
ဘဒ္ဒေကရတ္တသြဝါဒံ၊ အရဟတ္တ မပါပုဏိ။ ။

အနက်ကား

(ထ) တဒါ၊ ထိုသို့ တောနေလိုသောစိတ် ဖြစ်ပြီးသော နောက်ကာလ၌။ အဟံ၊ အကျွန်ုပ်သည်။ ဝနံ၊ တောတောင်အတွင်းသို့။ ပဝိဋ္ဌော၊ ဝင်ရောက်နေထိုင်ခဲ့ပါသတည်း။ ဘဒ္ဒေကရတ္တသြဝါဒံ၊ ဘဒ္ဒေက ရတ္တသုတ္တန်ဖြင့် ဆိုးမတော်မူအပ်သော။ ဇိနသာသနံ၊ ဘုရားရှင်၏ သာသနာတော်ကို။ သရိတ္တာ၊ အောက်မေ့ဆင်ခြင်၍ ထင်မြင်အောင် အားထုတ်လေသည်ရှိသော်။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။အပါပုဏိ၊ ဆိုက်ရောက်ခဲ့ပါသတည်း။

လောမသကဂီယထေရ ဝတ္ထုပြီး၏။

၂၇–ဇမ္ဗုဂါမိယထေရဝတ္ထု

ဝေဿဘူဘုရားလက်ထက် အမျိုးသားတဦး

ကိလေသာဖွက် လှိုင်းဂယက်တို့ဖြင့် သွက်သွက်ခုန်လှုပ်ရှား၍ မြိပ်လား မျောလားနှင့် တဖွားဖွား နစ်မွန်း၍နေတဲ့ သံသရာပြင်ကျယ် ပင်လယ်ဝဲသြဃကြီးအတွင်းမှ လွတ်ကင်းဘို့ရည်မှန်းလျက် ကျွတ်တမ်းကိုရှာနေတဲ့ အမျိုးသားကလေးတယောက်သည် လွန်ခဲ့သော သုံးဆဲ

တကမ္ဘာထက်အခါ ဝေဿဘူရှင်တော်ဘုရား ထင်ရှားပွင့်တော်မူသည်တွင် သာသနာတော်နှင့် ကြီကြီကျယ်ပြီး လူပြည်လောကမှာ လူဖြစ်လို လာခဲ့တယ်။

ဗုဒ္ဓါနုဿတိ ပွားများပုံ

ထိုအမျိုးသားသည် ဘုရားရှင်၏ အဆင်းကြက်သရေတော်ကို လွန်စွာကြည်ညိုလှသဖြင့် ဘုရားရှင်ကိုသာ မပြတ်မပြတ် အမှတ်သတိရတဲ့ ဗုဒ္ဓါနုဿတိဘာ၀နာကို မကြာမကြာ ပွားများလေ့ရှိသတဲ့။

ဆိတ်ငြိမ်တဲ့အခါများမှာ ဘုရားရှင်ကို အာရုံပြုလိုက်ပါလျှင် ဘုရားရှင်၏ ပုံသဏ္ဌာန်တော်များသည် ရောင်ခြည်တော်ခြောက်ပါးနှင့် တကွ ထင်ရှားစွာ သူ့စိတ်မှာ ပေါ်ပေါ်လာလေ့ရှိသတဲ့၊ မြတ်စွာဘုရား၏ အဆင်းကြက်သရေတော်ကို ဘယ့်ကလောက်များကြည်ညိုစွဲလမ်းနေသလဲလို့ဆိုတော့ ရံခါရံဘန် နိမြန်းတဲ့ပန်းများကိုတွေ့မြင်ရပါလျှင် ဘုရားရှင်ကိုယ်တော်မှထွက်တဲ့ နိမြန်းသော လောဟိတရောင်ခြည်တော်ကို အာရုံစူးစိုက်မိသတဲ့။

ဝါလွင်တဲ့ပန်းများကို တွေ့မြင်ရပါလျှင် ရှင်တော်ဘုရားကိုယ်တော်မှထွက်တဲ့ ဝိတရောင်ခြည်တော်ဓာတ်ကို အာရုံစူးစိုက်မိသတဲ့၊ ဖြူဆွတ်စင်ကြယ်တဲ့ပန်းများကို တွေ့မြင်ရပါလျှင် ဘုရားရှင်၏ ကိုတော်မြတ်မှထွက်တဲ့ ဩဒါတရောင်ခြည်တော်ဓာတ်ကိုအာရုံစူးစိုက်မိသတဲ့၊စိမ်းညိုတဲ့ ပန်းများကို တွေ့မြင်ရပါလျှင် ဘုရားရှင်ကိုယ်တော်မြတ်မှထွက်တဲ့ နီလရောင်ခြည်တော်ဓာတ်ကိုအာရုံစူးစိုက်မိသတဲ့၊အဲ-သို့ကလောက်ပင် ဘုရားအာရုံတွေ စိတ်ထဲမှာ ထုံနေတယ်၊ ချီးမွမ်းဘွယ် အလွန်ကောင်းပေသပေါ့။

ပေါက်ပန်းပွင့်နှင့် လောဟိတရောင်ခြည်တော်

တနေ့သောအခါ ထိုအမျိုးသားသည် တစုံတခုသောကိစ္စနှင့် တောတောင်အတွင်းသို့ ထွက်သွားလေရာ ပင်လုံးကျွတ်ပွင့်နေတဲ့ ပေါက်ပင်ကြီးကို တွေ့မြင်တယ်၊ပေါက်ပွင့်ဆိုတာ လွန်စွာနီမြန်းတဲ့ပန်းမျိုးပေါ့။

ပေါက်ပန်းပွင့်တွေကိုမြင်လျှင် မြင်ခြင်း ထိုအမျိုးသား၏ စိတ်ထဲမှာ နီမြန်းတဲ့ လောဟိတရောင်ခြည်တော် ဓာတ်တို့ကို အမှတ်ရလာ

တယ်၊ သည်လိုအာရုံယူပုံမျိုးကို အတုခိုးထိုက်ကြပေသပေါ့၊ပေါက်ပန်းပွင့်တွေကို အရင်းခံပြုလျက် လောဟိတရောင်ခြည်တော်ခေတ်ကို အမှတ်သတိရကာ ကြည်ညိုခြင်းဖြစ်လာတော့- ထိုပေါက်ပန်းတို့ဖြင့် လှူဒါန်းပူဇော်လိုတဲ့အတွက် ပေါက်ပင်ကြီးပေါ်သို့တက်ပြီး ပန်းပွင့်တွေကို ဆွတ်ခူးတယ်။

ပေါက်ပန်းပွင့် လှူဒါန်းပုံ

ပန်းပွင့်ပေါင်း များစွာတို့ကိုရရှိတော့ မြေသို့ဆင်းသက်လာပြီးလျှင် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတွေကို အာရုံပြုကာ လက်အုပ်ချီမိုး ရှိခိုးပူဇော်ပြီး အထက်ကောင်းကင်သို့ ပန်းတွေကို မြှောက်ကာ မြှောက်ကာ ဝမ်းမြောက်ဝမ်းသာ ပူဇော်လှူဒါန်းလိုက်တယ်၊ အလှူခံဖြစ်တဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးနှင့်တော့ ဒိဋ္ဌပက်ပင်းပါတွေကြီးရတာ မဟုတ်ဘူး၊အလှူခံပုဂ္ဂိုလ်၏ မျက်ကွယ်မှာ လှူဒါန်းတဲ့စေတနာဟာလဲ အကျိုးကြီးကျယ်ကြောင်းကို ကောင်းစွာသိကြရမယ်။

အတုယူဘွယ်

အဲ-ဆိုခဲ့တဲ့အကျိုးသားဟာ ဘုရားကိုရည်မှန်းပြီး ပေါက်ပွင့်ပန်းတို့ဖြင့် ကောင်းကင်သို့ ကြဲမြှောက်လှူဒါန်းခဲ့ရတဲ့ ဒါနစေတနာကြောင့် အသက်အတိုင်းနေ၍ စုတေသွားတော့ တာဝတိံသာ နတ်ပြည်မှာ နတ်တို့ချမ်းသာကို ခံစားစံစားရတယ်၊ ထိုနောက် ဘဝပေါင်းများစွာ ဆက်လက်လာပြီး သုဂတိသံသရာတို့၌သာ ချမ်းသာစွာ ကျင်လည်ရသတဲ့။

အဲ-သည်နည်းကိုအတုခိုးပြီး ကုသိုလ်အရာ၌ လိမ်မာကြတဲ့ အမျိုးသား, အမျိုးသမီးတို့သည်အခွင့်အားလျော်စွာ တောတောင်အတွင်းသို့ သွားရောက်ကြတဲ့အခါ လှပထူးဆန်းတဲ့ပန်းများကို တွေ့မြင်ခဲ့ပါလျှင် ဘုရားရှင်ကို အာရုံပြုပြီး စေတနာစူးစူးနှင့် ဆွတ်ခူးလှူဒါန်းကြမြှောက်ခြင်း အမှုကို ပြုသင့်ကြပေတယ်။

(က) ကိုံသုကံ ပုဒ္ဓိတံ ဒိသွာ၊ ပဂ္ဂဟေတ္တာန အဥ္ဇလိံ။
ဗုဒ္ဓေ သဒ္ဓံ သရိတ္တာန၊ အာကာသေ အဘိပူဇယိံ။ ။

အနက်ကား

(က) အဟံ၊ အကျွန်ုပ်သည်။ ပုဗ္ဗေ၊ ရှေးလွန်လေ ပြီးသော ဝေဿဘူဘုရားရှင်၏ လက်ထက်တော်အခါ၌။ ပုဗ္ဗိတံ၊ ပင်လုံးကျွတ်ပွင့် ၍နေသော။ ကိ သုကံ၊ ပေါက်ပင်ကြီးကို။ ဒိသ္မာ၊ မြင်သည်ရှိသော်။ ဗုဒ္ဓသေဋ္ဌံ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ သရိတ္တာန၊ မိမိစိတ်တွင် ထင်မြင်ဘိစွ သတိရလေသောကြောင့်။ အဠ္ဆလိ၊ လက်အုပ်ကို။ ပဂ္ဂ-ဟေတ္တာန၊ ချီမြှောက်၍။ အာကာသေ၊ ကောင်းကင်ထက်၌။ အဘိ-ပူဇယိ၊ ပေါက်ပန်းပွင့်တို့ကို မြှောက်လွှင့်ကာ ပူဇော်ခဲ့ပါသတည်း။

အဆုံးဘဝသို့ဆိုက်ရောက်လာပုံ

အဲ–ပြဆိုခဲ့ပြီးတဲ့အတိုင်း ဝေဿဘူဘုရားရှင် လက်ထက်က ကုသိုလ် အထူးကို ဆည်းပူးခဲ့တဲ့ အမျိုးသားသည် သုဂတိသံသရာတို့၌ သာ ကောင်းစွာ ကျင်လည်ခဲ့ရပြီးတဲ့နောက် ယခု ရှင်တော်ဘုရား လက်ထက်တော်သို့ ရောက်တော့ စမ္ပါပြည်မှာ ချမ်းသာ ကြွယ်ဝတဲ့ ဇမ္ဗုဂါမိယအမည်ရှိတဲ့ ဥပါသကာကြီး၏ သားဖြစ်လာတယ်၊အမည် သည်ကိုလဲ ဘခင်၏အမည်အတိုင်း ဇမ္ဗုဂါမိယရယ်လို့ပင် မှည့်ခေါ်ကြတယ်။

ဇမ္ဗုဂါမိယသတို့သား

အချိန်အရွယ်သို့ရောက်လာတော့ ထိုသတို့သားကလေးဟာ သူ့ဘကာတို့နှင့်မတူဘဲ ထူးကဲလွန်မင်းစွာ ဝတ်စားတန်ဆာ အကောင်းအမွန်များကို လှုပအောင် ဆင်ယင်လေ့, ပန်းနံ့သာများကိုလဲ လိမ်းကျံပန်ဆင်လေ့ရှိတယ်၊ထိုလုလင်ပျိုကလေးဟာ မိမိကိုယ်ကို အလှမွေးပြီး ယဉ်ယဉ်ကျေးကျေး ဂရုစိုက်နေလေ့ရှိသတဲ့၊ မိဘများကလဲ လှုပယင်ကျေးတဲ့ မိမိတို့သားကလေးကို အရိပ်တကြည့်ကြည့်နှင့် နေကြတာပေါ့လေ။

ရဟန်းဖြုံ

တနေ့သောအခါ ထိုလုလင်ပျိုသတို့သားသည် ဘုရားရှင်ထံပါးသို့ သွားရောက်ချဉ်းကပ်လျက် တရားတော်မြတ်ကို ကြားနာလေရာ စိတ်နေစိတ်ထား တမျိုးပြောင်းပြီး–

"ဩော်–သည်ကိုယ်ကလေးကို အလှမွေးပြီး ယဉ်ကျေးအောင် ခြယ်လယ်နေခြင်းဟာ ဘာမျှအကျိုးမရှိပါဘဲကလား။

နေ့တိုင်းနေ့တိုင်း ခြယ်လယ်ပြုပြင်ရခြင်းဆိုတဲ့ အလုပ်ဟာ လဲ ဒုက္ခကြီးတခုဘဲ။

သည်ကိုယ်ခန္ဓာကြီးဟာက မူလဇာတိသဘောအားဖြင့် အမှန်စင်စစ် တင့်တယ်တာမဟုတ်လို့ ဘယ်လိုပင် ခြယ်လယ် ပြုပြင်သော်လဲ မကြာမီအတွင်းမှာပင် မူလရင်းသဘောအတိုင်း ဘောက်ပြန်သွားသဖြင့် ခြယ်လယ်ခြင်းကိစ္စဟာ ဘယ်တော့ကမှ မဆုံးနိုင်ဘူး။

ဒီဝိုကိုယ်ကို အလေးပြုပြီးမှုမှုရရ ပြုပြင်ခြင်းဆိုတာ ကုသိုလ်ဖြစ်ပွားတာမျိုးလဲ မဟုတ်ဘူး၊ ကိစ္စရှုပ်ရှိ အလုပ်ပိုမျှသာဖြစ်တယ်။

သည်ကိုယ်ကလေးကို အရေးမစိုက်ဘဲဆံပင်ရိတ်၍ သပိတ်, သင်္ကန်းနှင့် ရှင်ရဟန်းအလုပ်ကို အားထုတ်လို့ နေရပါလျှင် သံသရာဝဋ်မြို့မှ လွတ်ခုန်ကျော်လွှားလျက် ကြီးမားတည်ငိုင်တဲ့ ချမ်းသာပိုင်အစစ်ကြီးကို ရမှာအမှန်ဘဲ။

အဲ-သို့အတွက်ကြောင့် ရဟန်းဘက်သို့ ကူးပြောင်းပြီးစိတ်ကောင်းမွေးကာ နေထိုင်ကြပါမယ်" လို့ အကြံဖြစ်ပေါ်လာတယ်။

ထို့နောက် ဘုရားရှင်ထံမှ ပြန်ခဲ့ပြီး ဝိဘမျှားထံသို့ ရောက်ကာ ရဟန်းပြုရန် အခွင့်တောင်းပါရော၊ ဝိဘမျှားကလဲ သားကလေးကို အရိပ်ကြည့်ပြီး စိတ်ခွဲလုံးကအားပြုချမ်းသာစွာ ရှင်ပြုခဲ့ကြရတဲ့အတွက် ကြည်ကြည်ဖြူဖြူနှင့် အလွယ်တကူ ဘယ်မှာအခွင့်ပေးပဲခဲ့ကြပါမလဲ၊ ဝရရရကြောင်း အတင်းအခွင့်တောင်းတော့ ဝိဘမျှားကလဲ သားရဲ့စိတ်ကြိုက်ကို အလိုလိုက်ပြီး သဘောတူတတ္တုနှင့် အခွင့်ပေးကြရတော့တာပေါ့။

ဝိဘတို့ထံမှ အခွင့်ရတဲ့အခါ မြတ်စွာဘုရားဟံသို့ သွားရောက်တောင်းပန်သည်တွင် ဘုရားရှင်၏ ဉာဏ်ပြုချက်အတိုင်း ရဟန်းအဖြစ်သို့ ရှိုက်ရုက်ကောက်ယူပေး၍ ဇမ္ဗူဂါဒီပေါဝတ်ရှိ ပေါ်ရပ်လို့ တင်ရှားး

ကျော်စောသွားတယ်၊ ထို့နောက် ရဟန်းတို့၏ကိစ္စကို ထမြောက်အောင် ဆောင်ရွက်ခြင်းငှါ သာကေ့တပြည် အဓွန့အမည်ရှိတဲ့ တောအုပ်သို့သွားပြီး တရားအားထုတ်လို့ နေတော်မူတယ်။

ဘခင်ထံမှ စာသဝဏ်ပို့ရောက်ပုံ

သားဖြစ်သူ ရဟန်းဖြစ်သွားတဲ့နောက် ဘခင်ဥပါသကာကြီး၏ စိတ်ထဲမှာ ဘယ်လိုအတွေးရောက်နေသလဲလို့ ဆိုတော့-

"ငါ့သားဟာ ရှေးလူဖြစ်စဉ်အခါတုန်းကတော့အဝတ်တန်ဆာနှင့် ပန်းနံ့သာများကို နှစ်နှစ်ခြိုက်ခြိုက် အရေးစိုက်ပြီး ဆင်ယင်ခြယ်လယ်လေ့ရှိတယ်၊ ယခုရဟန်းဖြစ်သွားတဲ့ အခါမှာလဲ ဟိုရှေးတုန်းက အလေ့ဝါသနာတွေ မပြောက်သေးဘဲ သင်္ကန်း,သပိတ် ပရိက္ခရာတွေကို အရေးဂရုစိုက်ပြီး မိမိကိုယ်၏ တင့်တယ်ရေးများကို အလေးပြုကာနေလေတော့သလားမသိ၊ သည်လိုစရိုက်မျိုးနှင့် နေထိုင်ခဲ့ပါလျှင် ရဟန်းပြုသော်လဲ တစုံတခုမှ အကျိုးရှိမယ်မဟုတ်ဘူး၊ အဲ-သို့အတွက်ကြောင့် သတိပေးသောအားဖြင့် သားရဟန်းတော်ထံသို့ သဝဏ်လွှာ ရေးသားပို့သမှ တော်တော့မယ်"။

အဲ-သို့ကလို ကြံစည်ပြီး ဘော်ပြလတ်သော ဂါထာကိုရေးသား၍ သားဖြစ်သူ ရဟန်းတော်ထံသို့ တမန်စေလွှတ်ခါ ပို့လိုက်တယ်။

ကိစ္စိ နော ဝတ္ထုပသုတော၊ ကိစ္စိ နော ဘူသနာရတော။
ကိစ္စိ သီလမယံ ဂန္ဓံ၊ ကိ ံ တ္ဝံ ဝါယသိ နေတရာ ပဇာ။
တံ ကိစ္စိ နဟောတိ ယတော။ ။
(ထေရဂါထာ ပါဠိတော်။)

အနက်ကား

ပုတ္တ၊ ချစ်သား။ တ္ဝံ၊သင်သည်။ ပုရေဝိယ၊ ရှေး လူဖြစ်စဉ်အခါ၌ကဲ့သို့။ ဝတ္ထုပသုတော၊ အဝတ်တန်ဆာတို့ကို အလေးပြုကာ နေလေ့ရှိသည်။ ကိစ္စိနောဟောသိ၊ မဖြစ်ဘဲရှိပါ၏လော။ ဘူသနာရတော၊ကိုယ်တင့်တယ်အောင်ခြယ်လယ်သောအရေး၌ မွေ့လျော်လေ့ရှိသည်။ကိစ္စိ-

နောဟောသိ၊ မဖြစ်ဘဲရှိပါ၏လော။ သီလမယံ၊ သီလဖြင့်ပြီးသော။ ဂန္ဓံ၊မွှေးကြိုင်သောရနံ့သည်။ကိစ္စဝေါယသိ၊ကြိုင်လှိုင်ပါ၏လော။ဇုတရာ-ပဇာ၊သီလဂုဏ်နှင့် မပြည့်စုံသောပုဂ္ဂိုလ်တို့သည်။ ယတော၊ အကြင်သို့သော အကြောင်းကြောင့်။ ဒုဂ္ဂန္ဓေ၊ မကောင်းသောယနံ့ဖြင့်။ဝါယန္တိ-ဇုဝ၊ကြိုင်လှိုင်ကုန်ဘိသကဲ့သို့။တံတာထာ၊ထို့နည်းတူစွာ။ကိစ္စိ၊အဘယ်သို့နည်း။ ဇမ္ဗုဂါမိယပုတ္တော၊ ဇမ္ဗုဂါမိယ၏သား ဖြစ်သော။ ထေရော၊ မထေရ်မြတ်သည်။ နဟောတိကိံ၊ မကြိုင်လှိုင်ဘဲရှိပါ၏လော။

ဆိုလိုရင်းအဓိပ္ပါယ်

ဆိုလိုရင်းအဓိပ္ပါယ်မှာ– အို-ချစ်သား သင်သည် ရှေးလူဖြစ်စဉ် အခါ၌ကဲ့သို့ဝတ်စားတန်ဆာဆင်ယင်ရေး၌ အရေးမပြုဘဲရှိပါ၏လား၊ မိမိကိုယ်တင့်တယ်အောင် မြှယ်လယ်မွှမ်းမံရေး၌ အလေးမပြုဘဲ ရှိပါ၏လား၊ သီလတည်းဟူသောရနံ့တို့ဖြင့် ကြိုင်လှိုင်ပါ၏လား၊ သီလနှင့် မပြည့်စုံတဲ့ ဒုဿီလပုဂ္ဂိုလ်တို့သည် မကောင်းသောရနံ့ဖြင့် ကြိုင်လှိုင်သလို သင်ချစ်သားသည် မကောင်းသောဒုဿီလရနံ့တို့ဖြင့် မကြိုင်လှိုင်ဘဲရှိပါ၏လား၊ ဤကဲ့သို့ဆိုလိုရင်းဖြစ်ပေသည်။

ရဟန္တာအဖြစ်သို့ဆိုက်ရောက်ပုံ

ခမည်းတော်ထံမှ ပို့သလိုက်တဲ့ သဝဏ်လွှာကို ရရှိဘတ်ကြည့်ပြီးတဲ့အခါ-

"သြော်-ငါ့ခမည်းတော်ကြီးက ရှေးလူဖြစ်စဉ်အခါတုန်းက လိုပင် ငါ့အပေါ်မှာ ထင်နေတုန်းရှိသေးသကိုး၊ သည်လို အထင်ရောက်နေလို့ သည်စာကိုရေးလိုက်ထာပေါ့၊ ရဟန်း အလုပ်ကို ကြိုးကြိုးစားစား အားထုတ်စေလိုတဲ့အတွက် စေတနာကောင်းကောင်းနှင့် ရေးသားချက်ဖြစ်၍ သတိပေးတဲ့ ခမည်းတော်ကြီးအား ကျေးဇူးတင်ထိုက်ပေတယ်၊ ယခုအခါ ငါ့မှာလဲ ပုထုဇဉ်ဘဝကို မလွန်မြောက်သေး၊ ကိလေသာ အညစ်အကြေးတို့နှင့်သာ တလုံးလုံးတထွေးထွေး နေရတုန်းရှိသေးတယ်၊ ယနေ့ကစပြီး ဝိရိယစက်မောင်းကို ကောင်း

ကောင်းကြီး ပင့်တင်လျက် ငြိုငြင်ပင်ပမ်းမှုကို ဂရုမစိုက်ဘဲ အားတိုက်ကြိုးစားမှသင့်တော့မယ်''။

အဲ-သည်ကဲ့သို့ ကြီစည်တော်မူလိုက်ရာ မကြာမီအတွင်းမှာပင် ကိလေသာအာသဝေါတို့ကို ခွါလျှောဖြတ်တောက်၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။

မိဘတို့ထံသို့ ပြန်ကြွတော်မူလာပုံ

ရဟန္တာဖြစ်တော်မူတဲ့အခါ တန်ခိုးအာဘိညာဉ်ပြည့်စုံစွာနှင့် ဖြစ်တော်မူတယ်၊ ထို့နောက် မိမိ၏တရားထူးရကြောင်းကို ဆွေမျိုးအပေါင်းတို့အား သိစေလိုသည့်ပြင် သတိပေးသောခမည်းတော်ကြီး၏ ဂုဏ်ကျေးဇူးကို ချီးကျူးတော်မူလိုတဲ့အတွက် သာကေတပြည် အဠုနတောအုပ်မှတွက်ပြီး ဇာတိချက်ကျွေဖြစ်တဲ့ စမ္ပါပြည်သို့ ပြန်ကြွတော်မူလာခဲ့တယ်။

တန်ခိုးပြပုံ

စမ္ပါပြည်သို့ရောက်တော့ ဆွေမျိုး ဥာတိတို့၏အလယ်တွင် သာသနာတော်၏ဂုဏ်တန်ခိုးကြီးကျယ်မြင့်မြတ်ကြောင်းနှင့် မိမိအစွမ်းသတ္တိကိုသိကြစေလိုတဲ့အတွက် ကောင်းကင်သို့ ပြန်တက်ပြီး အဆန်းတကြယ် အံ့ဩဖွယ်ရှိတဲ့တန်ခိုးအမျိုးမျိုးကို ပြတော်မူတယ်။

မယ်တော် ခမည်းတော်နှင့်တကွ ဆွေမျိုးဥာတိ အပေါင်းတို့ကလဲ မမြင်စဘူး အထူးအံ့ဩဖွယ်ကောင်းတဲ့ တန်ခိုးတော်တွေကို မြင်ကြရတော့ အတိုင်းထက်အလွန် သဒ္ဓါတရားတိုးပွားပြီးအားရနှစ်သက်စွာနှင့် ကြည်ညိုမြတ်နိုး ရှိခိုးပူဇော်ကြတယ်။

ဆွေမျိုးအပေါင်းအားဆုံးမပုံ

တန်ခိုးပြတော်မူပြီးတဲ့အခါ ကောင်းကင်မှ ဆင်းသက်တော်မူပြီး ဆွေမျိုးဥာတိ ပရိသတ်အလယ်မှာ သင့်တင့်စွာစမ္ပါယ်တော်မူလျက် ခမည်းတော်ကြီးရေးသားပေးပို့လိုက်တဲ့ ဂါထာကို ရွတ်ဆိုတော်မူကာ တရားဟောတော်မူတယ်။

"အို-ဆွေမျိုး ဥာတိအပေါင်းတို့....ခမည်တော်ကြီးသည် ကျွန်ုပ်အပေါ်မှာ လွန်စွာကျေးဇူးရှိပေစ၊ သူအခွင့်ပေးတဲ့အတွက် ရဟန်းဘောင်သို့ဆိုက်ရောက်ခဲ့ရပေတယ်၊ ရဟန်းဖြစ်ပြီးတဲ့အခါမှာလဲ သတိပေးဂါထာတပုဒ်ကိုရေးသား၍ ကျွန်ုပ်ထံသို့ ပေးပို့သဖြင့် ထိုဂါထာကိုအကြောင်းပြုပြီး တရားအလုပ်ကို အားထုတ်ခဲ့ရာ ရဟန်းကိစ္စပြီးဆုံးသွားပေတယ်၊ အို–ဆွေမျိုး ဥာတိအပေါင်းတို့...မိဘတို့၏ဂုဏ်ကျေးဇူးများကို မမေ့မလျော့ကြနှင့်၊ ကုသိုလ်ကောင်းမှုများကိုလဲ ကြိုးစားအားထုတ်ကြကုန်"။

အဲ-ဤကဲ့သို့ နှီးဆော်တိုက်တွန်းသောစကားဖြင့် ဟောကြားဆုံးမတော်မူတယ်။

ဆွေမျိုးဥာတိ အပေါင်းတို့သည် ဇမ္ဗုဂါမိယ မထေရ်မြတ်ကြီး၏ တရားကိုကြားနာရတဲ့အခါ သာသနာတော်အတွင်းမှာ သဒ္ဓါတရားအထူးသဖြင့် တိုးပွားလာသောကြောင့် များစွာသောပစ္စည်းဥစ္စာတို့ကို စွန့်လွှတ်၍ စမ္ပါပြည်မှာ ရဟန်းသယ်တို့ သီတင်းသုံးရန်ဖြစ်သော ကျောင်းအရာမ်ပေါင်း များစွာတို့ကို ဆောက်လုပ်ပြီး သာသနာပြုစုရေးဖြင့် အားပေးမျိုးမြှောက်ကြလေကုန်သတည်း။

ဇမ္ဗုဂါမိယထေရဝတ္ထု ပြီး၏။

---

(၂၉) ဟာရိတထေရဝတ္ထု

သုဒဿနပစ္စေကဗုဒ္ဓါနှင့်အမျိုးသားတဦး

သံသရာဝဋ်စဉ်းမှ ကျွတ်လမ်းကိုရှာနေတဲ့ အမျိုးသားကလေး တယောက်သည် ရှေးလွန်ခဲ့တဲ့ သုံးဆယ့်တကမ္ဘာထက်အခါ သုဒဿနအမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါအရှင်မြတ်တပါးနှင့် ကံအားလျော်စွာ တွေ့ကြုံလေသည်တွင် ကြည်လင်သဒ္ဓါ ရှင်လန်းစွာဖြစ်ပွားသဖြင့် လက်ထုတ်ပန်းတို့ကို ခွာတ်ခူးပြီး ရိုသေမြတ်နိုးစွာ လှူဒါန်းပူဇော်လိုက်တယ်၊ ထိုပစ္စေကဗုဒ္ဓါအရှင်မြတ် သီတင်းသုံးရာဌာနမှာတော့ ဟိမဝန္တာ

တောင်ကြီးနှင့်မနီးမဝေး ဝသဘအမည်ရှိတဲ့တောင်ကြီး၏ ချိုင့်ဝှမ်းရာ ချောင်တခုမှာ သီတင်းသုံးတော်မူတယ်။

လက်ထုတ်ပန်းလှူဒါန်းခြင်းအကျိုး

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း ပစ္စေကဗုဒ္ဓါအရှင်မြတ်အား လက်ထုတ်ပန်းတို့ဖြင့် လှူဒါန်းပူဇော်ခဲ့ရတဲ့ စေတနာအထူးကြောင့် ထိုဘဝမှ စုတိကျသွားတဲ့အခါ လူ့ပြည်နတ်ရွာတို့၌ တင့်တယ်ကောင်းမြတ်တဲ့ ချမ်းသာများကို ခံစားခဲ့ရတယ်။

(က) ဟိမဝန္တသ အဝိဒူရေ၀သဘောနာမ ပဗ္ဗတော။
ဗုဒ္ဓေါ သုဒဿနောနာမ၀သတေ ပဗ္ဗတန္တရေ။

(က) ပုဗ္ဗေ၊ ရှေးလွန်လေပြီးသော သုံးဆဲ့တကမ္ဘာထက်၌။ ဟိမ-ဝန္တသ၊ဟိမဝန္တာတောင်ကြီး၏။အဝိဒူရေ၊ မနီးမဝေးသောအရပ်၌။ ဝသဘောနာမ၊ ဝသဘအမည်ရှိသော။ ပဗ္ဗတော၊ တောင်ကြီးတလုံးသည်။ အတ္ထိ၊ရှိ၏။တသ္မိံ ပဗ္ဗတန္တရေ၊ထိုဝသဘတောင်၏ လိုဏ်ချောင်အတွင်း၌။ သုဒဿနောနာမ၊သုဒဿနအမည်ရှိသော။ ဗုဒ္ဓေါ၊ပစ္စေကဗုဒ္ဓါအရှင်မြတ်တပါးသည်။ ၀သတေ၊ သီတင်းသုံးစံနေတော်မူလေသတည်း။

(ခ) တတ္ထဒ္ဒသာသိ သမ္မုဒ္ဓံ၊ သြယတိဏ္ဍံ မနာသဝံ။
ပုပ္ပံ ကူဋဇမာဒါယ၊ သီသေကတ္ဝာန ဟံတဒါ။
ဗုဒ္ဓဿ အာဘိရောပယိ၊သယမ္ဘုဿ မဟေသိနော။ ။

အနက်ကား

(ခ) အဟံ၊အကျွန်ုပ်သည်။ တတ္ထ၊ထိုဝသဘကောင်၏လိုဏ်ချောင်အတွင်း၌။သြယတိဏ္ဍံ၊ သြယတည်းဟူသော ပင်လယ်ခရီးမှ ကူးမြောက်တော်မူပြီးသော။ အနာသဝံ၊အာသဝေါလေးသွယ်တို့မှ စင်ကြယ်ကင်းလွတ်တော်မူပြီးသော။ သမ္မုဒ္ဓံ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးတပါးကို။ အဒ္ဒသာသိ၊ အခွင့်ကြုံ၍ တွေ့ဆုံဖူးမြင်ရပါသတည်း။တဒါ၊ ထိုအခါ၌။ အဟံ၊အကျွန်ုပ်သည်။ ကူဋဇံပုပ္ပံ၊ လက်ထုတ်ပန်းကို။

အာဒါယ၊ဆွတ်ခူးယူဆောင်၍။ သီသေကတွာန၊ ဥခေါင်းထက်၌တင်ပြီးသော်။ သယမ္ဘုဿ၊ မိမိအလိုလိုကိုယ်တော်တိုင်သာလျှင် သာစွာလေးတန်ကို အမှန်သိမြင်တော်မူပေသော။ မဟေသိနော၊ အမြတ်တရားထူးကို ဆည်းပူးရှာမှီးလေ့ ရှိတော်မူပေသော။ ဗုဒ္ဓဿ၊ ပစ္စေက ဗုဒ္ဓါအရှင်မြတ်အား။ အဘိရောပယိ၊ ကြည်ကြည်ဖြူဖြူ တင်လှူပူဇော်ခဲ့ပါသတည်း။

အဆုံးဘဝသို့ဆိုက်ရောက်လာပုံ

အဲ–ပြဆိုခဲ့ပြီးတဲ့အတိုင်း သုဂတိ သံသရာတို့၌သာမြင့်မြတ်စွာဂျင်လည်ခဲ့ရပြီးတဲ့နောက် ယခုဘုရားရှင် လက်ထက်တော်သို့ရောက်တော့ သာဝတ္ထိပြည်မှာ ချမ်းသာကြွယ်ဝတဲ့ ဗြာဟ္မဏမဟာသာလ ပုဏ္ဏားသူဌေးကြီး၏ သားကလေးဖြစ်လာတယ်၊ အမည်မှာတော့ "ဟာရိတ" အချိန်အရွယ်သို့ ရောက်လာတဲ့အခါ ရုပ်ဆင်းအင်္ဂါ လက္ခဏာတို့နှင့်ပြည့်စုံ၍ လူ့ဘုံလောကမှာ ကြက်သရေမင်္ဂလာရှိတဲ့ လုလင်ပျိုကလေးဖြစ်လာတယ်။

ဟာရိတသတို့သားလက်ထပ်ခဲ့

ထိုအခါမိဘများကဝတ္တရားရှိတဲ့အတိုင်း အရွယ်ဂုဏ်, အဆင်းဂုဏ်, အမျိုးဂုဏ်, ပစ္စည်းဂုဏ် တို့နှင့်ပြည့်စုံတဲ့ သမီးကညာရတနာကလေးတဦးကို ရှာဖွေပြီး လက်ထပ်ပွဲသဘင် ဆင်ယင်ကျင်းပလို့ ပေးကြတယ်၊ သူတို့နှစ်ယောက်ဟာ ရှေ့,နောက်ညီညွတ်ပြီး တင့်တင့်တယ်တယ်ကြည့်ရှုချင်စဘွယ် လွန်စွာလိုက်လျောကြသတဲ့။

သံဝေဂဖြစ်ပုံ

တနေ့သောအခါ "ဟာရိတ"အမည်ရှိတဲ့ သတို့သားက မိမိချစ်မယားရဲ့ အဆင်းကြက်သရေကို သေခြာစွာရှုစားပြီး–

"ညြော်-ငါ၏ဇနီးဟာ လွန်စွာလှပ၍ လောကကြက်သရေအစစ်ကလေးပါကလား၊ ငါ့မျက်စိထဲမှာသာမဟုတ်၊ လူတိုင်းတို့၏ မျက်စိမှာပင် အရသာတွေ့အောင် သိမ့်မွေ့နူးညံ့စွာလှ

ချောပါပေတယ်၊ရတနာတော်ဝင်လို့ ဆိုလောက်အောင် ကြက်သရေရှိတဲ့ မိန်းမရတနာမျိုးကို ရခြင်းဟာလဲ ဘုန်းကံတမျိုးရှိတယ်လို့ ဆိုထိုက်ပေတယ်၊ ယခု တွေ့မြင်ရတဲ့အတိုင်း သည်အဆင်းကလေးဟာ မပျက်မစီးဘဲအမြဲတည်နေပါလျှင် လွန်စွာချီးမွမ်းဘွယ်ကောင်းမှာဘဲ။

သြော်–လှပတဲ့ အဆင်းဆိုတာလဲ အသက်ဆုံးသည် တိုင်အောင် မပျက်နိုင်ဘဲ ခိုင်မြဲတာမျိုးမဟုတ်ဘူး၊ သည်လောကကြီးအတွင်းမှာ ရှိရှိသမျှသတ္တဝါတွေကို ဇရာဆိုတဲ့ အို-ဘေးကြီးက အမြဲမပြတ် ဘိစိုးနှိပ်စက်လို့ နေတယ်၊ ဘယ်လိုပင် လှပသော်လဲ ဇရာ၏လက်တွင်းမို့ ပျက်ခြင်းသို့ရောက်စမြဲ ဖြစ်ပေတယ်၊ လှပတဲ့ပန်းပွင့်ကလေးများဟာ မကြာမီအတွင်းမှာ ညှိုးနွမ်းခြင်းသို့ ရောက်သွားသလို ငါ၏ဇနီးချောကလေးဟာလဲ ဇရာသဘောနှိပ်စက်၍ အိုမင်းတဲ့ဘက်သို့ ရောက်သွားမှာ အမှန်ဘဲ''။

အဲ–သို့ကလို တရားသဘောနှင့် ဆင်ခြင်ကာ သံဝေဂဉာဏ် ထက်သန်စွာ ဖြစ်ပွားလာသတဲ့။

စိတ်ထားတတ်မြတ်ပုံ

မိမိဇနီး၏ အဆင်းကြက်သရေကိုရှုစားပြီး တပ်မက်ခြင်းဆိုတဲ့ လောဘတရားမဖြစ်ပွားဘဲ တရားဘက်သို့ စိတ်ပြောင်း၍ သူတော်ကောင်းသဘောမျိုးတွေ ပေါ်ပေါက်လာခြင်းဟာ လွန်စွာချီးမွမ်းဘို့ကောင်းတာပေါ့၊ **စိတ်ထားတတ်လျှင်**–မြတ်ဆိုတဲ့ စကားအတိုင်း ဘယ်အာရုံမျိုးမှာမဆို ယောနိသောမနသိကာရသဘောအားဖြင့် စိတ်ကိုထားတတ်လျှင် မြင့်မြတ်တဲ့သူတော်ကောင်းသဘောတွေ ပေါ်ပေါက်လာစမြဲပေပေါ့၊ မိမိဇနီးကိုသော်လဲ ကမ္မဋ္ဌာန်းအာရုံထဲသို့ ဆွဲလိုသွင်းနိုင်တယ်၊ မယားတည်းဟူသော အာရုံဖြင့် တရားအထုံစုံစိုက်လျက် ဝိပဿနာတင်ကာ ရှုစားနိုင်မယ်လို့ ဆိုပါလျှင် ဘာဝနာဉာဏ်တွေ ထက်သန်စွာ ဖြစ်ပွားနိုင်တာမျိုးပေါ့၊ မိမိတို့စိတ်သာလျှင် လိုရင်းပဓာနဖြစ်ပေတယ်။

မယားသေဆုံးပုံ

ချစ်ခင်စဘွယ် တင့်တယ်လှပတဲ့ သမီးကညာနှင့် မင်္ဂလာဆောင်ပြီးတဲ့နောက် မကြာမီအတွင်းမှာပင် သတ္တိသမီးကလေးမှာ အကုသိုလ်ကံလွှမ်းမိုးသဖြင့် မြေဆိုးဘေးနှင့်ထိပြီး မချိတရိသေဆုံးရရှာတယ်။

ခင်ပွန်းသယ်ဖြစ်တဲ့ လုလင်ဟို ကလေးမှာ ပေါင်းရတာကလဲ မကြာသေးသဖြင့် ပူဆွေးခြင်းဖြစ်ပုံကို စုံလင်အောင် မပြောနိုင်ဘူးပေါ့၊ ချစ်မယားကလေး သေဆုံးလို့ ယူကြုံးမရဖြစ်နေရရှာတယ်။

သို့ရာတွင် ပါရမီဉာဏ်ထက်သန်ခဲ့တဲ့ သူဖြစ်တဲ့အတိုင်း စိတ်နှလုံးအတွင်းမှာ ပူပြင်းစွာလောင်နေတဲ့ သောကမီးတွေကို သတိတရားဖြင့် ဆီးတားပိတ်ပင်ပြီး မရဏာနုဿတိ တရားနှင့် အနိစ္စတရားကို ဆင်ခြင်ကာ စိတ်ကိုပြောင်းလဲလို့ ပေးလိုက်တော့ အေးမြသက်သာခွင့်ကို ရသွားတာပေါ့၊ သူတော်ကောင်းတရားတည်းဟူသော ဆေးတော်ကြီးဟာ အတွင်းပူရောဂါကို ပျောက်အောင် ကုသနိုင်တဲ့အရာမှာ လွန်စွာကောင်းမြတ်တဲ့ လက်တွေ့ဆေးကျော်ကြီး ဖြစ်ပေတယ်။

ရဟန်းပြိုသွားပုံ

ချစ်မယားစုတေ၍ သံဝေဂဉာဏ် ထက်သန်စွာ ပေါ်ပေါက်လာပြီးတဲ့နောက် မုဆိုးဖိုကလေး၏ စိတ်ထဲမှာ ကောင်းမြတ်တဲ့ အကြံအစည်တွေ သို့ကလို ပေါ်ပေါက်လာသတဲ့။

ညြော်-သေမင်းဆိုတာ ချစ်သူနှစ်ယောက်ကို ကွေကွင်းအောင် အလွန်ခွင်းတတ်ပါကလား၊ ချစ်ဦးမယားကလေးဖြင့် ဆုံးသွားပေါ့၊ ပြီးနိုင်ဘို့ အခွင့်မရှိတော့ဘူး၊ သည်လောကကြီးအတွင်းမှာ သေမင်း၏ လက်အောက်မှ ထွက်ပေါက်ကို မရနိုင်ကြတာလဲအမှန်ဘဲ။

"တပင်လဲမှု-တပင်ထူ"ဆိုတဲ့ စကားအတိုင်း ချစ်ဦးမယားသေဆုံးသွားတဲ့ အတွက် နောက်ထပ်တဖန် မယားအသစ်ထူထောင်ပြန်လျှင်လဲ ရှေးကထက်တိုးပြီး ဒုက္ခအမျိုးမျိုးနှင့် တွေ့ကြုံရလိမ့်မယ်။

"မယားယူကာ-အမှုရှာ"ဆိုတဲ့ အလုပ်မျိုးဟာ ဆင်းရဲမှု အသွယ်သွယ်ကိုဝယ်ယူ သိမ်းထားတာနှင့် အတူတူဘဲ၊ ကိုယ်ထည်းပျော်ကာ အဖော်မရှာဘဲ ရှင်းရှင်းလင်းလင်းကြီး နေထိုင်ခြင်းဟာ ဒုက္ခနှင့် ကင်းဝေး၍ စိတ်အေး ချမ်းသာခြင်း အမှန်ဖြစ်တယ်၊ သို့ရာတွင် လူတို့ဘောင်မှာ အိမ်ထောင်မပြု ဘဲ တကိုယ်ထည်းနေခြင်းဟာလဲ မတင့်တယ်ဘူး၊တကိုယ်ထည်း နေမဲ့အတူတူဖြင့် ဖြူဖြူစင်စင် သာသနာဘောင်သို့ဝင်၍ ရဟန်း ပြုနေတာက မြတ်လိမ့်မယ်။"

အဲ-သို့ကလို ကြီစည်မိသဖြင့် တနေ့သောအခါ ရှင်တော်မြတ် ဘုရားထံသွားပြီး တရားတော်မြတ်ကိုကြားနာတယ်။

ထိုအခါ ကြားနာရတဲ့ တရားတော်များကလဲ သံသရာမှာငြီးငွေ့၍ သိမ်မွေ့သန့်ရှင်းစွာ ကျင့်ကြီသင့်တဲ့ အကြောင်းများဖြစ်နေတော့ မိမိ ကြီစည်ချက်နှင့် ကိုက်သွားတာပေါ့၊ သံဝေဂရရှိနေတဲ့အပေါ်မှာ တရားတော်က နှိုးဆော်တိုက်တွန်းသည်နှင့် ရှင်တော်ဘုရား၏ ထံမှာ ခွင့်တောင်းပြီး ရဟန်းပြုကြောင်းဖြစ်တဲ့ ကိစ္စအလုံးစုံကို အကုန်ဆောင် ရွက်လျက် သာသနာဘက်သို့ ကူးပြောင်းကာ ပရိက္ခရာသက်နှင့် ရှင် ရဟန်းဖြစ်သွားတယ်၊ထိုအခါ ဟာရိတဌေရ်တပါးရယ်လို့ ထင်ရှား ကျော်စောသွားပါရော။

ကမ္မဋ္ဌာန်းထိုင်သော်လည်းသမာဓိမရ

ရဟန်းဖြစ်ပြီးတဲ့အခါ ကမ္မဋ္ဌာန်းနည်းတို့ကို သင်ကြားလျက် ဆိတ်ငြိမ်ရာ တောတောင်သို့သွားပြီး ရဟန်းတရားကို အားထုတ်တော့ စိတ် နှလုံးငြိမ်သက်စွာနှင့် သမာဓိကိုမရသဖြင့် တရားအာရုံတစုံတခုမျှမထင် မြင်ဘူးတဲ့၊သေဆုံးသွားတဲ့ မယားအာရုံကိုသာ မကြာမကြာ ထင်မြင် လို့နေတယ်၊သည်အာရုံမျိုးနှောင့်ရှက်တော့ သမာဓိကို ဘယ်မှာ ရနိုင် ပါ့မလဲ၊ ပုထုဇဉ်တို့၏စိတ်များဟာ သွားမိသွားရာ ထင်မိထင်ရာ သည်ပုံ ဖြစ်စမြဲပေပေါ့၊ မိမိစိတ်ကိုငြိမ်သက်အောင် ဆုံးမနှိပ်ကွပ်ပါသော်လဲ မရနိုင်ဘဲ ဖြစ်နေပြန်တယ်။

တဘန်ဆင်ခြင်မှု

တနေ့သောအခါ ဂေါစရဂါမ်ရွာသို့ ဆွမ်းခံကြွတော်မူသည်တွင် လေးသမားတယောက်က ကောက်တဲ့မြှားတွေကို ဖြောင့်အောင် လုပ်နေတာကို မြင်တော့ ''အသက်ဝိညာဉ် မရှိတဲ့ မြှားကောက်ကိုပင် ဖြောင့်အောင် ပြုလုပ်နိုင်သေးတာဘဲ၊ ငါ၏ စိတ်များကို ဥဒ္ဓစ္စတရားဖြင့် လွင့်ပါးကောက်ကျစ်ခြင်းမှ လွတ်ကင်း၍ သမာဓိတရားဖြင့် ဖြောင့်မတ်အောင် မပြုလုပ်နိုင်ဘဲနေပါရိုးလား''၊အဲ-သို့ကလို နည်းယူသောအားဖြင့် စဉ်းစားဆင်ခြင်တော်မူတယ်၊ ထို့နောက် ဆွမ်းခံရွာမှပြန်လာခဲ့၍ ဆွမ်းစားခြင်းကိစ္စပြီးစီးတဲ့အခါ ကမ္မဋ္ဌာန်းကျောင်းသို့ဝင်ပြီးပြန်လွှင့်တဲ့ စိတ်ကောက်များကို သမာဓိတရားဖြင့် ဖြောင့်လျက် ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ်လို့နေတော်မူတယ်။

ရှင်တော်ဘုရားကိုယ်တော်တိုင် အားပေးတော်မူခြင်း

ထိုအခါ ဘုန်းတော်ကြီးလှသော ရှင်တော်မြတ်ဘုရားသည် ချီးမြှင့်ထိုက်တဲ့ သတ္တဝါများကို ရှုစားတော်မူသည်တွင် ဟာရိတ ရဟန်းကို မြင်တော်မူသဖြင့် ရောင်ခြည်တော် ခြောက်သွယ်နှင့်တကွ ဂန္ဓကုဋီတိုက်တော်မှ ကြွတော်မူပြီး ဟာရိတရဟန်း၏ ကမ္မဋ္ဌာန်းအားထုတ်ရာ ဖြစ်တဲ့ ကျောင်း၏ အထက်အာကာသကောင်းကင်ယံ၌ ရပ်တန့်တော်မူကာ သြဝါဒဂါထာဖြင့် သို့ကလို ရှုတ်ဆို အားပေးတော်မူလေသတည်း။

သမုန္ဒမယ မတ္တာနံ၊ ဥသုကာရော၀ တေဇနံ။
စိတ္တံ ဥဇုံ ကရိတ္ဝာန၊ အဝိဇ္ဇံ ဆိန္ဒ ဟာရိတ။
(ထေရဂါထာပါဠိတော်။)

အနက်ကား

ဟာရိတ၊ ချစ်သား-ဟာရိတ။ ဥသုကာရော၊ မြှားကိုပြုလုပ်သော လေးသမားသည်။တေဇနံ၊ မြှားကို။ဥဇုံကရောတိ၎ဝ၊ ဖြောင့်အောင်ပြုလေဘိသကဲ့သို့။ တထာ၊ ထို့အတူ။ အတ္တာနံ၊ မိမိစိတ်ကို။ သမုန္ဒမယံ၊ ဝိရိယ,သမာဓိတို့ဖြင့် အထက်သို့မြှင့်တင်လျက်။စိတ္တံ၊စိတ်ကို။ဥဇုံကရိတ္ဝာ

နှ၊ ဖြောင့်မတ်အောင် ပြုပြီးသော်။ အဝိဇ္ဇာ၊ ပိတ်ကာဟန့်ဆီး အဝိဇ္ဇာ တည်းဟူသော မှောင်တိုက်ကြီးကို။ ဆိန္ဒ၊ ပညာဉာဏ်အလင်းဖြင့် ဖြိုခွင်းဖြတ်တောက်လိုက်ပါလော့။

ဘုရားမျာဒိတ်

ဤဂါထာ၌ စိတ်ဖြောင့်အောင် ပြုလုပ်ခြင်းဆိုသည်မှာ ကောသဇ္ဇတရားဖြင့် ပျင်းရိထိုင်းမှိုင်းနေလျှင် စိတ်ဓာတ်သည် အောက်သို့ စိုက်၍ ကောက်နေသည်မည်၏၊ ထိုကဲ့သို့ ကောက်နေသောစိတ်ကို ဝီရိယတရားဖြင့် ဖြောင့်ရာ၏၊ ထို့ပြင် ဥဒ္ဓစ္စသဘောအားဖြင့် ပြန့်လွင့်၍နေခဲ့ပါလျှင် စိတ်ဓာတ်သည် အပေါ်သို့ထောင်၍ ကောက်နေသည်မည်၏၊ ထိုကဲ့သို့ကောက်နေသော စိတ်ကို ကေဝဋ္ဋတာသမာဓိဖြင့် ဖြောင့်အောင် ပြုလုပ်ရာသည်၊ ဤကား စိတ်ဖြောင့်ပုံနည်းနှင့်စပ်၍ ပြဆိုအပ်သော စကားရပ်ပေတည်း။

ရဟန္တာဖြစ်ပုံ

ဤဂါထာကိုဟောကြား၍ အားပေးတိုက်တွန်းကာ ရှင်တော်ဘုရားကြွသွားတော်မူတဲ့နောက် ဟာရိတရဟန်းတော်သည် ဘုရားကိုယ်တော်တိုင် အားပေးချက်ကြောင့် အားတက်သရော စိတ်ဇောထက်သန်စွာ ဖြစ်ပေါ်လာသည်နှင့် ထိုကမ္မဋ္ဌာန်းကျောင်းအတွင်းမှာ ထိုင်ရာက မထဘဲ ဉာဏ်ကုန်လွှတ်၍ အထွတ်အထိပ်သို့ တိုင်အောင် ကြိုးစားတော်မူလိုက်ရာ မကြာမီအတွင်းမှာပင် ကိလေသာကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။

ရဟန္တာဖြစ်တော်မူပြီးတဲ့ အခါ ရှင်တော်ဘုရားကိုယ်တော်တိုင်ကြွလာ၍ အားပေးတိုက်တွန်းသောအားဖြင့် ဟောကြားတော်မူတဲ့ဂါထာကို မကြာမကြာရွတ်ဆို ကျူးရင့်တော်မူလေ့ရှိတဲ့ပြင် သူတပါးတို့အားလည်း ဤဂါထာကိုရွတ်ဆိုကာ နှိုးဆော်တိုက်တွန်းတော်မူလေ့ရှိပေသတည်း။

ဟာရိတဌေရဝတ္ထုပြီး၏။

၃၀-ဥတ္တိယထေရ၀တ္ထု

သိဒ္ဓတ္ထဘုရားရှင် လက်ထက်ဥတ္တိယအလောင်းမိကျောင်းမင်း

ပဒုံစွမောတ် ရဟတ်စကြာ သံသရာမှ မြန်စွာထွက်မြောက်၍ လွတ်ပေါက်ကိုရှာနေတဲ့ အမျိုးသားကလေးတယောက်သည် ရှေးလွန်ခဲ့ပြီးတဲ့ ကိုးဆယ့်လေးကမ္ဘာထက် သိဒ္ဓတ္ထရှင်တော်မြတ်ဘုရား ထင်ရှားပွင့်တော်မူတဲ့အခါ ကံအကြောင်းအခွင့်မသာသဖြင့် စန္ဒဘာဂါ အမည်ရှိတဲ့ မြစ်ကြီးတခု အတွင်းမှာ မိကျောင်းမင်းကြီး ဖြစ်နေတယ်၊ တနေ့သောအခါ သိဒ္ဓတ္ထရှင်တော်မြတ်ဘုရားသည် ထိုစန္ဒဘာဂါမြစ်ကြီး၏ အနီးသို့ကြွရောက်တော်မူလာရာ မြစ်တဘက်သို့ကူးလိုတဲ့ ဆန္ဒဖြင့် မြစ်ကမ်းထိပ်မှာရပ်တန့်နေတော်မူတယ်။

ရပ်တန့်တော်မူသောဘုရားရှင်အား မိကျောင်းမင်းလျှောက်မုံ

ထိုအခိုက်တွင် ပြဆိုခဲ့တဲ့ မိကျောင်းမင်းသည် ကမ်းအနီးသို့ ဆိုက်ရောက်လာသည်တွင် ဘုရားရှင်ကိုမြင်တော့ ကြည်လင်လှစွာ သဒ္ဓါတရားဖြစ်ပွားသည်နှင့် ရေထဲမှဦးခေါင်းကို မြောက်ချီကာ—

> "အရှင်ဘုရား····တဘက်ကမ်းသို့ ကူးလိုပါမူကား-တပည့်တော်၏ကျောအပြင်ကို လှေယာဉ်အမှတ်ဖြင့်တက်စီးတော်မူပါ၊ တဘက်ကမ်းသို့ရောက်အောင် ပို့ဆောင်ပါ့မယ်ဘုရား၊တပည့်တော်အား သနားတော်မူပါသဖြင့် ချီးမြှင့်တော်မူပါဘုရား"။

အဲ-သို့ကလိုလျှောက်ထားတော့ ရှင်တော်မြတ်ဘုရားက မိကျောင်းမင်း၏ ကျောပြင်ထက်သို့ ရွှေစက်တင်ကာ စီးနင်းတော်မူတယ်။

မိမိကျောအပြင်မှာ ခြေတော်ကိုတင်လိုက်သည်နှင့် တဖြိုက်နက် မိကျောင်းမင်း၏ စိတ်ထဲမှာ ဝမ်းသာနှစ်သက် အားတက် ရှင်လန်းခြင်းဖြစ်ပြီးလျှင် မြန်သောအဟုန်ဖြင့် ကခုန်မြူးထူးတဲ့ အသွင်ဖြင့် မြစ်ရေအယဉ်ကို ဖြတ်သန်းပြီး ရေပန်း ရေဆိုင်တို့ကို တဖြိုင်ဖြိုင်ထက်ကြွစေလျက် တဘက်ကမ်းသို့ရောက်အောင် ပို့ဆောင်လိုက်တယ်။

ဘုရားဗျာဒိတ်တော်

တဘက်ကမ်းထိပ်သို့ ရောက်တော်မူတဲ့အခါ မားမားမတ်မတ် ရပ်တန့်တော်မူပြီး ရှင်တော်ဘုရားက သို့ကလို မိန့်ကြားတော်မူတယ်။

"စေတနာ ထက်သန်လှစွာသော သည်မိကျောင်းသည်၊ ဘုရားအား ကူးတို့ပို့ရခြင်းတည်းဟူသော ကုသိုလ်စေတနာ ကြောင့် မိကျောင်းဘဝမှ စုတေသွားတဲ့အခါ နတ်ပြည်လောကမှာ နတ်ချမ်းသာကို ခံစားစံစားရလိမ့်မယ်။

ထိုနတ်သားဘဝကို အစပြု၍ သုဂတိသံသရာတခွင်မှာ အစဉ်သဖြင့် ကျင်လည်ပြီးတဲ့နောက် နောင်အခါ ကိုးဆယ့်လေးကမ္ဘာ လွန်မြောက်၍ ဂေါတမဘုရားရှင် လက်ထက်တော်သို့ ရောက်တဲ့အခါ အချမ်းသာဆုံးဖြစ်တဲ့ အမြိုက်ပန်းကိုဆင်မြန်းရလိမ့်မယ်"။

သည်ကဲ့သို့ မိန့်ကြားဗျာဒိတ်ထားပြီး ရှင်တော်ဘုရား ကြွသွားတော်မူတယ်။

ဘဝအဆက်ဆက်

သည်အမိန့်တော် စကားကို ကြားရတော့ မိကျောင်းမင်း၏စိတ်ထဲမှာ စွဲစွဲမြဲမြဲမှတ်သား၍ အားရနှစ်သက်လို့ မဆုံးနိုင်အောင် ဝမ်းသာလုံးတို့ဖြင့် ပြည့်လျှံလို့နေသတဲ့၊အသက်အတိုင်းနေလေ၍ မိကျောင်းဘဝမှ စုတေသွားတော့ ဘုရားရှင်၏ အမိန့်တော်အတိုင်း နတ်ပြည်မှာ နတ်သားဖြစ်သွားတယ်၊ထိုဘဝမှအစပြုပြီး ယခုဂေါတမရှင်တော် ဘုရားလက်ထက်တော်သို့ တိုင်အောင် သုဂတိသံသရာတို့၌သာ ကြိမ်ဘန်များစွာ ကျင်လည်ခဲ့ရတယ်။

သည်အတောအတွင်းမှာ သိကြားမင်းအဖြစ်ပေါင်း ခုနစ်ကြိမ်, စကြဝတေးမင်းကြီးအဖြစ်ပေါင်း သုံးကြိမ်ဖြစ်ခဲ့ရတယ်၊ အဟိတ်တိရစ္ဆာန်ပင် ဖြစ်ရသော်လဲ ကံထူးထောက်ပံ့၍ အခွင့်ကြုံကြုံ၊ကံသဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့် တွေ့ကြုံရတာ လွန်စွာအကျိုးရှိသွားတာပေါ့။

အပဒါန်ပါဠိတော်များကို ထုတ်ပြပါဦးမည်

(က) စန္ဒဘာဂါ နဒီတီရေ၊ သံသုမာရော အဟုံ တဒါ။
သိဒ္ဓတ္ထော တမှိ သမယေ၊ သယမ္ဘု။ အဂ္ဂပုဂ္ဂလော။
နဒီ ံတရိတုကာမော တံ၊ နဒီတိတ္ထ မုပါဂမိ။ ။

အနက်ကား

(က) အဟံ၊ အကျွန်ုပ်သည်။ ပုရေ၊ ရှေးလွန်လေပြီးသော ကိုးဆယ့်လေးကမ္ဘာ ထက်၌။ စန္ဒဘာဂါနဒီတီရေ၊ စန္ဒဘာဂါ အမည်ရှိသော မြစ်ကမ်းအနီး၌၊သံသုမာရော၊ မိကျောင်းမင်းသည်။ အဟုံ၊ဖြစ်ခဲ့ပါသတည်း။ တမှိသမယေ၊ ထိုအခါ၌။ သယမ္ဘု။ မိမိ အလိုလို ကိုယ်တော်တိုင်သာ သစ္စာလေးတန်ကို အမှန်သိမြင် တော်မူပေသော။ အဂ္ဂပုဂ္ဂလော၊အနန္တလောကဓာတ်အလုံး၌ အမြတ် ဆုံးအထွတ်ဆုံးဖြစ်တော်မူပေသော။သိဒ္ဓတ္ထော၊သိဒ္ဓတ္ထဘုရားရှင်သည်။ နဒီ ံ၊ထိုစန္ဒဘာဂါမြစ်ကြီးကို။တရိတုကာမော၊ ကူးတော်မူလိုသည်ဖြစ် ၍။ နဒီတိတ္ထံ၊ မြစ်ကမ်းဆိပ်သို့။ ဥပါဂမိ၊ဆိုက်ရောက်တော်မူခဲ့လေ သတည်း။

(ခ) ဥပါဂတေ စ သမ္ဘုဒ္ဓေ၊ အဟံပိ တတ္ထုပါဂမိ ံ။
ဥပဂန္တွာန သမ္ဘုဒ္ဓံ၊ ဣမံ ဝါစ မုဒီရယိ ံ။ ။

အနက်ကား

(ခ) သမ္ဘုဒ္ဓေ၊ သိဒ္ဓတ္ထရှင်တော်မြတ်ဘုရားသည်။ ဥပါဂတေစ၊ ဆိုက်ရောက်တော်မူလာသည်ရှိသော်။ အဟံပိ၊ အကျွန်ုပ်သည်လည်း။ တတ္ထ၊ထိုမြစ်ကမ်းဆိပ်သို့။ ဥပါဂမိ ံ၊ ချဉ်းကပ်ခဲ့ပါသတည်း။ သမ္ဘုဒ္ဓံ၊ ရှင်တော်မြတ်ဘုရားကို။ ဥပဂန္တွာန၊ ဆည်းကပ်ခစားပြီးသော်။ ဣမံ ဝါစံ၊ဤလျှောက်တင်ချက်စကားကို။ ဥဒီရယိ ံ၊မြွက်ဆို လျှောက်ကြား လိုက်ပါသတည်း။

(ဂ) အဘိရူဟ မဟာဝီရ၊တာရယိဿာမိ အဏ္ဏဝံ။
ပေတ္တိကံ ဝိသယံ မယှံ၊အနုကမ္ပ မဟာမုနီ။ ။

အနက်ကား

(ဂ) မဟာဝီရ၊ရှင်တော်မြတ်ဘုရား။ အဘိရူဟာ၊ တပည့်တော်၏ ကြောပြင်သို့ ရှေစက်တင်ကာ စီးနင်းတော်မူပါဘုရား။ အဟံ၊ တပည့်တော်သည်။ အဏ္ဏာ၀ုံ၊မြစ်ရေအပြင်ကို။တာ၀ရယိသ၀ါမိ၊တဘက်ကမ်းသို့ ရောက်အောင် ရွက်ဆောင်တင်ပို့ပါမည်ဘုရား။မယှံ၊ တပည့်တော်၏။ ပေတ္တိကံဝိသယံ၊ ပြိတ္တာနှင့် တူသောဘ၀အဖြစ်မျိုးကို။ မဟာမုနီ၊ ရှင်တော်မြတ်ဘုရားသည်။ အနုကမ္ပ၊ကျွတ်လွတ်စေသောအားဖြင့် သနားတော်မူပါဘုရား။

(ဃ) မမ တံ ဂဇ္ဇနံ သုတ္ဝာ၊အဘိရူဟိ မဟာမုနီ။
ဟဌ္ဌော ဟဌ္ဌေန စိတ္တေန၊တာ၀ရေသိ ံ လောကနာ၀ယကံ။ ။

အနက်ကား

(ဃ) မမ၊ အကျွန်ပ်၏။တံဂဇ္ဇနံ၊ ထိုလျှောက်တင်ချက်စကားကို။ သုတ္ဝာ၊ကြားဟော်မူလေသည်ရှိသော်။မဟာမုနီ၊ ရှင်တော်မြတ်ဘုရားသည်။ မမံ၊ အကျွန်ပ်ကို။ အဘိရူဟိ၊ ရှေစက်တင်ကာ စီးနင်းတော်မူလေ၏။ တဒါ၊ ထိုအခါ၌။ အဟံ၊ ကျွန်ပ်သည်။ ဟဌ္ဌော၊ ကြက်သီးတဖြန်းဖြန်းနှင့် ရှင်လန်းနှစ်သက်လှသည်ဖြစ်၍။ ဟဌ္ဌေနစိတ္တေန၊ ကြည်ညိုရှင်လန်း ဝမ်းမြောက်သောစိတ်ဖြင့်။ လောကနာ၀ယကံ၊ သုံးလောကထွဋ်တင် ဘုရားရှင်ကို။ တာ၀ရေသိ ံ၊ တဘက်ကမ်းသို့ ရောက်အောင် ပို့ဆောင်ခဲ့ပါသတည်း။

(c) နဒိယာ ပါရိမတီရေ၊ သိဒ္ဓတ္ထော လောကနာ၀ယကော။
အ၀ါ၀ေသိ မမံ တတ္ထ၊ အမတံ ပါပုဏိ၀ါ၀သိ။ ။

အနက်ကား

(c) နဒိယာ၊ စန္ဒဘာဂမြစ်ကြီး၏။ ပါရိမတီရေ၊ တဘက်ကမ်းတွင်။ လောကနာ၀ယကော၊ သုံးလောကရှေ့ဆောင် ဥသျှောင်သရဖူဖြစ်တော်မူပေသော။ သိဒ္ဓတ္ထော၊သိဒ္ဓတ္ထမြတ်စွာဘုရားသည်။တတ္ထ-တေနပုညေနကမ္မေန၊ ထိုကုံးတို့ပို့ရသော ကုသိုလ်ကံကြောင့်။ အမတံ၊အမြိုက်နိဗ္ဗာန်သို့။ ပါပုဏိ၀ါ၀သိ၊ ဆိုက်ရောက်လတ္တံ့။ ဇုတိ၀တ္ထာ၊ ဤသို့

မိန့်ကြားတော်မူလျက်။ မမံ၊ အကျွန်ုပ်ကို။ အဿာသေသိ၊ စိတ်ရှင်ပြီး၍ နှလုံးချမ်းသာအောင် ကောင်းစွာ နှစ်သိမ့်တော်မူစေသတည်း။

(စ) တမှာ ကာယာ စရိတ္တာန၊ ဒေဝလောကံ အဂစ္ဆံဟိ။
ဒိဗ္ဗသုခံ အနုဘဝိ၊ အစ္ဆရာဘိ ပုရက္ခတောဝ။ ။

အနက်ကား

(စ) အဟံ၊ အကျွန်ုပ်သည်။ တမှာကာယာ၊ ထိုမိကျောင်းကိုယ်အဖြစ်မှ။စရိတ္တာန၊သက်တမ်းကြွေ၍ စုံတေခဲ့သည်ရှိသော်။ဒေဝလောကံ၊ နတ်ပြည်လောကသို့။ အဂစ္ဆိံ၊ သွားရောက်ဖြစ်ပွားခဲ့ရပါသတည်း။ တသ္မိံ၊ ထိုနတ်ပြည်လောကဌ။ အစ္ဆရာဘိ၊ ဖျော်ဖြေခညောင်း နတ်သမီးအပေါင်းတို့ဖြင့်။ ပုရက္ခတောဝ၊ မျှားစွာဝန်းပတ်ခြံရံအပ်သည်ဖြစ်၍။ ဒိဗ္ဗသုခံ၊ နတ်ချမ်းသာကို။ အနုဘဝိ၊ ခံစား စံစားခဲ့ရပါသတည်း။

(ဆ) သတ္တက္ခတ္တုံ စ ဒေဝိန္ဒော၊ဒေဝရဇ္ဇေ မဟာရဝယိ။
တိက္ခတ္တုံ စဂ္ဂဝတ္တိ၊ မဟိယာ ဋ္ဌသရော အဟု။ ။

အနက်ကား

(ဆ) တေနပုညေန၊ ထိုကောင်းမှုကံကြောင့်။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်တိုင်တိုင်။ ဒေဝိန္ဒော၊ နတ်တို့သနင်း သိကြားမင်းသည်၊ ဟုတ္တာ၊ ဖြစ်၍။ ဒေဝရဇ္ဇေ၊ နတ်မင်းကြီးအဖြစ်ကို။ အကာရယိ၊ ပြုခဲ့ရပါသတည်း။ အဟံ၊ အကျွန်ုပ်သည်။ မဟိယာ၊ အလုံးစုံသော မြေအပြင်ကို။ ဋ္ဌသရော၊ အစိုးရသော။ စဂ္ဂဝတ္တိစ၊ စကြာဝဠာတေးမင်းကြီးသည်လည်း။ တိက္ခတ္တုံ၊ သုံးကြိမ်တိုင်တိုင်။ အဟု၊ ဖြစ်ခဲ့ပါသတည်း။

အဆုံးဘဝသို့ ဆိုက်ရောက်ပုံ

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်းသိဒ္ဓတ္ထဘုရားရှင်လက်ထက်တော်ကကုသိုလ်အထူး ဖြည့်ကျင့်ဆည်းပူးခဲ့တဲ့ မိကျောင်းမင်းသည် သုဂတိသံသရာတို့၌သာ ကြိမ်ဘန်များစွာ ကျင်လည်ခဲ့ရပြီးတဲ့နောက် ယခု ရှင်တော်ဘုရား လက်ထက်တော်သို့ရောက်တော့ သာဝတ္ထိပြည်မှာ အမည်အားဖြင့် မထင်ရှားတဲ့ ပုဏ္ဏားတဦး၏သားဖြစ်လာတယ်၊ အမည်မှာတော့

"ဥတ္တိယ"တဲ့၊ ငယ်ရွယ်စဉ်အခါကပင် ပါရမီခေတ်ခံ ရင့်သန်လာခဲ့တဲ့အတိုင်း တရားစရိုက်ဝါသနာဖြင့် လိမ်မာယဉ်ကျေးတဲ့ သတ္တိသားကလေးဖြစ်လာသတဲ့။

အချိန်အရွယ်သို့ရောက်လာတော့ လူတို့၏ဝတ္ထုဖြင့် ပျော်မွေ့ခြင်းမရှိဘဲ မဒို့,မသေ အမြဲနေရတဲ့ အမြိုက်ချမ်းသာကို ရှာမှီးလိုသဖြင့် ပရဝိုဇ် ရဟန်းပြုကာ မြို့ရွာမှရှောင်၍ တောတောင်သို့ ထွက်သွားတယ်၊ ဘုရားရှင်နှင့်မတွေ့ရသေးလို့ သာသနာတော်မှအပ ဗာဟိရဖြစ်တဲ့ ပရဝိုဇ်ရဟန်းအဖြစ်ကို ပြုလုပ်ရတာပေါ့၊ ရှင်တော်ဘုရားနှင့် စောစောစီးစီးက တွေ့ကြုံပါလျှင် ဘယ်မှာ ပရဝိုဇ်ရဟန်းပြုပါမလဲ။

ဘုရားရှင်နှင့် တွေ့ကြုံမှု

ပရဝိုဇ်ရဟန်းဖြစ်ပြီးတဲ့အခါ အရပ်ရပ်သို့လှည့်ပတ်၍နေစဉ် တနေ့သောအခါ ကံအားလျော်စွာ ရှင်တော်ဘုရားနှင့် တွေ့ကြုံပါရော၊ အလိမ်မာဓာတ်ငွေ့နှင့် ပါရမီမျိုးစေ့ ပါသူဖြစ်တဲ့အတိုင်း ဘုရားရှင်ကိုမြင်လျှင် မြင်ခြင်း လွန်မင်းမြတ်နိုးစွာ သဒ္ဓါတရားဖြစ်ပေါ်လာသည်နှင့် ရှင်တော်ဘုရား၏ ခြေတော်စုံကို ခိုလှုံဦးခိုက်ပြီး မဒို့,မသေ အမြဲနေရတဲ့တရားကို ဟောကြားတော်မူပါဘုရား-လို့ လျှောက်ထားတောင်းပန်တယ်။

ဥတ္တိယမထေရ်-ဟု ခေါ်တွင်မှု

ရှင်တော်မြတ်ဘုရားကလဲ ပါရမီအထုံ ပြည့်စုံခဲ့သူ ဖြစ်ကြောင်းကို သိတော်မူသည်နှင့် ဥတ္တိယပရဝိုဇ်အား စရိုက်နှင့်သင့်လျော်တဲ့ တရားကို ဟောကြားတော်မူတယ်၊ တရားတော်မြတ်ကို ကြားနာရတဲ့အခါ စေတနာထက်ထက်နှင့် သာသနာစက်ကို ခိုလှုံလိုသောကြောင့်ဘုရားရှင်ထံမှာ အခွင့်တောင်းပန်ပြီး ရဟန်းပြုလုပ်တယ်၊ ရဟန်းဖြစ်ပြီးတဲ့အခါ ဥတ္တိယမထေရ်ရယ်လို့ ထင်ရှားကျော်စောသွားပါရော။

အားထုတ်သော်လည်း တရားထူးမရ

ရဟန်းအလုပ်ကို အားထုတ်ရန်အလို့ငှါ ဆိတ်ငြိမ်ရာ တော, တောင်သို့ထွက်ပြီး မိမိတတ်စွမ်းနိုင်သမျှ ကြိုးစားပါသော်လဲ ၀၀

ကိစ္စာတွေ ရှုပ်ထွေးနေသဖြင့် တရားထူးကို မရနိုင်ဘဲ ဖြစ်နေသတဲ့၊ ဘယ်အတွက်ကြောင့် တရားထူးကိုမရနိုင်ပါသလဲလို့ဆိုတော့ ပရဝိုဇ်ဖြစ်စဉ်အခါကာလတုန်းက သာသနာတော်မှအပဖြစ်တဲ့ ဗာဟိရစရိုက်ဝါသနာတွေကို မပယ်ခွါနိုင်သောကြောင့်တဲ့၊အလေ့စရိုက်ဆိုတာ စွဲမိစွဲရာ အလွန်စွဲလမ်းတတ်တာမျိုးကလား၊ မှားယွင်းတဲ့ ဝသီစရိုက်တွေ စွဲမြဲနေမှုဖြင့် တရားကောင်း,တရားမှန်နှင့် တွေ့ရပါသော်လဲ နဂိုအလေ့ဝါသနာကြောင့် ဝိစိကိစ္ဆာတွေ လွှမ်းမိုးပြီး ထွေးလုံးရစ်ပတ်ကြီး ဖြစ်နေတတ်တယ်။

အကြီးဖြစ်ပုံ

ဥတ္တိယရဟန်းတော်၏ စိတ်ထဲမှာ ဘယ်လိုအကြီးဖြစ်ပေါ်လာသလဲ ဆိုတော့—

> အခြားရဟန်းတော်များမှာတော့ မကြာမီအတွင်းမှာပင် ရဟန်းကိစ္စ ပြီးဆုံးသွားကြတယ်၊ ငါ့မှာတော့ တတ်စွမ်းသမျှ ကြိုးစားအားထုတ်ပါသော်လဲ ရဟန်းကိစ္စမပြီးဆုံးနိုင်ဘဲ ထွေးလုံးရစ်ပတ်ကြီးဖြစ်နေရတယ်၊ ရှင်တော်ဘုရားထံသို့ကပ်ပြီး ထူးမြတ်တဲ့တရားကို လွယ်ကူစွာနှင့်ရလေအောင် အတိုချုပ်နည်းကို ပေးတော်မူပါဘုရား-လို့ လျှောက်ထားတောင်းပန်မှ သင့်တော့မယ်''။

အဲ-သည်ကဲ့သို့ အကြီးဖြစ်သည်နှင့် ရှင်တော်ဘုရားထံသို့ သွားပြီး အကြောင်းမျိုးစုံကို လျှောက်ထားတယ်။

ဘုရားရှင်မိန့်ကြားပုံ

ထိုအခါရှင်တော်မြတ်ဘုရားက—

''အို-ချစ်သားဥတ္တိယ····သာသနာတော်ရေးနှင့်စပ်ဆိုင်တဲ့ ရဟန်းကိစ္စအလုံးစုံတို့တွင် အကျင့်သီလဟာ အစဆုံးဖြစ်တယ်၊ ပထမဦးစွာ အခြားတရားစုကို အားမထုတ်သေးဘဲ မူရင်းပဓာနဖြစ်တဲ့ အကျင့်သီလကိုသာ စင်ကြယ်စွာအားထုတ်ပေတော့၊ အကျင့်သီလနှင့်ပြည့်စုံခဲ့ပါလျှင် စိတ်နှလုံးငြိမ်သက်စွာနှင့် ဝိစိကိစ္ဆာကင်းရှင်း၍ စိတ်ငြိမ်

ခြင်းဖြစ်သွားလိမ့်မယ်၊ သမာဓိခေါတ်ကိုရတဲ့အခါ ယထာဘူတဉာဏ် အမြင်သန်လျက် မဂ်ဉာဏ်,ဖိုလ်ဉာဏ်များကို ပေါက်ရောက်ရရှိလိမ့်မယ်''။

လို့ မိန့်ကြားဆုံးမတော်မူတယ်။

ဆိုလိုရင်းအဓိပ္ပါယ်

သီလ-ကိုယ်သစ်ကြယ်အောင် ဖြည့်ကျင့်ရမယ်လို့ ရှင်တော်ဘုရား က အချုပ်အားဖြင့် မိန့်ကြားတော်မူသည်မှာ မူရင်းကစပြီး အချိုး ကျကျတည်ထောင်ကာ ပဋိပတ်ကျင့်စဉ်အတိုင်း ဖြောင့်ဖြောင့်မတ်မတ် ကြီး အထက်စခန်းသို့ တက်လှမ်းတော်မူစေလိုတဲ့ ဆန္ဒကြောင့်ပေါ့၊ အကျင့်ပဋိပတ်အမျိုးမျိုးတို့တွင် သီလတရားဟာ မူရင်းပဓာနကြီးဖြစ် ပေတယ်၊ အကျင့်သီလမစင်ကြယ်ပါလျှင် ဘယ်တရားကိုမှ ကြိုးစား အားထုတ်လို့မရနိုင်ဘူး၊ အဲ–သို့အတွက်ကြောင့် မူရင်းပဓာနဖြစ်တဲ့ အကျင့်သီလကိုသာ စင်ကြယ်စွာ ဖြည့်ကျင့်ရမယ်-လို့ မိန့်ကြားဆုံးမ တော်မူတာပေါ့၊

တရားအားထုတ်နေခိုက်တွင် မကျန်းမမာဖြစ်ပုံ

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း ရှင်တော်ဘုရားထံပါးမှအဆုံးမကိုခံယူပြီး ဆိတ်ငြိမ်ရာ တောတောင်သို့ထွက်၍ အကျင့်ပဋိပတ်ဟူသမျှတို့၏ မူလ အာဒိဖြစ်တဲ့ သိက္ခာသီလများကို အထူးသဖြင့်စင်ကြယ်အောင် စောင့် ထိန်းလျက် ဝိပဿနာကမ္မဋ္ဌာန်းကို ပြင်းထန်သောဝီရိယဖြင့် နေ့,ည မယုတ် အားထုတ်ကြိုးစားတော်မူတယ်၊ ဣရိယာပုထ်လေးပါးကို အရေးမထားဘဲ ပြင်းပြင်းထန်ထန် ထက်သန်ပူပင်စွာကြိုးစားတော် မူလေရာ ခေတ်လေးဖြာပျက်ယွင်းလျက် မကျန်းမာခြင်းဖြစ်လာတယ်၊ ထိုအခါ ဥတ္တိယရဟန်းတော်၏စိတ်ထဲမှာ ဘယ်လိုအကြံဖြစ်လာသလဲ လို့ဆိုတော့–

''ဩော်-တရားထူးကို ရနိုင်ဘို့အရေးဆိုတာ အကြောင်းညီ ညွှတ်ဘို့အလွန်ခဲယဉ်းပါကလား၊ကျန်းမာခြင်းဂုဏ်နှင့်လဲပြည့်စုံ ပါမှ အကျင့်သီလလဲ ဖြူစင်ပါမှ, စိတ်နှလုံးလဲ တည်ခိုင်ပါမှ, ပါရမီဓာတ်ခံလဲ ရင့်သန်ပါမှ ကြိုးစားတိုင်းပေါက်ရောက်၍ အထမြောက်နိုင်တယ်။

ယခုအခါ ရှင်တော်ဘုရား၏ဆုံးမချက်အတိုင်း လိုက်နာပြီး အပြင်းအထန် အားထုတ်ကြိုးစားပါသော်လဲ မလွန်ဆန်နိုင်တဲ့ ဗျာဓိတရားကြီးကဘိစိုးနှိပ်စက်လေသဖြင့် အလုပ်ပျက်ရတော့ မလိုလိုဖြစ်နေပေါ့၊ ရောဂါဝေဒနာအတွက် အလုပ်ကိုဖျက်ရမယ်ဆိုတာ လွန်စွာရှက်ဘို့ကောင်းတယ်၊ သည်ဝေဒနာကို ဘဝ့ကြောင့်ဂရုစိုက်ရမလဲ တရားအားထုတ်ရင်း လဲ၍သေချင်သေပလေစေ၊ ဝိရိယအရှိန်ကိုဖြင့် ငါမလျော့တော့ဘူး''။

အဲ-သို့ကလို ကြီစည်တော်မူပြီးကာ ဒုက္ခဝေဒနာကိုပင် အာရုံပြု၍ ရှုဆင်ခြင်ခြင်းသဘောအားဖြင့် အားတိုက်လွှတ်၍ ကြိုးစားတော်မူ လိုက်ရာတွင် မကြာမီအတွင်းမှာပင် ကိလေသာအာသဝေါ ကွာလျှောကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ဆိုက်တော်မူလေသတည်း။

ဥဒါန်းကျူးပုံ

ရဟန္တာဖြစ်တော်မူပြီးတဲ့အခါ ထိုဝေဒနာလဲပျောက်ကင်းသွားပါရောတဲ့၊ ထို့နောက် ဝမ်းမြောက်တော်မူလှသဖြင့် မိမိဖြည့်ကျင့်အားထုတ်ခဲ့တဲ့ ပဋိပတ်များကို ဖွဲ့ဆိုတော်မူကာ ဥဒါန်းဂါထာတပုဒ်ကို သို့ကလို-ကျူးရင့်တော်မူလေသတည်း။

ဥဒါန်းဂါထာ

အာဗာခေ မေ သမုပ္ပန္နော၊ သတိ မေ ဥပပဇ္ဇထ။
အာဗာဓော မေ သမုပ္ပန္နော၊ကာလော မေ နပ္ပမဇ္ဇိတုံ။ ။
(ထေရဂါထာပါဠိတော်)

အနက်ကား

မေ၊ အကျွန်ုပ်၏။ ကာယေ၊ ကိုယ်သန္တာန်အတွင်း၌။ အာဗာဓေ၊ ကိုက်ခဲကျင်နာ ဘေးရောဂါသည်၊ သမုပ္ပန္နော၊ မထနိုင်ဘဲ လဲလှဲမန်းကြမ်းထန်းစွာဖြစ်ပေါ်လာသည်ရှိသော်။ မေ၊ အကျွန်ုပ်အား။ သတိ၊ နောက်သို့မဆုတ် တကယ်တမ်းအားထုတ်မည်ဟု မယုတ်သောသတိ တရားသည်။ ဥပပဇ္ဇထ၊ ဖြစ်ပေါ်၍လာခဲ့လေသတည်း။ မေ၊ အကျွန်ုပ်၏။ ကာယေ၊ ကိုသန္တာန်အတွင်း၌။ အာဗာဓော၊ ထိုးကျင်ကိုက်ခဲ လွန်ကဲကြီးစွာ ဘေးရောဂါသည်။ သမုပ္ပန္နော၊ အလုပ်ပျက်အောင် နှိပ်စက်

ညှင်းပမ်းကာ ဖြစ်ပေါ်၍လာခဲ့ချေပြီ။ မေ၊ ငါ့အား။ ပမဇ္ဇိတုံ၊အလုပ်ကိုလက်လျှော့၍ ပေါ့ပေါ့တော့တော့ မေ့လျှော့၍နေခြင်းငှာ။နကာ-လော၊ အခါမဟုတ်တော့ချေ။ ဣတိ၊ဤသို့။ သတိ၊ ဆင်ခြင်သောသတိ တရားသည်။ ဥပပဇ္ဇထ။ ဖြစ်ပေါ်၍လာခဲ့လေသတည်း။

ဒုတိယ-ဃရ၀ဏ္ဏပြီး၏။
တတိယ၀ဂ်-ဃရာဘာသာပြန်ပြီး၏။

---

(၃၁) ဂ၅ရတီရိယဃရ၀ဏ္ဏ၊

သိဒ္ဓိဘုရားရှင်လက်ထက် အမျိုးသားတဦး

ရုပ်ဓာတ်,နာမ်ဓာတ် ပရမတ်အစုံ ဆူးရစ်ချုံကဲ့သို့ ယှက်ရုံ့ရှုပ်ထွေး ဒုက္ခတွေပေးနေတဲ့ သံသရာကြီးအတွင်းမှ လွတ်ကင်း ထွက်မြောက်လိုတဲ့ အမျိုးသားကလေး တယောက်သည် ရှေးလွန်ခဲ့ပြီးတဲ့ သုံးဆယ့်တက မ္ဘာထက်၌ သိဒ္ဓိရှင်တော်မြတ်ဘုရား ထင်ရှားပွင့်တော်မူစဉ်အခိုက်တွင် လူ့ဘုံလောကမှာ လူဖြစ်လို့လာခဲ့တယ်။

ကံအကြောင်းမလှ၍ မုဆိုးလုပ်ရပုံ

ထိုအခါ အကြောင်းအခွင့် မသင့်မလျော်တဲ့အတွက် ကောင်းမွန်မြင့်မြတ်တဲ့ အသက်မွေးမှု အလုပ်များကို မလုပ်မကိုင်ရဘဲ တောတောင်အမျိုးမျိုးသို့ သွားရောက်တိုးလျှိုး၍ မုဆိုးအလုပ်ဖြင့် လုပ်ကိုင်စားသောက်ခါ နေထိုင်ရတယ်၊ မုဆိုးအလုပ်ဆိုတာ လူ့ပြည်လောကအတွင်းမှာအလွန်ညံ့ဖျင်း၍ ဒုစရိုက်တရားတို့ကို အများဆုံး ဖြစ်စေနိုင်တဲ့ အလုပ်ဆိုးကြီးပေါ့၊တောကြို, တောင်ကြားမှာသာကျက်စားလို့ နေရတဲ့အတွက် မုဆိုးတို့သန္တာန်မှာ ဥဏ္ဍာပညာဆိုတာလဲ ဘယ်မှာရှိနိုင်ပါတော့မလဲ။

တရားသဘင်သို့ မုဆိုးဆိုက်ရောက်ပုံ

တနေ့သောအခါ သိဒ္ဓိ-ရှင်တော်မြတ်ဘုရားသည် မြို့ရွာနှင့်မနီးသော တောအုပ်ကြီးတခုအတွင်း၌ စည်းဝေးရောက်လာကြတဲ့ နတ်ပေါင်းများစွာတို့အား သာယာသောအသံဖြင့် ဓမ္မကထာဒေသနာ

အမြိုက်တရားကို ဟောကြားလို့နေတော်မူတယ်၊ ထိုအခါ ပြဆိုခဲ့ပြီးတဲ့ တောသွားမုဆိုးသည် လေး,မြှားကိုထမ်းပြီး တောစခမ်းလှည့်လည်လာခဲ့ရာ ထိုတရားပွဲကြီးပြုလုပ်ရာဌာနသို့ ကံကုသိုလ်အခွင့် ကြုံကြိုက်သဖြင့် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာပါရော၊ ခပ်လှမ်းလှမ်းကပင် နားဝင်ချိ၍ ကြည်ညိုဘွယ်ကောင်းတဲ့ အသံတော်များကိုကြားရတော့ ရှေ့သို့ခြေမလှမ်းဘဲ ရပ်တန့်ကာ နားစိုက်လို့နေလိုက်တယ်။

မုဆိုးအကျွတ်တရားရပုံ

အသံတော်ကို ကြည်ညိုခြင်း သဒ္ဓါတရားတိုးပွားလာသည်နှင့် ရှေ့သို့တဘန် ခပ်မြန်မြန်လှမ်း၍ လာခဲ့လေရာ သစ်ပင်ရင်းတခုမှာတင့်တယ်စွာ စံတော်မူလျက် နတ်အများတို့အား တရားဟောနေတဲ့ သိဒ္ဓိဘုရားရှင်ကို တွေ့မြင်ရတယ်၊ အသံတော်ဓာတ်က ဆွဲသဖြင့် အလွန်မိုက်မဲတဲ့ မုဆိုးကလေးရဲ့ သန္တာန်မှာ ကြည်ညိုခြင်း သဒ္ဓါတရားတွေဖြစ်ပွားလာတာပေါ့၊ ဘုရားရှင်နှင့်မနီးမဝေးအရပ်မှာ လေးနှင့်မြှားကိုချပြီး ရှိသေစွာထိုင်နေလျက် အသံတော်ကိုကြည်ညိုမြတ်နိုးစွာ နားစိုက်နေတယ်၊ တရားတော်အဓိပ္ပါယ်ကိုတော့ ဘယ်မှာသိနိုင်ပါမလဲ၊ သူ၏သန္တာန်မှာ ဥဏ္ဍာပညာဓာတ်ခံက မရှိဘဲကိုး။

တရားတော်ပြီးဆုံးသည့်တိုင်အောင် မတုန်မလှုပ် ငုတ်တုတ်ထိုင်ကာ ကြားနာပြီးနောက် တရားပွဲပြီးဆုံး၍ ထိုနေရာမှ ထလာခဲ့ရာ ဘုရားရှင်၏ အသံတော်များဟာ နားထဲကမထွက်သလိုလိုပင် တသက်လုံး စွဲလမ်းနေသတဲ့၊ အသံတော်ကို ကြည်ညိုခြင်းသဒ္ဓါ တရားကနှိုးဆော်တိုက်တွန်းကာ သွေးဆောင်သဖြင့် သူတော်ကောင်းစရိုက်တွေဖြစ်ပွား၍လာခဲ့ရာ ထိုအခါကစ၍မုဆိုးအလုပ်ကိုဖြုတ်ပြီး ကောင်းမွန်သန့်ရှင်းတဲ့ အသက်မွေးခြင်းတို့ဖြင့်သာ အသက်ဆုံးသည့်တိုင်အောင် နေထိုင်လို့သွားသတဲ့။

ဘဝအဆက်ဆက်

အသက်အတိုင်းနေ၍ စုတေတဲ့အခါ တာဝတိ$ သာနတ်ပြည်မှာ နတ်ချမ်းသာကိုခံစားလို့နေရတယ်၊ထိုနတ်ဘဝကအစပြုပြီး ယခုဘုရား

ရှင်လက်ထက်တော်သို့ဟိုင်အောင် သုဂတိသံသရာတို့၌သာများစွာကျင်လည်ခဲ့ရတယ်၊ အသံတော်ကိုကြည်ညိုခဲ့ရတဲ့ ကုသိုလ်ဟာ လွန်စွာအကျိုးပေး ဖြောင့်သွားတာပေါ့။

(က) မိဂလုဒ္ဓေါ ပုရေ အာသိ၊ အရညေ ဝိစရံ အဟံ။
အဒ္ဒသံ ဝိရဇံ ဗုဒ္ဓံ၊ ဒေဝသယ်ပုရက္ခတံ။ ။

အနက်ကား

(က) အဟံ၊ အကျွန်ုပ်သည်။ ပုရေ၊ ရှေးလွန်ခဲ့သော သုံးဆဲ့တကမ္ဘာထက်၌။ မိဂလုဒ္ဓေါ၊ သားသမင်တို့ကို မကျင်မနာပြစ်ခတ်၍ စားသော တောသွားမုဆိုးသည်။ အာသိ၊ ဖြစ်ခဲ့ပါသတည်း။ ဧကဒါ၊ တရံသောအခါ၌။ အရညေ၊ တောတောင်အတွင်း၌။ဝိစရံ-ဝိစရန္တော၊ လှည့်လည်သွားလာ၍နေစဉ်။ ဒေဝသယ်ပုရက္ခတံ၊ နတ်ပေါင်းများစွာတို့ဖြင့် ခြီရံအပ်သော။ ဝိရဇံ၊ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးတော်မူသော။ ဗုဒ္ဓံ၊ သိဒ္ဓိရှင်တော်မြတ်ဘုရားကို။ အဒ္ဒသံ၊ ကံကောင်းထောက်ပင့်၍ အခွင့်တော်စွာ ဖူးမြင်ရပါသတည်း။

(ခ) စတုသစ္စံ ပကာသေန္တံ၊ ဒေသေန္တံ အမတံ ပဒံ၊
အဿောသိ မဂုရံ ဓမ္မံ၊ သိဒိနော လောကဗန္ဓုနော။ ။

အနက်ကား

(ခ) စတုသစ္စံ၊ သစ္စာလေးရပ် တရားမြတ်ကို။ ပကာသေန္တံ၊ ထင်ရှားစွာဟော်ပြလျက်။ အမတံပဒံ၊ အမြိုက်နိဗ္ဗာန်တရားကို။ ဒေသေန္တံ၊ ဟောကြားတော်မူနေသော။ ဗုဒ္ဓံ၊ သိဒ္ဓိဘုရားရှင်ကို။ ဒိဿာ၊ ဖူးမြင်ရပြီးသည်ရှိသော်။ လောကဗန္ဓုနော၊ တလောကလုံးတို့၏ အဆွေတော်ကြီးဖြစ်တော်မူပေသော။ သိဒိနော၊ သိဒ္ဓိမည်တွင် ဘုရားရှင်၏။ မဂုရံဓမ္မံ၊ ချီမြတ်သောတရားတော်သံကို။ အဿောသိ၊ သဒ္ဓါစိတ်ရှင်ရှင်နှင့်ကြည်လင်စွာကြားနာခဲ့ရပါသတည်း။

(ဂ) ယောသေ စိတ္တံ ပသာဒေသိ၊ အသမေ အပ္ပဋိပုဂ္ဂလေ။
တတ္ထ စိတ္တံ ပသာဒေတ္မာ၊ အတရိ ဥတ္တရိ ဘဝံ။ ။

အနက်ကား

(ဂ) ဒေသမေ-အသမယ၊ တုဘက်မရှိသော။ အပ္ပဋိပုဂ္ဂလေ-အပ္ပဋိပုဂ္ဂလဿ၊ တုပြိုင်ဘွယ်ပုဂ္ဂိုလ်တို့မှ ကင်းဝေးသော။ သိဒ္ဓိနော၊ သိဒ္ဓိဘုရားရှင်၏။ ယောသော၊ ချီမြှင့်သောအသံတော်မြတ်၌။ အဟံ၊ အကျွန်ုပ်သည်။ ပသာဒေသိ'၊ တင်းမတိမ်ဘဲ စွဲမြဲနှစ်လိုစွာ ကြည်ညိုခဲ့ပါသတည်း။ တတ္တ၊ ထိုချီမြှင့်ကောင်းမြတ် အသံဓာတ်၌။ စိတ္တံ၊ သဒ္ဓါယိုဖိတ်ကုသိုလ်စိတ်ကို။ ပသာဒေတ္တာ၊ ကြည်ညိုစေခဲ့ခြင်းကြောင့်။ ဥတ္တရိ'ဘဝံ၊ မြင့်မြတ်သောနတ်ဘဝသို့။ အတရိ'၊ ကူးပြောင်းဖြစ်ပွားခဲ့ နတ်စည်းစိမ်ခံစားခဲ့ရပါသတည်း။

(ဃ) ကေတိ'သေ ဇုတောကပ္ပေ၊ ယံ ပုညမလဘိ' တဒါ။
ဒုဂ္ဂတိ' နာဘိဇာနာမိ၊ ယောသေ သညာယိဒံ ဖလံ။

အနက်ကား

(ဃ) ဇုတော၊ ဤဘဒ္ဒကပ်ကမ္ဘာမှ။ ကေတိ'သေကပ္ပေ၊ လွန်ခဲ့သော သုံးဆဲ့တကမ္ဘာထက်၌။ အဟံ၊ အကျွန်ုပ်သည်။ ယံပုညံ၊ အကြင်ကုသိုလ်အထူးကို။ အလဘိ'၊ ရရှိခဲ့လေပြီ။ တဒါ-တေနပုညေန၊ ထိုကုသိုလ်ကံအထူးကြောင့်။ ဒုဂ္ဂတိ'၊ ဘဝလေးသွယ် အပါယ်ခေါ်ဘိ ဒုဂ္ဂတိကို။ နာဘိဇာနာမိ၊ တရံတခါမှမကြားမသိရခဲ့စကားပါ။ ဇုဒံ၊ ဤသို့ဒုဂ္ဂတိဘေးနှင့် ကင်းဝေးခဲ့ရခြင်းသည်။ ယောသေ၊ ချီမြှင့်လွှစွာ သာယာထူးမြတ် အသံဓာတ်၌။ သညာယ၊ အမှတ်ပြုခါကြားနာကြည်ညိုရခြင်း၏။ ဖလံ၊ အကျိုးထူးအမှန်ပေတည်း။

အဆုံးဘဝသို့ဆိုက်ရောက်ပုံ

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း အသံတော်ကို ကြည်ညိုစွာ စွဲလမ်းတဲ့ကုသိုလ်ကံစေတနာကြောင့် သုဂတိသံသရာတို့၌သာ များစွာ ကျင်လည်ခဲ့ရပြီးတဲ့နောက် ယခုရှင်တော်ဘုရား လက်ထက်တော်သို့ ရောက်လာတော့ သာဝတ္ထိပြည်တွင် ပုဏ္ဏားမျိုးမှာ အမျိုးသားကလေးဖြစ်လာခဲ့တယ်၊ အမည်သည်မှာတော့ အဂ္ဂိဒတ္တ တဲ့၊ မိုးနတ်ကို ပူဇော်၍ ရရှိတဲ့သားဖြစ်သောကြောင့် အဂ္ဂိဒတ္တရယ်လို့ မိဘများက အမည်ပေးကြသတဲ့။

ဂေါတမဘုရား၏တန်ခိုးပြာဋိဟာပြဋိ

အစဉ်သဖြင့် ကြီးပွားခဲ့၍ သိ,ကြား တတ်မြောက်အရွယ်သို့ရောက်လာတော့ သာဝတ္ထိနေပြည်တော်ကြီးမှာ ရှင်တော်ဘုရား ကိုယ်တော်တိုင် တိတ္ထိအသင်းကို နှိပ်နင်းတော်မူခြင်းငှာ တန်ခိုး ပြာဋိဟာပြဋိကြီးကို ပြုလုပ်ကျင်းပတော်မူတယ်၊ ဘုန်းတော်ကြီးလှသော ဘုရားရှင်သည် ခြောက်ဝါအလွန် ခုနစ်ဝါမြောက်တွင် သာဝတ္ထိ နေပြည်တော်ကြီး၏ မြောက်တံခါးအထွက် သရက်ဖြူပင်ကြီး၏ အထက်မှာ ရတနာစင်္ကြီကြီးကို ဖန်ဆင်းပြီး ရေမီးအစုံအစုံ တန်ခိုးဂုဏ်အနန္တတို့ကို ပြတော်မူတယ်၊ ထိုယမိုက်ပြာဋိဟာ ပွဲတော်ကြီးဟာ ယခုဘုရားရှင် လက်ထက်တော်မှာ အကြီးကျယ်ဆုံးဖြစ်တဲ့ ပွဲတော်ကြီးပေပေါ့။

အဂ္ဂိဒဏ္ဍရဟန်းပြုပုံ

ရေမီးအစုံအစုံ တန်ခိုးတော် ဂုဏ်တွေ ဖူးမြင်ကြရသဖြင့် မရေမတွက်နိုင်တဲ့ လူ,နတ်,ဗြဟ္မာ သတ္တဝါတွေဟာ တအံ့တသြော ကုသိုလ်ဇောကွန့်မြူးပြီး ကြည်နူးနှစ်မြိုက်စွာ ကျွတ်တမ်းသို့ဝင်ကြတယ်၊ ပြဆိုခဲ့တဲ့ အဂ္ဂိဒတ္တ သတ္တိသားသည် ထိုယမိုက်ပြာဋိဟာပွဲကြီးနှင့် တွေ့ကြုံလေရာ သဒ္ဓါတရား အတိုင်းထက်အလွန် ဖြစ်ပွားသဖြင့် လူတို့ဘောင်မှ လူ့ဝတ်ကြောင်ကို စွန့်ပြီး သာသနာတော် ဘောင်မှာ ရဟန်းပြုလုပ်သွားတယ်။

ရဟန်းပြုပြီးတောထွက်ပုံ

ရဟန်းဖြစ်ပြီးတဲ့အခါ လူသံ,သူသံ ဆူညံမြဲမ့ဲသဲတဲ့ အရပ်ဌာနမှာ မနေထိုင်ဘဲ အလွန်ဆိတ်ငြိမ်ခေါင်းပါးတဲ့ တောကြီး အတွင်းမှာ သီတင်းသုံး နေထိုင်တော်မူတယ်၊ ထိုတောကြီးဟာလဲ မြစ်ဆိပ်ကမ်းပါးနှင့် နီးသတဲ့၊ထိုတောကြီး၏ အမည်ကိုတော့ ဂဝ္ဂရတိရိယ-ရယ်လို့ ခေါ်တယ်၊ ဌာနုပစာရအားဖြင့် ထိုရဟန်းတော် အရှင်မြတ်ကိုလဲ ထိုတောကြီး အတွင်းမှာ သီတင်းသုံးတော်မူတဲ့ အခါကစပြီး ဂဝ္ဂရတိရိယ မထေရ်ရယ်လို့ ခေါ်ဝေါ်ကြတယ်။

ရဟန္တာဖြစ်ပုံ

ထိုတောကြီး အတွင်းမှာ ဆိတ်ငြိမ်စွာ နေထိုင်တော် မူလျက် ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်တော်မူလေရာ ကိလေသာ

အာသဝေါ ကွာလျှောကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။

ဆွေမျိုးအပေါင်း ချီးမြှင့်ရန်သာဝတ္ထိမြို့သို့ကြွလာပုံ

ရဟန္တာဖြစ်တော်မူပြီးတဲ့အခါ ဆွေမျိုးဥာတိ အပေါင်းတို့အား ကောင်းစွာ ချီးမြှင့်တော်မူလိုသဖြင့် သာဝတ္ထိနေပြည်သို့ ပြန်လည်ကြွရောက်တော်မူလာရာ ဆွေမျိုးဥာတကာ အပေါင်းတို့က ထိုမထေရ်မြတ်ကြီးကို အကြောင်းပြုပြီး အလှူပွဲကြီး အမျိုးမျိုးတို့ကို အားကြိုးမာန်တက် ဆောင်ရွက်ပြုလုပ်ကြတယ်။

ပြန်ကြွရန် ခွင့်ပန်ခြင်းကို မကြွရန်တားမြစ်ပုံ

ထိုမထေရ်မြတ်ကြီးသည် ဆွေမျိုးဥာတိအပေါင်းတို့အား ကုသိုလ်တရား ပွားများစေရန် သုံးလေးရက် ချီးမြှောက်ပြီးတဲ့နောက် လူဘို့ဖြင့် ပြိုးပြမ်းတဲ့ မြို့ရွာအတွင်းမှာ ငြိုးငွေ့တော် မူလှသည်နှင့် မိမိနေထိုင်ရာဖြစ်တဲ့ တောကြီးသို့ ပြန်ကြွတော်မူရန် အရေးနှင့် ဆွေမျိုးဥာတိများကို ပန်ကြားတော်မူတယ်၊ ထိုအခါ ဆွေမျိုးဥာတိအပေါင်းတို့က မထေရ်မြတ်ကြီး၏ ကြွတော်မူခြင်းကို အလိုမရှိကြသဖြင့်၊

> "အရှင်ဘုရား....ဤသာဝတ္ထိ မြို့တော်မှာပင် သီတင်းသုံးနေထိုင်တော်မူပါ၊ အရှင်မြတ်ကို အမှီပြု၍ တပည့်တော်များ မှာလဲ ကုသိုလ်တရားပွားကြရပါတယ်၊ တောတောင် ဆိုသည်မှာ ဘေးရန်အန္တရာယ် လွန်စွာများလှပါတယ်ဘုရား၊ ခြင်္သေ့, သစ်,ကျား ကြီးမားတဲ့ သတ္တဝါများတွေ မဆိုထားဘိ ခြင်, မှက်, အစရှိတဲ့ ဘေးရန်ကလေးကိုပင် ပေါများလှ ပါတယ်ဘုရား၊ ဆွေမျိုးဥာတကာ အပေါင်းတို့အား သနားချီးမြှင့်တော်မူပါသဖြင့် ဤသာဝတ္ထိမြို့တော်မှာပင် ရှည်ကြာလေးမြင့်စွာ သီတင်းသုံးတော်မူပါဘုရား"–

လို့ လျှောက်ထားကြတယ်။

ပြန်ကြားမိန့်ဆိုပုံ

ထိုအခါ ရဟန္တာမြတ်ကြီးက–

"အို-ဆွေမျိုးဥာတိအပေါင်းတို့....လူသံ,သူသံတို့ဖြင့် ဆူညံပြီးပြွမ်းရှိနေတဲ့ မြို့ရွာအတွင်းမှာ ငါ၏ စိတ်များဟာ မပျော်မမွေ့ ငြီးငွေ့လို့သာနေတယ်၊ လူသူဆိတ်ကင်းတဲ့ တောတောင်အတွင်းမှာသာ မငြီးမငွေ့ ပျော်မွေ့ နှစ်ခြိုက်တယ်၊ တောတောင်မှီတင်းရှိ နေထိုင်ခြင်း အလေ့ကိုလဲ ရှင်တော်ဘုရားလဲ များစွာချီးမွမ်းတော်မူတယ်၊ ခြင်,မှက် တို့၏၊ ကိုက်ခဲခြင်းဆိုတဲ့ဘေးဟာ အရေးမပြုလောက်ပါဘူး၊ အချင်းချင်းတွေ့ဆိုင်၍ စစ်ပြိုင်ကြတဲ့အခါ တဦးကချီတက်သွားတဲ့ စစ်ဆင်ကြီးသည် ဘေးရန်အရှုပ်အထွေးကို အလေးမပြုဘဲ သည်းခံဘိသကဲ့သို့ တောတောင်အတွင်းမှာ နေထိုင်တဲ့ ရဟန်းများဟာလဲ တောနှင့်ဆိုင်တဲ့ဘေးရန်အမျိုးမျိုးကို အလေးမပြုဂရုမစိုက်ဘဲ သည်းခံကြရတယ်"။

အဲ-သို့ကလို မိန့်ဆိုတော်မူပြီး ဆွေမျိုး ဥာတိအပေါင်းတို့အား အကြောင်းပြုဂါထာတပုဒ်ကို သို့ကလို ဟောကြားတော် မူလေသတည်း။

ဖုဋ္ဌော ဘုံသေဟိ မဏ္ဍေဟိ၊ အရညသ္မိं ဗြဟာဝနေ။
နာဂေါ သံဂါမသီသေဝ၊ သတောတြိာမိဝါသယေ။
(ထေရာဂါထာပါဠိတော်)

အနက်ကား

ဘာဘန္တေ၊ အို-ဆွေမျိုးဥာတိအပေါင်းတို့။ သံဂါမသီသေ၊ စစ်မြေပြင် စစ်တပ်ဦးဌ။နာဂေါ၊ ရှေ့ဆုံးကချီတက်သော စစ်ဆင်ကြီးသည်။ နာနာဘယဝေရာနိ၊ ဘေးရန်အမျိုးမျိုးတို့ကို။အဓိဝါသတိ ဇာ၀ ၊ အလေးမပြုဘဲသည်းခံလေဘိသကဲ့သို့။ တထာ၊ ထို့နည်းတူစွာ။ ဗြဟာ၀နေ၊ တောတောင်အပြန့်ကျယ်ဝန်းလှစွာသော။ အရညသ္မိं၊ တောကြီးအတွင်းဌ။ ဘုံသေဟိ၊ ခြင်တို့ဖြင့်။ မဏ္ဍေဟိ၊ မှက်တို့ဖြင့်။ ဖုဋ္ဌော၊ ကိုက်ခဲအပ်ပါသော်လည်း။ တတြ၊ ထိုတောတောင် အတွင်းဌ။ သတောဝ၊

သတိတရားလက်ကိုင်ထားလျက်။ အဓိဝါသယေ၊ ဘေးအစုကို အလေးမပြုဘဲ သည်းခံရာသတည်း။

ဂဒ္ဒရတိရိယထေရဝတ္ထုပြီး၏။

၃၂-သုပ္ပိယထေရဝတ္ထု

ပဒုမုတ္တရဘုရားလက်ထက်ဝရဏပုဏ္ဏားသူကြွယ်

ကိလေသာတည်း-ဟူသော လိုင်းဂရက်တို့ဖြင့် ပွက်ပွက်ရိုက်ခြောင်းလျက် ဘေးရန်အပေါင်းတို့၏ စုဝေးရာ သံသရာပြင်ကျယ် ပင်လယ်သမုဒ္ဒရာကြီးအတွင်းမှ လွတ်ကင်းလိုတဲ့ ဆန္ဒနှင့် နိဗ္ဗာန်မဂ္ဂတ်ကြီးကို ရှာမှီးနေတဲ့ အမျိုးသားကလေး တယောက်သည် ရှေးလွန်ခဲ့ပြီးတဲ့ ကမ္ဘာတသိန်းအခါ ပဒုမုတ္တရရှင်တော်ဘုရား ထင်ရှားပွင့်တော်မူတဲ့ အခိုက်တွင် ဝရဏ အမည်ရှိတဲ့ ပုဏ္ဏားသူကြွယ်ကြီး ဖြစ်ခဲ့တယ်၊ ထိုပုဏ္ဏားကြီးဟာ ပစ္စည်းဥစ္စာလဲ ပြည့်စုံ, ဗေဒင်သုံးပုံကိုလဲတတ်, အမျိုးကလဲ မြင့်မြတ်, အရပ်ရပ် လောကီဂုဏ်နှင့် ပြည့်စုံထင်ရှားတဲ့ ပုဂ္ဂိုလ်ကျော်ကြီး တပါးပေပေါ့၊ အားကိုးလောက်တဲ့ သားဆယ်ယောက်လဲရှိတယ်။

ပုဏ္ဏားကြီးသံဝေဂဖြစ်ပုံ

အသက်အရွယ်ကြီးရင့်လာတဲ့ အခါ ထိုပုဏ္ဏားကြီးရဲ့ သန္တာန်မှာ သံဝေဂဥဏ် ဘယ်လိုဖြစ်ပေါ်လာသလဲလို့ ဆိုတော့ သည်လိုတဲ့။

> "သြော်-လူတို့ဘောင်မှာ လူဝတ်ကြောင်နှင့် နေထိုင်ခဲ့တာ နှစ်လတွေအပုံကြီးကြာခဲ့ပေါ့၊ လူတို့နှင့်ဆိုင်တဲ့ လောကီရေး သားကျွေးမှု,မယားကျွေးမှုတို့ကိုသာ ဂရုစိုက်ပြီး ဥစ္စာပစ္စည်းရှာမှီးစုဆောင်းခြင်းအလုပ်ဖြင့်သာနေ,ရက်တွေကုန်ခဲ့ရတယ်၊ မိမိသန္တာန်မှာ သူတော်ကောင်းတရား ပွားများတည်ထောင်မှု အလုပ်ကိုတော့ အားမထုတ်ခဲ့ရသေးဘူး၊ သည်လိုလောကီရေးထဲမှာသာ ဘဝတုံးရ၍ အသက်ဆုံးခဲ့ပါလျှင် ရှုံးခြင်းကြီးရှုံးတော့မှာအမှန်ဘဲ၊ ပစ္စည်းဥစ္စာများနှင့်တကွအားကိုးလောက်တဲ့ သားဆယ်ယောက်ကို စွန့်ပြီးကိုယ်ကျိုးကိုယ်စီးပွားဖြစ်ထွန်းလေအောင် တောတောင်သို့ထွက်ခွါ၍ ရသေ့ရဟန်းပြုလုပ်ခါနေမှသာ သင့်တော့မယ်"။

ရသေ့လုပ်ပြီးတောထွက်မုံ

အဲ-သို့ကလို အကြံဖြစ်ပြီးတဲ့ နောက် သားဆယ်ယောက်နှင့် တကွ ပစ္စည်းဥစ္စာတွေကို စွန့်ပြီး တောထွက်သွားတယ်၊ တောတောင်အတွင်းသို့ ရောက်တော့ သင့်လျော်လျောက်ပတ်တဲ့ ဌာနမှာ မွေ့လျော်ဘွယ်ကောင်းတဲ့ သစ်မ်းကျောင်းကလေး တခုဆောက်ပြီး ပျော်ပျော်မွေ့မွေ့ ရသေ့အဝတ်နှင့် နေထိုင်တယ်။

ရသေ့ကြီးထံ၌ ကြွ၍တန်ခိုးပြမုံ

တနေ့တောအခါ ပဒုမုတ္တရရှင်တော်မြတ် ဘုရားသည် ချီးမြှောက်ထိုက်တဲ့သူများကို ရှုစားတော်မူသည်တွင် ထိုဝရုဏရသေ့ကြီးကို မြင်ပါရော၊သတ္တဝါအများကိုသနားချီးမြှောက်တော်မူလိုတဲ့ဆန္ဒဖြင့်ဝရုဏရသေ့ကြီးနေတဲ့တောအတွင်းသို့ ရှင်တော်ဘုရားတပါးထည်းကောင်းကင် ခရီးဖြင့် ကြွတော်မူလာတယ်၊ ထိုတောကြီးအတွင်းသို့ ဆိုက်ရောက်တော်မူတဲ့အခါရသေ့ကြီးကို အကြည်ညိုသဒ္ဓါတရား တိုးပွားစေလိုတဲ့အတွက် တတောလုံးထိန်ထိန်တောက်အောင်ရောင်ခြည်တော်ခြောက်ဆိုင်ကို အပြိုင်အပြိုင်လွှတ်တော်မူတယ်။

ရသေ့ကြီးအတိုင်းမသိအံ့ဩလျက်ကြံစည်မုံ

တောအနှံ့ တောင်အနှံ့ တအံ့တသြ ပြောလို့မပြီးနိုင် စဘွယ်ဆန်းကြယ်ထူးမြတ်တဲ့ ရောင်ခြည်တော်တွေကို ရသေ့ကြီးမြင်တော့—

"သြော်-သည်ယနေ့ တယ်ထူးဆန်းပါကလား၊ တတောလုံးထိန်ထိန်တောက်နေတယ်၊ သည်လိုအရောင်မျိုးတွေကို ရှေးကမမြင်စဘူး ထူးမြတ်တဲ့ပုဂ္ဂိုလ်များ သည်တောတောင် အတွင်းသို့ဆိုက်ရောက်တော်မူလေသလားမသိ"။

အဲ-သို့ကလို ကြံစည်ပြီး ထိုထိုဌာ်ဌာ် ရှုစားလေသည်တွင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို တွေ့မြင်ပါရော၊ မြင်သည်နှင့်တပြိုင်နက် အတိုင်းထက်အလွန် ကြည်ညိုလှသဖြင့် ရှင်တော်ဘုရား၏ ထံတော်ပါးသို့ကပ်ပြီး လေးလေး မြတ်မြတ် ဦးညွှတ်၍ ရှိခိုးပူဇော်တယ်။

ဘုရားရှင်အားသစ်သီးလှူဒါန်းပုံ

ထို့နောက် မိမိတတ်စွမ်းသမျှ လှူဒါန်းလိုတဲ့ ဆန္ဒကြောင့် တော တောင်အတွင်းသို့ လှည့်လည်ကာ အနုံ့အရသာနှင့် ပြည့်စုံတဲ့ သစ်သီး အမျိုးမျိုးတွေကို ခူးပြီးသန့်ပြန့်သော ဖက်ဖြင့်ထုပ်လျက် မိမိအားအ စွမ်းဖြင့် တအားကုန်ထမ်းပြီး ဘုရားရှင်ထံသို့ ပြန်လာတယ်၊ ထမ်းပိုး ဖြင့် ထမ်းဆောင်လာတဲ့ သစ်သီးထုပ်ကြီးကိုထက်သန်သော စေတနာ ဖြင့် ဘုန်း ပေးသုံးဆောင်တော်မူပါ ဘုရားလို့ လျှောက်ထားကာ လှူဒါန်းတဲ့ ရှင်တော်ဘုရားက ဝရဏရသေ့ကြီးအား ကုသိုလ် တရား အတိုင်းထက်အလွန်ကိုးပွားစေလိုသဖြင့်—

"အို-ရသေ့ကြီး ဖက်တို့ဖြင့် ထုပ်လာတဲ့ သစ်သီးတွေဟာ လွန်စွာ များပါကလား၊ သင်၏ စေတနာသည် လွန်စွာထက်မြက်ပေစ၊ သင် လှူဒါန်းတဲ့ သစ်သီးမျိုးစုံတွေကို ငါဘုရားတပါးဟည်း ပသုံးဆောင်ဘဲ သံဃာတော်အများနှင့် မျှတအောင်ဝေဘန်၍ သုံးဆောင်တော်မူမယ်၊ သစ်သီးထုပ်ကြီးကိုထမ်းပြီး ငါ့နောက်တော်ကပို့ကပ်ပေတော့"--

လို့အပိန့်ရှိတော်မူတယ်။

ဘုရားကျောင်းတော်သို့သစ်သီးလိုက်ပို့ပုံ

သည်အပိန့်တော်စကားကို ကြားတော့ ဝရဏရသေ့ကြီးမှာ အား တက်သရော ကုသိုလ်ဇောထက်သန်စွာနှင့် သစ်သီးထုပ်ကြီးကိုထမ်း ပြီး သံဃာတော်များ သီတင်းသုံးရာ ဌာနသို့ကပ်ရောက်အောင် ဘုရားရှင် ၏နောက်က ဝမ်းမြောက်ဝမ်းသာ လိုက်ပါသွားတယ်၊ သံဃာတော် အပေါင်းတို့ သီတင်းသုံးရာ ဌာနသို့ ရောက်တော့ ရဟန်းကြီးလှူဒါန်း တဲ့ သင်သီး တွေကို ရှင်တော်ဘုရားကိုယ်တော်ကိုင် သံဃာတော်များနှင့် တကွ ဝေဖြိုမ်းပြီး ဒိန်ခိုနှစ်ရက်ရက်နှင့် မျှတစွာ သုံးဆောင်တော်မူ တယ်၊ ရဟန်းကြီးအား အတူးသဖြင့် ချီးမြှင့်တော်မူလိုက်ထားပေါ့။

ဒိတ်နှလုံးရှင်မြီးနှစ်သက်ပုံ

ဂိုဒိုဒါနိုးတဲ့ သစ်သီးတွေကို ဒိန်ခိုနှစ်ရက်ကြာစွာ ဘုဉ်းပေးသုံးဆောင် ကျော်ရှုကြပုံများကို မြင်ရတော့ ရဟန်းကြီး၏ စိတ်နှလုံးမှာ တရှင်ရှင်

တပြုံးပြုံးနှင့် ကုသိုလ်စိတ်တွေ ဖြစ်မဆုံးနိုင်အောင် လှိုင်နေသတဲ့၊ မိမိလှူဒါန်းခဲ့ရတဲ့ ဒါနစေတနာကို မမေ့နိုင်ဘဲ မိမိနှလုံးထဲမှာကျောက်စာအရေးအသားကဲ့သို့ သက်ဆိုးတိုင်အောင် မြဲခိုင် တည်တံ့လို့နေတယ်၊ သေခါနီးမှာ အများကြီးကျေးဇူးပြုမဲ့ ကုသိုလ်ထူးပေပေါ့။

ဘဝအဆက်ဆက်

အသက်အဘိုင်းနေ၍ စုတေသွားတော့ တုသိတာနတ်ပြည်မှာ ကြီးကျယ်မြင့်မြတ်တဲ့နတ်ချမ်းသာများကို ခံစားစံစားရတယ်၊ ထိုနတ်ဘဝက အစပြုပြီး ယခုရှင်တော်ဘုရားလက်ထက်တော်သို့ တိုင်အောင် များသောအားဖြင့် သုဂတိသံသရာတို့၌သာ ကျင်လည်ခဲ့ရတယ်၊ ဖြစ်လေရာဘဝတိုင်းမှာ သူတကာတို့ထက်ထူးချွန်ပြီး မွန်မြတ်ထူးဆန်းတဲ့ အကျိုးဝိသေသများကို ခံစားခဲ့ရတယ်။

(က) ဝရုဏောနာမ နာဂေမန၊ ဗြာဟ္မဏော မန္တ္တပါရဂူ။
ဆဠင်္ဂတ္တာ ဒသ မေ ပုတ္တော၊ ဝနမဇ္ဈောဂမိ တဒါ။ ။

အနက်ကား

(က) အဟံ၊အကျွန်ုပ်သည်။ ပုဗ္ဗေ၊ ရှေးလွန်ခဲ့ပြီးသောကမ္ဘာတသိန်းထက်၌။ မန္တ္တပါရဂူ၊ ဗေဒင်မန္တန် သင်အံ့တတ်မြောက် တဘက်ကမ်းသို့ရောက်သော။ နာဂေမန၊ အမည်အားဖြင့်။ ဝရုဏောနာမ၊ ဝရုဏအမည်ရှိသော။ ဗြာဟ္မဏော၊ ပုဏ္ဏားမြတ်ကြီးသည်။ အဟုံ၊ ဖြစ်ခဲ့ဘူးပါသတည်း။တဒါ၊ ထိုအခါ၌။ မေ၊ အကျွန်ုပ်၏။ ဒသပုတ္တော၊ အားကိုးလောက်သော သားဆယ်ယောက်တို့ကို။ ဆဠင်္ဂတ္တာ၊ပယ်စွန့်၍။ ဝနံ၊ တောတောင်အတွင်းသို့။ အဇ္ဈောဂမိ၊ ရသေ့ပြုကာ ဝင်ခဲ့ပါသတည်း။

(ခ) အဃမံ သုကတံ ကတ္တာ၊ သုဝိဘတ္တံ မနောရမံ။
ပဏ္ဏသာလံ ကရိတ္တာန၊ ဝသာမိ ပဝနေ အဟံ။ ။

အနက်ကား

(ခ) အဟံ၊ အကျွန်ုပ်သည်။ ပဝနေ၊ သစ်သီးမျိုးစုံ ကြိုင်ထုံပန်းမျိုး ဖြိုးဖြိုးပိုက်သန်း တောမြိုင်တန်း၌။ သုဝိဘတ္တံ၊ အဆောင်ဆောင်

တို့ဖြင့် ဆန်းကြယ်အောင် ဝေဘန်အပ်သော။ မနောရမ်၊ နှလုံးမွေ့လျော်ဘွယ်ကောင်းသော။ အဿမံ၊ သခ်မ်းကျောင်းကို။ သုကတံ-ကတ္တာ၊ ကောင်းစွာဆောက်လုပ်ပြီးသော်။ ပဏ္ဍာသာလံ၊ သစ်ရွက်မိုးသောဇရပ်ကြီးကို။ ကရိတ္တာန၊ ပြုလုပ်၍။ ဝသာမိ၊ မနှောင့်မရှက်ငြိမ်သက်အေးမြစွာ နေထိုင်ခဲ့ပါသတည်း။

(၇) ပဒုမုတ္တရော လောကဝိဒူ၊ အာဟုတိနံ ပဋိဂ္ဂဟော။
မမုဒ္ဓရိတုကာမော သော၊ အာဂစ္ဆိ မမ အဿမံ။ ။

အနက်ကား

(၇) တဒါ၊ ထိုအခါ၌။ လောကဝိဒူ၊ လောကဓာတ် အလုံးစုံကို အကုန်သိတော်မူနိုင်သော။ အာဟုတိနံ၊ ထူးမြတ်သော လှူဘွယ်ဝတ္ထု၊ တို့ကို။ ပဋိဂ္ဂဟော၊ ခံယူခြင်းငှါ ထိုက်တော်မူပေထသော။ ပဒုမုတ္တရော၊ ပဒုမုတ္တရအမည်တော်ရှိသော။ သော၊ ထိုရှင်တော် မြတ်ဘုရားသည်။ မံ၊ အကျွန်ုကို။ ဥဒ္ဓရိတုကာမော၊ သံသရာဝဋ်သမုဒ္ဒမှ ထုတ်နုတ်ကယ်တင်တော်မူလိုသည်ဖြစ်၍။ မမ အဿမံ၊ အကျွန်ုပ်၏သခ်မ်းကျောင်းသို့။ အာဂစ္ဆိ၊ ကြွရောက်တော်မူလာပေသတည်း။

(ဃ) ယာဝတာ ဝနသဏ္ဍာမှိ၊ ပဘာသော ဝိပုလော အဟု။
ဗုဒ္ဓဿ အာနုဘာဝေန၊ ပဇ္ဇလိ ပဝနံ တဒါ။ ။

အနက်ကား

(ဃ) ယာဝတာ၊ အလုံးစုံသော။ ဝနသဏ္ဍာမှိ၊ တောအုပ်ကြီးအတွင်း၌။ ဝိပုလော၊ ပြန့်ကျယ်များပြားလှစွာသော။ ပဘာသော၊ အရောင်အလင်းကြီးသည်။ အဟု၊ ဖြစ်ပေါ်လေသတည်း။ ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရား၏။ အာနုဘာဝေန၊ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်။ တဒါ၊ ထိုအခါ၌။ ပဝနံ၊ တောအုပ်ကြီးတခုလုံးသည်။ ပဇ္ဇလိ၊ တထိန်ထိန်တပြောင်ပြောင် တောက်လောင်ထွန်းလင်း၍ နေလေသတည်း။

(င) ဒိသွာန တံ ပါဋိဟီရံ၊ ဗုဒ္ဓသေဋ္ဌဿ တာဒိနော။
ပတ္တာပုဋံ ဂဟေတ္တာန၊ ဖလေန ပူရယိ အဟံ။ ။

အနက်ကား

(၄) အဟံ၊ အကျွန်ုပ်သည်။ တာဒိနော၊ လောကဓမ်တရားတို့ကြောင့် လှုပ်ရှားခြင်းမရှိဘဲ ခိုင်မြဲတည်တံ့တော်မူသော။ ဗုဒ္ဓသေ-ဋ္ဌသ၊ ဘုရားမြတ်၏။ တံပါဒိုဟိ ရံ၊ ထိုတန်ခိုးပြာဋိဟာကို။ ဒိသ္မာန၊ တွေ့မြင်ရသည်ရှိသော်။ပတ္တာပုဋ်၊ သစ်ရွက်တို့ဖြင့် ရက်၍ပြုလုပ်ပြီးသော တောင်းတခုကို။ ဂဟေတ္မာန၊ ယူဆောင်၍။ ဖလေန၊ သစ်သီးအမျိုးစုံ ဖြင့်။ ပူရယိ ံ၊ ပြည့်အောင်ထည့်ခဲ့ပါသတည်း။

(စ) ဥပဂန္တွာန သမ္ဗုဒ္ဓံ၊ သကံ ခါရိ ံ အဒါသဟံ။
အနုကမ္ပာယ မေ ဗုဒ္ဓေါ၊ ဣဒံ ဝစန မဗြဝိ။ ။

အနက်ကား

(စ) တတော၊ထိုနောက်။ အဟံ၊အကျွန်ုပ်သည်။သမ္ဗုဒ္ဓံ၊ရှင်တော်ဘုရားသို့။ ဥပဂန္တွာန၊ ချဉ်းကပ်၍။ သကံခါရိ ံ၊ မိမိဆွတ်ခူးခဲ့သော သစ်သီးထုပ်ကြီးကို။အဒါသိ ံ၊ လှူဒါန်းခဲ့ပါသတည်း။ တဒါ၊ထိုအခါ၌။ ဗုဒ္ဓေါ၊ ရှင်တော်မြတ်ဘုရားသည်။ မေ၊အကျွန်ုပ်အား။ အနုကမ္ပာယ၊ သနားတော်မူသဖြင့်။ ဣဒံ ဝစနံ၊ ဤစကားကို။ အဗြဝိ၊မိန့်ကြားတော်မူလေသတည်း။

(ဆ) ခါရိဘာရံ ဂဟေတ္မာန၊ ပစ္ဆတော ဟေ မေ တုဝံ။
ပရိဘုတ္တေစ သယ်မှိ၊ ပုညံ တဝ ဘဝိဿတိ။ ။

အနက်ကား

(ဆ) ဣသေ၊ အို-ရသေ့ကြီး။တုဝံ၊သင်သည်။ ခါရိဘာရံ၊ လေးလံစွာသော သစ်သီးထုပ်ကြီးကို။ ဝါ၊ သစ်သီးဟောင်းကြီးကို။ ဂဟေတ္မာ-နာ၊ ထမ်းဆောင်၍။ မေ၊ ငါ့ဘုရား၏။ ပစ္ဆတော၊ နောက်တော်က။ ဟေ၊ လိုက်လာခဲ့လော့။ သယ်မှိ၊ ရဟန်းသယ်ာတော် အများသည်။ ပရိဘုတ္တေစ၊ မြိန်ရှက်စွာ သုံးဆောင်အပ်သည် ရှိသော်။ တဝ၊ သင်ရသေ့ကြီး၏။ ပုညံ၊ ကုသိုလ်အထူးသည်။ ဘဝိဿတိ၊ ဖြစ်ရတော်သည်အလားကဲ့သို့ တိုးပွားဖြစ်ထွန်း လိမ့်မည်သာတည်း။

(ဇ) ပုဋ္ဌကံ တံ ဂဟေတ္မာန၊ ဘိက္ခုသံဃသ ဒါသဟံ။
တတ္ထ စိတ္တံ ပသာဒေတ္မာ၊ တုသိတံ ဥပပဇ္ဇဟံ။ ။

အနက်ကား

(၈) အဟံ၊ အကျွန်ုပ်သည်။ တံပုဋ္ဌက်၊ ထိုသစ်သီးထုပ်ကြီးကို။ ဂဟေတွာန၊ အားအစွမ်းဖြင့် ထမ်းဆောင်ခဲ့ပြီးသော်။ ဘိက္ခုသံယသ၊ ရဟန်းသံယာတော်အပေါင်းအား။ အဒါသိ၊ ကြည်ကြည်ဖြူဖြူ ပေးလှူခဲ့ပါသတည်း။ အဟံ၊အကျွန်ုပ်သည်။ တတ္ထ၊ ထိုသစ်သီးဒါနဌ။ စိတ္တံ၊ ကုသိုလ်စိတ်ကို။ ပသာဒေတွာ၊ ကြည်လင်စေခဲ့သောကြောင့်။ တုသိတံ၊ ကုသိုလ်ရှင်မျှား စံစားပျော်ရာ တုသိတာခေါ် ဘုံနန်းတော်သို့။ဥပပဇ္ဇိံ၊ ကပ်ရောက်ဖြစ်ပွားခဲ့ပါသတည်း။

(၅) တတ္ထ ဒိဗ္ဗေဟိ နစ္စေဟိ၊ ဂီတေဟိ ဝါဒိတေဟိစ။
ပဠ္ဆကာမေန သညုတ္တော၊ အနုဘောမိ သဒါ သုခံ။ ။

အနက်ကား

(၅) တတ္ထ၊ ထိုတုသိတာနတ်ပြည်၌။ ဒိဗ္ဗေဟိ၊ နတ်၌ဖြစ်ကုန်သော။ နစ္စေဟိစ၊ ကခုန်ခြင်းအမျိုးမျိုးတို့နှင့်ရင်း။ ဂီတေဟိစ၊ သီချင်းအမျိုးမျိုးတို့နှင့်ရင်း။ဝါဒိတေဟိစ၊ အတီးအမှုတ်အမျိုးမျိုးတို့နှင့်ရင်း။ပဠ္ဆကာမေန၊ နတ်တို့အာရုံ ကာမဂုဏ်ငါးပါးနှင့်ရင်း။ သညုတ္တော၊ အလိုရှိတိုင်းပြည့်စုံသည်ဖြစ်၍။ သဒါ၊ အခါခပ်သိမ်း။ သုခံ၊ ကြီးကျယ်လှစွာ နတ်ချမ်းသာကို။ အနုဘောမိ၊ ခံစားခဲ့ပါသတည်း။

သစ်သီးလှူဒါန်းသော-ဒါနစေတနာ၏ အကျိုးပေးပုံ အမျိုးမျိုးကို ပြဆိုချက်

(၉) ယံယံ ယေနုပပဇ္ဇာမိ၊ ဒေဝတ္တံ အထ မာနုသံ။
ဘောဂေ မေ ဥိနတာ နတ္ထိ၊ ဖလဒါနသိဒံ ဖလံ။ ။

အနက်ကား

(၉) ယေန၊ အကြင်ကုသိုလ်ကံကြောင့်။ ဒေဝတ္တံ၊ နတ်ဘဝသို့ဝင်း။ အထ၊ထို့ပြင်တပါး။ မာနုသံ၊ လူ့ဘဝသို့ဝင်း။ ယံယံ၊ အကြင်အကြင်ဘုံဘဝသို့။ ဥပပဇ္ဇာမိ၊ ကပ်ရောက်ဖြစ်ပွားခဲ့ရလေ၏။ တတ္ထ၊ ထိုဖြစ်ရာဘုံဘဝ၌။ မေ၊ အကျွန်ုပ်အား။ ဘောဂေ၊ စည်းစိမ်ဥစ္စာ အရာရာ၌။ ဥိနတာ၊ ယုတ်လျော့ချိုတဲ့ခြင်းမည်သည်။ နတ္ထိ၊ တရံတခါမျှမရှိခဲ့စဘူး

ချေ။ ဣဒံ၊ ဤသို့သောအကျိုးသည်။ ဖလဒါနဿ၊ သစ်သီးလှူဒါန်းခဲ့ရသော ကုသိုလ်ကံ၏။ ဖလံ၊ အကျိုးထူး အမှန်ပေတည်း။

(၄) ယာဝတာ စတုရော ဒီပါ၊ သသမုဒ္ဒါ သပဗ္ဗတာ။
ဖလံ ဗုဒ္ဓဿ ဒတ္တွာန၊ ဣဿရံ ကာရယိမဟံ။ ။

အနက်ကား

(၄) ယာဝတာ၊ အကြင်မျှလောက် အတိုင်း အရှည် ရှိကုန်သော။ သသမုဒ္ဒါ၊ သမုဒ္ဒရာလေးစင်းနှင့်တကွ ဖြစ်ကုန်သော။ သပဗ္ဗတာ၊ မြင်းမိုရ်တောင်,ဟိမဝန္တာတောင်နှင့်တကွ ဖြစ်ကုန်သော။စတုရောဒီပါ၊ ကျွန်းကြီးလေးကျွန်းတို့သည်။ သန္တိ၊ ထင်ရှားရှိကြလေကုန်၏။ တေသံ၊ ထိုကျွန်းကြီးလေးကျွန်းတို့ကို။ ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရားအား။ ဖလံဒတ္တွာန၊ သစ်သီးလှူဒါန်းခဲ့ရသော ကုသိုလ်ကြောင့်။ အဟံ၊ အကျွန်ုပ်သည်။ ဣဿရံ၊ အစိုးရခြင်းကို။ ကာရယိ၊ ပြုခဲ့ရပါပေသတည်း။

(၅) ယဝတာ ယေ ပက္ခိဂဏာ၊ အာကာသေ ဥပ္ပတန္တိစ။
တေပိ မေ ဝသမန္ဒေန္တိ၊ ဖလဒါနာဿိဒံ ဖလံ။ ။

အနက်ကား

(၅) ယာဝတာ၊ · အကြင်မျှလောက် ကုန်သော။ ယေပက္ခိဂဏာ၊ အကြင်ငှက်မျိုးစုံ အပေါင်းတို့သည်။ အာကာသေ၊ ကောင်းကင်ပြင်၌။ ဥပ္ပတန္တိ၊ ပဲပျံကာနေကြလေကုန်၏။ တေပိ၊ထိုငှက်မျိုးစုံ အပေါင်းတို့သည်လည်း။မေ၊ အကျွန်ုပ်၏။ ဝသံ၊ အလိုနှင်ငံသို့။ အန္ဒေန္တိ၊ အစဉ်တစိုက်လိုက်ကြရကုန်၏။ ဣဒံ၊ ဤသို့သောအကျိုးသည်။ ဖလ-ဒါနဿ၊ သစ်သီးလှူဒါန်းခဲ့ရသော ကုသိုလ်ကံ၏။ ဖလံ၊ အကျိုးထူး အမှန်ပေတည်း။

(၃) ယဝတာ ဝနသဏ္ဍာမှိ၊ ယက္ခာ ဘူတာစ ရက္ခသာ။
ကုမ္ဘဏ္ဍာ ဂရုဠာစာပိ၊ ပါရိစရိယံ ဥပေန္တိ မေ။ ။

အနက်ကား

(၃) ဝနသဏ္ဍာမှိ၊ တောတောင်အတွင်း၌။ ယာဝတာ၊ အကြင်မျှလောက်ကုန်သော။ ယက္ခာစ၊ ဘီလူးအပေါင်းတို့သည်ရင်း။ ဘူတာစ၊

တစ္ဆေမြေဘုတ်အပေါင်းတို့သည်၎င်း။ ရက္ခသာစ၊ ရက္ခိုသ်အပေါင်းတို့သည်၎င်း။ ကုမ္ဘဏ္ဍာစ၊ ကုမ္ဘဏ်နတ်အပေါင်းတို့သည်၎င်း။ ဂရုဠာ-စာပါ၊ ဂဠုန်အပေါင်းတို့သည်၎င်း။တေ၊ ထိုဘီလူးအစရှိသော သတ္တဝါအပေါင်းတို့သည်။ မေ၊ အကျွန်ုပ်၏။ပါရိစရိယံ၊ အစေခံအလုပ်အကျွေးအဖြစ်သို့။ ဥပေန္တိ၊ ကပ်ရောက်ကြရလေကုန်သတည်း။

(ပ) ဂုမ္ဗသောဏာ မဓုကရာ၊ ဘုံသာစ မကသာ ဥဘော။
တေပိ မေ ဝသမန္ဒေန္တိ၊ ဖလဒါနသိဒိံ ဖလံ။ ။

အနက်ကား

(ပ) ဂုမ္ဗသောဏာစ၊ .တောခွေးအပေါင်းတို့သည်၎င်း။ မဓုကရာစ၊ ပျားပိတုန်းအပေါင်းတို့သည်၎င်း။ ဥဘော၊ နှစ်မျိုးကုန်သော။ ဘုံသာစ၊ ခြင်တို့သည်၎င်း။ မကသာစ၊ မှက်တို့သည်၎င်း။ သန္တိ၊ ရှိကြလေကုန်၏။ တေပိ၊ ထိုသတ္တဝါအပေါင်းတို့သည်လည်း။ မေ၊ အကျွန်ုပ်၏။ ဝသံ၊ အလိုနိုင်ငံသို့။ အန္တေန္တိ၊ အစဉ်တစိုက် လိုက်ကြရကုန်၏။ ဣဒံ၊ ဤသို့သောအကျိုးသည်။ ဖလဒါနဿ၊ သစ်သီးလှူဒါန်းခဲ့ရသော ကုသိုလ်ကံ၏။ ဖလံ၊ အကျိုးထူးအမှန်ပေတည်း။

(ဏ) သုပဏ္ဏာနာမ သကုဏာ၊ ပက္ခိဇာတာ မဟဗ္ဗလာ။
တေပိ မံ သရဏံ ယန္တိ၊ ဖလဒါနသိဒိံ ဖလံ။ ။

အနက်ကား

(ဏ) ပက္ခိဇာတာ၊ ၄က်မျိုးဖြစ်ကြကုန်သော။ မဟဗ္ဗလာ၊ ကြီးမားသောခွန်အား ရှိကြကုန်သော။ သုပဏ္ဏာနာမသကုဏာ၊ သုပဏ္ဏမည်သော ဂဠုန်၄က်မင်းကြီးတို့သည်။သန္တိ၊ရှိကြလေကုန်၏။တေပိ၊ ထိုဂဠုန်မင်းတို့သည်လည်း။ မံ၊ အကျွန်ုပ်ကို။ သရဏံ၊ကိုးကွယ်ရာ ဟူ၍။ ယန္တိ၊ ကပ်ရောက်ကြလေကုန်၏။ ဣဒံ၊ ဤသို့သော အကျိုးသည်။ ဖလဒါနဿ၊သစ်သီး လှူဒါန်းခဲ့ရသော ကုသိုလ်ကံ၏။ဖလံ၊အကျိုးထူးအမှန်ပေတည်း။

(တ) ယေပိ ဒီဃာယုကာ နာဂါ၊ ဣဒ္ဓိမန္တော မဟာယသာ။
တေပိ မေ ဝသမန္ဒေန္တိ၊ ဖလဒါနသိဒိံ ဖလံ။ ။

အနက်ကား

(တ) ဒီဃာယုကာ၊ ရှည်လျားသော အသက်တမ်း ရှိကြကုန်သော။ ဣဒ္ဓိမန္တော၊ ကြီးမားသော ဘုန်းတန်ခိုးရှိကြကုန်သော။ မဟာယသာ၊ များသော အခြီအရံရှိကြကုန်သော။ ယေပိနာဂါ၊ အကြင်နဂါး အပေါင်းတို့သည်လည်း။ သန္တိ၊ ရှိကြလေကုန်၏။ တေပိ၊ ထိုနဂါး အပေါင်းတို့သည်လည်း။ မေ၊ အကျွန်ုပ်၏။ ဝသံ၊ အလိုနှင်ငံသို့။ အန္တေ၊ အစဉ်တစိုက် လိုက်ကြရလေကုန်၏။ ဣဒံ၊ ဤသို့သော အကျိုးသည်။ ဖလဒါနဿ၊ သစ်သီးလှူဒါန်းခဲ့ရသော ကုသိုလ်ကံ၏။ ဖလံ၊ အကျိုးထူး အမှန်ပေတည်း။

(ထ) သီဟာ ဗျဃ္ဃာ စ ဒီပိ စ၊ အစ္ဆကာစ တရစ္ဆကာ။
တေပိ မေ ဝသမန္တေ၊ ဖလဒါနဿိဒံ ဖလံ။ ။

အနက်ကား

(ထ) သီဟာစ၊ ခြင်္သေ့အပေါင်းတို့သည်ရင်း။ ဗျဃ္ဃာစ၊ ကျားအပေါင်းတို့သည်ရင်း။ ဒီပိစ၊ သစ်သတ္တဝါတို့သည်ရင်း။ အစ္ဆကာစ၊ ဝက်ဝံ,မျောက်ဝံအပေါင်းတို့သည်ရင်း။ တရစ္ဆကာစ၊ အောင်းသတ္တဝါတို့သည်ရင်း။ သန္တိ၊ ရှိကြလေကုန်၏။ တေပိ၊ ထိုသတ္တဝါအပေါင်းတို့သည်လည်း။ မေ၊ အကျွန်ုပ်၏။ ဝသံ၊ အလိုနှင်ငံသို့။ အန္တေ၊ အစဉ်တစိုက် လိုက်ကြရလေကုန်၏။ ဣဒံ၊ ဤသို့သော အကျိုးသည်။ ဖလဒါနဿ၊ သစ်သီး လှူဒါန်းခဲ့ရသော ကုသိုလ်ကံ၏။ ဖလံ၊ အကျိုးထူး အမှန်ပေတည်း။

(ဒ) ယေ ပြသဒီ တိဏာဝါသိစ၊ ယေစ အာကာသဝါသိနော။
သဗ္ဗေ မံ သရဏံ ယန္တိ၊ ဖလဒါနဿိဒံ ဖလံ။ ။

အနက်ကား

(ဒ) ယေ ပြသဒီစ၊ အကြင် ဆေးပင်ကိုမှီ၍ နေသော သတ္တဝါအပေါင်းတို့သည်ရင်း။ တိဏာဝါသိစ၊ မြက်ကိုမှီ၍ နေသောသတ္တဝါ အပေါင်းတို့သည်ရင်း။ အာကာသဝါသိနောစ၊ ကောင်းကင်၌ နေကြကုန်သော သတ္တဝါ အပေါင်းတို့သည်ရင်း။ သန္တိ၊ ရှိကြလေကုန်၏။ တေသဗ္ဗေ၊ ထိုအလုံးစုံ ကုန်သော သတ္တဝါ အပေါင်းတို့သည်။ မံ၊

အကျွန်ပ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ယန္တိ၊ ကပ်ရောက် ကြရလေ ကုန်၏။ ဣဒံ၊ ဤသို့သော အကျိုးသည်။ ဖလဒါနဿ၊ သစ်သီး လှူဒါန်းခဲ့ ရသော ကုသိုလ်ကံ၏။ ဖလံ၊ အကျိုးထူးအမှန်ပေတည်း။

(၈) သုဒုဒ္ဒသံ သုနိပုဏံ၊ ဂမ္ဘီရံ သုပ္ပကာသိတံ။
ပဿယိတ္ဘာ ဝိဟာရာမိ၊ ဖလဒါနဿိဒံ ဖလံ။ ။

အနက်ကား

(၈) အဟံ၊ အကျွန်ပ်သည်။ သုဒုဒ္ဒသံ၊ အလွန် မြင်နိုင်ခဲလှသော။ သုနိပုဏံ၊ အလွန်တရာသိမ်မွေ့စွာသော။ ဂမ္ဘီရံ၊ အလွန်နက်နဲသော။ သုပ္ပကာသိတံ၊ ရှင်ဂေတမ်ဘုရား ထင်ရှားစွာ ဟောပြအပ်သော တရား တော်မြတ်ကို။ ပဿယိတ္ဘာ၊ ထင်မြင်စွာရှုစားလျက်။ ဝိဟာရာမိ၊ ချမ်းချမ်း သာသာ နေရပါသတည်း။ ဣဒံ၊ ဤသို့သော အကျိုးသည်။ ဖလဒါနဿ၊ သစ်သီး လှူဒါန်းခဲ့ရသော ကုသိုလ်ကံ၏။ ဖလံ၊ အကျိုးထူးအမှန်ပေ တည်း။

(၉) ယေ ဖလဋ္ဌာ ဗုဒ္ဓပုတ္တာ၊ ဒိဏ္ဏဒေါသာ မဟာယသာ။
အဟ မည္တရော တေသံ၊ ဖလဒါနဿိဒံ ဖလံ။ ။

အနက်ကား

(၉) ဖလဋ္ဌာ၊ အရဟတ္တဖိုလ်၌ တည်တော်မူကြကုန်သော။ ဒိဏ္ဏ ဒေါသာ၊ စင်ကြယ်စွာ ကုန်ခန်းပြီးသော အမြဲမပြတ် ဒေါသ ရှိတော်မူကြ ကုန်သော။ မဟာယသာ၊ အခြေအရာကြည့်ရှုခြင်း တန်ခိုးဂုဏ် ရှိ တော်မူကြ ကုန်သော။ ဗုဒ္ဓပုတ္တာ၊ ဘုရားရှင်၏ သားတော်စစ်ကြီးတွေ ဖြစ်တော်မူ ကြကုန်သော။ ယေ၊ အကြင်ရဟန္တာပုဂိုလ်တို့သည်။ သဗ္ဗဿ၊ ထင်ရှား စွာ ရှိတော်မူကြကုန်၏။ တေသံ၊ ထိုရဟန္တာ ပုဂ္ဂိုလ် အားပါးတို့ကုန်။ အဟံ၊ အကျွန်ုပ်သည်။ အည္တရော၊ အရေအတွက်အားဖြင့် တပါး အပါအဝင်သာတည်း။ ဣဒံ၊ ဤသို့သော အကျိုးသည်။ ဖလဒါနဿ၊ သစ်သီး လှူဒါန်းခဲ့ရသော ကုသိုလ်ကံ၏။ ဖလံ၊ အကျိုးထူးအမှန်ပေ တည်း။

မှတ်ချက်။ ဘတ်ရှယ်ရှူတို့အား ပဟာ[illegible]တဝိုးဥားမ၌ သဒ္ဓါဟာရားဖြစ် ပေါ်ကြစေရန် ရည်သန်သော အားဖြင့် သစ်သီး လှူဒါန်းမှုနှင့်ဆိုင် သော ပါဠိတော်လာဂါထာ ပါဝင်း များစွာ ဖြင့်ကို တုတ်ကုတ်ဘော်ပြ လိုက်ပါသည်။

ကဿပဘုရားရှင်လက်ထက်တော်သို့ ဆိုက်ရောက်လာပုံ

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း ဝရဏရသေ့ကြီးသည် သစ်သီး လူဒါန်းခဲ့ရတဲ့ ဒါနစေတနာကြောင့် သုဂတိ သံသရာတို့သာ ကြိမ်ဘဝနှုန်းများစွာ ကျင်လည် ခဲ့ရပြီးတဲ့နောက် ကဿပ ဘုရားရှင် လက်ထက်တော်သို့ ရောက်လာတော့ မင်းမျိုးဇာတ်မှာ မြင့်မြတ်စွာ ဖြစ်ပွားလာခဲ့တယ်၊ အချိန်အခွယ်သို့ရောက်လာတော့ ရုပ်ဆင်းသဏ္ဌာန်ကြည်အင်လက္ခဏာတို့နှင့် ပြည့်စုံခြင်း, အကြားအမြင်စုံလင်များပြားလှသော ဗဟုသုတဂုဏ်နှင့် ပြည့်စုံခြင်း, စည်းစိမ်အင်္ဂါအရိုအရံများပြားခြင်း၊ ၅၂သို့စသော လောကီဂုဏ်တို့ဖြင့် ပြည့်စုံလုံလောက်လို့နေတယ်၊ သို့အတွက်ကြောင့် သည်လောကအတွင်းမှာ ငါကဲ့သို့ မြင့်မြတ်သောသူမရှိဟု မာန်မာနတံခွန်ပြင့် ထူးချွန်မြင့်မောက်လို့နေသတဲ့။

မာနကြီးသော်လည်းဆန္ဒပြင်းထန်မှုကြောင့်ရဟန်းဖြစ်ပုံ

ဒီရာတွင် သံသရာဝဋ်မှ ကျွတ်လွတ်လိုတဲ့ ဆန္ဒက ဝိဒေသန္တရာန်မှာ အစဉ်သဖြင့် ကိန်းဝပ်လာတဲ့အတွက် လူ့ဘောင်မှ ယွက်၍ သာသနာဟက်ပို့ ဖိုဝင်ပြီး ရဟန်းပြုချင်တဲ့စိတ်မျိုးဟာလဲ မကြာမကြာ ပေါ်ပေါက်လို့နေသတဲ့၊ တနေ့သောအခါ သဒ္ဓါတရားနှင့် ပြည့်စုံတဲ့ မိတ်ဆွေကောင်းတဦးနှင့် ပေါင်းသင်းဝိသည်တွင် ထိုဒိတ်ဇွဲကြီးက သွန်သင်နှားချဉ် တရုံးပြုတဲ့အတိုင်း သတိသံဝေဂတွေ ကြီးပေါ်လာသဖြင့် လူ့ဘောင်ကိုစွန့်ပြီး ရဟန်းဝတ်သွားတယ်။

ရဟန်းဖြစ်တဲ့အခါ ပိဋကတ်ကျမ်းဂန်များကို သင်ကြားလေ့လာသည်တွင် ဥာဏ်ပါရမီဂုဏ် စုံညီပြည့်ဝတဲ့ ပုဂ္ဂိုလ်ဖြစ်သောကြောင့် မကြာမီအတွင်းမှာပင် သာသနာတော်နှင့်ဆိုင်တဲ့ ပရိယတ္တိဗဟုသုတတွေလဲ လုံလုံလောက်လောက် ပြည့်စုံလို့လာတယ်။

မာနခက်ထန်မှု

ပရိယတ္တိဗဟုသုတတွေပြည့်စုံလာတော့ နဂိုရင်းကပင် မာနစောက်ပဲရှိတဲ့ အဘိုင်း ရှေးကထက်တိုးပွားပြီး အလွန်အလွန် မာန တံခွန်ထောင်လွှားကုန်ပြန်ပါရော့တဲ့၊ မင်းသားဘဝက ရုဟန်းပြုလာတဲ့ အ

တွက် ဇာတိမာန်လဲတက်နေတယ်၊ ရဟန်းတို့နှင့်ဆိုင်တဲ့ ပရိက္ခရာ အသုံးအဆောင်တွေဟာလဲ ပိုမိုများပြားစွာ ပြည့်စုံနေတဲ့အတွက် ဘောဂမာန်လဲတက်နေတယ်၊ ပုထုဇဉ်ဘဝကို မလွန်မြောက်နိုင်သေးသဖြင့် မာန်တက်ခြင်းသဘောကို ခွာလျှောပစ်ပယ်ခြင်းပေါ် မစွမ်းနိုင်သေးဘူးပေါ့။

အဲ-သို့ကလို အမျိုးမျိုးသော မာန်တက်ခြင်းဖြင့် တက်ကြွမြင့်မောက်လို့နေခဲ့ရာ သီတင်းသုံးဘော်ဖြစ်တဲ့ရဟန်းများကိုလဲ ရိုသေကိုင်းညွှတ်ခြင်းမပြုဘဲ မပို့မသေ မဇေထလေးစားပြုလေ့ ရှိသတဲ့။

''ငါက မင်းသားရဟန်းဖြစ်တယ်၊ဆင်းရဲသားရဟန်းတို့နှင့် အဘက် မဟုတ်ဘူး။

ငါ့မှာပညာဗဟုသုတတွေ ပြည့်စုံ လုံလောက်၍ ဂုဏ်မောက်လို့နေတယ်၊ပညာမရှိတဲ့ ရဟန်းတွေနှင့်အဘက်မဟုတ်ဘူး။

ငါဟာ အရုပ်အဆင်းတင့်တယ်၍ သပ္ပါယ်တဲ့ ရဟန်းတပါးဖြစ်တယ်၊ အရုပ်ဆိုးတဲ့ ရဟန်းတွေနှင့် အဘက်မဟုတ်ဘူး။

ငါဟာ ပစ္စည်းလေးပါးတို့ဖြင့် လာဘ်လာဘ ပေါများတဲ့ ရဟန်းတပါးဖြစ်တယ်၊ ပစ္စည်းပါးရှားတဲ့ ဆင်းရဲသားရဟန်းမဲ့များနှင့် အဘက်မဟုတ်ဘူး''။

အဲ-သို့ကလို မာနတံခွန် အကျန်ကြီးချွန်ပြီး အလွန်တက်ကြွလို့နေတယ်။

မာနကြောင့် ကျွတ်တမ်းမဝင်နိုင်ပုံ

အဲသည်ကဲ့သို့ မာနတံခွန် အလွန်တက်ကြွခြင်းကြောင့် ထိုဘဝမှာ တရားရှုးကိုမရလိုက်ဘဲ ပုထုဇဉ်အဖြစ်နှင့်သာ ကွယ်လွန်ချုပ်ဆုံးရရှာတယ်။

သတိပြုရန်

မာနဟိုတဲ့တရားရှိုးဟာ ပြင်ပကိုယ်ကိုပင့်မြှောက်ခြင်း, သူတပါးတို့ကို နှိပ်ချုပ်ခြင်း၊အဲ-သို့ကဲ့သို့ မည်မည်ရွတ် ကဲသောင်းကန်ခင်းဖြစ်စေတဲ့အတွက် တရားဘက်ကို ကြိုးစားကဲ့အခါ သမာဓိဘာဝနာဖြင့် ပြောင့်မတ်စွာ မသွားနိုင်ဘဲ တွန်းဆုတ်လို့နေတတ်တယ်၊ ဓမ္မနှိုးရယ်အစစ်ကြီးပေါ့။

ထို့ပြင်လဲ မာနဆိုတဲ့ တရားမျိုးဟာ နောင်အနာဂတ်သံသရာတို့၌ နိမ့်ကျညံ့ဖျင်းတဲ့ဘဝမျိုးမှာ အကျိုးပေးတတ်တယ်၊ မိမိကိုယ်ကို အထင်ကြီး၍ မြှောက်ပင့်လေသမျှ နောင်ဘဝမှာ နိမ့်ကျဘိုသာဖြစ်လိမ့်မယ်လို့ မှတ်ကြပေတော့၊ အဲ-သည်လို အပြစ်တွေကို မြင်ပြီး မာန်မာနတရားဆိုးကို နှိမ်ချိုးနိုင်သမျှ နှိမ်ချိုးပယ်ရှင်းကြရမယ်။

အဆုံးဘဝ၌ရှိဆိုက်ရောက်ပုံ

ဘုန်းတော်ကြီးမြတ်လှသော သာကီနွယ်ဘွား ဂေါတမရှင်တော်ဘုရား ထင်ရှားဖြစ်ပေါ်လာတဲ့အခါ ကဿပဘုရားရှင် လက်ထက်တော်က မာနတံခွန် အချွန်ကြီးချွန်ခဲ့တဲ့ ကံအတွက်ကြောင့် သာဝတ္ထိတပြည်လုံးနှင့် ဆိုင်တဲ့ သုသာန်ကြီးကို စောင့်ရှောက်ရတဲ့ ဒွန်းစဏ္ဍားတယောက်၏သား ဖြစ်လာတယ်၊ထိုသုသာန်ကို အမှိုပ္ပြကာ အသက်မွေးရတဲ့လူများကိုယခုဘဝတ်အခါမြန်မာဘာသာအားဖြင့် သုဘရာဇာရယ်လို့ ခေါ်ကြတယ်မဟုတ်လား၊ လူ့ဘဝမှာဖြင့် လူရာမဝင်အောင် အလွန်ယုတ်ညံ့သိမ်ဖျင်းတဲ့ အဖြစ်မျိုးပေါ့။

မာနတရား၏ အကျိုးပေး

ရှေးဘဝက မာနကြီးခဲ့တဲ့စရိုက်ဆိုးတွေဟာ အမျိုးယုတ်ညံ့တဲ့ ဘဝမှာ လာလို့အကျိုးပေးတာပေါ့၊ အကုသိုလ်ကံဆိုတာ ဘယ်သူ့မျက်နှာကိုမျှ မထောက်ထားဘူး၊ ကျွတ်တမ်းဝင်ရမဲ့အဆုံးဘဝသို့ ရောက်တဲ့ပုဂ္ဂိုလ်ကိုပင်သော်လဲ ညှာတာခြင်းမရှိဘဲ နှိပ်စက်သေးတယ်၊ အဲ-သည်လိုဖြစ်ပုံများကို ထောက်ထားပြီး ကြောက်အားပိုပိုနှင့် အကုသိုလ်တရားကို ရှောင်နိုင်သမျှ ရှောင်ရှားကြရမယ်။

သုပ္ပိယခေါ်တွင်ပုံ

ပြဆိုခဲ့တဲ့ ဒွန်းစဏ္ဍားသတ္တိသားကလေးရဲ့ အမည်မှာတော့ သုပ္ပိယရယ်လို့ခေါ်တယ်၊ မြန်မာလိုခေါ်ဆိုရပါလျှင် ဂမောင်ချစ်ဘွယ်ရယ်လို့ခေါ်ရမှာပေါ့ဗျာ၊ ရုပ်ဆင်းအင်္ဂါ လက္ခဏာများမှာတော့ တင့်တင့်တယ်တယ်နှင့် ချစ်ခင်ဘွယ်ရှိသတဲ့။

ထိုဒွန်းစဉ္ဇား သတ္တိသားကလေးမှာ ငယ်ရွယ်စဉ်ကစပြီး ချစ်ခင်လာတဲ့ မိတ်ဆွေတဦးရှိတယ်၊ထိုမိတ်ဆွေရဲ့ အမည်မှာတော့ သောပါကတဲ့၊ ထိုသောပါက သတ္တိသားကတော့ ကံအားလျော်စွာ ဘုရားရှင်ကယ်ဆယ်သဖြင့် ခုနစ်နှစ်အရွယ်ကပင် ရဟန်းအဖြစ်သို့ ရောက်သွားတယ်၊ မောင်ချစ်ဘွယ်ဆိုတဲ့ သုပ္ပိယသတ္တိသားမှာတော့ ရဟန်းမပြုနိုင်သေးဘဲ ဒွန်းစဉ္ဇားအဖြစ်နှင့်ပင်ပျော်ပျော်ရွှင်ရွှင်နှင့် သုသာန်မှာ ကျန်ရစ်ခဲ့တယ်။

(မှတ်ချက်။ ။သောပါကမထေရ်၏ အတ္ထုပ္ပတ္တိကို နောက်လာလတံ့သော ဝတ္ထုဌ် ထင်ရှားစွာ ဘတ်ရှုရပါလိမ့်မည်။)

မိတ်ဆွေသောပါက၏ဟောပြောမှုကြောင့်ရဟန်းပြုပုံ

သုပ္ပိယသတ္တိသားသည် အသက်အရွယ်ကြီးရင့်၍ လာသောအခါ ငယ်ရွယ်စဉ်က ချစ်ခင်ပေါင်းသင်း၍လာခဲ့တဲ့ သောပါက မထေရ်မြတ်ကြီးနှင့် တနေ့သောအခါ ကံအားလျော်စွာ တွေ့ကြုံပါရော၊ ထိုအခါ သောပါကမထေရ်မြတ်ကြီးက လူ့ဘဝ၌ နေထိုင်ရခြင်း၏ အပြစ်များနှင့် ရဟန်းဘဝ၌ နေထိုင်ရခြင်း၏ အကျိုးများပုံမှစ၍ တရားဓမ္မအစဉ်ကို ထင်မြင်အောင် ဟောကြားတော်မူလေရာ သုပ္ပိယသတ္တိသားသည် သာသနာမှာ သဒ္ဓါတရားဖြစ်ပွားမှု လာသည်နှင့် လူ့ဘဝကိုစွန့်လွှတ်ပြီး သောပါက မထေရ်ကြီးထံမှာပင် ရဟန်းပြုလုပ်တယ်၊ ရဟန်းဖြစ်တဲ့အခါ သုပ္ပိယမထေရ်ရယ်လို့ အမည်သညာအားဖြင့် ထင်ရှားသွားတယ်၊ ရဟန်းအဖြစ်သို့ ရောက်တော့ ဒွန်းစဉ္ဇားဇာတိပျောက်ပြီး သာကီနွယ်ဘွား ဘုရားရှင်၏သားတော်အစစ် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်သွားတာပေါ့။

အုံ့ဘွယ်ရှစ်ပါးနှင့်ပြည့်စုံတဲ့ သာသနာတော်ကြီး အတွင်းသို့ ဆိုက်ရောက်ခဲ့ကြပါလျှင် ဘယ်အမျိုးကပင်လာလာ၊ မူလဇာတိမျိုးရိုးကိုစွန့်ပြီး သကျပုတ္တိယ သာကီယဇာတ်ဖြင့် မြင့်မြတ်ပုံချင်းတူညီစွာ ဖြစ်ကြရတယ်။

မြစ်ကြီးပေါင်းများစွာတို့မှ စီးဆင်းလာကြတဲ့ရေတွေဟာ သမုဒ္ဒရာအတွင်းသို့ရောက်တော့ မူလရင်းအမည်ကိုစွန့်ပြီး သမုဒ္ဒရာရေအဖြစ်သို့သာရောက်တော့ ညီတူညီမျှတမျိုးတည်း ရောက်ကြရသလိုပေါ့။

သာသနာတော်ကြီးအတွင်းမှာ ဇာတ်အမျိုးမျိုး ကွဲပြားခြင်းမရှိဘူး၊ ရှင်တော်မြတ်ဘုရားကလဲ ဇာတိဝါဒကို နှစ်သက်တော်မမူသဖြင့် ဇာတိ အမျိုးမျိုးတွေ ရှုပ်ပွေကွဲပြားမှုကို ပျောက်ပျက်အောင် ဖျက်ဆီးတော်မူလေ့ရှိတယ်၊ ဇာတ်အမျိုးမျိုးမကွဲပြားဘဲ တမျိုးထဲ ဖြစ်စေခြင်းဟာ ညီညွတ်ရေးမဏ္ဍိုင်ကြီးပေပေါ့။

ကမ္မဌာန်းထိုင်စဉ်အကြံပေါ်ပေါက်မုံ

သုပ္ပိယရဟန်းတော်သည် ရဟန်းတို့၏အလုပ်ကို အားထုတ်ခြင်းအကျိုးငှါ ဘာဝနာနည်းလမ်းများကို သင်ကြားနာယူပြီး ဆိတ်ငြိမ်ရာတောတောင်သို့ ထွက်သွားတယ်၊ တောတောင် အတွင်းသို့ရောက်တော့ ကမ္မဌာန်းကျောင်းသို့ဝင်ပြီး ယောဂိပုဂ္ဂိုလ်တို့၏ ထိုင်နည်းဖြင့် ခိုင်မြဲတည်တံ့စွာ နေထိုင်တဲ့အခါ မိမိစိတ်ထဲမှာ သို့ကလို အကြံပေါက်လာသတဲ့။

"ယခုရရှိတဲ့ သည်ကိုယ်ခန္ဓာကြီးဟာ ခိုင်မြဲတည်တံ့ခြင်း သဘောမရှိဘဲ အိုမင်းရင့်ရော်ခြင်းဖြင့် အပြင်းအထန်အနှိပ်စက်ခံလို့နေရတယ်၊ နိဗ္ဗာန်တရားသည်ကား ဆွေးမြေ့ယိုယွင်း၍ အိုမင်းခြင်းသဘောမရှိ၊ ဆွေးမြေ့အိုမင်းလေ့ရှိတဲ့ သည်ကိုယ်ခန္ဓာကြီးဖြင့် မအိုမသေအမြဲနေရတဲ့ နိဗ္ဗာန်ကို လဲလှယ်၍ယူတော့အုံ့၊ ယခုရရှိနေတဲ့ သည်ကိုယ်ခန္ဓာကြီးဟာ ကိလေသာမီး,ဒုက္ခမီးတို့ဖြင့် တည်းညီးတပြောင်ပြောင် တောက်လောင်၍နေတယ်၊ နိဗ္ဗာန်တရားသည်ကား ကိလေသာမီး, ခန္ဓာမီးတို့၏ အပြီးတိုင်ချုပ်ငြိမ်းရာမှန်ပေတယ်၊တောက်လောင်ပူပန်၍နေတဲ့ သည်ကိုယ်ခန္ဓာကြီးဖြင့် အပူကင်းဝေး၍ အေးမြချမ်းသာတဲ့ နိဗ္ဗာန်ကိုလဲလှယ်၍ယူတော့အုံ့"။

ဥဒါန်းကျူးမုံ

အဲ–သို့ကလို အကြံဖြစ်ပြီးတဲ့အခါ အားတက်သရော စိတ်ဇောပါပါနှင့် ပြဓာန်းချက်ဂါထာတခုကို သို့ကလို ရွတ်ဆို ကျူးရင့်တော်မူလေသတည်း။

အဇရံ ဇိရမာနေန၊ တပမာနေနံ နိဗ္ဗုတိ။
နိမိယံ ပရမံ သန္တိံ၊ ယောဂက္ခေမံ အနုတ္တရံ။ ။
(ထေရဂါထာပါဠိတော်။)

အနက်ကား

ဇိရမာနေန၊ ဆွေးမြေ့ယိုယွင်း အိုမင်းပျက်စီးလေ့ရှိသော ဤကိုယ်ခန္ဓာကြီးဖြင့်။ အဇရံ၊ အိုမင်းပျက်စီးလေ့မရှိသော။ သန္တိံ၊ နိဗ္ဗာန်ချမ်းသာကို။ နိမိယံ၊ ရအောင်ခဲ၍ လဲလှယ်ကာယူတော့အုံ့။ တပမာနေန၊ ကိလေသာမီး, ဒုက္ခမီးတို့ဖြင့် တည်းညီးတပြောင်ပြောင်တောက်လောင်၍ နေသော ဤခန္ဓာကိုယ်ကြီးဖြင့်။ နိဗ္ဗုတိံ၊ မီးခပ်သိမ်းတို့၏ ကင်းငြိမ်းရာဖြစ်သော။ ယောဂက္ခေမံ၊ ယောဂလေးပါးတို့၏ ကုန်ဆုံးရာဖြစ်သော။ အနုတ္တရံ၊ အတုမရှိ မြတ်လေဘိသော။ ပရမံသန္တိံ၊ နိဗ္ဗာန်ပရမတ်အငြိမ်းခံတ်ကို။ နိမိယံ၊ ရအောင်ခဲ၍ လဲလှယ်ကာယူတော့အုံ့။

ရဟန္တာဖြစ်ပုံ

အဲ-သည်ဂါထာကို ရွတ်ဆိုတော်မူပြီး ကုန်သွယ်ရေး ကိစ္စမှာ ပစ္စည်း ဝယ်ယူချင်းဖလယ်၍ ယူတာလို သည်ကိုယ်ခန္ဓာ အယုတ်တမာကြီးကို အရင်းအနှီးပြုပြီး နိဗ္ဗာန်ချမ်းသာကို ရအောင် လဲလှယ်ကာယူတော့မယ်-လို့ နှလုံးခံတ်ဖြင့် ဆုံးဖြတ်တော်မူကာ ဝိပဿနာဘာဝနာအလုပ်ကို မတွန့်မဆုတ် အားထုတ်ကြိုးစားတော် မူလေရာ မကြာမီအတွင်းမှာပင် ကိလေသာကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်လေသတည်း။

ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူပြီးတဲ့အခါ သုဠိယမထေရ်မြတ်ကြီးသည် ရဟန္တာမဖြစ်ခင် ပုထုဇဉ် ဘဝကရွတ်ဆိုခဲ့သော ဂါထာကိုပင် မကြာမကြာ ဝမ်းသာ ရွှင်မြူးလျက် ဥဒါန်းကျူးတော် မူလေ့ရှိပေသတည်း။

သုဠိယထေရ်ဝတ္ထုပြီး၏။

၃၃-သောပါကထေရဝတ္ထု

ကကုသန်ဘုရားလက်ထက်သူကြွယ်တဦး

ကိလေသာမီး,ဆင်းရဲမီးတို့ဖြင့် တည်းညီးတပြောင်ပြောင် တောက်လောင်ထိန်လင်းလို့နေတဲ့ သံသရာဝဋ်ဘုံကြီးအတွင်းမှလွတ်ကင်းထွက်မြောက်လိုတဲ့စေတနာဖြင့် ကျွတ်တမ်းကိုရှာနေတဲ့ အမျိုးသားကလေး တယောက်သည် ယခုဘဒ္ဒကပ်ကမ္ဘာတွင် ရှေးဦးစွာပွင့်တော်မူကဲ့ ကကုသန် ဘုရားရှင်လက်ထက်တော်အခါ သူကြွယ်အမျိုးဇာတ်မှာဖြစ်ပွားလို့လာခဲ့တယ်၊ထိုသူကြွယ်သတ္တိသားသည် တနေ့သောအခါ တောတောင်အတွင်းသို့သွားပြီး သစ်သီးအမျိုးမျိုးတွေကို ရှာဘွေဆွတ်ခူးရာ ရှောက်သီးတွေကိုရသဖြင့် နွယ်ကြိုးနှင့်သီပြီး ယူဆောင်လာခဲ့တယ်။

ရှောက်သီးရှုဒါန်းပုံ

ထိုအခါ ကကုသန်ရှင်တော်မြတ်ဘုရားသည် ပရိသတ်တို့မှ ရှောင်ခွာ၍ဆိတ်ငြိမ်ချမ်းမြဲစွာနေထိုင်တော်မူခြင်းအလို့ငှါကိုယ်တော်တပါးထည်း တောတောင်အတွင်းသို့ ကြွသွားတော်မူတယ်၊ပြဆိုခဲ့တဲ့ သူကြွယ်သားသည် ရှောက်သီးတို့ကို ယူဆောင်၍ တောတောင်အတွင်းမှ ပြန်လာခဲ့ရာ ကံအားလျော်စွာ လမ်းခရီးမတ်တတ်မှာ ရှင်တော်ဘုရားနှင့် တွေ့ကြုံပါရော၊ ဘုရားရှင်ကိုတွေ့မြင်ရတဲ့အခါ သဒ္ဓါတရား အတိုင်းထက်အလွန် ဖြစ်ပွားသည်နှင့် အခန့်သင့် ယူဆောင်လာတဲ့ ရှောက်သီးများကို ရှင်တော်ဘုရားအား လှူဒါန်းဆက်ကပ်လိုက်တယ်၊ ရှင်တော်ဘုရားကလဲသူကြွယ်သားကို ချီးမြှောက်တော်မူလိုသည်နှင့် ဝမ်းမြောက်စွာခံယူတော်မူတယ်။

နွားနို့ဆွမ်းနိစ္စဝတ်ရှုဒါန်းပုံ

ထိုအခါကစပြီး သူကြွယ်သတ္တိသားသည်ရတနာသုံးပါးကိုအတိုင်းထက်အလွန် ကြည်ညိုသဖြင့် နေ့စဉ်မပြတ် ပိဏ္ဍာပါတ်ဒါနကို ဆောက်တည်ပြီး နေ့တိုင်းနေ့တိုင်း သံဃာတော်သုံးပါးသုံးပါးကို အိမ်သို့ပင့်ဆောင်ကာ အသက်ဆုံးသည့်တိုင်အောင် နွားနို့ဆွမ်းကို လှူဒါန်းဆက်ကပ်ခဲ့တယ်၊ အဲ-ပြဆိုခဲ့ပြီးတဲ့ ကုသိုလ်စေတနာတို့ကြောင့် အသက်တမ်းကြွေလို့ စုံတေသွားတော့ လူ့ပြည်နတ်ရပ် မြင့်မြတ်တဲ့ဘုံဘဝတို့ ရှိသာ ကျင်လည်ကျက်စားခဲ့ရတယ်။

(က) ကကုသန္ဓော မဟာဝီရော၊ သဗ္ဗဓမ္မာန ပါရဂူ။
ဂဏမှာ ဥပကဋ္ဌော သော၊ အဂမာသိ ဝနန္တရံ။ ။

အနက်ကား

(က) ပုဗ္ဗေ၊ ရှေးအခါ၌။ သဗ္ဗဓမ္မာနံ၊ တရားဥဿုံအလုံးစုံတို့၏။ ပါရဂူ၊ တဘက်ကမ်းသို့ရောက်တော်မူသော။ မဟာဝီရော၊ ကြီးမြတ်သော ဝီရိယလည်းရှိတော်မူပေထသော။ ကကုသန္ဓော၊ ကကုသန်အမည်ရှိသော ဘုရားရှင်သည်။ လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ ဥပ္ပဇ္ဇိ၊ သစ္စာလေးဆင့် ချပ်လွှာဖွင့်၍ ပွင့်တော်မူလေသတည်း။ သော၊ ထိုကကုသန် မြတ်စွာဘုရားသည်။ ဂဏမှာ၊ ဂိုဏ်းသယ်ဘောပေါင်းမှ။ ဥပကဋ္ဌော၊ ကိုယ်တော်တပါးတည်း ခွဲခွာတော်မူလျက်။ ဝနန္တရံ၊ တောတောင်အတွင်းသို့။ အဂမာသိ၊ ကြွသွားတော်မူလေသတည်း။

(ခ) ဗီဇပူရံ ဂဟေတ္ဝာန၊ လတာယ အာဝုနိ အဟံ။
ဘဂဝါ စ တမှိ သမယေ၊ ဗျာယတေ ပဇ္ဇတန္တရေ။ ။

အနက်ကား

(ခ) တဒါ၊ ထိုအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဗီဇပူရံ၊ ရှောက်သီးကို။ ဂဟေတ္ဝာန၊ ဆွတ်ယူခဲ့၍။ လတာယ၊ နွယ်ကြိုးဖြင့်။ အာဝုနိ၊ လျှိုထိုးဖွဲ့ချည်၍ လာခဲ့ပါသတည်း။ တမှိသမယေ၊ ထိုအခါ၌။ ဘဂဝါ စ၊ ရှင်တော်မြတ်ဘုရားသည်လည်း။ ပဇ္ဇတန္တရေ၊ တောင်ကြားတခုအတွင်း၌။ ဗျာယတေ၊ ဗျာနှင်ဝင်စားကာ သီတင်းသုံး နေတော်မူပါသတည်း။

(ဂ) ဒိသ္မာန တံ ဒေဝဒေဝံ၊ ဝိပ္ပသန္နေန စေတသာ။
ဒက္ခိဏေယ္ယသ ဝရသ၊ ဗီဇပူရ မဒါသဟံ။ ။

အနက်ကား

(ဂ) တဒါ၊ ထိုအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဒေဝဒေဝံ၊ နတ်တကာတို့ထက်မြတ်၍ ဝိသုဒ္ဓိနတ် ဖြစ်တော်မူပေသော။ တံ၊ ထိုကကုသန်မြတ်စွာဘုရားကို။ ဒိသ္မာန၊ တောင်ကြားထဲတွင် တွေ့မြင်ဖူးမျှော်ရသည်ရှိသော်။ ဝိပ္ပသန္နေန၊ သဒ္ဓါစိုက်စူး၍ အထူးကြည်ညိုလှစွာသော။

စေတသာ၊ ကုသိုလ်စိတ်မြတ် သောမနသ်ဖြင့်။ ဒကျွိုဏောယျသ၊ အလှ။ ခံပုဂ္ဂိုလ်မြတ်ကြီး ဖြစ်သော။ ဝိရသ၊ ရှင်တော်မြတ်ဘုရားအား။ ဗိဇ ပူရံ၊ ရှောက်သီးကို။ အဒါသိ၊ ဆက်ကပ်ပေးလှူ။ ခဲ့ပြီ။

(ဃ) ဣမသ္မိံ ယေဝ ကပ္ပမှိ၊ ယံဖလံ အဒဒိ ဒဒါ၊
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗိဇပူရသိဒံ ဖလံ။

အနက်ကား

(ဃ) ဣမသ္မိံ ယေဝကပ္ပမှိ၊ ဤဘဒ္ဒကပ် ကမ္ဘာအတွင်းဌပင်လျှင်။ ယံဖလံ၊ အကြင်ရှောက်သီးကို။ အဒဒိ၊ ပေးလှူခဲ့လေပြီ။ တဒါ-တေ နပုညေန၊ ထိုကုသိုလ်ကံကြောင့်။ အဟံ၊ အကျွန်ုပ်သည်။ ဒုဂ္ဂတိံ၊ယုတ်ညံ့စွာလှ ဒုဂ္ဂတိဘုံဘဝကို။ နာဘိဇာနာမိ၊ တကြိမ်တခါမျှ မသိခဲ့ရဘူးပါ။ ဣဒံ၊ ဤကဲ့သို့အကျိုးပေးခြင်းသည်။ ဗိဇပူရသ၊ ရှောက်သီးလှူ ဒါန်းခဲ့ရသော ဒါနစေတနာကံ၏။ ဖလံ၊ အကျိုးထူးအမှန်ပေတည်း။

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း သုဂတိ သံသရာတို့ဌသာ ကျင်လည်၍လာခဲ့ရာ လူဖြစ်ဟဲ့ဘဝတခုမှာ ပစ္စေကဗုဒ္ဓါအရှင်တပါးအား နွားယနာ ဆွမ်းတို့ဖြင့် လှူဒါန်းခဲ့ဘူးသေးတယ်။

အဆုံးဘဝ ဆိုက်ရောက်လာပုံ

ဘုန်းတော်ကြီးလှသော ယခုဂေါတမရှင်တော်ဘုရား ထင်ရှားပွင့်တော်မူလာတဲ့ အခါသို့ရောက်တော့ သာဝတ္ထိပြည်မှာ ပစ္စည်းဥစ္စာချို့တဲ့၍ မျက်နှာမဲ့မဲ့ အားနွဲ့နွဲ့နှင့် လွန်စွာဆင်းရဲတဲ့ အမျိုးမှာ ပဋိသန္ဓေတည်နေလို့လာတယ်၊ ကျွတ်တမ်းဝင်ရမဲ့အဆုံးဘဝသို့ရောက်မှ ဆင်းရဲသူမ၏ ဝမ်းတိုက်ဌ ပဋိသန္ဓေ တည်နေရခြင်းဟာ လွန်စွာဝမ်းနည်းဘို့ကောင်းတာပေါ့၊ ရှေးလွန်ခဲ့တဲ့ ဘဝဟောင်းတခုတွင် ပြုခဲ့မိတဲ့ အကုသိုလ်အကျိုးဆက် မကင်းသဖြင့် သို့ကလို ယုတ်နိမ့်ခြင်းဖြစ်ရတယ်လို့ အဌကထာဆရာကြီးက မိန့်ဆိုတော်မူတယ်၊ ဘယ်ဘဝမှာ ဘယ်အကုသိုလ်မျိုးကို ပြုခဲ့မိတဲ့အတွက် သို့ကလိုယုတ်ညံ့သိမ်ဖျင်းစွာ အကျိုးပေးလာတယ်လို့ သေသေချာချာတော့ မပေါ်ပြုခဲ့ဘူး၊ သို့ရာတွင် သုပ္ပိယထေရ ဝတ္ထုဌ ပြဆိုခဲ့တဲ့နည်းအတိုင်း တဂုဂုသောဘဝမှာ မာန်မာနကြီးမား၍ ထောင်ထောင် လွှားလွှားနှင့် သူတပါးတို့ကို မမန့်

မညားမထေမဲ့မြင် ပြုလုပ်ခဲ့တဲ့အတွက် သိမ်သိမ်သေးသေး သို့ကလို အကျိုးပေးတယ်လို့ ကြီတွေးယူဆထိုက်တာပေါ့။ မာန်မာနဆိုတာ အကျိုးပေးတဲ့အခါ လွန်စွာယုတ်ညံ့စေနိုင်တယ်။

မွေးဖွားခြင်း၏-ဒုက္ခ

ယိုဆင်းရဲသူမမှာ ခင်ပွန်းလင်ယောက်ျားလဲ မရှိရှာဘူး၊ ခိုကိုးရာမဲ့မဲ့နှင့် အားနဲ့တဲ့ မုဆိုးမ ြစ်နေရှာတယ်၊ ပဋိသန္ဓေကိုယ်ဝန်ကို ဆောင်၍ နေရပါသော်လဲ ချမ်းသာခွင့်ကို မရရှာဘဲ နေ့ဘို့ညစာ အတွက် စားသောက်ရန်ခက်သဖြင့် ငြိုငြိုငြင်ငြင်နှင့် ပူပင်ပြင်းထန်စွာ အလုပ်ကြမ်းများကို လုပ်ကိုင်ရရှာတယ်၊ ကိုယ်ဝန်ကြီးကလဲလေး လုပ်ရေးကိုင်ရေးကလဲပင်ပန်း၊ စိတ်ကလဲ ညစ်နွမ်းတော့ ချမ်းသာခွင့်ကို ဘယ်မှာရနိုင်ပါတော့မလဲ၊ ကိုယ်ဝန်ဆောင်တဲ့မိခင်က ငြိုငြင်ပင်ပန်းတော့၊ ဝမ်းထဲမှာ နေရတဲ့ သားငယ်မှာလဲ ဘယ်မှာချမ်းသာ နိုင်ပါတော့မလဲ။

ပဋိသန္ဓေကိုယွယ်၍ ကိုးလလွန်ပြောက် ဆယ်လသို့ ရောက်လာတော့ ကြောက်ဘွယ်ကောင်းတဲ့ မွေးဖွားခြင်းကိစ္စကြီးနှင့် ဝေ့ကြုံရပါရော၊ ''မြေနီပ်ရာ လုံစိုက်'' ဆိုသလို သည်မုဆိုးမ ကလေးကိုမှ အကျိုးပေးမကောင်းတဲ့ အကုသိုလ်ကံရိုင်းတွေက ဝိုင်းလို့ နှိပ်စက်ချင်ကြ ပလေတယ်၊ လောကမှာ ဆင်းရဲဒုက္ခဆိုတာ လက်စရှိနေမှုဖြင့် တခုပြီးတခုဆက်၍ နှိပ်စက်လေ့ရှိကြတယ်။

မွေးဖွားတဲ့အခါ လွယ်ကူစွာနှင့် ပြားပြင့်ကိုမရဘဲ ခက်ခက်ခဲခဲနှင့် အဆင်းရဲကြီး ကြီနေပါရော၊ မိန်းမတို့ဝမ္မဟာ သည်လိုအရာမှာ လွန်စွာဆင်းရဲ၍ အသက်သွေးခဲ အမြဲမရှိဘူးလို့ ဆိုရတဲ့အခါ ကြီးပေါ့။

ယောက်ျားဖေါင်စီး-မိန်းမမီးနေ

ထန်းတက်သမား,ဖေါင်စီးသမား,ဘင်ဖီးသမား,ကိုယ်ဝန်ဆောင်မိန်းမများ သည်ပုဂ္ဂိုလ်များကို အသက်ပင်ရှိနေပါသေးလဲ အသက်ရှင်တဲ့သူရယ်လို့ ကေန်မုဒ္ဓမဆိုရဘူးတဲ့၊သူသေစာရင်းမှာသွတ်သွင်းထားရမယ်လို့ ရှေးလူကြီးများ မိန့်ကြားတော်မူလေ့ ရှိကြပတယ်။

သား,သမီးမွေးခြင်ရခြင်းကိုတာ မိန်းမတို့နှင့်သာ သက်ဆိုင်တဲ့အာဝေဏိကမှုတွေပါးရှိုးပို့ကွင် တပါးအပါဝင်ပေပေါ့၊ ဆိုခဲ့တဲ့ မုဆိုးမ

ကလေးသည် မွေးဖွားတဲ့အခါ လွန်စွာခက်ခဲသဖြင့် အဆင်းရဲလွန်ပြီး သွေးမွန်ကာ မေ့မျောလို့သွားရှာသတဲ့၊ လင်ယောက်ျားကလဲ မရှိတော့ ကြင်နာသနားကြတဲ့ ဆွေမျိုးဥာတိများက ဝန်းဝိုင်းလာရောက်ခါ ဖေးဖေးမမ ပြုကြရတယ်၊ သေငယ်ဇောနှင့် မျောမျော သွားလိုက်ထာကလဲ အကြိမ်ပေါင်းများစွာရှိသတဲ့၊ အတန်ကလေးကြာမှ သတိရလာရှာတယ်၊ ဝမ်းထဲကသူငယ်မှာလဲ လွယ်လွယ်နှင့် ထွက်ခွင့်မရသဖြင့် တလွန်လွန် တလိမ်လိမ်နှင့် အကြိမ်ကြိမ် ဆင်းရဲနေရှာတာပေါ့၊ ပဋိသန္ဓေနေရခြင်းဆိုတဲ့ ဒုက္ခဟာ လွန်စွာကြီးပါကလားနော်။

အဆုံးတိုင် နစ်မျောသွားပုံ

မုဆိုးမကလေးမှာ မမွေးဖွားနိုင်တဲ့အတွက် အသက်ကိုမှမရှုမရှိက်နိုင်ဘဲ မျက်ဖြူဆိုက်ပြီး အမျောကြီးမျောသွားလေရာ အလွန်ကြာသည်တိုင်အောင်ပင် သတိပြန်မရရှာတော့ဘူးတဲ့၊ အသက်ကလဲမရှူ မျက်ဖြူကလဲလန်၊ ပုံသဏ္ဌာန်ကလဲ သေရုပ်ပေါ်နေတော့ ဆွေမျိုးဥာတိ အများတို့က—

"သွားပေါ့ဟဲ့-ကံဆိုးမကလေးရဲ့၊ ကိုယ်ဝန်ကြီး တန်းလန်းနှင့် သေပန်းပွင့်သွားပေါ့ဟဲ့ ကံဆိုးမကလေးရဲ့"။

အဲ-သို့ကလို ဝိုင်းဝန်းဖွဲ့နွဲ့ကာ ငိုကြတယ်၊ တကယ်သေတာတော့ မဟုတ်သေးဘူး၊ သေပြီထင်လို့ ပူပင်စွာ ငိုကြွေးကြခြင်းဖြစ်ပေတယ်။

မြေဆိပ်တက်ခြင်း, ကိုယ်ဝန်အဆိပ်တက်ခြင်းဆိုတာ အလွန်ပြင်းထန်တာကလား၊ တကယ်ပင် မသေရသေးသော်လဲ သေတယ်လို့ထင်ရအောင် အပြင်းဖန်းလေ့ရှိတယ်၊ သည်လိုအရာမှာ လွန်စွာသတိထားဘို့ သင့်ကြပေသပေါ့။

အလောင်းကို မီးသင်္ဂြိုဟ်ပုံ

တဘန်ပြန်၍ သတိမရတော့ဘဲ အမျောကြီးမျော၍ သွားသည်ကို သေပြီဟု ထင်မှတ်ကြသဖြင့် ဆွေမျိုးဥာတိ အပေါင်းတို့က အလောင်းကိုပြင်ပြီး သုသာန်သို့ထုတ်သွားကြတယ်၊ သုသာန်သို့ရောက်

တော့ ထင်းပုံထက်မှာတင်ပြီး မီးရှို့ကြပါရော၊ မီးတောက်လောင်တဲ့ အခါ ဆွေမျိုးဥာတကာအပေါင်းတို့ အိမ်သို့ပြန်သွားကြတယ်၊ တကယ် မသေသေးဘဲ နစ်မျောနေတဲ့ မိခင်မှာတော့ မီး၏ဒဏ်ချက်ကြောင့် အသက်ဆုံးရှုံးကာ ပြာဖြစ်သွားရရှာတာပေါ့။

သေပါက အလောင်းကလေး

မီးတောက်လောင်သည်နှင့်တပြိုင်နက် သမ္မာဒေဝနတ်အပေါင်းတို့က ကုသိုလ်ကံထူးမြတ်၍ ကယ်အပ်တဲ့ သတ္တိသားကလေးကို မြင်ကြသည်နှင့် တထိန်ထိန် တောက်လောင်နေတဲ့ မီးပုံတွင်းမှ အန္တရာယ်ကင်းရှင်းအောင် ယူဆောင်ကြပြီးလျှင် မွေးကာစဖြစ်တဲ့ သတ္တိသားကလေးကို နတ်တို့၏တံခိုးဖြင့် သင်းချိုင်းစောင့် စဏ္ဍာလခေါင်းကြီး၏ အိမ်ဝင်းအတွင်းသို့ ပို့ထားခဲ့ကြတယ်၊ ပို့ပြီးတဲ့နောက် ဘေးဒဏ်မရောက် မသေမပြောက်အောင်လဲ စောင့်ရှောက်ကြည့်ရှုကာ နေကြတယ်။

ကျွတ်တမ်းဝင်ရမဲ့ အဆုံးဘဝ ပုဂ္ဂိုလ်များဟာ အရဟတ္တဖိုလ်ကို မရသေးသမျှ ဘယ့်ကလောက်ကြီးကျယ်တဲ့ ဘေးအန္တရာယ်နှင့် တွေ့စေကာမူ သေဆုံးပျက်စီးခြင်းသို့ မရောက်နိုင်ဘူး၊ ကေန်အမှန်ပင် ကျွတ်တမ်းဝင်ရလိမ့်မယ်။

စဏ္ဍာလကြီးက ကောက်ယူမွေးမြူထားပုံ

ကလေးသံကိုကြားတော့ အံ့အားသင့်စွာနှင့် သင်းချိုင်းစောင့်ကြီးကိုယ်တိုင် ကြည့်ရှုစုံစမ်းလေရာ မွေးကာစဖြစ်တဲ့ သူငယ်ကလေးကို တွေ့မြင်ပါရော၊ ချစ်ခင်စဘွယ် တင့်တယ်ကြည်လင်တဲ့ အရုပ်အဆင်းနှင့် အားကိုးရာမဲ့ စွန့်ပြစ်ထားတဲ့ သူငယ်ကလေးကိုမြင်လျှင်မြင်ခြင်း မိမိသားအရင်းကဲ့သို့ ချစ်ခင်မြတ်နိုးခြင်း ဖြစ်ပေါ်လာသည်နှင့် ထိုသူငယ်ကလေးကို ကောက်ယူပွေ့ချီပြီး မိမိအိမ်မှာပင် ချစ်ခင်ယုယစွာမွေးမြူထားတယ်၊ ရှေးကံအကြောင်းက မကောင်းလှသဖြင့် ဇာတိမျိုးရိုးပင် သန့်စင်ရိုးမှန်ပါသော်လဲ သုသာန်မှာနေရတဲ့စဏ္ဍာလ၏သားဖြစ်ပြီး ဂုဏ်သရေညှိုးငယ်စွာ ကြီးပွါးလာရရှာတော့တာပေါ့။

သောပါက သဒ္ဓါ၏ အဓိပ္ပါယ်

ထိုသူဌေယ်ကလေးကို အမည်မှည့်တဲ့အခါ သောပါက ရယ်လို့မှည့်ခေါ်တယ်၊ သောပါက ဆိုတဲ့အမည်ဟာ ပါဠိဘာသာအားဖြင့် အလွန်ယုတ်ညံ့တာပေါ့၊ စဏ္ဍာလတို့မှည့်ခေါ်လေ့ရှိတဲ့ အမည်ဆိုးကြီးဖြစ်နေတယ်။

ထိုသောပါက သဒ္ဓါ၏ အနက်အဓိပ္ပါယ်မှာတော့ ခွေးသားကို ချက်စားတဲ့ သူရယ်လို့ ဆိုလိုတယ်၊ ထိုသူဌေယ်ကလေးဟာ ရှေး ကံကြမ္မာဖိစီးခြင်းကို ခံရသဖြင့် မိမိရုပ်ရေသဏ္ဌာန်နှင့် မလိုက်အောင် စဏ္ဍာလ၏သားဖြစ်ပြီး သုသာန်သင်းချိုင်းမှာ နေရရှာတယ်၊ ထို့ပြင် မိမိဇာတိမျိုးရိုးနှင့် မလိုက်အောင် ယုတ်ညံ့တဲ့အမည်ကိုလဲ ခံယူရရှာတယ်။

ထိုသင်းချိုင်းစောင့်ကြီးမှာ သုပ္ပိယခေါ်တဲ့ သားရင်းအစစ်ကလေးတယောက်လဲရှိတယ်၊ ကောက်ယူမွေးစားတဲ့ သောပါကသတ္တိသားလဲ ထိုသားရင်းကလေးနှင့် အတူတကွ ညီရင်းအစ်ကိုဖြစ်ပြီး ချစ်ချစ်ခင်ခင်ကြီးပွါးလာခဲ့ရတာပေါ့၊ သင်းချိုင်းစောင့်ကြီးကလဲ သားရင်းနှင့်သားတူကို ခွဲခြားခြင်းမပြုဘဲ ညီတူညီမျှပင် ချစ်ခင်ယုယစွာ မွေးမြူ၍ထားသတဲ့။

သို့ရာတွင် ရုပ်သွင်သဏ္ဌာန်ချင်းက ခြားနားလှသဖြင့် မြင်ရသူတို့စိတ်ထဲမှာ သောပါကသတ္တိသားကို ဒွန်းစဏ္ဍားမျိုးအစစ်ကယ်ကိုပင် မထင်မမှတ်ကြဘူးတဲ့၊ အချို့အချို့သော သူများကလဲ သောပါကသတ္တိသားကလေးကို ကြည့်ရှုပြီး။

> ''ဩော်–သည်သူဌေယ်ကလေးဟာ ရုပ်ဆင်းအင်္ဂါလွန်စွာ သန့်ပြန့်ပါကလား၊ သနားစရာ ဒွန်းစဏ္ဍား အမျိုးယုတ်ထဲမှာဖြစ်နေရရှာတယ်''လို့။

ကြင်နာသနားတဲ့ ကရုဏာဖြင့် စုတ်သတ်ခါ ပြောဆိုကြသတဲ့၊ သောပါက သတ္တိသားကလဲ မိမိ၏ မျိုးရိုးဇာတိကို မသိရှာသဖြင့် ဒွန်းစဏ္ဍားရယ်လို့ မှတ်ထင်လို့နေရှာတယ်။

ရဟန်းဖြစ်၍ ကျွတ်တမ်းဝင်မုံ

သောပါက သတ္တိသားသည် ခုနစ်နှစ်အရွယ်သို့ ရောက်လေသော် ဓာတ်ခံပါရမီ စုံညီပြည့်ဝ၍ ဝိသေသပုဂ္ဂိုလ်လိကလေးဖြစ်တဲ့အတိုင်း အရာရာမှာ လိမ်မာကျွမ်းကျင်၍ ဉာဏ်အမြင်နှင့် ပြည့်စုံတယ်၊ တနေ့သောအခါ ရှင်တော်မြတ်ဘုရားသည် မဟာကရုဏာ သမာပတ်ကို ဝင်စား၍ ကျွတ်ထိုက်တဲ့ သတ္တဝါများကို ရှေဉာဏ်တော်ဖြင့် ရှုစားတော်မူလေရာ သုသာန်သင်းချိုင်းတွင် မိမိပါရမီနှင့် မလိုက်အောင် တိမ်တိမ်မြုပ်မြုပ်နေရတဲ့ သောပါက သတ္တိသားကို မြင်တော်မူတယ်။

သတ္တဝါကယ်ဆယ်ရေးတွင် နှောင့်နှေးခြင်း မဖြစ်အောင် ရွက်ဆောင်တော်မူလေ့ရှိတဲ့ ရှင်တော်မြတ်ဘုရားသည် သောပါက သတ္တိသားကို မြင်တော်မူသည်နှင့် တပြိုင်နက် အချိန်ဖင့်အောင် ဆိုင်းလင့်တော်မမူဘဲ အလျင်အမြန် သုသာန်သို့ကြွတော်မူလာတယ်၊သောပါက သတ္တိသားသည် ခုနစ်နှစ်ရွယ် အသက်ပင် ငယ်သော်လဲ ရှေးဟောင်းဓာတ်ခံ ထက်သန်စုံညီ၍ ပါရမီရင့်မာခဲ့ပြီးတဲ့သူ ဖြစ်သောကြောင့် ဘုရားရှင်ကို ဖူးမြင်ရသည်နှင့် တပြိုင်နက် ဘုရားရှင်ထံသို့ အမြန်ပြေးလာပြီး ဘဝါးတော်ရှေစက်အစုံကို ခိုလှုံဝပ်တွားကာ ရှိခိုးလို့နေရှာတယ်။

သောပါကအကြံ ဖြစ်မုံ

သူ့စိတ်ထဲမှာ ဘယ်လိုဖြစ်ပေါ်လာသလဲလို့ဆိုတော့–

"မကြီစဘူး ထူးမြတ်တဲ့ပုဂ္ဂိုလ်ကြီးနှင့် တွေ့ကြုံရပေါ့၊ ငါ၏ အားကိုးရာအစစ်အမှန် ဖြစ်တော်မူပေလိမ့်မယ်၊ ဆင်းရဲတဲ့ အဖြစ်မှကယ်တင်၍ ချမ်းသာခြင်းသို့ ရောက်အောင် ပို့ဆောင်တော်မူပေလိမ့်မယ်၊ သည်လိုအားကိုးရာ ပုဂ္ဂိုလ်မြတ်ကြီးနှင့် တွေ့ပေါ့ဘဲ၊ မဘ္ဘာမကွဲအောင် သက်နှံးစွန်းကိုဆွဲပြီးအမြဲလိုက်မှတော်တော့မယ်"–

အဲ-သို့ကလို အကြံဖြစ်သတဲ့။

အခွင့်ရမှရဟန်းပြုရန်မိန့်ကြားပုံ

လိမ်မာတဲ့ အမှုအရာနှင့် ခြေတော်စုံကို ဦးခေါင်းစိုက်ပြီး ဦးခိုက်ရှိခိုးနေတဲ့ သောပါကသတ္တိသားကလေးအား ရှင်တော်မြတ်ဘုရားက သင့်လျော်လျောက်ပတ်တဲ့ တရားစကားကို ဟောကြားတော်မူတယ်၊ တရားကိုနာရတဲ့အခါ သဒ္ဓါအဆင့်ဆင့် ဖူးငုံခိုင်ညှာနှင့် စုံလင်စွာ ပေါ်ကာပွင့်သဖြင့် ဘုရားရှင်ထံမှာ ရဟန်းပြု၍ နေလိုပါကြောင်းနှင့် ခွင့်တောင်းလျှောက်ထားတယ်၊ထိုအခါ ရှင်တော်မြတ်ဘုရားက "သင်၏ မိဘများထံမှာ အခွင့်ရခဲ့ပါလျှင် သင့်ဆန္ဒအတိုင်း ရဟန်းပြုပေးမယ်လို့"မိန့်တော်မူတယ်။

သောပါကကို ဘုရားရှင်အားအပ်နှင်းပုံ

ထိုအခါသောပါက သတ္တိသားသည် ဘခင်ဖြစ်သူ သင်းချိုင်းစောင့်ကြီးအား ဘုရားထံသို့ ခေါ်လာပြီးလျှင် ရဟန်းပြုကာ ဘုရားရှင်နောက်သို့လိုက်၍ နေလိုကြောင်းများကို ပြောကြားတော့ ဘခင်သင်းချိုင်းစောင့်ကြီးကလဲ နှောင့်ရှက်တားမြစ်ခြင်းအမှုကို မပြုဘဲ—

"အရှင်ဘုရား—ဤသူငယ်ကလေးသည် သုသာန်သင်းချိုင်းမှာ ဆင်းရဲပြုံးငြင်စွာ နေထိုင်ရပါသည်၊ အရှင်ဘုရားသနားတော်မူပါသဖြင့် ဤသူငယ်ကလေးအား ယုတ်ညံ့သိမ်ဖျင်းသော အခြေအနေမှ မြင့်မြတ်သောအဖြစ်သို့ ရောက်အောင်ပို့ဆောင်ကယ်တင်တော်မူပါ၊ ဤသူငယ်ကလေးကို အရှင်ဘုရားအား တပည့်တော်လှူဒါန်းပါ၏၊ ရှင်ရဟန်းအဖြစ်နှင့် သက်နိုးကိုဆင်မြန်းပြီး အရှင်ကြွတော်မူရာ နောက်တော်ပါ ခေါ်ဆောင်သွားတော်မူပါအရှင်ဘုရား"။

အဲ-သို့ကလို လျှောက်ထားတော့ ရှင်တော်မြတ်ဘုရားက သောပါက သတ္တိသားအား ရဟန်းပြုရန် အခွင့်ပေးတော်မူလို့၍ ဇေတဝန်ကျောင်းတော်သို့ခေါ်သွားတော်မူတယ်။

ဆင်းရဲပြုံးငြင်တဲ့ သတ္တဝါအပေါင်းတို့အား သနားကရုဏာဖြင့် ချီးမြှင့်မြောက်စားတော်မူတဲ့ အတိုင်း ဇေတဝန် ကျောင်းတော်သို့ ရောက်တဲ့အခါ ခုနစ်နှစ်အရွယ်မျှသာ ရှိသေးတဲ့ သောပါကသာမဏော

ကလေးအား အရာရာ၌ ချမ်းသာလေအောင် ရှင်တော်ဘုရား ကိုယ်တော်တိုင် စောင့်ရှောက်တော်မူတယ်၊ ရဟန်းသံဃာတော် အပေါင်းကလဲ သောပါက သာမဏေကလေးကိုတွေ့မြင်ကြရတဲ့အခါ ဝမ်းသာအားရနှင့်-

"ရှင်တော်မြတ်ဘုရား၏ ကရုဏာသည် လွန်စွာကြီးကျယ်လှပေစွ၊ သင်းချိုင်းသုသာန်မှာ စက္ကာလဇာတိဖြင့် နွမ်းရိ ပင်ပန်း၍ အောက်တန်းကျနေတဲ့ သတ္တဝါကလေးတဦးကို အထူးသဖြင့် ကယ်တင်ကာ စောင့်ရှောက်တော်မူပါပေတယ်၊ အံ့ဩဖွယ်ရှိစွတကား။"

အဲ-သို့ကလို ပြောကြားပြီး ရှင်တော်ဘုရား၏ ဂုဏ်ကျေးဇူးကို ဦးကျူးကြတယ်။

ထိုအခါ ရှင်တော်မြတ်ဘုရားက သောပါက သာမဏေကလေး၏ အကြောင်းကို မှန်သောအတိုင်း သိတော်မူလိုသဖြင့် မွေးဖွားခြင်းသို့ မရောက်မီ သောပါက၏ မိခင်ကို သုသာန်သင်းချိုင်းသို့ ဆောင်ယူပုံမှစ၍ သင်းချိုင်းစောင့် စက္ကာလကြီးအိမ်မှာ ယုတ်နိမ့်စွာ ကြီးပွားလာခဲ့ရပုံများကို စုံလင်စွာ ဟောကြားတော်မူတယ်၊ ရှင်တော်ဘုရား၏အမိန့်တော်စကားကို ကြားကြရတော့မှ ပရိသတ်တို့ စိတ်တွင်းမှာ ရှင်းကနဲ ဖြစ်သွားတာပေါ့။

နဂိုမူရင်းက စက္ကာလအမျိုးယုတ် မဟုတ်ပါဘဲလျက် အကြောင်းမသင့် အခွင့်မသာ၍ စက္ကာလအိမ်သို့ ရောက်သွားရပုံများကို သနားခြင်းဖြစ်ကြရတဲ့အပြင် ကံအကျိုးပေးဆန်းကြယ်ပုံများကို တွေးတောပြီး သောပါက၏ အတ္တုပ္ပတ္တိကိုကြားနာကြရတဲ့ ပရိသတ်တွေမှာ သံဝေဂဉာဏ် ထက်သန်စွာ ဖြစ်ပေါ်ကြရသတဲ့။

ရဟန္တာအဖြစ်သို့ဆိုက်ရောက်ပုံ

ရှင်သာမဏေဖြစ်ပြီးနောက် များမကြာမီအတွင်းမှာပင် ရှင်တော်မြတ်ဘုရားက အပါးတော်သို့ သောပါက သာမဏေကလေးကို ခေါ်ပြီး၍ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ရမယ်လို့ မိန့်ကြားတော်မူပြီးလျှင် မေတ္တာကမ္မဋ္ဌာန်း တည်ထောင်ပုံ နည်းလမ်းများကို

သင်ကြားပေးတော်မူတယ်၊ သောပါက သာမဏေသည် ရှင်တော်ဘုရားသင်ကြားပေသော နည်းလမ်းအတိုင်း ဆိတ်ငြိမ်ရာသို့ကပ်ပြီး မေတ္တာဘာဝနာကိုမူရင်းတည်၍ပွားများအားထုတ်လေရာ ပထမဦးစွာ မေတ္တာစျာန်ကို ရသွားတယ်၊ ထို့နောက်တဘန် မေတ္တာစျာန်ကို အရင်းခံထား၍ ဝိပဿနာတရားကို တဆင့်တိုးတက်၍ပွားများလေရာ ကိလေသာကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်လေသတည်း။

ခုနစ်နှစ်သားနှင့်ရဟန္တာဖြစ်သော သောပါက

ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တဲ့အခါ သာသနာတော် အတွင်းမှာ သောပါကရဟန္တာရယ်လို့ ကျော်စော ထင်ရှားသွားတယ်၊ ဘယ်အရပ်ဌာနမှာ ရဟန္တာဖြစ်သွားသလဲလို့ ဆိုတော့ မိမိကြီးပွားခဲ့ရာ ဖြစ်တဲ့ သုသာန်ဌာနမှာ မေတ္တာဘာဝနာကို ပွားများခြင်းအားဖြင့် ရဟန္တာအဖြစ်သို့ ရောက်သွားတယ်လို့ အဋ္ဌကထာဆရာကြီး မိန့်ဆိုတော်မူတယ်၊ ထိုသုသာန်ဌာနဟာ မိမိကြီးပွားခဲ့ရာ ဖြစ်တဲ့ပြင် ကိလေသာကင်းပြတ်၍ ရဟန္တာအရှင်မြတ်ဖြစ်သောကြောင့် ထိုသုသာန်ကို ရှင်သောပါက၏ အောင်မြေဘူမိရယ်လို့ ခေါ်ဆိုထိုက်တာပေါ့၊ ခုနစ်နှစ်သားအရွယ်မှာ ရဟန္တာအဖြစ်သို့ရောက်သဖြင့် ထူးမြတ်တဲ့ ပုဂ္ဂိုလ်တပါးရယ်လို့ ချီးမွမ်းထိုက်ပါပေတယ်။

မေတ္တာတရားကိုဟောကြားတော်မူပုံ

မေတ္တာကမ္မဋ္ဌာန်းဖြင့်ရဟန်းကိစ္စပြီးဆုံးတဲ့အခါ ထိုသုသာန်ဌာနမှာ သုသာန်ဝတင်ကိုဆောက်တည်ကာ ကမ္မဋ္ဌာန်းဘာဝနာ ပွားများကြတဲ့ ရဟန်းတို့အား မိမိပေါက်ရောက်ခဲ့တဲ့ နည်းလမ်းအတိုင်း ဟောကြားလိုသည်နှင့် သောပါကရဟန္တာသည် မေတ္တာပွားမှုနှင့်ဆိုင်တဲ့ ဂါထာတပုဒ်ကို သို့ကလို ဟောကြားတော်မူလေသတည်း။

ယထာပိ ကေပုတ္တာသ္မိံ၊ ပိယသ္မိံ ကုသလီ သိယာ။
ဧဝံ သဗ္ဗေသု ပါဏေသု၊ သဗ္ဗတ္တ ကုသလော သိယာ။ ။
(ထေရဂါထာပါဠိတော်)

အနက်ကား

ဗိယသို့ ၊လွန်စွာချစ်ခင်မြတ်နိုးအပ်သော။ကေပုတ္တာသို့ ၊တယောက်ထည်းသော သားအပေါ်၌။ ကုသလီ၊ အကျိုးလိုလား စိတ်ကောင်းထားနိုင်သည်။ သိယာယထာပါ၊ ဖြစ်သကဲ့သိုသာလျှင်။ ဧဝံတထာ၊ ထိုနည်းတူစွာ။ သဗ္ဗေသု ပါဏေသု၊ အလုံးစုံသော သတ္တဝါအပေါင်းတို့၌။ သဗ္ဗတ္ထ၊ အလုံးစုံသော အရပ်ဌာန,ဘုံဘဝတို့၌။ ကုသလော၊ အကျိုးလိုလား စိတ်ကောင်းထားနိုင်သည်။ သိယာ၊ ဖြစ်ရာသတည်း။

ဤဂါထာ၏ဆိုလိုရင်းအဓိပ္ပါယ်

သားတယောက်ထည်းသာရှိသော မိန်းမတို့သည် အလွန်ချစ်ခင်လှစွာသော ထိုသားအပေါ်၌ ဘေးရန်အမျိုးမျိုးတို့မှ ကင်းရှင်းစေလိုခြင်း၊ချမ်းသာအမျိုးမျိုးတို့နှင့် ပြည့်စုံစေလိုခြင်း၊ အစဉ်မပြတ်ကြည်လင် ရှင်လန်းနေတဲ့ သား၏မျက်နှာကို ကြည့်ရှုလိုခြင်း၊ ဤသို့စသော အားဖြင့် အကျိုးလိုလား စိတ်ကောင်းထားနိုင်သလို ထိုနည်းတူစွာ အရုပ်ဆယ်မျက်နှာတို့၌ရှိနေကြကုန်သောသတ္တဝါအလုံးစုံတို့အပေါ်၌ ဘေးကင်းစေလိုမှု, ချမ်းသာစေလိုမှုတို့ဖြင့် အကျိုးလိုလားစွာနှင့် စိတ်ကောင်း,စိတ်မြတ်ကိုထားရမယ်၊ဤကဲ့သို့ စိတ်ထားနိုင်ပါလျှင်မေတ္တာဘာဝနာကိစ္စပြီးစီးနိုင်တယ်၊ ဤသို့ ဆိုလိုရင်းဖြစ်ပေသည်။

ပြဆိုခဲ့ပြီးတဲ့ မေတ္တာပွားနည်းအတိုင်း မေတ္တာသုတ်ဌ်လည်း ဘော်ပြလတ်သော မေတ္တာဂါထာကို ရှင်တော်ဘုရား မိန့်ကြားတော်မူခဲ့ပေသည်။

> မာတာ ယထာ နိယံပုတ္တ၊ မာယုသာ ကေပုတ္တ မ•နုရက္ခေ။
> ဧဝံပိ သဗ္ဗဘူတေသု၊မာနသံ ဘာဝယေ အပရိမာဏံ။ ။

အနက်ကား

မာတာ၊ ဖခင်သည်။ နိယံပုတ္တံ၊ မိမိရင်နှစ် သားရင်းအစစ် ဖြစ်သော။ ကေပုတ္တံ၊ တယောက်ထည်းသောသားကို။ အာယုသာ၊ အသက်တမျှ။ (ဝါ၊အသက်ပေးလျက်)။ အနုရက္ခေယထာ၊ ချစ်ချစ်ခင်ခင် အစဉ်စောင့်ရှောက်လေဘိသကဲ့သို့။ဧဝံပိ၊ဤနည်းအတိုင်းပင်လျှင်။

သဗ္ဗဘူတေသု၊ အလုံးစုံသောသတ္တဝါတို့၌။ အပရိမာဏံ၊ အပိုင်းအခြား အတိုင်းအရှည်မရှိသော။ မာနသံ၊ ချစ်ခင်ယိုဖိတ် မေတ္တာစိတ်ကို။ ဘာဝယေ၊ ပွားများရာသတည်း။

မေတ္တာပွားများပုံ နည်းအချုပ်ကို ထေရအဋ္ဌကထာကျမ်း၌ ပြဆိုခဲ့သည်မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

မေတ္တာပွားပုံ

သဗ္ဗေသု သတ္တေသု ဧကန္တဟိတေသိတာယ ကုသလီ ဘဝေယျ၊ မိတ္တော ဥဒါဟု ပစ္စတ္ထိကောတိ သီမံ အကတ္တာ သီမာသမ္ဘေဒဝသေန သဗ္ဗတ္ထ ဧကရသံ မေတ္တံ ဘာဝေယျ။

အနက်ကား

သဗ္ဗေသု သတ္တေသု၊ အလုံးစုံသောသတ္တဝါတို့၌။ ဧကန္တဟိတေသိတာယ၊ စင်စစ်အကျိုးလိုလားသော သဘောဖြင့်။ ကုသလီ၊ ဖြူစင်ဆွတ္တားး စိတ်ကောင်းထားနိုင်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ မိတ္တော၊ ငါ၏ မိတ်ဆွေတည်း။ ဥဒါဟု၊ ထိုသို့မဟုတ်။ ပစ္စတ္ထိကော၊ ငါ၏ရန်သူတည်း။ ဣတိ၊ ဤသို့။ သီမံ၊ ပိုင်းခြားကန့်သတ်မှုကို။ အကတ္တာ၊ မပြုမူ၍။ သီမာသမ္ဘေဒဝသေန၊ အပိုင်းအခြားကို ဖျက်ဆီးသည်၏ အစွမ်းအားဖြင့်။ သဗ္ဗတ္ထ၊ အလုံးစုံသော သတ္တဝါတို့၌။ ဧကရသံ၊ ချစ်ခင်မှုအရသာတပါးမျှသာရှိသော။ မေတ္တံ၊ မေတ္တာစိတ်ကို။ ဘာဝေယျ၊ ပွားများရာသတည်း။

မှတ်ချက်။ ။သတ္တနိပါတ် အဂုတ္တိုရိပါဠိတော်ကြီး၌လည်း မေတ္တာဘာဝနာ၏ အကျိုးကို ပြဆိုသော မေတ္တာသုတ်တခုရှိပေသည်၊ ထို့ပြင် ဂေါဒသနိပါတ် အင်္ဂုတ္တိုရိပါဠိတော်ကြီး၌လည်း မေတ္တာအကျိုးကိုပြဆိုသော သုတ္တန်ရှိပေသည်၊ ဤမေတ္တာနှင့် ဆိုင်သောသုတ္တန်များကို ထည့်သွင်းဘော်ပြနေပါလျှင် ကျယ်ဝန်းမည်စိုးသောကြောင့် လျစ်လျူရှုလိုက်ရတော့သည်။

သောပါက ရဟန္တာအရှင်မြတ်သည် မိမိကိုယ်တိုင် အားထုတ်ပေါက်ရောက်ခဲ့သော နည်းလမ်းအတိုင်း မေတ္တာဘာဝနာကိုသာ လက်ကိုင်ထား၍ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်ကြစေခြင်းအလို

၄၂ များစွာ တိုက်တွန်းတော်မူလေ့ရှိပေသည်၊ ထိုစဉ်အခါ ရှင်သောပါ၊ ကမ္ဘာ့ နှီးဆော်တိုက်တွန်းချက်အတိုင်း မေတ္တာဘာဝနာကို မူရင်းထား၍ တရားအလုပ်ကို အားထုတ်ကြလေရာ ထမြောက်အောင်မြင်၍ ကျွတ်တမ်းဝင်သော ပုဂ္ဂိုလ်တို့များစွာ ရှိကြလေကုန်သတည်း။

သောပါကထေရဝတ္ထုပြီး၏။

၃၄-ပေါသိယထေရဝတ္ထု

တိသဘုရားရှင်လက်ထက်မုဆိုးတဦး

ရှေးလွန်လေပြီးတဲ့ ကိုးဆယ့်လေးကမ္ဘာထက် အခါ ဘုန်းတော်ခြောက်ဆင့် အောင်လံဝင့်၍ ပွင့်တော်မူခဲ့တဲ့ တိသ ရှင်တော်မြတ် ဘုရား၏ လက်ထက်တော်တွင် သံသရာဝဋ္ဋတွေ ကရွတ်ခွေမှ ကျွတ်စေ, လွတ်စေဆိုတဲ့ သဘောနှင့် ပါရမီကုသိုလ်မျိုးကို စိုက်ပျိုးထူထောင် နေတဲ့ အမျိုးသားကလေး တယောက်ဟာ အကြောင်းမသင့်,အခွင့်မသာ သဖြင့် တောတောင်တရိုးမှာ မုဆိုးအလုပ်နှင့် လှည့်လည်ကျက်စားလို့ နေတယ်။

တံနေ့သောအခါ တိသရှင်တော်မြတ်စွာဘုရားသည် ဟိမဝန္တာအနီး လမ္ဘကအမည်ရှိသော တောင်ကြီးပေါ်၌ စကြိုကြွတော်မူရင်း ချီးမြှင့်ထိုက်တဲ့ သူများကို ရှုစားတော်မူလေရာ ဆိုခဲ့တဲ့ မုဆိုးကလေးကို တွေ့မြင်တော်မူပါရော။

သဘေးကိုမြင်၍မုဆိုးအား ချီးမြှောက်တော်မူပုံ

"ထိုမုဆိုးကလေးသည် မကြာမီအတွင်းမှာပင် ခြင်္သေ့ဘေးနှင့် တွေ့ကြုံ၍အသက်ကုန်ရာလိမ့်မယ်၊ သည်နည်းအတိုင်းသာ စုတေ၍ သွားခဲ့ပါလျှင် အပါယ်ငရဲနှင့် မလွဲနိုင်တော့ဘူး၊ မသေမီအတွင်းမှာ ကုသိုလ်တရားပွားများရအောင် သနားသဖြင့် ချီးမြှင့်မှသင့်တော့မယ်"။

အဲ-သို့ကလို ဆင်ခြင်တော်မူကာ မုဆိုးရှိရာ ဌာနသို့ ရှင်တော်ဘုရား လျင်မြန်စွာကြွသွားပြီး ကြည်ညိုဘွယ် ကောင်းတဲ့ ဘုရားအသွင်ကို ထင်ရှားစွာပြတော်မူတယ်။

မြတ်စွာဘုရားအားဖူးမြင်ပုံ

မုဆိုးကလေးသည် မိမိ၏ရွှေမျက်မှောက်မှာ ရုတ်တရက် ဆိုက်ရောက်လာတဲ့ ဘုရားရှင်ကို ဖူးမြင်ရသည်နှင့် တပြိုင်နက် မိမိစွဲကိုင်တဲ့ လက်နက်များကို ချထားပြီး ဝပ်တွားကာ ရှိခိုးနေတယ်၊ ထိုအခါ ရှင်တော်မြတ်ဘုရားက ထိုအရပ်ဌာနမှာပင် ထိုင်တော်မူလိုတဲ့ အခြင်းအရာကိုပြတော့ ရှင်တော်မြတ်ဘုရားအား သန့်ပြန့်တဲ့အခင်းဖြင့် လှူဒါန်းခြင်းအလို့ငှါ လျင်မြန်စွာထ၍ မြရောင်အဆင်းရှိတဲ့ မြက်တွေကိုနုတ်ပြီး ဖြန့်ခင်းကာလှူဒါန်းလိုက်တယ်၊ ရှင်တော်မြတ်ဘုရားသည် ထိုမြက်အခင်းပေါ်တွင်ထိုင်နေတော်မူကာ မုဆိုး၏အကြည်ညိုကိုခံတော်မူတယ်။

မြက်ခင်းပေါ်တွင် တင့်တယ်စွာ သီတင်းသုံးတော်မူနေတဲ့ ဘုရားရှင်ကို ဖူးမြင်ရတဲ့အခါ သာလို့ပင်သဒ္ဓါတရားပွားသည်နှင့်မျက်တောင်ကိုမျှ မခတ်ဘဲ ကုသိုလ်ဇောသန်သန်နှင့်သာ အတန်ကြာ ဖူးမြင်လို့နေတယ်။

အပူဇော်ခံ၍ အတန်ကြာလေသော်"သည်မုဆိုးကလေး၏သန္တာန်မှာ ကုသိုလ်မျိုးစေ့များ ဖြစ်ပွားပေါ်ပေါက်လာပြီ" သည်ကဲ့သို့ ဆင်ခြင်တော်မူပြီးလျင် တစုံတခုသောတရားကိုမျှ ဟောကြားတော်မမူဘဲ ထိုနေရာဌာနမှ တိသရဏတော်ဘုရားကြွသွားတော်မူတယ်။

မုဆိုးကလေးခြေသံ့ဘေးဖြင့်သေရပုံ

ဘုရားရှင်ကြွသွားတော်မူပြီးတဲ့နောက် မုဆိုးကလေးလဲဘုရားရှင်ကို မျက်စိတဆုံးဖူးမျှော်ပြီး ကြည်ညိုတဲ့ သဒ္ဓါဇောအရှိန်ကို မသတ်နိုင်ဘဲ ထိုနေရာဌာနမှာပင် မတ်တတ်ရပ်လို့နေတယ်၊ ဤသို့နေစဉ်အခိုက်မှာပင် အားအင်ကြီးလှစွာသော ခြေသံ့တကောင်သည် ပြင်းထန်စွာ အဟုန်ဖြင့် ရုတ်တရက် ဆိုက်ရောက်လာပြီး ထိုမုဆိုး ကလေးကို ကိုက်သတ်လေရာ ထိုအရပ်ဌာနမှာပင်ရုတ်တရက် သေဆုံးသွား ရှာပါလေရော။

ဇီဝိန်ကြေ၍ စုတေတဲ့အခါ အာသန္နကံကုသိုလ်ကြီးက ခရီးရောက်အောင် ချီးမြှောက်တဲ့အတွက် တာဝတိံသာ နတ်ပြည်မှာ အခြေအရံ

နတ်သမီးပေါင်းများစွာတို့နှင့် နတ်တို့ချမ်းသာကို ခံစားစံစားရတယ်၊ ရှင်တော်ဘုရားက သည်ကဲ့သို့ ချီးမြှောက်တော်မမူဘူးလို့ ဆိုခဲ့ပါလျှင် နတ်ပြည်နှင့်ဝေးပြီး အပါယ်ဘေးကြီး ဆိုက်ရောက်မှာ အမှန်ပေါ့၊ ရှင်တော်မြတ်ဘုရားတို့၏သနားခြင်းကရုဏာဆိုတာ လွန်စွာကြီးကျယ်မြင့်မြတ်လှပါပေတယ်၊ သေခါနီးဆဲဆဲမှာ အာသန္နကံကုသိုလ်မျိုး၏ အကျိုးပေးထက်သန်ပုံများဟာလဲ သည်ဝတ္ထုမြင့် ထင်ရှားသွားတယ် မဟုတ်လား။

အဲ-သို့အတွက်ကြောင့် သေခါနီးဆဲဆဲအချိန်သို့ရောက်နေတဲ့အခါ အားကိုးရာရကြလေအောင် အာသန္နကံကုသိုလ်မျိုးကို ကြိုးကြိုးပမ်းပမ်း အစွမ်းရှိသမျှ အားထုတ်ကြိုးစားသင့်ကြပေတယ်။

(က) ဟိမဝန္တသ္မိ အဝိဒူရေ၊ လမ္ဗကောနာမ ပဗ္ဗတော။
တတ္ထ စ တိသော သမ္ဗုဒ္ဓေါ၊ အဇ္ဈောကာသမ္ဝိ စက်မိ။

အနက်ကား

(က) ပုဗ္ဗေ၊ရှေးလွန်ခဲ့ပြီးသော ကိုးဆယ့်လေးကမ္ဘာထက်၌။ဟိမ-ဝန္တသ၊ ဟိမဝန္တာတောင်ကြီး၏။ အဝိဒူရေ၊မနီးမဝေးသောအရပ်၌။ လမ္ဗကောနာမ၊ လမ္ဗကအမည်ရှိသော။ ပဗ္ဗတော၊ တောင်ကြီးတလုံးသည်။အတ္ထိ၊ရှိခဲ့လေသတည်း။ တတ္ထ၊ထိုလမ္ဗကအမည်ရှိသောတောင်ကြီး၌။ တိသော၊ တိသအမည်ရှိသော။သမ္ဗုဒ္ဓေါ၊ ဘုရားရှင်သည်။ အဇ္ဈောကာသမ္ဝိ၊ လွင်တီးခေါင်အရပ်၌။စက်မိ၊ ရောင်ခြည်ခြောက်တန်ဖြိုးဖြိုးလျှံမှု စကြီလျှောက်ခါ သီတင်းသုံးနေတော်မူလေသတည်း။

(ခ) မိဂလုဒ္ဒေါ တဒါ အာသိ၊ အရညေ ကာနနေ အဟံ။
ဒိသ္မာနေ တံ ဒေဝဒေဝံ၊တိဏမုဋ္ဌိ မဒါသဟံ။ ။

အနက်ကား

(ခ) တဒါ၊ ထိုအခါ၌။အဟံ၊ အကျွန်ုပ်သည်။ကာနနေ၊ ပိတ်ဆီးကာသန်း ရှုဘွယ်ဆန်းသော။ အရညေ၊တောအုပ်ကြီးအတွင်း၌။မိဂ-လုဒ္ဒေါ၊တောသမင်များကို ပစ်ခတ်၍စားလေ့ရှိသော တောသွားမုဆိုးသည်။အာသိ၊ဖြစ်ခဲ့ပါသတည်း။ဒေဝဒေဝံ၊နတ်တကာတို့ထက်မြတ်၍

ဝိသုဒ္ဓိနတ်အစစ်ကြီးဖြစ်တော်မူပေသော။ တံ၊ ထိုအရှင်မြတ်ဘုရားကို။ ဒိသွာန၊ရှေမျက်မှောက်တွင် တွေ့မြင်ဖူးမျှော်ရသည်ရှိသော်။ တိဏ-မုဋ္ဌံ၊ ကိုယ်ပိုင်နတ်သော မြက်လက်ဆုပ်ကို။ အဟံ၊ အကျွန်ုပ်သည်။ အဒါသိံ၊လေးမြတ်ရှင်လန်းစွာ လှူဒါန်းခဲ့ပါသတည်း။

(၇) နိသီဒနတ္ထံ ဗုဒ္ဓဿ၊ဒတ္တာ စိတ္တံ ပသာဒယိံ။
သတ္ထာရံ အဘိဝါဒေတ္တာ၊ ပက္ကာမိ ဥတ္တရာမုခေါ။ ။

အနက်ကား

(၇) ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရားအား။ နိသီဒနတ္ထံ၊ ထိုင်နေသီတင်းသုံးတော်မူရန်အလို့ငှါ။ တိဏမုဋ္ဌံ၊မြက်လက်ဆုပ်ကို။ ဒတ္တာ၊ ဖြန့်ခင်းကာလှူဒါန်းပြီးသော်။ စိတ္တံ၊ ဝမ်းမြောက်ရှင်ပြီး စိတ်နှလုံးကို။ ပသာဒယိံ၊ ကြည်ညိုစေခဲ့ပါသတည်း။ သတ္ထာရံ၊ ရှင်တော်မြတ်ဘုရားကို။ အဘိဝါဒေတ္တာ၊ရိုသေမြတ်နိုး ရှိခိုးပူဇော်၍နေသည်ရှိသော်။ ဥတ္တရာမုခေါ၊ မြောက်အရပ်သို့မျက်နှာမူလျက်။ ပက္ကာမိ၊ရှင်တော်ဘုရားကြွသွားတော်မူလေသတည်း။

(ဃ) အစိရာဂတမတ္တာသု၊မိဂရာဇာ အဟေဌယိ။
သီဟေန ယာတိတော သန္ဓော၊တတ္ထ ကာလံကတော အဟံ။

အနက်ကား

(ဃ) အစိရာဂတမတ္တာသု၊ ရှင်တော်ဘုရားကြွသွား၍ မကြာသေးမီအတွင်းဌာပင်လျှင်။ မိဂရာဇာ၊ တောသားတို့သနင်း ခြေသ့်မင်းသည်။ မံ၊အကျွန်ုပ်ကို။အဟေဌယိ၊ အဟုန်နှင့်လာလတ်၍ ကိုက်သတ်ညှဉ်းဆဲလေသတည်း။ သီဟေန၊စွမ်းဟုန်ထန်ပြင်း ခြေသ့်မင်းသည်။ ယာတိ-တော၊ သတ်ဖြတ်ညှဉ်းဆဲအပ်သည်။ သန္ဓော၊ ဖြစ်လေသောကြောင့်။ တတ္ထ၊ထိုအရပ်ဌာနဌာပင်လျှင်။ အဟံ၊အကျွန်ုပ်သည်။ ကာလံကတော၊ ဇီဝိန်ပြုန်း၍ သေဆုံးခဲ့ပါသတည်း။

(င) အာသန္နေ မေ ကတံ ကမ္မံ၊ ဗုဒ္ဓသေဋ္ဌေ အနာသဝေ။
သုမုတ္တော သရဝေဂေါ၊ ဒေဝလောကံ အဂစ္ဆဟံ။ ။

အနက်ကား

(c) အနာသဝေါကိလေသာ အာသဝေါ ကွာလျှောကုန်ခန်းပြီး ဖြစ်သော။ ဗုဒ္ဓသေဋ္ဌေ၊ ဘုရားမြတ်၌။ မေ၊ အကျွန်ပ်သည်။အာသန္နေ၊ သေခါနီးဆဲဆဲ၌။ ကမ္မံ၊ကုသိုလ်အထူးကို။ ကတံ၊ ပြုလုပ်ဆည်းပူးအပ်လေပြီ။ တေန၊ ထိုအာသန္နကံကုသိုလ်အထူးကြောင့်။ သုမုတ္တော၊ ကောင်းစွာ ပစ်လွှတ်အပ်သော။ သရဝေဂေါ၊ မြားအဟုန်ကဲ့သို့။ အဟံ၊အကျွန်ပ်သည်။ ဒေဝလောကံ၊ နတ်ပြည်လောကသို့။ အဂစ္ဆိံ၊ လျင်မြန်စွာဆိုက်ရောက်ခဲ့ပါသတည်း။

အဆုံးဘဝသို့ဆိုက်ရောက်လာပုံ

အဲ - ပြဆိုခဲ့ပြီးတဲ့အတိုင်း လွန်ခဲ့တဲ့ ကိုးဆယ့် လေးကမ္ဘာထက်၌ တိသရဏင်တော်မြတ်ဘုရားအား မြက်အခင်းကို လှူဒါန်းခဲ့ရတဲ့ ဒါန စေတနာကိုအမှီးထား၍ မျှားပြားတဲ့ ကုသိုလ်အဟုန်တို့ကြောင့် လူ့ဘုံ, နတ်ဘုံတို့၌ အစုန်,အဆန် ဖြစ်ပွားခဲ့ပြီးတဲ့နောက် ယခု ဘုရားရှင် လက်ထက်တော်သို့ရောက်တော့ သာဝတ္ထိပြည်မှာ ချမ်းသာကြွယ်ဝတဲ့ သူဌေး၏ သားဖြစ်လာတယ်၊ ထိုသူဌေးသား၏ နောင်တော်ကတော့ သင်္ဂါမဇိတ-မထေရ်မြတ်ကြီးပေပေါ့။

ဂေါတမဘုရားလက်ထက် ပေါသိယ-ခေါ်ဘွင်ပုံ

ထိုသူဌေးသား၏ အမည်ကိုတော့ ပေါသိယ-ရယ်လို့ မှည့်ခေါ်ကြတယ်၊ ပေါသိယ-သဒ္ဒါ၏ အဓိပ္ပါယ်ကတော့ ကောင်းစွာ မွေးမြူးအပ်တဲ့သူရယ်လို့ဆိုလိုတယ်၊ထိုပေါသိယသူဌေးသားသည် အချိန်အရွယ်သို့ရောက်လာတဲ့အခါ လူတို့ဓမ္မတာအတိုင်း အိမ်ရာထောင်တဲ့အမှုဖြင့် ချစ်လှစွာသောဇနီးနှင့် အတူတကွ နေထိုင်ခဲ့တယ်၊ ထို့နောက် သားဦးကလေးတယောက် ဖွားမြင်လာတဲ့အခါ ရှေးဘဝပါရမီ အထုံဝသီရှိခဲ့တဲ့အတိုင်း ပဋိသန္ဓေနေရခြင်းနှင့် ဖွားမြင်ရခြင်း၏ အပြစ်တွေကို မြင်လာသတဲ့။

ပေါသိယသူဌေးသား သံဝေဂဖြစ်ပုံ

"ညြော်–လူတို့၏ ပဋိသန္ဓေနေရခြင်းဟာ လွန်စွာ ဆင်းရဲ ပါကလား၊အလွန်ကျဉ်းမြောင်းတဲ့ အမိဝမ်းခေါင်းမှာ ဆယ်လ

တိုင်တိုင် အောင်းကြရတယ်၊ မစင်ကြယ်တဲ့ ဝမ်းတိုက်အတွင်းမှာ ကြီးပြင်း၍ လာခဲ့ရတာပါကလား။

မွေးဖွားတဲ့ အခါမှာလဲ သက်သာတယ်လို့မရှိဘဲ မိခင်နှင့် တကွ အလွန်ပြင်းပြတဲ့ ဒုက္ခဝေဒနာကို သေလူမြောပါးခံစား ကြရတယ်၊ ဆင်းရဲစွာ ပဋိသန္ဓေနေပြီး ငြိုငြင်ဆင်းရဲစွာ ဖြစ်ပေါ်၍ လာကြရတယ်၊ အထီးနှင့်အမ ဒွန်တွဲပြီး မခွဲနိုင်ကြဘဲ စွဲလမ်းချစ်ခင်ကာအိမ်ထောင်ပြုတဲ့အလုပ်မျိုးဆိုတာလဲ သေချာစွာ တွေးလိုက်တော့ မွေးဖွားမှု ဒုက္ခတွေ ဖြစ်ပွားအောင် ထူထောင်ကြီးပမ်းကြတဲ့ အလုပ်မျိုးအစစ်ပေါ့၊ သည်လို အိမ်ထောင်ရေးနှင့်သာ နေထိုင်ခဲ့ပါလျှင် သည်လိုဒုက္ခမျိုးမှ လွတ်ကင်းနိုင်တော့မှာမဟုတ်တော့ဘူး၊အိမ်ရာထောင်တဲ့လူ့ဘောင်ကိုစွန့်ပြီး ရဟန်းပြုလိုနေရပါလျှင် သည်လို ဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံရတော့မှာ မဟုတ်တော့ဘူး။

ပေါသိယရဟန်းပြုပုံ

အဲ-သို့ကလို ပဋိသန္ဓေနေမှုကို အရင်းခံပြီး သံဝေဂဉာဏ်တွေထက်သန်စွာ ဖြစ်ပေါ်လာသည်နှင့် မိမိဇနီးကိုမှ အကြောင်းမကြားဘဲ ရှင်တော်ဘုရားထံသို့ကပ်၍ မြင့်မြတ်တဲ့ ရဟန်းအဖြစ်ကို ခွင့်တောင်းပြီး ရဟန်းပြုလေရာ ပေါသိယမထေရ်ရယ်လို့ ထင်ရှားသွားတယ်၊ရဟန်းပြုပြီးတဲ့အခါ တဏှာရာဂ ကင်းကွာကြောင်းဖြစ်တဲ့ တစပဋ္ဌက ကမ္မဋ္ဌာန်း စီးဖြန်းပုံနည်းလမ်းကို သင်ကြားပြီး ဆိတ်ငြိမ်ရာ တောတောင်အတွင်းသို့ ထွက်သွားတော်မူတယ်။

တစပဋ္ဌကဖြင့်ရဟန္တာဖြစ်ပုံ

ယောဂီအလုပ်ကို အားထုတ်ကြိုးပမ်းရန် သင့်လျော်လျောက်ပတ်တဲ့ အရပ်ဌာနသို့ ရောက်သွားတဲ့အခါ ရှေးဦးစွာ စိတ်တည်ငြိမ်ကြောင်းဖြစ်တဲ့ သမာဓိအာရုံကိုမွေးမြူပြီး တစပဋ္ဌက ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်တော်မူလေရာ ပါရမီခတ်ခံ ရင့်သန်ခဲ့တဲ့ ပုဂ္ဂိုလ်ထူးဖြစ်တဲ့ အတိုင်း မကြာမီ အတွင်းမှာပင် ကိလေသာ ရန်အပေါင်းကို

ထောင်းထောင်း ဖျက်ဖြိုလျက် မဂ်ဖိုလ်ကိုစိုးပိုင်သော ဘုန်းလှိုင် အရိယာ ရဟန္တာပုဂ္ဂိုလ်အဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။

ဆွေမျိုးဥာတိအပေါင်းအားချီးမြှောက်ရန် ကြွလာတော်မူပုံ

ရဟန်းကိစ္စပြီးဆုံး၍ ရဟန္တာ ဖြစ်တော်မူပြီးတဲ့အခါ ရှင်တော် ဘုရားကို ဖူးမြင်လိုတဲ့ကိစ္စ, ဆွေမျိုးဥာတိ အပေါင်းကို ချီးမြှင့်လို တဲ့ကိစ္စ၊ သည် ကိစ္စနှစ်ပါးကို ဆောင်ရွက်တော် မူလိုသဖြင့် မိမိ သီတင်းသုံးရာ တောအုပ်အတွင်းမှ သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူ လာတယ်။

ဘုရားရှင်ကို ဖူးမြင်ပြီးတဲ့အခါ ဆွေမျိုးဥာတိ အပေါင်းတို့အား ကုသိုလ်တရားပွားများစေလိုတဲ့ဆန္ဒဖြင့် မူလနေအိမ်သို့ ကြွလာတော် မူသည်တွင် ဆွေမျိုးဥာတိအပေါင်းတို့ကလဲ သောင်းသောင်းဖြဖြ ဝမ်း သာအားရနှင့် မထေရ်မြတ်ကြီးအထံသို့ သူ့ထက်ငါ လာရောက်ပြီး ရှိခိုးပူဇော်ကြတယ်၊ထိုမထေရ်မြတ်ကြီးကို အကြောင်းပြုပြီး အလှူပေး ခြင်း,သီလသီတင်းဆောက်တည်ခြင်းများကိုလဲ ပြုလုပ်ကြသတဲ့။

မယားဟောင်း ဖြားယောင်းပုံ

ဆွေမျိုးဥာတိ အပေါင်းတို့က ကောင်းသော စိတ်စေတနာနှင့် ကုသိုလ်မှုများကိုဂရုစိုက်နေကြတဲ့အခါ မယားဟောင်း၏ စိတ်ထဲမှာ တော့ သည်လိုအကြံမျိုးတွေ ဖြစ်ပေါ်နေသတဲ့။

"သူ့စွန့်ပစ်သွားတဲ့ အတွက် ငါ့မှာဖြင့် ကလေးတကောင် နှင့် ယောင်တောင်တောင် ကျန်ရစ်ခဲ့တယ်၊ မျက်နှာငယ်နှင့် ကိုးကွယ်ရာလဲ မရှိတော့ဘူး၊ လင်၏ စွန့်ပစ်ခြင်းကို ခံရတဲ့ မိန်းမများဟာ လောကအတွင်းမှာ လွန်စွာဂုဏ်သေးတာဘဲ၊ လွယ်လွယ်ကူကူနှင့် အိမ်ထောင်သစ်ထူတို့ဆိုတဲ့ အလုပ်ဟာလဲ မိန်းမတို့မှာ လွန်စွာခဲယဉ်းတာမျိုးပေါ့။

ယခုအခါ သူလဲရဟန်းဝတ်ကြီးနှင့် တောထဲမှ အိမ်သို့ပြန် လာတယ်၊ ရဟန်းဘောင်မှာ ပျော်မွေ့တဲ့ လက္ခဏာ မရှိဘူး၊ အခန့်သင့်ကြီနေပေါ့၊ ကာမဂုဏ်ဖြင့် ဆွဲဆောင်၍ ညွှတ်ကွင်း

ထောင်ပြီး လူ့ဘောင်သို့ ရောက်အောင် ဥာဏ်ထုတ်ရတော့မှာဘဲ၊ ငါ့လက်ထဲက သူလွတ်နိုင်မလား၊ သူကြိုက်တဲ့အမူအရာဖြင့် မြူနိုင်သမျှမြူပြီး ရယူဘို့နည်းလမ်းဖြင့် မိန်းမစွမ်း ပြရတော့မှာဘဲ''။

အဲ-သို့ကလိုကြံစည်ပြီးတနေ့သောအခါ မထေရ်မြတ်ကြီးအိမ်သို့ကြွလာသည်တွင် ကောင်းမွန်စွာဆင်ယင်ဝတ်စားလျက် မထေရ်မြတ်ကြီးကိုနေရာထိုင်ခင်းပေးပြီး အနားသို့ချဉ်းကပ်ပြီး တတ်နိုင်သမျှသော အစွမ်းတို့ဖြင့် နည်းလမ်းပရိယာယ် အသွယ်သွယ်ဖမ်းပြကာ မထေရ်မြတ်ကြီးကို သွေးဆောင်ပါရော၊ ကိလေသာကုန်ခန်း၍ ရဟန္တာဖြစ်ကြောင်းကို မသိရှာတဲ့အတွက် သူ့အလိုသို့ပါအောင် သွေးဆောင်ရှာတာပေါ့၊ ရှေးအခါက အကြင်လင်မယားဖြစ်ခဲ့ဘူးတဲ့အတွက် ရှက်လဲမရှက်နိုင်ရှာတော့ဘူး။

မထေရ်ကပြန်၍ မြိမ်းချောက်ပြောဆိုပုံ

အဲ-သည်ကဲ့သို့ မယားဟောင်းက ဖြားယောင်း သွေးဆောင်တဲ့အခါ မထေရ်မြတ်ကြီးက—

''ဟဲ့အမိုက်မ—ငါကဲ့သို့သောသူကို သွေးဆောင်မြူလို့မရဘူး၊ ရဟန်းတော်တို့အား သည်လိုမိန်းမတို့အစွမ်းဖြင့် ဖမ်းဆီးချည်နှောင် ကျော့ကွင်းထောင်မှုကို မပြုနှင့်''—

ဟု မိန့်ဆို မြိမ်းချောက်တော်မူကာ လျင်မြန်စွာ နေရာမှထ၍ ကြွသွားတော်မူတယ်၊ ထို့နောက် ''လူတို့နှင့် ပြိုးပြမ်းတဲ့ မြို့ရွာအတွင်းမှာ နေထိုင်ရခြင်းဟာ လွန်စွာအနှောင့်အရှက် များပါတကား၊ လူသူကင်းရှင်းတဲ့ တောတောင်အတွင်းမှာ နေထိုင်ရခြင်းက အေးအေးမြမြနှင့် ချမ်းသာသုခကို ရရှိစေနိုင်တယ်''၊ အဲ-သည်ကဲ့သို့ ဆင်ခြင်တော်မူကာ မိမိတရားအားထုတ်ရာ ဌာနသို့ လျင်မြန်စွာ ထွက်ကြွသွားတော်မူလေသတည်း။

မိန်းမတို့၏အပြစ်ကိုဟောကြားပုံ

တောတောင်အတွင်းသို့ ဆိုက်ရောက်တော်မူတဲ့အခါ သီတင်းသုံးဘော်ဖြစ်တဲ့ ရဟန်းအပေါင်းတို့က—

"အရှင်ဘုရား သာဝတ္ထိမြို့တော်မှ ပြန်ကြွတော်မူလာသည်မှာ အလွန် လျင်မြန်လှပါကလား၊ ဆွေမျိုးဥာတိများနှင့် မတွေ့ခဲ့ရဘူးလားဘုရား"–

လို့ မေးမြန်းကြတော့- ပေါသိယ မထေရ်မြတ်ကြီးက မယားဟောင်း၏ ဖြားယောင်းပုံမှစ၍ မိန်းမတို့၏ အပြစ်တို့ကို ပြောဆိုတော်ပြပြီး ဂါထာတပုဒ်ကို သိုကလို ကျူးရင့်တော်မူလေသဟည်း။

အနာသန္ဓဝရာ ဧတာ၊ နိစ္စမေဝ ဝိဇာနတာ။
ဂါမာ အရညေ မာဂမ္မ၊ တတော ဧကော ဥပါဝိသိ။
တတော ဥဒ္ဒါယ ပက္ကာမိ၊ အနာမန္ဒိယ ပေါသိယော။ ။
(ထေရဂါထာ ပါဠိတော်။)

အနက်ကား

ဘန္တေ၊ အရှင်ဘုရားတို့။ ဧတာ၊ ထိုမိန်းမတို့သည်။ အနာသန္ဓဝရာ၊ အနားသို့ အချဉ်းမခံဘဲ ရှောင်လွှဲကွေ့ကွင်း ခြင်းသာလျှင် လွန်စွာမြတ်လှပေကုန်၏။ ဇာတိ၊ဤသို့။ ဝိဇာနတာ၊ မိန်းမအပြစ် စင်စစ်မြင်သိပညာရှိသည်။ နိစ္စမေဝ၊ အမြဲသာလျှင်။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ်ကုန်၏။ ပေါသိယော၊ ပေါသိယမည်သော ရဟန်းသည်။ ဂါမာ၊ မြို့ရွာအတွင်းမှ။ အရညံ၊ တောတောင်အတွင်းသို့။ အာဂမ္မ၊ ထွက်လာခဲ့ပြီးသည်ရှိသော်။ တတော၊ ထို့နောက်တဘန်။ ဧကော၊ အိမ်သို့။ ဥပါဝိသိ၊ သွားရောက်ချဉ်းကပ်ပြန်လေ၏။ တတော၊ ထိုအိမ်သို့ရောက်သောအခါ၌။ ဇုတ္ထိဘယာ၊ မိန်းမ-ဟူသော ဘေးကြောင့်။ ဥဒ္ဒါယ၊ လျင်မြန်စွာနေရာမှထ၍။ အနာမန္ဒိယ၊ မည်သူ့ကိုမျှ မပန်ကြားဘဲ။ ပက္ကာမိ၊ အိမ်မှခွာရှောင်၍ တောတောင်သို့ ထွက်လာခဲ့ရပါသတည်း။

ဆိုလိုရင်းအဓိပ္ပါယ်

ဤဂါထာ၌ ဆိုလိုရင်းမှာ - မိန်းမတို့ကို အနားသို့အကပ်မခံဘဲ ရှောင်လွှဲ၍ နေနိုင်လျှင် အမြတ်ဆုံးဖြစ်သည်ဟု ဆိုလို၏၊ ကျား,ခြွေ-အစရှိသော သတ္တဝါတို့ကို အနားသို့အကပ်မခံလျှင် ထိုသတ္တဝါတို့၏ ဘေးရန်မှ ကင်းရှင်းသကဲ့သို့ ထိုနည်းတူစွာ မိန်းမတို့ကို အကပ်မခံလျှင်

လည်း ထိုမိန်းမသတ္တဝါတို့နှင့် စပ်ဆိုင်တဲ့ ဘေးအမျိုးမျိုးတို့မှ လွတ်ကင်းနိုင်သည်။

ကျား,ခြင်္သေ့စသော သတ္တဝါတို့ကို အကပ်ခံလျှင် မျက်မှောက်ဘဝ၌ အသက်သေဆုံးခြင်း-တည်းဟူသော အကျိုးမဲ့ကိုသာ ဖြစ်စေနိုင်၏၊ နောင်တမလွန်ဘဝတို့၌ အကျိုးမဲ့ခြင်းကို မဖြစ်စေနိုင်၊ မိန်းမတို့ကို အကပ်ခံခဲ့ပါလျှင် မျက်မှောက်ဘဝ,နောင်တမလွန်ဘဝတို့၌ အမျိုးမျိုးသော အကျိုးမဲ့တွေကို ဖြစ်ပွားစေနိုင်သည်၊ ထို့ကြောင့် မိန်းမတို့ကို အကပ်မခံလျှင် အမြတ်ဆုံးဟူ၍ ပေါသိယမထေရ်မြတ်ကြီး မိန့်ကြားတော်မူခဲ့ပေသတည်း။

စက္ကာ ဟတ္ထိအာသမဟိ သီဟဗျဂ္ဃယက္ခရက္ခသပိသာစာ-
ပိ မနုဿာနံ အနုပသက်မန္တာ ဝရာ သေဋ္ဌာ နအနုတ္တ၀ဟာ၊
တေ ပန ဥပသက်မန္တာ ဒိဋ္ဌမ္မိကံယေ၀ အနတ္ထံ ကရေယျုံ၊
ဣတ္ထိယော ပန ဥပသက်မန္တာ ဒိဋ္ဌမ္မိကံ သမ္ပရာယိကံ ၀ိမောက္ခ
နိဿိတမ္ပိ အတ္ထံ ၀ိနာသေတွာ မဟန္တံ အနတ္ထံ အာပါဒေန္တိ။
(ထေရဂါထာအဋ္ဌကထာပါဠိ။)

အနက်ကား

စက္ကာဟတ္ထိ။ပ။ပိသာစာပိ၊ ကြမ်းတန်းသော ဆင်,မြင်း,ကျွဲ,ခြင်္သေ့, ကျား, ဘီလူး, ရက္ခိုသ်, တစ္ဆေ, မြေဘုတ် တို့သည်လည်း။ မနုဿာနံ၊ လူတို့အား။အနုပသက်မန္တာ၊ အနားသို့ချဉ်းကပ်ကြကုန်သည်ရှိသော်။ ဝရာ၊ မြတ်ကုန်သေး၏။ သေဋ္ဌာ၊ ချီးမွမ်းအပ်ကုန်၏။ နအနုတ္တ၀ဟာ၊ အကျိုးမဲ့ဖြစ်အောင် မဆောင်ရွက်နိုင်ကြကုန်။ တေပန၊ ထိုသတ္တဝါတို့သည်ကား။ ဥပသက်မန္တာ၊ အနားသို့ ချဉ်းကပ်လာကြကုန်သည်ရှိသော်။ ဒိဋ္ဌမ္မိကံ၊ မျက်မှောက်ဘဝနှင့်သာ ဆိုင်သော။ အနတ္ထံယေ၀၊ သေဆုံးခြင်းအကျိုးမဲ့ တခုကိုသာလျှင်။ ကရေယျုံ၊ ပြုနိုင်ကြကုန်ရာ၏။ ပန၊ အကျိုးမဲ့ကြီး ပြုတတ်သည်ကား။ ဣတ္ထိယော၊ မိန်းမတို့သည်။ ဒိဋ္ဌမ္မိကံ၊ မျက်မှောက်ဘဝနှင့် ဆိုင်သောအကျိုးကိုဝင်း။ သမ္ပရာယိ-ကံ၊ နောင်တမလွန်ဘဝနှင့် ဆိုင်သောအကျိုးကိုဝင်း။ ၀ိမောက္ခနိဿိ-တံ၊ သံသရာ၀ဋ်မှ ကျွတ်လွတ်ခြင်းနှင့်ဆိုင်သော။ အတ္ထံပါ၊ နိဗ္ဗာန်အ

ကျိုးကိုသော်ရင်း။ ဝိနာသေတ္ထာ၊ အတင်းဖျက်ဆီး၍။ မဟန္တံ၊ ကြီး ကျယ်များပြားလှစွာသော။ အနတ္ထံ၊ အကျိုးမဲ့တွေကို။ အာပါဒေန္တိ၊ ဖြစ်ပွားစေနိုင်ကုန်သတည်း။

ပေါသိယထေရ ဝတ္ထုပြီး၏။

၃၅–သာမညကာနိထေရဝတ္ထု

ဝိပဿီဘုရားလက်ထက် အမျိုးသားတဦး

သံသရာဝဋ်စက်မှ လွတ်ထွက်ခြင်းအကျိုးငှါ ကျွတ်တမ်းကိုရှာနေတဲ့ အမျိုးသားကလေးတယောက်သည်ရှေးလွန်ခဲ့တဲ့ကိုးဆယ့်တကမ္ဘာထက် အခါ ဝိပဿီမြတ်စွာဘုရား ထင်ရှားပွင့်တော်မူသည်တွင် ထိုဘုရားရှင်ကို ကြည်ညိုသော သဒ္ဓါတရားနှင့် လျောင်းစက်၍ သီတင်းသုံးတော်မူရန် ညောင်စောင်းတခုကို လှူဒါန်းခဲ့တယ်။

ထိုညောင်စောင်းကို လှူဒါန်းခဲ့ရတဲ့ စေတနာကြောင့် ထိုဘဝမှ စုတေ၍ လူ့ပြည်,နတ်ပြည် အစရှိတဲ့ သုဂတိသံသရာတို့၌ ချမ်းသာစွာ ကျင်လည်ရတဲ့အခါ ဆင်ယာဉ်, မြင်းယာဉ်, ရထားယာဉ် မှစ၍ ကောင်းမွန်ထူးမြတ်တဲ့ ယာဉ်အမျိုးမျိုးတို့ကို စိုးပိုင်ရရှိကာ စီးနင်းရတယ်၊ ကျွတ်တမ်းဝင်လာတဲ့ အဆုံးဘဝသို့ ရောက်လာတဲ့အခါ မဂ္ဂင်ရှစ်ပါး-တည်းဟူသော ယာဉ်ရထားကြီးကိုစီးပြီး သံသရာ ဒုက္ခမှ ထွက်မြောက်ရတယ်။

(က) ဝိပဿိနော ဘဂဝတော၊ လောကဇေဋ္ဌဿ တာဒိနော။
ကေမဋ္ဌ မယာ ဒိန္နံ၊ ပသန္နေန သပါဏိနာ။

အနက်ကား

(က) ပုဗ္ဗေ၊ရှေးလွန်လေပြီးသောကိုးဆယ့်တကမ္ဘာထက်၌။ ဘဂ-ဝတော၊ဘုန်းတော်ခြောက်ဆင့် အောင်လံဖွင့်၍ မြင့်မြတ်တော် မူပေသော။ လောကဇေဋ္ဌဿ၊ သုံးလောကတွင် အမြတ်ဆုံးဖြစ်တော်မူပေသော။ တာဒိနော၊လောကဓံလေဟုန်ကြောင့် တုန်လှုပ်ခြင်း ရှိတော်မမူသော။ ဝိပဿိနော၊ ဝိပဿီဘုရားရှင်အား။ ပသန္နေန၊ ကြည်ညိုသော စိတ်ဖြင့်။ သပါဏိနာ၊ ဒိမိလက်ဖြင့်။ မယာ၊ အကျွန်ုပ်သည်။ ကေမဋ္ဌ၊ ညောင်စောင်းတခုကို။ ဒိန္နံ၊ ပေးလှူအပ်ပါသတည်း။

(၁) ဟတ္ထိယာနံ အဿယာနံ၊ ရထယာနံ လဘာမဟံ။
တေန မဗ္ဗသ ဒါနေန၊ ပတ္တောသ္မိ အာသဝက္ခယံ။ ။

အနက်ကား

(၁) အဟံ၊ အကျွန်ုပ်သည်။ တေနမဗ္ဗသဒါနေန၊ ထိုညောင်စောင်းကို လှူဒါန်းရသော ကုသိုလ်စေတနာကြောင့်။ ဟတ္ထိယာနံ၊ ဆင်ယာဉ်အမျိုးမျိုးကိုလည်း။ အဿယာနံ၊ မြင်းယာဉ်အမျိုးမျိုးကိုလည်း။ ရထယာနံ၊ ရထားယာဉ်အမျိုးမျိုးကိုလည်း။ လဘာမိ၊ အဆန်းတကြယ် အံ့ဩဖွယ်ရရှိခဲ့ပါသတည်း။အန္တိမေ၊ အဆုံးစွန်သောဘဝ၌။ အာသ-ဝက္ခယံ၊ အာသဝေါကုန်ခန်းသော ရဟန္တာအဖြစ်သို့။ ပတ္တော၊ ဆိုက်ရောက်ရသည်။ အသ္မိ၊ ဖြစ်ပါပေသတည်း။

အဆုံးဘဝသို့ ဆိုက်ရောက်လာပုံ

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း ညောင်စောင်းကို လှူဒါန်းခဲ့ရတဲ့ ဒါနစေတနာကြောင့် သုဂတိသံသရာတို့၌ ကြိမ်ဘန်များစွာ ခံစား စံစားခဲ့ရပြီးတဲ့နောက် ယခုဘုရားရှင် လက်ထက်တော်သို့ ရောက်တော့ တဦးသော ပရဝိုဏ်၏ သားကလေးဖြစ်လာတယ်၊ အမည်မှာတော့ **သာမညကာနိ**-တဲ့။

ပရဝိုဏ်ဆိုတာ

ပရဝိုဏ်၏သားဆိုတာ အလွန်ထူးဆန်းတာဘဲနော်၊ ဟိုရှေးတုန်းက ပရဝိုဏ်ဆိုတာ သာသနာတော်တွင်းကမဟုတ်၊ သာသနာ၏ အပြင်ဘက်က ဖြစ်နေတော့ သူတို့တရားနှင့် အလိုရှိသမျှ ကျင့်နိုင်ကြပေမပေါ့။

သားအဘနှစ်ယောက် အယူကွဲပုံ

ဆိုခဲ့တဲ့ သတို့သားသည် အရွယ်သို့ရောက်လာတဲ့အခါ သာဝတ္ထိနေပြည်တော်ကြီးမှာဘုရားရှင်၏တန်ခိုးပြာဋိဟာပွဲကြီးကိုမြင်သည်တွင် သာသနာတော်ကို ကြည်ညိုလှသဖြင့် ရဟန်းဘောင်သို့ဝင်ပြီး ရဟန်းပြုလုပ်တယ်၊ သူ့ဘခင် ပရဝိုဏ်ကြီးနှင့်တော့ အယူတမျိုးစီဖြစ်ကာ ဂိုဏ်းကွဲသွားတာပေါ့လေ၊ ရဟန်းမြတ်ဖြစ်တဲ့အခါမှာ သာမညကာနိ ထေရ်ရယ်လို့ ထင်ရှားတယ်။

ရဟန္တာဖြစ်မုံ

ရဟန်းအဖြစ်သို့ ဆိုက်ရောက်ပြီးတဲ့အခါ စရိုက်နှင့် သင့်လျော်တဲ့ သမထကမ္မဋ္ဌာန်းကို နည်းယူသင်ကြားပြီး ဆိတ်ငြိမ်ရာ တောတောင် သို့ကပ်၍ ပထမရှေးဦးစွာ ဈာန်တရားကို ကြိုးစားလို့အားထုတ်တယ်၊ ဈာန်ရပြီးတဲ့အခါ ထိုဈာန်ကို အခြေခံပခဝနပြုကာ ဝိပဿနာလမ်းသို့ ကဆင့်တက်၍ ထက်မြက်သော ဝိရိယဖြင့် ကြိုးစားအားထုတ်တော်မူ လေရာ မဂ်စခန်း, ဖိုလ်စခန်းသို့ လွယ်ကူစွာတက်လှမ်းပြီး ရဟန္တာအ ဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။

မိတ်ဆွေပရဒိုဇ် တဦးအား သွေးသွတ်ခက်း

ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူပြီးတဲ့အခါ ဖလသမာပတ္တိ ချမ်းသာဖြင့် သီတင်းသုံးတော်မူခိုက်တွင် ရှေးလူဖြစ်စဉ် အခါက မိတ်ဆွေဟောင်းကြီး ဖြစ်ခဲ့ဘူးတဲ့ ပရဒိုဇ်တဦးသည် ထိုမထေရ် မြတ်ထံသို့ ဆိုက်ရောက်လာတယ်၊ ထိုပရဒိုဇ်၏ အမည်ကတော့ ကာတိယာန-တဲ့၊ ရောက်လာခြင်း အကြောင်းကတော့ အခြားကြောင့် မဟုတ်ဘူး၊ လာဘ်လာဘခေါင်းပါး၍ အစားအသောက်ကျပ် တည်းမှုကြောင့် မိခိုကပ်ယပ်ခြင်း အကျိုးငှါ ရောက်လာခြင်း ဖြစ်ပေ တယ်၊ ဘုရားပွင့်တော်မမူမီ အခါတုန်းကတော့ တိတ္ထိပရဒိုဇ်တွေမှာ ကြည်ညိုသူတွေပေါများ၍ လာဘ်လာဘတွေလဲအပုံကြီး ရှင်ကြပေသ ပေါ့၊ ဘုရားရှင် ပွင့်တော်မူတဲ့အခါကစပြီး နေထွက်တဲ့အခါ ပိုး စုန်းကြူးများ အရောင်မထွက်နိုင်တာလို တိတ္ထိပရဒိုဇ်တွေမှာလဲ တန် ခိုးအရှိန် တဖြေးဖြေးမှေးမှိန်ပြီး သိမ်သိမ်ငယ်ငယ် ဖြစ်သွားကြတယ်၊ ကြည်ညိုမဲ့သူတွေကလဲလျော့ပါး၊ လာဘ်လာဘကလဲ ပါးရှား၊ အ စားအသောက်ကလဲ ကျပ်တဲ၊ အခက်အခဲ တွေကြုံနေကြတာပေါ့လေ။

မိတ်ဆွေကာတိယာနက ရဟန္တာမထေရ်အားလျှောက်ထားမုံ

ကာတိယာနပရဒိုဇ်သည် ရဟန္တာအရှင်မြတ်ကြီး အထံသို့ရောက် တော့ သို့ကလိုပြောသတဲ့။

"ကိုယ်တော်တို့မှာတော့ လာဘ်လာဘတွေပေါများ၍ တွန်း ကားတော်မူကြပါပေရဲ့၊ ယခုအခါ ရှင်ဂေါတမ၏ သာသနာ

ခေတ်ကောင်းနေလို့ ဘုရားသားတော်ဖြစ်ကြတဲ့ ရဟန်းတွေမှာ ဖြင့် ဂုဏ်တန်ခိုးထွက်ပြီး ပြောင်ပြောင် လက်လက်နှင့် ချမ်း သာကြပါပေတယ်၊ တပည့်တော်တို့ဂိုဏ်းမှာတော့ တနေ့တ ခြား ရေနည်းငါးဆိုသလိုကြည်ညိုသူတွေ ဆုတ်ယုတ်၍ လာဘ် လာဘပြုတ်ပြီး ဒုတ်တုတ်ကြီးဆင်းရဲခံနေကြရတယ်၊မဝ-တရက် ဝ-တရက်နှင့် ကိုယ့်အသက်ကလေးကို အနိုင်နိုင် မွေးနေကြရ တော့တာဘဲ၊ အလွန်ဆင်းရဲကြပါတယ်၊ မိတ်ဆွေဟောင်းကြီး ဖြစ်ခဲ့တဲ့အတိုင်း၊ ကျွန်ုပ်ကို ချီးမြှင့်သောအားဖြင့် ချမ်းသာရာ, ချမ်းသာကြောင်း နည်းလမ်းကောင်းများကို ညွှန်ကြားတော် မူပါ။''

အဲ-သို့ကလို ပြောဆိုလျှောက်ထားတယ်။

တရားဟောကြားပုံ

ထိုအခါ ရဟန္တာ အရှင်မြတ်ကြီးက ချမ်းသာသုခနှင့် စပ်လျဉ်း ပြီး ထိုပရဒိုဇ်ကြီးအား ဓမ္မဒေသနာတရားကို သို့ကလို- ဟောကြား တော်မူတယ်။

''အို-မိတ်ဆွေကြီး ပစ္စည်းလာဘ်လာဘခေါင်းပါး၍ အစား အသောက် ကျပ်တည်းခြင်းဟာ တကယ်စင်စစ်မှာတော့ အ ဆင်းရဲကြီးရယ်လို့ မခေါ်ထိုက်ပါဘူး၊ သံသရာဝဋ်မှမကျွတ်နိုင် ဘဝတဝဲလယ်လယ်ကျင်လည်၍ နေရခြင်းကိုသာ ဆင်းရဲအစစ် ကြီးရယ်လို့ ခေါ်ဆိုရပါတယ်၊ သံသရာဝဋ်က ကျွတ်လွတ်ပါမှ အတည်တကျချမ်းသာမျိုးကို ရရှိနိုင်ပါတယ်၊ ထိုချမ်းသာမျိုး ကို ရရှိလေအောင် မဂ္ဂင်ရှစ်ပါးတည်းဟူသော အကျင့်မြတ် ကို ကျင့်ဆောင်ကြီးစားကြရတယ်၊ မဂ္ဂင်လမ်းပေါက်ခဲ့ပါ လျှင်ဆင်းရဲအမျိုးမျိုးတို့မှ ကင်းရှင်း၍ ချမ်းသာခြင်းအလုံးစုံ တို့ဖြင့် ကုံလုံကြွယ်ဝ၍ မတောင့်မတ မကြောင့်ကြရဘဲ သုခပိုင် ရှင်သူဌေးကြီးဖြစ်နိုင်တယ်''။

အဲ-ဤကဲ့သို့သော အဓိပ္ပါယ်အားဖြင့် ဟောကြားတော်မူပြီးလျှင် ဒေသနာဂါထာတပုဒ်ကို သို့ကလိုကျူးရင့်တော်မူလေသတည်း။

သုခံ သုခတ္ထော လဘတေ တဒါ စရံ၊
ကိတ္တိဠ္ဆ ပပ္ပေါ်တိ ယသသ ဝမ္ဘတိ။
ယော အရိယ မဋ္ဌင်္ဂိကမဗ္ဗသံ ဥဇုံ ဘာဝေတိ၊
မဂ္ဂံ အမတဿ ပတ္တိယာ။
(ထေရာဂါထာပါဠိတော်။)

အနက်ကား

သုခတ္ထော၊ ချမ်းသာစစ်,ချမ်းသာမှန်ကို လိုလားသော။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ အမတဿ၊မသေရာမှန် မြိုက်နိဗ္ဗာန်ကို။ပတ္တိယာ၊ ဆိုက်ရောက်ခြင်းအကျိုးငှါ။အရိယံ၊မွန်မြတ်သော။အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ ဥဇုံ၊အကောက်အကွေ့မရှိ ပကတိဖြောင့်မတ်လှစွာသော။ အဗ္ဗသံ၊ နိဗ္ဗာန်သို့ရောက်ကြောင်း ခရီးကောင်း-ဟုဆိုအပ်သော။မဂ္ဂံ၊မဂ္ဂင်တရားကို။ဘာဝေတိ၊ပွားများအားထုတ်လေ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။တဒါစရံ၊ ထိုမဂ္ဂင်လမ်းကို တန်းတန်းမတ်မတ်ကျင့်သည်ဖြစ်၍။သုခံ၊မလွဟပ်ရှားနိုင် တည်ကြည်သောချမ်းသာထူးကို။လဘ-တေ၊ရရှိနိုင်လေသတည်း။ ကိတ္တိဠ္ဆ၊ ဂုဏ်နံ့သတင်း ကျော်စောခြင်းသို့လည်း။ပပ္ပေါ်တိ၊ဆိုက်ရောက်လေ၏။အသ၊ထိုပုဂ္ဂိုလ်အား။ယသော စ၊ ခြေရံထူထပ် ပရိသတ်သည်လည်း။ ဝမ္ဘတိ၊ တနေ့တခြား တိုးတက်ပွားလေတော့သတည်း။

ပရမိုဇ်အယူဝါဒနှစ်၍လျှောက်ပုံ

သို့ကလို မထေရ်မြတ်ကြီး ဟောကြားတဲ့တရားကို မိတ်ဆွေဟောင်း ပရမိုဇ်ကြီးကြားတော့ ရှေးရှေးဓာတ်ခံ ပါရမီဉာဏ်ထက်သန်ခဲ့သူဖြစ်တဲ့အတိုင်း တရားအရသာကို ကောင်းစွာသိရှိသဖြင့် မိမိ၏ပရမိုဇ်အယူဝါဒတွေကို တခဏခြင်းပယ်စွန့်ပြီး စိတ်စေတနာ ကြည်ညိုမြတ်နိုးစွာနှင့် မထေရ်မြတ်ကြီးအား ဝပ်တွားရှိခိုးလျက်–

"အရှင်ဘုရား··အနည်းငယ်မျှဟောပြတော်မူရုံနှင့် တရားတော်၏အဓိပ္ပါယ်ကို အကျယ်သိမြင်ရပါပြီ၊ ဒုက္ခအပေါင်းတို့မှကင်းလွတ်၍ ထွတ်ထွတ်မြတ်မြတ် အဘိုးထိုက်တဲ့ အမြိုက်

ချမ်းသာကို ခံစားခြင်းအကျိုးငှါ သာသနာတော်တွင်းသို့ ဝင်၍ ရဟန်းပြုလိုပါတယ်၊ တပည့်တော်အား သနားတော်မူပါ သဖြင့် ချီးမြှင့်ကယ်မတော်မူပါ"–

လို့လျှောက်ထားတောင်းပန်တယ်။

ရဟန်းပြုပုံ

ထိုအခါ မထေရ်မြတ်ကြီးက ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်ဖြစ်ကြောင်းကို ကောင်းစွာ သိမြင်တော်မူသည်နှင့် သာသနာတော်မှ အပဖြစ်သော တိတ္ထိပရဖိုဇ်တို့၏ သာသနာတော်တွင်းသို့ ဝင်ရောက်လာတဲ့အခါ ပြုကျင့်လိုက်နာရန်ဖြစ်တဲ့ဝတ်တရားအလုံးစုံကိုအကုန်ဆောင်ရွက်စေပြီးလျှင် ရဟန်းအဖြစ်သို့ရောက်အောင် ချီးမြှောက်တော်မူလိုက်ရာ သာသနာတော်အတွင်းမှာ ကာတိယာနအမည်ရှိတဲ့ ရဟန်းတပါး ထွန်းကားလို့လာပါရော။

ရဟန္တာဖြစ်ပုံ

ထို ကာတိယာန ရဟန်းသည် ဝိပဿနာ နဲ့ညီးလမ်းအစဉ်ဖြင့် ဥဏ္ဍာအမြင် ပေါက်ရောက်အောင် ကြိုးစားအားထုတ်တော်မူလေရာ မကြာမီအတွင်းမှာပင် ကိလေသာကုန်ခန်း၍ ရဟန္တာအအဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။

မှတ်ချက်။ ။ဆဋ္ဌနိပါတ်၌ ကာတိယာနထေရဝတ္ထု၊ အကျယ်ကို တွေ့ပါလိမ့်မည်။

သာမည်ကာနိထေရဝတ္ထုပြီး၏။

၃၆-ကုမာဝုတ္ထေရဝတ္ထု၊

ဝိပဿီဘုရားလက်ထက်အမျိုးသားတဦး

အဝိဇ္ဇာမှောင်ကြီး ပိတ်ဆီးကာသန်းသဖြင့် စန်းတဝါးဝါး စခန်းသွားလျက် လမ်းမှားလမ်းကောက် တိမ်းမှောက်လဲပြို ဆင်းရဲပိုတဲ့ ထိုထိုဘုံဘဝတည်းဟူသော ဝဋ်စခန်းမှ အကျွတ်လမ်းကို ရှာနေတဲ့ အမျိုးသားကလေးတယောက်သည် ရှေးလွန်ခဲ့တဲ့ ကိုးဆယ့်တကမ္ဘာထက်၌ ဝိပဿီရှင်တော်မြတ်ဘုရား ထင်ရှားပွင့်တော်မူစဉ်အခိုက်တွင် ရသေ့ဖြစ်ခဲ့တယ်။

ခြေနယ်ဆီလျှာဒါန်းမုံ

ထိုရသေ့သည် ဗန္ဓုမတီ နေပြည်တော်ကြီးရှင် ဘုရင်မင်းကြီး၏ မင်္ဂလာဥယျာဉ်တော်ကြီးအတွင်းမှာ ချမ်းသာစွာနေထိုင်တယ်၊ တနေ့သောအခါ ဝိပဿီရှင်တော်ဘုရားသည် ထိုဥယျာဉ်တော်ကြီးအတွင်းသို့ ဆိုက်ရောက်တော်မူလာရာ မြင်လျှင်မြင်ခြင်း ကြည်ညိုခြင်းဖြစ်ပေါ်သည်နှင့် ရှင်တော်ဘုရား၏ ခြေတော်ကို သုတ်လိမ်းရန် ခြေနယ်ဆီကို လှူဒါန်းလိုက်တယ်၊ ၎င်းကဲ့သို့ခြေနယ်ဆီကို လှူဒါန်းလိုက်ရတဲ့ စေတနာကြောင့် ထိုရသေ့ကလေးဟာ သက်တမ်းကြွေလို့ စုတေသွားတော့ လူ့ပြည်,နတ်ရပ် ကောင်းမြတ်တဲ့ဘုံဘဝတို့၌သာ ကျင်လည်ရတယ်။

(က) နဂရေ ဗန္ဓုမတိယာ၊ ရာဇုယျာနေ ဝသာမဟံ။
စမ္မဝါသိ တဒါ အာသိ၊ကမဏ္ဍလုဓရော အဟံ။

အနက်ကား

(က) အဟံ၊အကျွန်ုပ်သည်။ ပုဗ္ဗေ၊ရှေးလွန်ခဲ့ပြီးသော ကိုးဆယ့်တကမ္ဘာထက်၌။ ဗန္ဓုမတိယာ၊ ဗန္ဓုမတီအမည်ရှိသော။ နဂရေ၊ မြို့တော်ကြီး၌။ ရာဇုယျာနေ၊ဘုရင်မင်းမြတ်၏ဥယျာဉ်တော်ကြီးအတွင်း၌။ ဝသာမိ၊နေထိုင်ခဲ့ပါသတည်း။ တဒါ၊ ထိုအခါ၌။ အဟံ၊အကျွန်ုပ်သည်။ စမ္မဝါသီ၊သစ်နက်ရေကိုဝတ်လျက်။ ကမဏ္ဍလုဓရော၊ရေကရားကိုဆောင်သော ရှင်ရသေ့သည်။ အာသိ၊ဖြစ်ခဲ့ပါသတည်း။

(ခ) အဒ္ဒသံ ဝိမလံ ဗုဒ္ဓံ၊ သယမ္ဘုံ အပရာဇိတံ။
အာတာပိနံ ပဟိတတ္တံ၊ ဈာယိ ဈာနရတိ ဝသိ။

အနက်ကား

(ခ) တဒါ၊ ထိုအခါ၌၊ အဟံ။ အကျွန်ုပ်သည်။ဝိမလံ၊ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးတော်မူသော။ သယမ္ဘုံ၊ ကိုယ်တော်တိုင်သာ လေးသစ္စာကို ကောင်းစွာသိမြင်တော်မူပေသော။ အပရာဇိတံ၊ သူတပါးတို့အောင်မြင်ခြင်းငှါ မစွမ်းနိုင်သော။ အာတာပိနံ၊ အပြင်းအထန် ပူပန်စွာ ကျင့်လေ့ရှိပေထသော။ ပဟိတတ္တံ၊ စေလွှတ်အပ်သော စိတ်နှလုံးတော်လည်းရှိပေထသော။ ဈာယိ ၊ ဈာန်ဝင်စားတော်မူလေ့

ရှိပေထသော။ ဗျာနရတိ၊ ဗျာန်ဝင်စားမှု၌ မွေ့လျော်တော်မူလေ့ ရှိပေထသော။ ဝသိ၊ ဝသီဘော်ငါးစုံကို အကုန်ပိုင်စိုးတော် မူပေထသော။ ဗုဒ္ဓံ၊ ရှင်တော်မြတ်ဘုရားကို။ အဒ္ဒသံ၊ ကံအားလျော်စွာ ဖူးမြင်ရပါသတည်း။ (အလွန်ဝိသေသနပုဒ်များသောဂါထာဖြစ်သည်။)

(၈) သဗ္ဗကာမသမိဒ္ဓဿ၊ သြယတိဏ္ဏမနာသဝံ။
ဒိသ္မာ ပသန္နသုမနော၊ အဗ္ဘဉ္ဇန မဒါသဟံ။

အနက်ကား

(၈) သဗ္ဗကာမသမိဒ္ဓဿ၊ အလိုဆန္ဒ အလုံးစုံကို အကုန်ပြီးစီးတော်မူထသော။ သြယတိဏ္ဏံ၊ သြယလေးသွယ် ဝဋ်ပင်လယ်မှ လွယ်ကူစွာကူးမြောက်တော်မူပြီးထသော။ အနာသဝံ၊ ကိလေသာ အာသဝေါ ကွာလျော ကုန်ခန်းပြီးထသော။ ဗုဒ္ဓံ၊ ရှင်တော်မြတ်ဘုရားကို။ ဒိသ္မာ၊ဖူးမြင်ရသည်ရှိသော်။ အဟံ၊ အကျွန်ုပ်သည် ။ ပသန္နသုမနော၊ ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍။ အဗ္ဘဉ္ဇနံ၊ ခြေနယ်ဆီကို။ အဒါသိ၊ လှူဒါန်းခဲ့ပါသတည်း။

အဆုံးဘဝသို့ဆိုက်ရောက်ပုံ

အဲ-ပြဆိုခဲ့တဲ့အတိုင်း သုဂတိသံသရာတို့၌သာ ကောင်းစွာ ကျင်လည်ခဲ့ပြီးတဲ့နောက် ယခုဘုရားရှင် လက်ထက်တော်သို့ ရောက်လာတော့ အဝန္တီတိုင်း ဝေလုကဏ္ဍကမြို့ သူကြွယ်အမျိုးဌ်ဖြစ်လာတယ်၊မူလနာမည်ရင်းမှာတော့ နန္ဒတဲ့၊ သို့ရာတွင် ထိုသတို့သား၏ မိခင်အမည်ကကုမာအမည်ရှိတယ်၊ ထိုကုမာ၏ သားဖြစ်သောကြောင့် အများကပင် ထိုသတို့သားကို **ကုမာပုဏ္ဏ** ရယ်လို့ ခေါ်ကြတယ်။

ကုမာပုဏ္ဏထေရ်ခေါ်တွင်ပုံ

အရွယ်သို့ ရောက်လာတဲ့အခါ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကို ဆည်းကပ်၍ တရားတော်မြတ်ကို ကြားနာ လေသောအခါ သဒ္ဓါတရား ဖြစ်ပေါ်လာသည်နှင့် သာသနာတော်တွင်းသို့ ဝင်၍ ရဟန်းပြုလေရာ ကုမာပုတ္တထေရ်တပါးရယ်လို့ ထင်ရှားကျော်စောတယ်၊ ထို့နောက် ရဟန်းကိစ္စ ပြီးဆုံးစေခြင်းအကျိုးငှါ ပရိယန္တ အ

မည်ရှိတဲ့ တောအုပ်သို့ သွားရောက်၍ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်လေရာ ကာလအတော်ပင်ကြာသော်လဲ နည်းလမ်း မကျတဲ့အတွက် တရားထူးကို မရနိုင်ဘဲဖြစ်နေသတဲ့။

ဘုရားထံကမ္မဋ္ဌာန်းနည်းခံပုံ

ထို့နောက်တဘန် နည်းမှန် လမ်းမှန်ကိုရရှိ၍ ကျကျနန တရားအားထုတ်ခြင်းအလို့ငှါ ဘုရားရှင်ထံသို့လာပြီး နည်းနာနိသယများကို ခံယူတယ်၊ ဘုရားရှင်ကလဲ သူ၏စိတ်ဆန္ဒ အတွင်းအဇ္ဈာသယနှင့် သင့်လျော်အောင် ကမ္မဋ္ဌာန်းနည်းများကို ပေးသနားတော်မူတယ်၊ ဘုရားရှင် သင်ကြား ပြသတော်မူတဲ့ နည်းနာနိသယ များကို ခံယူပြီး တဘန် ဆိတ်ငြိမ်ရာ သို့ကပ်၍ မလျှော့သော ဝီရိယမျိုးဖြင့် ကြိုးစားအားထုတ်တော်မူလေရာ မကြာမီ အတွင်းမှာပင် ရဟန်းကိစ္စ ပြီးမြောက်၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။

တောနေရဟန်းတို့အား တရားဖြင့်ဆုံးမခြင်း

ရဟန္တာ အဖြစ်သို့ ဆိုက်ရောက်တော် မူပြီးတဲ့အခါ ကုမာပုတ္တ မထေရ်မြတ်ကြီးသည် တောနေရဟန်းတို့အား သာသနာတော်ရေးနှင့်ဆိုင်တဲ့ ကိစ္စများကိုသာ ကြိုးစား အားထုတ်တော် မူစေလိုသဖြင့် သြဝါဒတရားစကားကို မကြာမကြာ ဟောကြားတော်မူလေ့ရှိတယ်၊ ဟောကြားတော်မူခြင်း၏ အကြောင်းက သည်လိုတဲ့၊ ထိုအရှင်မြတ်ကြီး သီတင်းသုံးတော်မူတဲ့ တောအုပ်အတွင်းမှာ အခ္ခိုသောရဟန်းတို့သည် ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ကြိုးစားခြင်းမရှိဘဲ မိမိကိုယ်၏ ဆူဖြိုးမှု, အားအင်တိုးမှု, ကိုယ်လက်သန်စွမ်း ၍ကျန်းမာမှုများကိုသာ အရေးစိုက်နေကြတယ်။

သည်ကဲ့သို့ သာသနားရေးနှင့်မဆိုင်တဲ့အလုပ်နှင့် နေ့ပုပ်,ရက်ပုပ်, အချိန်ပုပ် ခံနေကြတဲ့ ရဟန်းတို့ကို မြင်တော်မူလေရာ ကုမာပုတ္တ ရဟန္တာအရှင်မြတ်ကြီး၏ စိတ်ထဲမှာလွန်စွာသနားခြင်း ဖြစ်သည်နှင့်–

''သြော်-ရှုံးလေစွတကား၊တောတောင်အတွင်းမှာသီတင်းသုံးနေထိုင်ကြတဲ့ ရဟန်းတော်များ ဖြစ်ပါလျက်ကနှင့် အကျိုး

မရှိတဲ့အလုပ်တွေကို အားထုတ်လို့ နေကြပါတကား၊အချိန်ပြန်း၍ အရှုံးသာ အဖတ်တင်ကုန်ကြတော့မယ်၊ ဒိမိတတ်နိုင်သမျှ အဆုံးမဖြင့် လမ်းပြသွန်သင်မှ သင့်တော့မယ်''။

အဲ-သို့ကလို ဆင်ခြင်တော်မူကာ . သြဝါဒဂါထာဖြင့် ထိုရဟန်းတော်တို့အား ဤကဲ့သို့ဟောကြားဆုံးမတော်မူလေသတည်း။

သာဓုသုတံ သာဓုစရိတကံ၊
သာဓု သဒါ အနိကေတဝိဟာရော။
အတ္ထပုစ္ဆနံ ပဒက္ခိဏကမ္မံ၊
ဧတံ သာမညမကိဉ္စနသ။
(ထေရဂါထာပါဠိတော်။)

အနက်ကား

ဘောရှေ့၊ အို-တောနေရဟန်းအပေါင်းတို့။ သုတံ၊မဂ်,ဖိုလ်နှင့် စပ်သော တရားကို ကြားနာရခြင်းသည်။ သာဓု၊ ကောင်းမြတ်လှပေ၏။ စရိတကံ၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော အကျင့်ကောင်းကိုကျင့်ခြင်းသည်။ သာဓု၊ ကောင်းမြတ်လှပေ၏။ သဒါ၊အခါခပ်သိမ်း။ အနိကေတဝိဟာရော၊ ကိလေသာခိုလှုံသော ကာမဂုဏ်ဘောင်မှ ခွါရှောင်ဆိတ်ငြိမ်စွာနေရခြင်းသည်။ သာဓု၊ ကောင်းမြတ်လှပေ၏။ အတ္ထပုစ္ဆနံ၊ နက်နဲသော တရားသဘောတို့ကို မေးမြန်းစုံစမ်းခြင်းသည်။ သာဓု၊ ကောင်းမြတ်လှပေ၏။ ပဒက္ခိဏကမ္မံ၊ မသွေမလွှဲ့ဆုံးမချက်ကို နာခံမှုသည်။ သာဓု၊ ကောင်းမြတ်လှပေ၏။ ဧတံ၊ပြဆိုခဲ့သော ဤကောင်းခြင်းငါးပါးသည်။ သာမညံ၊ ရဟန်းတို့၏ တရားအစစ်အမှန်ဖြစ်ပေ၏။ အကိဉ္စနသ၊ ပစ္စည်းဥစ္စာ တွယ်တာလွတ်ကင်းစိုးရိမ်ခြင်းမရှိသော ပုဂ္ဂိုလ်မြတ်၏။ သန္တော်၊ လက်ကိုင်အစစ် ကိုယ်ပိုင်ဥစ္စာကြီးဖြစ်ပေသတည်း။

ကောင်းခြင်းငါးပါး

ဤဂါထာ၌ ကောင်းခြင်းငါးပါးကို ပြဆိုလျက်ရှိသည်၊ ကောင်းခြင်းငါးပါးဆိုသည်မှာ—

(၁) ကောင်းသောတရားကို ကြားနာခြင်း။

(၂) ကောင်းသောအကျင့်ကို ကျင့်ခြင်း။
(၃) ကာမဂုဏ်တို့နှင့် ကင်းဝေးအောင် ခွါရှောင်၍နေခြင်း။
(၄) နက်နဲသော တရားသဘောတို့ကို ဆွေးနွေးမေးမြန်းခြင်း။
(၅) မသွေမလွှဲ ဆုံးမချက်ကို နာခံခြင်း။ ဤငါးပါးဖြစ်ပေသည်။

ဤကောင်းခြင်းငါးဖြာနှင့် ပြည့်စုံစွာ ကျင့်နိုင်ပါလျှင် လူမှာလည်း လူ့အလျောက်, ရဟန်းမှာလည်း ရဟန်းအလျောက် မြင့်မြောက်ကြီးပွားမှု သူတော်ကောင်း တရားဂုဏ်နှင့်ပြည့်စုံပြီးလျှင် မဂ်, ဖိုလ်, နိဗ္ဗာန်သို့ လျင်မြန်စွာ ဆိုက်ရောက်နိုင်လိမ့်မည်ဖြစ်သတည်း။

ထိုမထေရ်မြတ်ကြီး၏ ဆုံးမချက်ဒေသနာ ကောင်းခြင်းငါးဖြာတို့ကို ကြားနာရတဲ့အခါ မိမိတို့ကိုယ်ကိုသာ မွေးမြူ၍ ကမ္မဋ္ဌာန်းကို အလေးမမူသော တောနေရဟန်းတို့သည် ကောင်းခြင်းငါးပါးကိုလက်ကိုင်ထား၍ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ကြီးစားတော်မူကြလေရာ ကိလေသာဝင့်တွင်းမှ လွတ်ကင်း ထွက်မြောက်တော် မူကြလေကုန်သတည်း။

ကုမာပုတ္တထေရဝတ္ထုပြီး၏။

၃၇-ကုမာပုတ္တသဟာယထေရဝတ္ထု

သိဒ္ဓတ္ထဘုရားလက်ထက်အမျိုးသားတဦး

စိတ်သန္တာန်တည်းဟူသော လယ်မြေအတွင်းမှာ ပါရမီတည်းဟူသောမျိုးစေ့ကို စိုက်ပျိုးလျက် မဂ်, ဖိုလ်တည်းဟူသောအသီး, အပွင့်တို့ကို ရရှိလေအောင် ထူထောင်ကာ နေလေ့ရှိတဲ့အမျိုးသားကလေး တယောက်သည် ရှေးလွန်ခဲ့ပြီးတဲ့ ကိုးဆယ့်လေးကမ္ဘာထက် သိဒ္ဓတ္ထဘုရားပွင့်တော်မူစဉ်အခိုက်တွင် ကံအားလျော်စွာ ကြုံကြိုက်၍ လူ့ပြည်လောကမှာ လူဖြစ်လို့လာခဲ့တယ်။

ရဟန်းအပေါင်းအားတောင်ခြေးရှုဒါန်းမုံ

ထိုအမျိုးသားသည် သာသနာတော်ကို ကြည်ညှိလှစွာသော သဒ္ဓါတရားနှင့် ပြည့်စုံသဖြင့် သံဃာတော်အပေါင်းတို့အား တစုံတခုသော

ပစ္စည်း၀တ္ထုဖြင့်လှူဒါန်းရန် ကြံစည်တဲ့အခါ ရဟန်းတော်တို့မှာ လွန်စွာအသုံး၀င်တဲ့ တောင်ဝှေးများကို လှူဒါန်းရန် စိတ်အကြံပေါ်ပေါက်လာတယ်၊ ထိုအခါ တောင်ဝှေးပေါင်းများစွာတို့ကို ရရှိနိုင်ရန်အတွက် တပည့်လက်သားပေါင်းများစွာတို့နှင့်တကွ တောတောင်သို့ထွက်ပြီး တောင်ဝှေးပြုလုပ်ရန် သင့်လျော်ကောင်းမြတ်တဲ့ သစ်သားတို့ကို ခုတ်ယူတယ်၊ အိမ်သို့ပြန်ရောက်တဲ့အခါ ကောင်းမွန်ချောမောစွာစီရင်ပြီး တောင်ဝှေးပေါင်းများစွာတို့ကို ရဟန်းသံဃာတော်အပေါင်းတို့အား ကောင်းမွန်သောစေတနာနှင့် မြတ်နိုးစွာ လှူဒါန်းလိုက်တယ်။

ထို့ပြင်တပါး မိမိ၏ပစ္စည်းအင်အားရှိသလောက် လှူဒါန်းခြင်းစသောကုသိုလ်ကောင်းမှုဆိုတာများကိုလဲပြုလုပ်တယ်၊ အဲ–သည်ကဲ့သို့ တောင်ဝှေးလှူဒါန်းခြင်း အစရှိတဲ့ ကုသိုလ်ကောင်းမှုတို့ကို ပြုရတဲ့ စေတနာကြောင့် ထိုဘ၀မှ သက်တမ်းကြာ၍ စုတေသွားတဲ့အခါ လူ့ပြည်,နတ်ပြည် ကောင်းမြတ်တဲ့ သုဂတိဘုံဘ၀တို့၌သာ ကျင်လည်ကျက်စားခဲ့ရတယ်။

(က) ကာနုံ ၀နမောဂယ္ဟ၊ ဒဏ္ဍံ ဆေတ္ဝာနုဟံ တဒါ။
အာလမ္ဗနံ ကရိတ္ဝာန၊သံယသ အဒဒိ ဗဟုံ။ ။

အနက်ကား

(က) အဟံ၊အကျွန်ပ်သည်။ ပုဗ္ဗေ၊ ရှေးလွန်ခဲ့ပြီးသော ကိုးဆယ့်လေးကမ္ဘာထက်၌။ ကာနုံ၊ ကျေးငှက်အပေါင်းတို့၏ သောင်းသောင်း ညံညံ တွန့်သံချိမ့်သဲ၍နေသော။ ၀နံ၊ တောအုပ်ကြီးအတွင်းသို့။ သြဂယ္ဟ၊ သက်၀င်၍။ ဒဏ္ဍံ၊ တောင်ဝှေးပြုလုပ်ရန် ဖြစ်သော သစ်သားကို။ ဆေတ္ဝာန၊ ဖြတ်၍ယူခဲ့ပြီးသော်။ တဒါ၊ထိုအခါ၌။ အာ-လမ္ဗနံ၊ ထောက်ရန်ဖြစ်သောတောင်ဝှေးကို။ ကရိတ္ဝာန၊ ကောင်းမွန်ချောမောစွာပြုလုပ်၍။ သံယသ၊ သံယာတော်အရှင်မြတ် အပေါင်းအား။ ဗဟုံ၊ များစွာ။ အဒဒိ၊ လှူဒါန်းခဲ့ပါသတည်း။

(၀) စတုန္နဝုတေ ဣတော ကပ္ပေ၊ ယံ ဒဏ္ဍ မဒဒိ တဒါ။
ဒုဂ္ဂတိ နာဘိဇာနာမိ၊ ဒဏ္ဍဒါနဿိဒံ ဖလံ။ ။

အနက်ကား

(၁) ဣတော၊ ဤဘဒ္ဒကပ်ကမ္ဘာမှ။ စတုန္နံဝုတေကပ္ပေ၊ လွန်ခဲ့သော ကိုးဆယ့်လေးကမ္ဘာထက်၌။ ယံဒဏ္ဍံ၊ အကြင်တောင်ဝှေးကို။ အဒဒိ၊ ပေးလှူခဲ့ရလေပြီ။ ဝါဒါတေန ပုညကမ္မေန၊ထိုတောင်ဝှေးလှူရသောကုသိုလ်ကံကြောင့်။ ဒုဂ္ဂတိ၊ အပါယ်လေးပါးဆင်းရဲမျိုးကို။ နာဘိဇာနာမိ၊တရံတခါမျှမသိခဲ့ရစဘူးပါ။ ဣဒံ၊ဤသို့အပါယ်ဆင်းရဲမှကင်း၍ ချမ်းသာခဲ့ရခြင်းသည်။ ဒဏ္ဍာဒါနဿ၊ တောင်ဝှေးလှူဒါန်းရသော ကုသိုလ်ကံ၏။ ဖလံ၊ အကျိုးထူးအမှန်ပေတည်း။

ကုမာပုတ္တသဟာယ-ခေါ်တွင်မုံ

အဲ-ပြဆိုခဲ့တဲ့အတိုင်း တောင်ဝှေးလှူဒါန်းခဲ့ရတဲ့ ဒါနစေတနာကြောင့် သုဂတိသံသရာတို့၌သာ ကြွမ်ဘန်များစွာ ကျင်လည်ခဲ့ရပြီးတဲ့နောက် ယခုဘုရားရှင် လက်ထက်တော်သို့ရောက်တော့ အဝန္တီတိုင်းဝေဠုကဏ္ဍကမြို့၌ ကြွယ်ဝချမ်းသာတဲ့ အမျိုးမှာဖြစ်ပေါ်လာတယ်၊ ထိုသတို့သားကလေးရဲ့ အမည်ကတော့ သုဘဒ္ဒ-တဲ့၊ ဝါသုလ-ရယ်လို့လဲ ခေါ်ကြသေးတယ်၊ ထိုသတို့သားသည် ငယ်ရွယ်စဉ်ကစပြီး ကုမာပုတ္တနှင့် အတူတကွ ချစ်ခင်စွာကြီးပွားရှိလာခဲ့ရာ ထို့နောက်ကာလအတန်ကြာတော့-ငယ်မည်ရင်းပျောက်ပြီး ကုမာပုတ္တသဟာယ- ရယ်လို့ အများက ခေါ်ဆိုကြတယ်။

အကြီအစည်ဖြစ်မုံ

ထို့နောက် ကြီးပြင်းရွယ်ရောက် လူလားမြောက်လာတော့-ကုမာပုတ္တသတို့သားက ပထမဦးစွာရဟန်းပြုသွားတယ်၊ အဲ-သို့ကလို အဆွေတော်ကြီးရဟန်းပြုသွားတဲ့ သတင်းကိုကြားရတဲ့အခါ—

> ''အတူတကွ ချစ်ခင်ကြီးပွားလာခဲ့တဲ့ အဆွေတော်ကြီးဖြင့် ရဟန်းပြုသွားပေါ့၊ ရဟန်းအဖြစ်ဆိုတာ လွန်စွာမြင့်မြတ်ပေလိမ့်မယ်၊ ရဟန်းဘောင်မှာ အတူတကွ နေထိုင်ရလေအောင် အစဉ်တစိုက် မိတ်ဆွေကြီးနောက်သို့လိုက်ပြီး ရဟန်းပြုမှ သင့်လျော်တော့မယ်''။

အဲ–သို့ကလို ကြီစည်ပြီး ဘုရားရှင်ထံမှာ အခွင့်တောင်းခံကာ ရဟန်းပြုလုပ်သွားတယ်၊ ရဟန်းဖြစ်တဲ့အခါ ကုမာပုတ္တသဟာယ မထေရ်တပါးရယ်လို့ ထင်ရှားကျော်စောသွားပါရော။

ပရိယန္တတောင်၌ ကမ္မဋ္ဌာန်းအားထုတ်ပုံ

ရဟန်းအဖြစ်သို့ ရောက်ပြီးတဲ့အခါ အဆွေတော်ကြီးနှင့်အတူတကွ နေထိုင်လေရအောင် ပရိယန္တအမည်ရှိတဲ့ တောင်ကြီးသို့ သွားပြီး ကုမာပုတ္တထေရ်၏ အထံမှာ ကမ္မဋ္ဌာန်းနည်းများကို သင်ကြားလျက် ဘာဝနာအလုပ်ကို အားထုတ်ကြိုးစားလို့နေတော်မူတယ်၊ ထိုသို့ပင် ကြိုးစားအားထုတ်ပါသော်လဲ ထိုအရပ်ဌာနမှာ အာဂန္တုပရိသတ်တွေ ထူထပ်ပေါများနေတဲ့အတွက် ဆူဆူညံညံနှင့် သမာဓိဗျာန်ကို မရနိုင်ဘဲ ဖြစ်နေတယ်၊ သမာဓိ မရတော့ ဘယ်လိုပင် အားထုတ်သော်လဲ အလုပ်မတွင်နိုင်ဘူးပေါ့။

ထိုခေတ်အခါတွင် ပုထုဇဉ်ရဟန်းပေါင်းများစွာတို့သည်ကမ္မဋ္ဌာန်း အလုပ်ကို အားမထုတ်ကြကုန်ဘဲ "ရေကြည်ရာ,မြက်နုရာ" ဆိုသလို ထိုထိုအရပ်ဌာနများသို့ သွားရောက်လှည့်လည်လေ့ရှိကြတယ်၊ ပရိယန္တအမည်ရှိတဲ့ တောင်ကြီးက ရဟန်းပေါင်းများစွာ သွားလာလှည့်ပတ်ကြရာတွင် အလယ်ဗဟိုစခန်းဌာနကြီးဖြစ်တဲ့အတွက် အသွားလဝင်ရောက်,အပြန်လဝင်ရောက် ဆိုသလို အာဂန္တုပုဂ္ဂိုလ်တွေရှုပ်ထွေးလို့သာနေသတဲ့၊ သို့အတွက်ကြောင့် ထိုအရပ်ဌာနမှာ တရားကိုအားထုတ်ပါသော်လဲ သမာဓိမရနိုင်ဘဲ ချိန်အကိုက်လွဲနေတယ်။

ဥဒါန်းကျူးပုံ

ပြဆိုခဲ့တဲ့ ကုမာပုတ္တသဟာယထေရ်သည် မနေမနားသွားလာ လှည့်ပတ်၍ ပျားပန်းခပ်တဲ့ပမာ ဇရန္ဒြမဲ့စွာ နေထိုင်ကြတဲ့ ရဟန်းတွေကို မြင်လေရာ လွန်စွာသံဝေဂဖြစ်သည်နှင့် ကိုယ်တော်တပါးတည်း သို့ကလို-မြက်ဆိုကျူးရင့်တော်မူသတဲ့။

"သည်ရဟန်းတွေဟာ ဇရန္ဒြစောင့်စည်းမှု, သမာဓိစောင့်စည်းမှုကို မပြုကြဘဲ ထိုထိုဇနပုဒ်ဌာနများသို့သာ သွားလာလှည့်ပတ်လယ်ပတ်လို့နေကြတယ်၊ အဘိုးထိုက်တန်တဲ့ သမာ

ဝိ ကြီးကို ပျက်စီးအောင် ဖျက်ဆီးလို့ ပစ်ကြတယ်၊ တိုင်းနိုင်ငံ အမျိုးမျိုးသို့ လှည့်ပတ်သွားလာနေသဖြင့် ဘာအကျိုးရှိအုံးမှာ လဲ၊ တကိုယ်တည်း ဆိတ်ငြိမ်စွာ နေထိုင်လျက် ကိလေသာ အညစ်အကြေး ကင်းဝေးလေအောင် ကမ္မဋ္ဌာန်းအာရုံကို ရှုစား၍ နေခြင်းသာလျှင် အမြတ်ဆုံးဖြစ်တယ်"။

အဲ-သည်ကဲ့သို့ တကိုယ်တည်းမြှောက်ဆိုတော်မူကာ ဆိုခဲ့တဲ့အဓိပ္ပါယ် ပါရှိတဲ့ ဥဒါန်းဂါထာတပုဒ်ကို သိုကလို-ကျူးရင့်တော်မူလေသတည်း။

နာနာဇနပဒံ ယန္တိ၊ ဝိစရန္တာ အသညတာ။
သမာဓိဉ္စ ဝိရာဓေန္တိ၊ ကိံသု ရဋ္ဌစရိယာ ကရိဿတိ။
တသ္မာ ဝိနေယျ သာရဇ္ဇံ၊ ဗျာယေယျ အပုရက္ခတော။ ။
(ထေရဂါထာပါဠိတော်။)

အနက်ကား

ဣဒါနိ၊ ယခုအခါ၌။ . အသညတာ၊ စောင့်စည်းခြင်းမရှိကြကုန်သော ရဟန်းပေါင်းများစွာတို့သည်။ နာနာဇနပဒံ၊ တိုင်းနိုင်ငံဇနပုဒ် အမျိုးမျိုးတို့သို့။ ဝိစရန္တာ၊ လှည့်လည်ကြကုန်လျက်။ ယန္တိ၊ ကိုယ့်ခြေနှင့် ကိုယ်သွားမည်ဟု လမ်းသလားကာ လှုပ်လှုပ်ရှားရှား နေထိုင်ကြလေကုန်၏။တေ၊ထိုလမ်းသလား၍ အားတိုင်းလှည့်ပတ်ခါ နေကြကုန်သော ရဟန်းတို့သည်။ သမာဓိဉ္စ၊ အာဘိုးထိုက်တန်လှစွာသော သမာဓိကို လည်း။ ဝိရာဓေန္တိ၊ ချော်ချွတ်ဆုံးရှုံးကြစေကုန်၏။ ရဋ္ဌစရိယာ၊ တိုင်းနိုင်ငံအရပ်ရပ်သို့ လှည့်ပတ်၍နေခြင်းသည်။ ကိံသုကရိဿတိ၊အဘယ်မှာ အကျိုးရှိပါအုံ့နည်း။တသ္မာ၊ ထို့ကြောင့်။ သာရဇ္ဇံ၊ စိတ်၏အညစ်အကြေး,စိတ်၏ အနှောင့်အရှက်တွေကို။ဝိနေယျ၊ပယ်ရှားသုတ်သင်၍။ အပုရက္ခတော၊ အခြိုအရုံမရှိဘဲ တကိုယ်တည်း သာလျှင်။ ဝါ၊ မိစ္ဆာဝိတက်အစရှိသော စိတ်၏အနှောင့်အရှက်တွေမရှိဘဲသာလျှင်။ ဗျာယေ-ယျ၊ ကမ္မဋ္ဌာန်းအာရုံထဲမှာ စွဲစွဲမြဲမြဲရှုစား၍နေရာသတည်း။

ဆိုလိုရင်းအဓိပ္ပါယ်

မြို့ရွာနိုင်ငံအရပ်ရပ်သို့ လှည့်ပတ်သွားလာ၍နေခြင်းသည် သမာဓိတရားကို ပျက်ပြား ဆုံးရှုံးစေ၏၊ ကိုယ်၏စောင့်စည်းမှုများကိုလည်း

ပျက်ပြားစေ၏၊ ထို့ကြောင့် တကိုယ်ထည်း ဆိတ်ငြိမ်စွာ အသွားအလာမများဘဲ နေရာဌာနမြေမြေနှင့် ကမ္မဋ္ဌာန်းအာရုံထဲမှာသာ စိတ်စွဲ၍ ရှုစားကြပါ-ဟု ဆိုလိုရင်းဖြစ်ပေသည်။

ရဟန္တာဖြစ်မုံ

ကုမာပုတ္တသဟာယ မထေရ်မြတ်သည် မိမိရှတ်ဆိုတဲ့ ဂါထာအတိုင်း ဒေသအရပ်ရပ်သို့ လှည့်ပတ်သွားလာခြင်းအမှုကို မပြုဘဲ နေရာမြေမြေနှင့် ကမ္မဋ္ဌာန်းအလုပ်ကိုအားထုတ်ကြိုးစားတော်မူလေရာ မကြာမီအတွင်းမှာပင် ကိလေသာကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။

ရဟန္တာဖြစ်တော်မူပြီးတဲ့ အခါမှာလဲ ပြဆိုခဲ့တဲ့ ဂါထာကို မကြာမကြာရွတ်ဆိုတော်မူပြီးလျှင် မြို့ရွာဒေသအရပ်ရပ်လှည့်ပတ်သွားလာခြင်းများတဲ့ ရဟန်းတော်တို့ကို အနေအထိုင်မြစ္စာနှင့်ရဟန်းတို့အလုပ်ကို အားထုတ်ကြလေအောင် ဟောကြားဆုံးမတော်မူလေ့ရှိပေတယ်၊ ထိုမထေရ်မြတ်ကြီး၏သြဝါဒကိုခံယူကြတဲ့ ရဟန်းတော်အရှင်မြတ်တို့သည်ကား အသွား,အလာနည်းပါးစွာနှင့် နေရာမြေမှုကို ဂရုစိုက်လျက် ရဟန်းတို့နှင့် ဆိုင်တဲ့ အလုပ်ကိုသာ အားထုတ်ကြိုးစားတော်မူလေ့ရှိကြပေသတည်း။

ကုမာပုတ္တသဟာယမထေရဝတ္ထု၊ ပြီး၏။

၃၈-၈ဝ်ပတိဏေရဝတ္ထု၊

သိခိဘုရားလက်ထက် မုဆိုးသားတဦး

ဒုက္ခ-တည်းဟူသော လှိုင်းလုံးတို့ဖြင့် တအုံးအုံးရိုက်ခတ်နေတဲ့ ဝဋ္ဋဇာတ်သံသရာ အဏ္ဏဝါဇွက်တောမှ ထွက်လိုသော ဆန္ဒနှင့် အဌမဂ္ဂင်ဖေါင်နန်းယာဉ်ကို ပြုပြင်တည်ထောင်ကာ နေတဲ့ အမျိုးသားကလေးတယောက်ဟာ ရှေးလွန်ခဲ့တဲ့ သုံးဆယ့်တကမ္ဘာထက်တွင် သိခိဘုရားရှင် ပွင့်တော်မူတဲ့ အခိုက်ဝယ် တောင်ခြေ ကျက်စားတဲ့ မုဆိုးကလေးဖြစ်ခဲ့တယ်။

ဘုရားရှင်အား တောပန်းလှူခါန်းပုံ

တနေ့သောအခါ တောတောင်အတွင်းမှာ ကံအားလျော်စွာ သိဒ္ဓိဘုရားရှင်ကို တွေ့မြင်ဖူးမျှော်ရလေရာ သဒ္ဓါတရား အလွန်ဖြစ်ပွားသည်နှင့် ဆန်းပြားမွှေးကြိုင်တဲ့ တောပန်းခိုင်တွေကို ခူးပြီး ကြည်နူးဝမ်းမြောက်စွာ လှူဒါန်းလိုက်တယ်။

အလွန်ထူးဆန်းတဲ့ တောပန်း,တောင်ပန်းတွေကို လှူဒါန်းရတဲ့ ကုသိုလ်စေတနာကြောင့် လူ့ဘုံမှ စုတေတဲ့အခါ နတ်ပြည်, လူ့ပြည် တို့၌ ကြည်လင်ရွှင်လန်းစွာ ချမ်းသာအမျိုးမျိုးကို ခံစားစံစားရတယ်။

(က) မိဂလုဒ္ဒေါ ပုရေ အာသိ၊ ပဝနေ ဝိစရံ အဟံ။
အဒ္ဒသံ ဝိရဇံ ဗုဒ္ဓံ၊ သဗ္ဗဓမ္မာနပါရဂုံ။ ။

အနက်ကား

(က) အဟံ၊ အကျွန်ုပ်သည်။ ပုရေ၊ ရှေးလွန်ခဲ့ပြီးသော သုံးဆယ့်တကမ္ဘာထက်၌။ မိဂလုဒ္ဒေါ၊ ;တောသွားမုဆိုးသည်။ အာသိ၊ ဖြစ်ခဲ့ပါသတည်း။ ကေဒါ၊ တရံသောအခါ၌။ ပဝနေ၊ တောကြီးအတွင်း၌။ ဝိစရံ-ဝိစရန္တော၊ လှည့်လည်လေသည်ရှိသော်။ ဝိရဇံ၊ ကိလေသာမြူအညစ်အကြေးတို့မှ ကင်းဝေးတော်မူသော။ သဗ္ဗဓမ္မာနပါရဂုံ၊ တရားအလုံးစုံကို အကုန်အသိဉာဏ်ပေါက်၍ တဘက်ကမ်းသို့ ဆိုက်ရောက်တော်မူပေသော။ သိဒ္ဓိ၊ သိဒ္ဓိရှင်တော်မြတ်ဘုရားကို။ အဒ္ဒသံ၊ ကံအားလျော်စွာ တွေ့ကြုံဖူးမြင်ရပါသတည်း။

(ခ) တသ္မိံ မဟာကာရုဏိကော၊ သဗ္ဗသတ္တဟိတေရတော။
ပသန္နစိတ္တော သုမနော၊ နေကပုပ္ဖံ အပူဇယိံ။ ။

အနက်ကား

(ခ) မဟာကာရုဏိကော၊ ကြီးမြတ်မျှားပြားသော သနားခြင်းရှိတော်မူပေသော။ သဗ္ဗသတ္တဟိတေရတော၊ သတ္တဝါ အမျိုးမျိုးတို့၏ ကောင်းကျိုးအလုံးစုံကို အကုန်လိုလားတော်မူပေသော။ တသ္မိံ၊ ထို သိဒ္ဓိဘုရားရှင်ကိုယ်တော်မြတ်ကြီး၌။ ပသန္နစိတ္တော၊ ကြည်ညိုသော

စိတ်ရှိသည်ဖြစ်၍။သုမနော၊ဝမ်းမြောက်ဝမ်းသာ။အနေကပုပ္ပံ၊မျိုးပြားလှစွာသော တောပန်း,တောင်ပန်းတွေကို။အပူဇယိ၊ ပူဇော်လှူဒါန်းခဲ့ပါသတည်း။

ကောဏာဂုံဘုရားလက်ထက်

အဲ–ပြဆိုခဲ့ပြီးတဲ့အကိုင်း သုဂတိသံသရာတို့၌သာ ချမ်းသာစွာ ကျင်လည်ခဲ့ပြီးတဲ့နောက် ယခုဘဒ္ဒကပ်ကမ္ဘာ ကောဏာဂုံဘုရားရှင်၏ သာသနာတော်အတွင်းမှာလူဖြစ်လို့လာခဲ့တယ်၊ သက်တော်ထင်ရှားရှိတဲ့ ဘုရားရှင်ကိုတော့ မမှီလိုက်တော့ဘူး၊ ကောဏာဂုံဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးတဲ့နောက် သရီရဓာတ်တော်တွေကို ရွှေစေတီကြီးတည်နေတဲ့ အခိုက်မှာ လူဖြစ်လို့လာခဲ့တယ်။

စေတီတော်ရွှေထီးဒါယကာခံပုံ

ထိုအမျိုးသားသည် ပစ္စည်းရတနာ ချမ်းသာကြွယ်ဝတဲ့ပြင် သဒ္ဓါစေတနာ လွန်စွာထက်သန်တဲ့အတွက် စေတီတော်ကြီးပြီးစီးတဲ့အခါ ရွှေထီးဒါယကာခံ၍ လှူဒါန်းပူဇော်လိုကြောင်းနှင့် လူများအပေါင်းကို အခွင့်တောင်းတော့-ပစ္စည်းအင်အား,စေတနာအင်အားကို ထောက်ထားပြီး ထိုအမျိုးသားအား ရွှေထီးကြီးဒါယကာခံစေရန် သဘောတူညီစွာ အခွင့်ပေးကြတယ်။

ရတနာမကိုင်ရွှေထီးစိမ်ပုံ

ထိုအမျိုးသားသည် ရွှေထီးကြီးဒါယကာခံဘို့ အခွင့်ရတဲ့အခါ ဝမ်းသာအားရ သဒ္ဓါတရားတက်ကြွပြီး အနည္ဃအဘိုးထိုက်တဲ့ ရတနာမကိုင်ရွှေထီးကြီးကို ပြုလုပ်စိမ်ပါရော၊ စေတီတော်ကြီးလဲပြီးစီး, ရွှေထီးလဲပြီးစီး၊ နှစ်ပါးစုံပြီးစီးတော့-ထီးတင်ပွဲကြီးကို ပြုလုပ်ခါ ကြီးကျယ်တဲ့ အလှူပွဲသဘင်တွေကိုလဲ ဆင်ယင်ကျင်းပတယ်၊ ထိုအခါကစပြီး ရွှေထီးဒါယကာရယ်လို့ကမ္ဘာလောကမှာ အဟောဝတ-ကျော်စောသွားတာပေါ့၊ဘုရားရှင်၏ ဓာတ်တော်,မြတ်အစစ်တွေ ကိန်းအောင်းတဲ့ စေတီတော်ကြီးမှာ ရှေယိုးတင်လှူရတဲ့ ကုသိုလ်ဆိုတာ လွန်စွာကြီးမြတ်ထာကလား၊ ယခုအခါ ရွှေထီးဒါယကာများလဲ

သည်ဝတ္ထုသွားကို ထောက်ချင့်ပြီး မိမိကုသိုလ်ကို ကြည်ညိုပွားများကြပေတော့။

စေတီတော်ကြီးမှာ ရွှေထီးအထွတ် တင်လှူပူဇော်ပြီးတဲ့အခါ ကြက်သရေမင်္ဂလာနှင့် လွန်စွာကြည်ညိုဘွယ်ကောင်းတာပေါ့၊ မိမိကုသိုလ်တော်ကြီးကို မြင်တိုင်း,မြင်တိုင်း ရှင်လန်းလို မဆုံးနိုင်အောင် တပြီးပြီးနှင့် ကုသိုလ်ဇောတွေ တက်ကြွလို့နေသတဲ့။

ထိုနောက်တဘန် သဒ္ဓါတရားတွေ တိုးတက်၍လာပြန်သည်နှင့် စေတီတော်ကြီးကို ပတ်ဝိုက်ပြီး စိန်တောင်အကာအရံများကိုလဲ ပြုလုပ်လှူဒါန်းပြန်တယ်၊ သည်ကုသိုလ်စေတနာကြောင့် အသက်အတိုင်းနေ၍ လူ့ပြည်မှ စုတေသွားတော့ နတ်ပြည်လောကမှာ ကြီးကျယ်ခမ်းနားတဲ့ နတ်ချမ်းသာများကိုခံစားစံစားရတယ်။

ကဿပဘုရားရှင်လက်ထက်တော်သို့
ဆိုက်ရောက်လာပုံ

ဘုန်းတော်ကြီးလှသော ကဿပ ရှင်တော်မြတ်ဘုရားပွင့်တော်မူလာတဲ့အခါ တဦးသော သူကြွယ်အမျိုးမှာဖြစ်ပေါ်လာတယ်၊ ထိုသတ္တိသား၏ ဘခင်ဖြစ်တဲ့ သူကြွယ်မှာ နွားပေါင်းများစွာတို့ကို စိုးပိုင်သဖြင့် နွားသူဌေးကြီးရယ်လို့ ထင်ရှားကျော်စောတယ်၊ နွားကျောင်းသားပေါင်းများစွာတို့နှင့် နွားတို့ကိုကျောင်းစေရာ ထိုသူဌေးသားကရံခါရံဘန် နွားကျောင်းသားတို့နှင့် အတူတကွ တောသို့ထွက်ပြီး ပျော်ပျော်ပါးပါးနွားများကိုကျောင်းလေ့ရှိတယ်။

ထိုစဉ်အခါ ရဟန္တာအရှင်မြတ်ကြီးတပါးသည် တခုသောရွာငယ်အတွင်းဌ ဆွမ်းခံလှည့်လည်တော်မူပြီး ဆွမ်းခံရွာမှ ထွက်လာတဲ့အခါ ရွာအပြင်ဘက် နေရာဌာနတခုတွင် နေ့စဉ်အမြဲ ဆွမ်းဘုဉ်းပေးတော်မူလေ့ရှိတယ်၊ ထိုဆွမ်းဘုဉ်းပေးရာဌာနက လွင်တီးခေါင်ဖြစ်သဖြင့် နေမင်းအရောင်တို့ဖြင့် ပူပြင်းလျက်ရှိတယ်။

၈ဝံပတိအလောင်း သူဌေးသားအကြံဖြစ်ပုံ

ပြဆိုခဲ့တဲ့သူဌေးသားသည် ပူသောနေရောင်တို့ဖြင့် လွင်တီးခေါင်အရပ်ဌာနတွင် နေ့စဉ်ဆွမ်းဘုဉ်းပေးတော်မူနေတဲ့ရဟန္တာအရှင်မြတ်ကြီးကိုမြင်တော့—

"ညြှေ-သည် ကိုယ်တော် အရှင်မြတ်ကြီးဟာ အရိပ်ဆာယာမရှိတဲ့ လွင်တီးခေါင်မှာ နေ့စဉ်မပြတ် ဆွမ်းဘုဉ်းပေးတော်မူရရှာတယ်၊ သည်ကိုယ်တော်မြတ်ကြီးအား လွင်တီးခေါင်၌ နေရောင်ဖြင့် ဆင်းရဲခြင်း မရှိရလေအောင် အရိပ်ဆာယာကိုလှူဒါန်းရလျှင် ကုသိုလ်အထူးဖြစ်ပွားလိမ့်မယ်"။

အဲ-သို့ကလိုကြံစည်ပြီး ကုက္ကိုသားချောချော လေးချောင်းကို ခုတ်ယူကာ လေးတိုင်စင် မဏ္ဍပ်ဆောက်လုပ်တယ်။

ကုက္ကိုမဏ္ဍပ်အတွင်း ဆွမ်းဘုဉ်းပေးပုံ

ကုက္ကိုသားလေးချောင်းဖြင့် တိုင်ထူပြီးနောက် အခက်အကွက်နှင့် ပြည့်စုံတဲ့ ကုက္ကိုကိုင်းတွေကို ခုတ်ပြီး အထက်က အုပ်ဖုံးမိုးကာလို့ထားတယ်၊ ပတ်ဝန်းကျင်ကလဲ ကုက္ကိုရွက်,ကုက္ကိုခက်တို့ဖြင့် လုံခြုံစွာကာရံထားသတဲ့၊ ရဟန္တာအရှင်မြတ်ကြီးသည်ဆွမ်းခံရှာမှ ပြန်လာ၍အရပ်ဌာနသို့ရောက်တော့ အရိပ်ဆာယာနှင့်ပြည့်စုံတဲ့ ကုက္ကိုမဏ္ဍပ်ကလေးကို မြင်တော်မူသည်တွင်-

"ညြှေ-လိမ်မာတဲ့ ဒါယကာများ ငါ့ဆွမ်းဘုဉ်းပေးတဲ့ အခါ ချမ်းချမ်းသာသာ ရှိပါစေတော့လို့ စေတနာသဒ္ဓါတရားဖြင့် ကုက္ကိုမဏ္ဍပ်ကလေးကို ဆောက်ထားကြသကိုး"။

အဲ-သည်ကဲ့သို့ ဆင်ခြင်တော်မူပြီး ကုက္ကိုမဏ္ဍပ်ကလေးအတွင်းသို့ ဝင်ကာ ဆွမ်းဘုဉ်းပေးတော်မူတယ်။

မဏ္ဍပ်ဒါယကာဖြစ်တဲ့ ထိုသူဌေးသားက ဝိဒေဆောက်လုပ်တဲ့မဏ္ဍပ်အတွင်းသို့ဝင်ကာ ချမ်းချမ်းသာသာ ဆွမ်းဘုဉ်းပေးနေတဲ့ အရှင်မြတ်ကြီးကို မြင်တော့ အတိုင်းထက်အလွန် သဒ္ဓါဟရား တိုးပွားလာသည်နှင့် ထိုမဏ္ဍပ်၏ ထက်ဝန်းကျင်တို့မှာ ကုက္ကိုပင်တွေ ဝိုင်းလို့စိုက်ပြန်တယ်၊ ကုက္ကိုမဏ္ဍပ်ကလေးကိုလဲ နေ့စဉ်မပြတ်ပြင်ဆင်ပြီး အေးမြတင့်တယ်ခြင်းရှိလေအောင်လဲ ရွက်ဆောင်သတဲ့။

ကုက္ကိုမြို့ခေါ်တွင်း

ထို့နောက် ဗိဒိဗိုက်ပျိုးပြုစုထားတဲ့ ကုက္ကိုပင်တွေ ဝေဝေဆာဆာနှင့် ကြီးပွားလာတော့ ထိုအရပ်ဌာနဟာ စိမ်းစိမ်းစိုစိုနှင့် ခုံ[illegible]သာယာ

ခြင်းသို့ ရောက်သွားတယ်၊ ထို့နောက် ရေတွင်းရေကန်များကိုတူးပြီး ရဟန်းသယ်ဘောပေါင်းများစွာတို့၏ ချမ်းချမ်းသာသာ နားနေရာ ဌာနတခုဖြစ်အောင် တိုးတက်လို့ ရွက်ဆောင်ပြန်တယ်၊ ထိုအရပ်ဌာနကို နုပျိုသာယာတဲ့အတွက် တွေ့မြင်ကြရတဲ့ လူ,ရှင်,ရဟန်းအပေါင်းတို့က ကုက္ကိုမြိုင်ရယ်လို့ ခေါ်ဆိုသမုတ်ကြတယ်။

ရဟန္တာအရှင်မြတ်ကြီးတပါးကို မှူရင်းထား၍ လေးတိုင်စင် ကုက္ကို မဏ္ဍပ်ကလေးက အစပြုပြီး တဖြေးဖြေးချဲ့ထွင် တည်ထောင်လို့သွားလေရာ အရိပ်ဆာယာနှင့်တကွ သာယာခမ်းနားတဲ့ ဌာနကြီးတခုဖြစ်လာတော့ ရဟန်းတော်ပေါင်းများစွာတို့လဲ ထိုအရပ်ဌာနသို့ဝင်ရောက်နားနေကာ ဆွမ်းဘုဉ်းပေးခြင်းအမှုကိုပြုလုပ်တော်မူကြတယ်။

သူဌေးသားမှာလဲ နွားပေါင်းများစွာတွေ ရှိနေပြီးဖြစ်တဲ့ အတွက် ချိုမြိန်ကောင်းမြတ်တဲ့ နွားနို့တွေကိုညှစ်ပြီး ထိုအရပ်ဌာနသို့ကြွရောက်တော်မူလာကြတဲ့အခါ နွားနို့အရသာဖြင့် ပူဇော်လုပ်ကျွေးတယ်၊ သူဌေးသားရဲ့ ကုသိုလ်ဟာ လွန်စွာစင်ကြယ်၍ အံ့သြဘွယ်ထူးမြတ်ပေတာပေါ့။

သက်တမ်းစေ့၍ နတ်ပြည်ဌေးဖြစ်ပုံ

အဲ–ပြဆိုခဲ့ပြီးတဲ့အတိုင်း နိစ္စထာဝရကုသိုလ်ကြီးကို တည်ထောင်ကာ အသက်ထက်ဆုံးနေ၍ စုတေသွားတော့ စာတုမဟာရာဇ် နတ်ဘုံမှာ နတ်သားဖြစ်သွားတယ်၊ ထိုအခါ ရှေးဘဝကပြုခဲ့ဘူးတဲ့ ကုသိုလ်အထူးကြောင့် ထိုနတ်သား၏ ဗိမာန်ကို ဝန်းရံပြီး ရှုချင်စဘွယ် တင့်တယ်လှပတဲ့ ကုက္ကိုပင်တွေ ဝေဝေဆာဆာနှင့် အစဉ်လိုက် ပေါက်ရောက်နေကြသတဲ့၊ ကုက္ကိုပန်းတို့၏ ရနံ့များဟာလဲ တပ်ပ်ပ်ကြိုင်လှိုင်လို့နေတယ်၊ ကုက္ကိုဥယျာဉ်ကြီးခြံရံနေတဲ့အတွက် ထိုနတ်သားရဲ့ ဗိမာန်ကို နတ်ပေါင်းများစွာတို့က ကုက္ကိုဗိမာန်ရယ်လို့ ခေါ်ဝေါ်သမုတ်ကြတယ်၊ ထိုကုက္ကိုဗိမာန်ကြီးအတွင်းမှာ နတ်သမီးပေါင်းများစွာတို့နှင့် ချမ်းချမ်းသာသာ ခံစားစံစားကာ နေရတာပေါ့။

အဆုံးဘဝသို့ဆိုက်ရောက်ပုံ

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း သုဂတိသံသရာတို့၌သာချမ်းသာစွာ ကျင်လည်ခဲ့ပြီးတဲ့နောက် ယခုဘုရားရှင် လက်ထက်တော်သို့ ရောက်လာတော့

ဗာရာဏသီနေပြည်တော်ကြီးမှာ ချမ်းသာ ကြွယ်ဝတဲ့ သူဌေးသားဖြစ်လာတယ်၊ ယခုဘုရားရှင်လက်ထက်တော်မှာ ပဉ္စဝဂ္ဂိတို့ ကျွတ်တမ်းဝင်ပြီးတဲ့နောက် ပထမရှေးဦးစွာရဟန်းဖြစ်လာတဲ့ ရှင်ယသနှင့် ငယ်ရွယ်စဉ်ကစပြီး လွန်စွာ ချစ်ခင်တဲ့မိတ်ဆွေကြီးတဦးပေပေါ့။

ဂဝံပတိခေါ်တွင်မုံ

ဆိုခဲ့တဲ့သူဌေးသားသည် အိုးပိုင်အိမ်ပိုင် ကိုယ်ပိုင်စည်းစိမ်ချမ်းသာနှင့် နေထိုင်တဲ့အခါ အခြားသူဌေးများထက် ထူးချွန်၍နွားတွေပေါလှသဖြင့် ထိုသူဌေး၏အမည်ကို ဂဝံပတိ ရယ်လို့ ခေါ်ဝေါ် ကြတယ်၊ မြန်မာလိုခေါ်ရပါလျှင် နွားရှင်သူဌေးကြီးရယ်လို့ ဆိုရမှာပေါ့။

ရဟန်းအဖြစ်သို့ဆိုက်ရောက်မုံ

မိတ်ဆွေကြီးဖြစ်တဲ့ ယသသူဌေးသားသည် ကံအားလျော်စွာကျွတ်ခွင့်ကြုံသဖြင့် ဘုရားရှင်ပွင့်တော်မူပြီး၍ မကြာမီ အတွင်းမှာပင်လျှင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးထံသို့ စောစော စီးစီး ဆိုက်ရောက်၍ လွယ်လွယ်ကူကူနှင့်ဟိတိကဒ္ဒုရဟန်းအဖြစ်သို့ ဆိုက်ရောက်သွားတယ်၊ ယသသူဌေးသားရဟန်းပြုသွားပြီလို့ ကြားတော့ ဂဝံပတိသူဌေး၏စိတ်ထဲမှာ သို့ကလို အကြံဖြစ်ပေါ်လာသတဲ့။

ဂဝံပတိရဟန်းပြုရန်ကြံမုံ

"ငါ့ အဆွေတော်ကြီးဖြစ်တဲ့ ယသသူဌေးသားဟာ ကာမဂုဏ်ဘောင်မှ လွတ်အောင်ရုန်းပြီး ခေါင်းတုံးရိတ်ခါ သင်္ကန်းဝါဝါနှင့် ရဟန်းဘောင်သို့ဝင်သွားပြီလို့ ကြားရတယ်။

အလွန်များပြားတဲ့ စည်းစိမ်တွေကိုစွန့်ပြီး ရဟန်းဘောင်သို့ ဝင်ရောက်ခြင်းဆိုတာ သာမန်လွယ်လွယ်ကူကူနှင့် ဖြစ်နိုင်ဘို့ အခဲယဉ်းသားဘဲ။

ရဟန်းအဖြစ်ဆိုတာ လွန်စွာထူးမြတ်လိမ့်မယ်၊ သို့အတွက်ကြောင့်သာ လူဘောင်မှထွက်ပြီး ရဟန်းဘက်မှာ စိတ်ညွှတ်နိုင်တာပေါ့၊ အတူတကွ ချစ်ခင်ပေါင်းသင်းလာခဲ့ကြတဲ့ မိတ်ဆွေယသသူဌေးကိုယ်တိုင်ရဟန်းပြုနိုင်သေးတာဘဲ၊ငါကိုယ်တိုင်

လဲ သူလိုရဟန်းမပြုဘဲ နေနိုင်ပမလား၊ သာသနာတော်ဘောင်မှာ မိတ်ဆွေယသရဟန်းနှင့် သာသနာ့ဝန်ကို အတူတူထမ်းပြီး ရှင်လန်းနှစ်သက်စွာ နေထိုင်မှသင့်တော့မယ်"။

အဲ-သို့ကလို အကြံဖြစ်ပေါ်ကာလသည်နှင့် မိမိစိုးပိုင်တဲ့စည်းစိမ်ချမ်းသာတွေကို တွယ်တာငဲ့ကွက်ခြင်းမရှိဘဲ ခြေရုံပရိသတ်များနှင့် တကွ ဘုရားရှင်ထံသို့ လျှင်မြန်စွာသွားပြီး တရားတော်ကို ကြားနာလေသောအခါ တရား၏အဆုံးတွင် ပါရမီရှင်ကြီး ဖြစ်တဲ့အတိုင်း ကိလေသာကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်သွားတယ်၊ မိမိနှင့်အတူတကွ အဘော်ပါလာကြတဲ့ သူများဟာလဲ ထို့နည်းတူစွာ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်သွားကြတယ်၊ ထို့နောက် ရှင်တော်ဘုရားက "ဟေဘိက္ခု" ခေါ်တော်မူသည်နှင့် အဝါခြောက်ဆယ်ရပြီးတဲ့ ထေရ်ကြီးတို့အသွင်ဖြင့် ရှင်ရဟန်း အဖြစ်သို့ဆိုက်ရောက်သွားတော်မူတယ်။

မှတ်ချက်။ ။ထိုခေတ်အခါ ဘုရားရှင် ပွင့်တော်မူပြီးခါစ ဖြစ်သောကြောင့် ဥပသမ္ပဒကံကိုလည်း ပညတ်တော် မမူရသေးချေ၊ "ဟေဘိက္ခု" ရဟန်းတော် အဖြစ်နှင့်သာ လွယ်ကူစွာ သာသနာတော်ဝင်းသို့ ဝင်ရောက်ကြရသည်။

ဂဝံပတိမထေရ်မြတ်ကြီး၏တန်ခိုးဂုဏ်

ရဟန်းအဖြစ်သို့ ဆိုက်ရောက်သွားတော်မူပြီးတဲ့အခါ မူလအမည်ရင်းအတိုင်း ဂဝံပတိ မထေရ်မြတ်ကြီးရယ်လို့ ထင်ရှား ကျော်စောသွားတယ်၊ ထိုရဟန္တာအရှင်မြတ်ကြီးသည် ဝိမုတ္တိ ချမ်းသာကိုသာ ခံစားလျက် သာကေတပြည် အဠနတောအုပ်ကြီးအတွင်းမှာ သီတင်းသုံးတော်မူလေ့ရှိတယ်၊ ထိုအဠနတောအုပ်ကြီးဟာလဲ သရဘူ-မြစ်နှင့် နီးကပ်လျက် တည်ရှိနေတယ်။

တနေ့သောအခါ ရှင်တော် မြတ်ဘုရားသည် များလှစွာသော တပည့် ရဟန်းတို့နှင့်တကွ ထို အဠနတောအုပ်ကြီး အတွင်းသို့ ကြွရောက်တော်မူလာပြီး အေးမြချမ်းသာစွာ သီတင်းသုံးနေထိုင်တော်မူ

တယ်၊ နောက်တော်က ပါလာတဲ့ ရဟန်း,သာမဏေတို့မှာ လွန်စွာ များလှသဖြင့် ထိုတောအုပ်အတွင်းမှာ ကျောင်းကန်အရိပ်အာဝါသ မလောက်မငဲ့ဖြစ်နေသတဲ့။

အဲ-သို့အတွက်ကြောင့် အချို့သော ရဟန်း,သာမဏေတို့သည် နေ့အခါ ထိုတောအုပ်ကြီးအတွင်း အေးမြတဲ့ သစ်ပင်ရင်းတို့မှာ သီတင်းသုံးနေထိုင်တော်မူကြပြီး ညဉ့်အခါသရဘူမြစ်အတွင်း အေးမြသန့်ရှင်းတဲ့ သဲသောင်ပြင်ပေါ်မှာ လျှောင်းစက်တော်မူကြရတယ်။

တခုသောညဉ့်၏ သန်းခေါင်ယံအခါတွင် အထက်မြစ်ညာမှာ မိုယိုးကြီးသည်းထန်စွာရွာသဖြင့် အဟုန်နှင့်တက္ခ စီးကျ သက်ဆင်းလာတဲ့ ယမားရေတွေဟာ သရဘူမြစ်အတွင်းသို့ အတင်းပြေးစိုင်း လာကြပါရော၊ ထိုအခါ ရေဦးပေါက်၍လာသည်တွင် သောင်ပြင်ထက်မှာကိန်းစက်လှိုနေကြတဲ့ ရဟန်း,သာမဏေအပေါင်းတို့မှာ လွန်စွာထိတ်လန့်ကြသဖြင့် "ကယ်တော်မူပါ၊ ကယ်တော်မူပါ"လို့ ပြင်းထန်စွာ ဟစ်အော်ကြဘယ်။

မြတ်စွာဘုရားမိန့်ကြားပုံ

ကြောက်လန့်တဲ့အသံဖြင့် ပြင်းထန်စွာ ဟစ်အော်ကြပုံများကို ရှင်တော်ဘုရားကြားသိတော်မူလေရာ ဂဝံပတိ မထေရ်မြတ်ကြီးကို လျင်မြန်စွာခေါ်တော်မူပြီး—

"ချစ်သားဂဝံပတိ.... သရဘူမြစ်အတွင်းမှာ ပြင်းထန်စွာ စီးကျတဲ့ ယမားရေတွေလာနေပြီ၊သင်၏ညီငယ်ကလေးများကို အသက်ဘေးမှ ချမ်းသာရာရကြလေအောင် သင်၏တန်ခိုးအစွမ်းဖြင့် စီးကျလာတဲ့ ယမားရေအဟုန်ကို ကာကွယ်ဆီးတားပါ"—

လို့ အမိန့်ရှိတော်မူတယ်။

ထိုအခါ ဂဝံပတိ မထေရ်မြတ်ကြီးသည် အလျင်အမြန်အဘိညာဉ်ချာန်ကိုဝင်စားပြီး "ယမားရေအဟုန် အလုံးစုံ ရပ်တန့်စေ"ဟု ဓိဋ္ဌာန်တော်မူကာ လက်ဝါး ပြတော်မူလိုက်သည်နှင့် တပြိုင်နက် အ

ဟုန်နှင့်တကွ စီးကျလာတဲ့ ယမားရေတွေဟာ ကျောက်တောင်ကြီးဖြင့် ပိတ်ဆီးလိုက်သလို ရှေ့သို့လက်တလုံးခန့်မျှ မစီးဘဲ ဗြုံးကနဲ ရပ်တန့်သွားကုန်ပါရော၊ ဂဝံပတိ မထေရ်မြတ်ကြီး၏ တန်ခိုးဂုဏ်ဟာ အပုံကြီးချီးမွမ်းဘွယ် ကောင်းပါပေတယ်၊ သောင်ပြင်ထက်မှာ ကိန်းစက်လို့ နေတော်မူကြတဲ့ ရဟန်း,သာမဏေများလဲ အသက်ဘေးမှ ချမ်းသာခွင့်ရတော်မူကြတယ်။

အဲ-သည်အခါကစပြီး ဂဝံပတိ မထေရ်မြတ်ကြီး၏ ဂုဏ်တန်ခိုးဟာ ဟိုးဟိုးကျော်အောင်ပျံ့နှံ့သွားတာပေါ့။

အဲသည်ကဲ့သို့ ထင်ထင်ရှားရှား တန်ခိုးဂုဏ်ကြီးမားတဲ့အတွက် လူဒါယကာ အပေါင်းတို့က အရေးအကြောင်းရှိတဲ့အခါ ထိုမထေရ်မြတ်ကြီးကို တမ်းတကြရသတဲ့၊ရှေးပညာရှိအစဉ်အဆက်တို့လဲ ဘေးရန်အန္တရာယ် ကာကွယ်မှုအရေးနှင့် ကြုံကြိုက်တဲ့အခါ ထိုမထေရ်မြတ်ကြီးကိုရည်မှန်းပြီး လူဒါန်းပူဇော်ကာ လိုရာဆုများကို တောင်းလေ့ရှိကြတယ်၊ သည်နည်းမျိုးကိုလဲ အတုခိုးသင့်ကြပေသပေါ့။

ဂဝံပတိမထေရ်မြတ်ကြီး၏ဂုဏ်ကျေးဇူးကို ချီးကျူးတော်မူပုံ

တနေ့သောအခါ ရှင်တော်မြတ်ဘုရားသည် နတ်ပရိသတ်ကြီးအလယ်၌တင့်တယ်စမ္ပယ်တော်မူကာ ဒေသနာအမြှောက်တရားကို ဟောကြားတော်မူသည်တွင် အရှင်ဂဝံပတိမထေရ်မြတ်၏ တန်ခိုးဂုဏ်ကို သိစေတော်မူလိုသဖြင့် တန်ခိုးဂုဏ်ဘွဲ့ဂါထာတပုဒ်ကို သို့ကလို မိန့်ကြားတော်မူလေသတည်း။

ယော ဇုဒ္ဓိယာ သရဘုံ ပဋ္ဌပေသိ၊
သော ဂဝမ္ပတိ အသိတော အနေဇော။
တံ သဗ္ဗသံဂါတိဂတံ မဟာမုနိ၊
ဒေဝါ နမဿန္တိ ဘဝဿ ပါရဂုံ။ ။

အနက်ကား

ဘောနွှာ၊ အို-နတ်များအပေါင်းတို့။ ယောဂဝမ္ပတိ၊ အကြင်ငါ၏ တပည့်သားတော်ကြီးဖြစ်သော ဤဂဝံပတိ မထေရ်သည်။ သရဘုံ၊သရ

ဘုရားမြစ်အတွင်းခ္ဍ စီးဆင်းရ၍လာသော ယမားရေအဟုန်ကို။ ဣဒ္ဓိယာ ပဋ္ဌေသိ၊တန်ခိုးအားဖြင့် ဆီးတားနိုင်ပေ၏။သောဂဝမ္ပတိ၊ထိုဂဝံပတိ မထေရ်သည်။ အသိတော၊ကာမဂုဏ်ဘုံဘဝတို့၌ တပ်မက်ငြိတွယ်ခြင်း မရှိချေ။ အနေဇော၊ တဏှာရာဂမှလည်း ကင်းရှင်းစင်ကြယ်ပေ၏။ သဗ္ဗသံဂါတိဂတံ၊အငြိအတွယ် အနှောင်အဖွဲ့အမျိုးမျိုးတို့မှ ကျွတ်လွတ်ပြီးဖြစ်သော။ ဘဝဿပါရဂုံ၊ ဘဝ၏တဘက်ကမ်းသို့ တက်လှမ်းဆိုက်ရောက်တော်မူပြီးဖြစ်ပေသော။ တံမဟာမုနိ၊ ထိုဂဝံပတိမထေရ်မြတ်ကြီးကို။ဒေဝါ၊နတ်အပေါင်းတို့သည်။နမဿန္တိ၊ ရိုသေမြတ်နိုး ဦးညွှတ်ကျိုး၍ ရှိခိုးကြရလေကုန်သတည်း။

ဂဝံပတိထေရဝဏ္ဏပြီး၏။

၃၉-တိသဃဏရဝဏ္ဏ၊

တိသဘုရားလက်ထက်အမျိုးသားတဦး

ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူတဲ့ တိသရှင်တော်မြတ်ဘုရား ထင်ရှားပွင့်တော်မူစဉ်အခါ ကျွတ်တမ်းကိုရှာနေတဲ့ အမျိုးသားကလေးတယောက်သည် ဘုရားရှင်ပွင့်တော်မူရာ ဖြစ်တဲ့ ဗောဓိပင်ကို ကြည်ညိုမြတ်နိုးလှသဖြင့် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တွေကို ရည်မှန်းပြီး ဗောဓိပင်၏ ထက်ဝန်းကျင်မြေတလင်းကို သန့်ရှင်းစင်ကြယ်၍ မွေ့လျော်ဘွယ်ရှိလေအောင် နေ့စဉ်မပြတ် တံမြက်လှဲတ်ခြင်း,ပေါင်းမြက် သုတ်သင်ခြင်း အမှုများကို ပြုလုပ် ရှက်ဆောင်နေခဲ့တယ်။

ဗောဓိယဂ်ဏဝတ်

ဗောဓိပင်နှင့်ဆိုင်တဲ့ ပြုလုပ်ဘွယ်များကို ဆောင်ရွက်ခြင်းဟာ လွန်စွာမြင့်မြတ်တဲ့ ဗောဓိယဂ်ဏဝတ် အစစ်ကြီးပေပေါ့၊ ဗောဓိယဂ်ဏဝတ်ကို ဆောင်ရွက်ခြင်းဆိုတာ လွန်စွာထူးမြတ်တဲ့ ကုသိုလ်မျိုးဖြစ်ပေတယ်၊ ပြဆိုခဲ့ပြီးတဲ့အတိုင်း ဗောဓိယဂ်ဏဝတ်ကို ပြုစုဆောင်ရွက်နေတဲ့ အမျိုးသားကလေး တယောက်သည် ထိုဘဝမှစုတေသွားတဲ့အခါ တာဝတိံသာနတ်ဘုံမှစ၍ မြင့်မြတ်ကြီးကျယ်တဲ့ ချမ်းသာများကိုခံစားခဲ့ရတယ်။

(က) သမ္ဘုဒ္ဓံ ဥဒ္ဒိသိတ္ဘာန၊ ဗောဓိ ံဝါ တ ဿ သတ္ထုနော။
သော ပုညံ ပသဝိ ပေါသော၊တ ဿ ကိ ံနာမ ဒုလ္လဘံ။ ။

အနက်ကား

(က) ယောပေါသော၊ အကြင်သူသည်။ သမ္ဘုဒ္ဓံဝါ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုလည်း။ တဿသတ္ထုနော၊ ထိုဘုရားရှင်၏။ ဗောဓိ ံဝါ၊ ပွင့်တော်မူရာဖြစ်သော ဗောဓိပင်ကိုလည်း။ ဥဒ္ဒိသိတ္ဘာန၊ ကြည်ညိုလျှစ္စာ သဒ္ဓါပြုခဲန်း စိတ်ရည်မှန်း၍။ ပုညံ၊ ကုသိုလ်ကောင်းမှုကို။ ပသဝိ၊ ပွားများအားထုတ်လေ၏။ တဿ၊ထိုသဒ္ဓါမျှားဖြင် ကောင်းမှုရှင်အား။ဒုလ္လဘံ၊ ရနိုင်ခဲသော အရာမည်သည်။ ကိ ံနာမ၊ အဘယ်မှာ ရှိပါတော့အုံ့နည်း။

(ခ) ဒေဝလောကေ မနုဿေသု၊အနုဘုတ္ဘာ ဥဘော ယသေ။
အဝသာနေ စ နိဗ္ဗာနံ၊သိဝံ ပတ္တော အနုတ္တရံ။ ။

အနက်ကား

(ခ) သော၊ ထိုကုသိုလ်ရှင်သည်။ ဒေဝလောကေစ၊နတ်ပြည်လောကဌ်ဌင်း။ မနုဿေသုစ၊လူဘုံလောကတို့ဌ်ဌင်း။ဥဘောယသေ၊ခြုံရုံပြည့်ဖြိုး စည်းစိမ်ကြီးနှစ်မျိုးတို့ကို။ အနုဘုတ္ဘာ၊ အလိုရှိသမျှခံစားပြီးသော်။ အဝသာနေစ၊ အဆုံးဘဝဌ်မှုကား။ သိဝံ၊ အဆင်းရဲမှကင်းဝေး၍ အေးမြလျှစ္စာသော။ အနုတ္တရံ၊အတုမရှိသော။ နိဗ္ဗာနံ၊ ချမ်းသာထွတ်ခေါင် နိဗ္ဗာန်ဘောင်သို့။ ပတ္တော၊ ဆိုက်ရောက်ရလေသတည်း။

(ဂ) မဂ္ဂေ ဖလေ အာဂမေ စ၊ ဗျာနာဘိညာဂုဏောသု စ။
အညေသံ အဓိကော ဟောတိ၊နိဗ္ဗာယတိ အနာသဝေါ။ ။

အနက်ကား

(ဂ) မဂ္ဂေစ၊ မဂ်တရားဌ်ဌင်း။ ဖလေစ၊ဖိုလ်တရားဌ်ဌင်း။ အာဂမေစ၊ ဝိဒုကတ်သုံးပုံ အာဂုမ်ပါဠိတော်ဌ်ဌင်း။ ဗျာနာဘိညာဂုဏောသုစ၊ ဗျာန်,အဘိညာဉ်ဂုဏ်ကျေးဇူးတို့ဌ်ဌင်း။ အညေသံ၊ သူတပါးတို့ထက်။ အဓိကော၊ ပိုမိုထူးချွန် သာလွန်စိုးပိုင်သည်။ ဟောတိ၊ဖြစ်လေ

၏။ အဝသာနေ၊ အဆုံးစွန်သောဘဝ၌။ အနာသဝေါ၊ ကိလေသာအာသဝေါ ကွာလျှောကုန်ခန်းသည်ဖြစ်၍။ နိဗ္ဗာယတိ၊ ဒုက္ခဇာတ်သိမ်း၍ ငြိမ်းရလေသတည်း။

အဆုံးဘဝသို့ဆိုက်ရောက်ပုံ

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း ဘုရားရှင်ကိုအရင်းထား၍ ဗေဒမိပင်ကို ကြည်ညိုမြတ်နိုးစွာ ဝတ်ပြုခဲ့တဲ့ ဗေဒမိယဂ်ဏ ကုသိုလ်စေတနာကြောင့် သုဂတိသံသရာတို့၌သာ ကြိမ်ဘန်များစွာ ကျင်လည်ခဲ့ရပြီးတဲ့နောက် ယခုဘုရားရှင်သာသနာတော်အတွင်းသို့ ရောက်တော့ ကပိလဝတ်ပြည် သာကီဝင်အမျိုးမှာ ဖြစ်ပေါ်လို့လာတယ်၊ ဘုရားရှင်၏ ဘဏ္ဍေးတော်သား ဖြစ်လာတဲ့အတွက် ဘုရားရှင်နှင့်တဝမ်းကွဲ ညီအစ်ကိုတော်တဲ့ ပုဂ္ဂိုလ်ပေပေါ့၊ သူ့အမည်မှာတော့ **တိသကုမာရ – တိသမင်းသား** ရယ်လို့ ခေါ်ဝေါ်ကြတယ်။

တိသရဟန်းပြုပုံ

ထိုတိသမင်းသားသည် စောစောစီးစီးက သာသနာဘောင်သို့ မဝင်ခဲ့ဘဲ အသက်အရွယ်ကြီးရင့်သည်တိုင်အောင် လူ့ဘောင်မှာ နေထိုင်ပြီး မင်းသားတို့နှင့်ဆိုင်တဲ့ စည်းစိမ်ချမ်းသာကို ခံစားစံစားလို့ နေခဲ့တယ်၊ အရွယ်ကြီးရင့်လာတဲ့အခါကျမှ သံဝေဂဉာဏ်ပေါ်ပေါက်ပြီး သာသနာဘောင်သို့ဝင်၍ ဘုရားရှင်အထံမှာ ရဟန်းပြုတယ်၊ အမည်မှာဂေတာ့ မူလအမည်ရင်းအတိုင်း တိသမဂဏ္ဍရရယ်လို့ ထင်ရှားကျော်စောတယ်။

တောထွက်တိသရဟန်းကြီး

အရွယ်ကြီးမှ ရဟန်းပြုရတဲ့အတွက် ငယ်ရွယ်စဉ်က ရဟန်းပြုလာကြတဲ့ ငယ်ဖြူရဟန်းတို့နှင့်မတူဘဲ အရာရာမှာဂုတိုက်ပြီး ရဟန်း အချိုးဖြင့် မကိုက်အောင် ဖြစ်နေသတဲ့၊ မူလဇာတိကလဲ သာကီဝင်မျိုး ဖြစ်နေတဲ့အပေါ်မှာ ဘုရား၏ဆွေတော် မျိုးတော် အရင်းအခြာ ဖြစ်နေပြန်တဲ့အတွက် မာန်မာန တက်လိုက်ထာကလဲ လွန်ပါရောတဲ့၊ ကိုယ့်ထက်သိက္ခာကြီးတဲ့ ရဟန်းများကိုလဲ ရိုသေ ခုံညားခြင်း မရှိဘဲ

ဆောင့်ဆောင့်ကြွားကြွား နေထိုင်လေ့ရှိတယ်၊ တောထွက် ရဟန်း ကြီးဖြစ်နေတော့ ထောင့်မကျိုးဘူးပေါ့။

အနေမတတ်သဖြင့် ရဟန်းများက မျက်မှန်းကျိုးပုံ

ရှင်တော်ဘုရား၏ ဘုန်းတော် လာဘ်တော်တွေကိုမှီပြီး ဆွမ်း ကောင်းကိုဘုဉ်းပေးရ, သက်နှံးကောင်းကို ဝတ်ရုံရနှင့် ဝဝလင်လင် ရှိပြီး ကြည်ညိုဘွယ်ကြီးဖြစ်နေသတဲ့၊ ဓာတ်မသိတဲ့ရဟန်းတို့က မြင်ကြ တဲ့အခါ ရဟန်းသိက္ခာကြီးတဲ့ မထေရ်မြတ်ကြီးရယ်လို့ ထင်မှတ်ကြ ရတယ်။

ရဟန်းတို့နှင့်အတူတကွ စည်းဝေးနေထိုင်ကြတဲ့ အခါမှာလဲ အ လိုက်မသိဘဲ မထေရ်ကြီးတို့နေရာမှာသာ ဝင်လို့ထိုင်နေလေ့ ရှိတယ်၊ မထေရ်ကြီးတွေလာသော်လဲ နေရာကို ဖယ်လို့ ပေးလေ့မရှိဘူး၊ ရှိခိုးဝပ်တွားဘို့ ဆိုတာတော့ ဝေးရော့ပေါ့၊ အဲ-သို့အတွက်ကြောင့် ထိုတိဿရဟန်းကြီးအပေါ်မှာ ရဟန်းပေါင်း များစွာတို့က အမြင် ကပ်နေကြတယ်၊ သို့ရာတွင် ဘုရားရှင်၏ ရှေ့မျက်နှာတော်ကို ထောက် ပြီး ထိထိမိုက်မိုက် ပြောဆိုဆုံးမမှုကို မပြုကြဘူးတဲ့၊ သီတင်းသုံးဘော် ရဟန်းတွေက မဆုံးမဘဲ နေလေလေ တိဿရဟန်းကြီးက မာန်တက် လေလေ ဖြစ်နေတာပေါ့။

ပာနကြီးသောရဟန်းကြီးအား ရဟန်းများကပေးပုံ

တနေ့သောအခါ ဘုရားရှင်ကိုဖူးမြင်ရန် တောတွင်းဇနပုဒ်အရပ် က အာဂန္တုရဟန်းတွေ ဆိုက်ရောက်လာကြတယ်၊ ထိုအခါ မြင့်မြတ် တဲ့နေရာ၌ ခုံခုံညားညားကြီး ထိုင်နေတဲ့ တိဿရဟန်းကြီးကို မြင်ကြ တော့ သိက္ခာကြီးတဲ့ မထေရ်မြတ်ကြီး ထင်ကြသဖြင့် ရိုသေဝပ်တွား ကာ ရှိခိုးဦးခိုက်ကြတယ်၊ အာဂန္တုရဟန်းတော်များက ရှိခိုးဦးခိုက် ကြသော်လဲ တိဿရဟန်းကြီးကဝတ်တရားရှိတဲ့အတိုင်း နှုတ်ဆက်မှု ကိုမျှ မပြုဘဲ အခန့်စားထိုင်လို့သာနေသတဲ့၊ ထိုအခါ အာဂန္တု ရဟန်းတော်များက အချိုးမကျပုံတွေကို ရိပ်မိသည်နှင့် "အရှင်ဘုရား ဝါတော်ဘယ်မျှ ရပါပြီလဲ" လို့ မေးမြန်းလျှောက်ထားကြတယ်။

ရဟန်းကြီးက ခပ်ထန်ထန်ပြန်ပြောပုံ

ထိုအခါ တိသရဟန်းကြီးက "ဝါကိုဘာကြောင့် မေးချင်ကြသလဲ၊ ကျွန်ုပ်ဟာ အသက်ကြီးမှရဟန်းပြုလာတယ်၊ တဝါမှ မရသေးဘူး" လို့ သာကီဝင်တို့မာန်နှင့် ခပ်ထန်ထန်ပြောကြားသတဲ့။

ရဟန်းများကတုံ့ပြန်ပြောဆိုကြမ်းဝါးပုံ

တိသရဟန်းကြီးရဲ့ စကားကို ကြားတော့ အာဂန္တုရဟန်းတော်များက မခံနိုင်ကြတဲ့အတွက် စိတ်ကလဲ ခပ်ထက်ထက်မို့ ဝိုးဝိုးဇတ်ဇတ်နှင့် သို့ကလို ပြန်ကြားပြောဆိုကြသတဲ့။

"သည်ဟောထွက်ရဟန်းကြီးဟာ လွန်စွာအရိုးမကျပါကလား၊ ကိုယ်ကောင်အထပ်သာကြီးဒီး လိမ်မာကျွေဟော် အချိန်မစီးဘူး၊ ဒိမိကိုယ်တိုင်က တဝါမျှမရသေးဘဲနှင့် ဝါကြီးတဲ့ရဟန်းတို့၏ ရှိခိုးပူဇော်ခြင်းကို နှစ်လိုဝမ်းမြောက်စွာခံနေတယ်"။

အဲ-သို့ကလို ပြောဆိုကြမ်းဝါးကြသတဲ့။

အမျက်မာန်ဖြင့် ပြန်လှန်ပြောပုံ

အာဂန္တုရဟန်းတော်များက ပြောဆိုကြမ်းဝါးကြတဲ့အခါ ပါးပျဉ်းထောင်နေတဲ့ မြွေဟောက်ကြီးပမာ လွန်စွာ အမျက်ထွက်ပြီး တိသရဟန်းကြီးက–

"သယ်-နှယ်နှယ်မှတ်သလား ငါဟာသာကီဝင်မျိုးမှရဟန်းပြုလာတဲ့ပုဂ္ဂိုလ်ဖြစ်တယ်၊ဘုရားရှင်နှင့် ဆွေမျိုးရင်းပြာဖြစ်လာတယ်၊ ငါ့အပေါ်များမှာ စော်စော်ကားကား သည်လိုပြောကြရသလား ငါမခံဘူး၊ ဘုရားရှင်ကို ကိုင်တမ်းလျှောက်ထားမယ်"။

အဲ-သို့ကလို ပြောဆိုပြီး ထိုင်နေရာမှ ပျောင်ပြန်စွာထကာ ဘုရားရှင်ထံမှောက်သို့ သွားရောက်ပြီး–

"တောတွင်း ဇနပုဒ်ကလာရောက်ကြတဲ့တောသားရဟန်းတွေ တပည့်တော်အပေါ်မှာ စော်စော်ကားကား နှိပ်နှိပ်စက်စက် ပြောဆိုကြပါတယ်ဘုရား၊ ဆုံးမပေးတော်မူပါ"လို့ လျှောက်ထားတယ်။

ဝန်ချတောင်းပန်ရန် မိန့်ကြားပုံ

လိုအခါရှင်တော်ဘုရားက အကြောင်းမျိုးစုံကို အကုန်သိတော် မူပြီး ဖြစ်သည်နှင့်–

"အို-ချစ်သားတိဿ-သင်သည် အသက်ကြီးမှ ရဟန်းပြုလာတဲ့အတွက် ယခုအခါ တဝါမျှမရသေး၊ သင်သည် သိက္ခာကြီးတဲ့ ရဟန်းတော်များ အပေါ်မှာ ဝတ်တရားရှိတဲ့ အတိုင်း ဦးသေကိုင်း ရှိုင်းခြင်းကိုလဲမပြု၊ ဝတ်ကြီးဝတ်ငယ်ကိုလဲမပြု၊ သာကီဝင်ဘုံမာန်ဖြင့် ထောင်ထောင်လွှားလွှားနှင့် အာဃာတ်စားနေလေ့ရှိတယ်၊ အာဂန္တုရဟန်းတို့ အပေါ်မှာ အပြစ်မရှိဘူး၊ သင့်အပေါ်ဌသာ အပြစ်ရှိတယ်၊ အပြစ်ရှိတဲ့အတိုင်း အာဂန္တုရဟန်းတော်များကို ဝန်ချတောင်းပန်ရမယ်"–

လို့မိန့်တော်မူတယ်။

ဘုရားစကားကိုနားမထောင်လို၍ပြန်လျှောက်ပုံ

ထိုအခါ အဆုံးမခံတဲ့ တိဿရဟန်းကြီးက ဘုရားရှင်၏စကားကို နားမထောင်ဘဲ "သည်တောတွင်းသား ရဟန်းတွေကို ဟပည့်တော် ဝန်မချနိုင်ဘူး"လို့လျှောက်ထားတယ်။

ထိုအခါရှင်တော်မြတ်ဘုရားက ရဟန်းတို့ကိုခေါ်ပြီး–

"ရှင်သာရဟန်းတို့ ဤတိဿရဟန်းကြီးသည် အုံးပစကားကို နားမထောင်ဘဲပြောရုံ, ဒိုရုန်လွန်စွာတက်ခဲတယ်၊ ယခုသာလျှင် သည်လိုတက်ခဲတာ မဟုတ်ဘူး၊ ရှေးအခါကလဲ အပြော, အဆိုတက်ခဲဘူးပြီ"–

လို့မိန့်တော်မူကာ-အတိတ်ကို ပြန်လှန်တော်မူပြီး ဒေဝိလရဟန်းနှင့် နာဂရဒရဟန်းတို့, ကိုယ်စီပုံအကြောင်းကို ပြန်ကြောင်းပြောပြပုံးတော်မူတယ်။

မှတ်ချက်။ ။ဒေဝိလရသေ့နှင့် နာရဒရသေ့တို့အကြောင်းကို ပြန်ဆိုရေးသားနေပါလျှင် ကျယ်ဝန်းမည် စိုးသောကြောင့် လျစ်လျူ။ရှုလိုက်ရတော့သည်၊ ဤအကြောင်းအတ္ထုပ္ပတ္တိသည် ဓမ္မပဒအဋ္ဌကထာ ယမကဝဂ် တိသဝတ္ထုအဖွင့်၌ ထင်ရှားစွာ ပါရှိလေ၏။

ဘုရား၏ဂုဏ်ကို ချီးပြီးဟောကြားပုံ

ထို့နောက် ရှင်တော်မြတ်ဘုရားက-

"ချစ်သား ရဟန်းတို့ ရဟန်းမည်သည် ဒေါသလွှမ်းမိုးမှု ရန်ပြိုးထားမှုကို မပြုသင့်၊ ရဟန်းတို့၏ဝတ်တရား အတိုင်း ပြေပြေပြစ်ပြစ်နှင့် ထစ်ထစ်ငေါ့ငေါ့ မရှိစေဘဲ အချင်းချင်းသိမ်မွေ့နူးညံ့စွာ ဆက်ဆံပေါင်းသင်းသင့်ကြတယ်"။

ဤသို့မိန့်တော်မူကာ ဒေသနာဂါထာကို သိုကလို ဟောကြားတော်လေသတည်း။

(၁) အဂ္ဂေါ စ္ဆိ မံ အဝဓိမံ၊ အဇိနိ မံ အဟာသိမေ။
ယေစ တံ ဥပနယှန္တိ၊ ဝေရံ တေသံ နသမ္မတိ။

အနက်ကား

(၁) မံ၊ ငါ့ကို။ အကောစ္ဆိ၊ အမျက်တွက်လေပြီ။ မံ၊ငါ့ကို။ အဝဓိ၊ ရိုက်ပုတ်ညှဉ်းဆဲလေပြီ။ မံ၊ ငါ့ကို။ အဇိနိ၊ လွှမ်းမိုးအောင်နိုင်လေပြီ။ မေ၊ ငါ၏။ ဓနံ၊ ဥစ္စာပစ္စည်းကို။ အဟာသိ၊ အတင်းယူဆောင်လေပြီ။ ဣတိ၊ ဤသို့မကောင်းသဖြင့် နှလုံးသွင်း၍။ ယေစ၊ အကြင်သူတို့သည်ကား။ တံ၊ ထိုနှိပ်စက်ညှဉ်းပန်းသောသူကို။ဥပနယှန္တိ၊ စိတ်ဆိုး,မာန်ထိုးနှင့် ရန်ပြိုးဘွဲ့ကာနေကြလေကုန်၏။ တေသံ၊ ထိုအချင်းချင်းရန်ပြိုးရှိသောသူနှစ်ဦးတို့၏။ ဝေရံ၊ ဒေါသအမျက်ရန်စနက်သည်။ နသမ္မတိ၊ လက်စသိမ်းမှု ငြိမ်းခိုင်စေတော့မည် မဟုတ်ချေ။

ဆိုလိုရင်းအဓိပ္ပါယ်

နှလုံးသွင်းစိတ်ထားမကောင်းတဲ့ အနေအားဖြင့် သည်လူဟာ ငါ့ကိုဆဲတယ်၊ ငါ့ကိုရိုက်နှက်ပုတ်ခတ်တယ်၊ ငါ့အကျိုးကို အကိုင်ကျင့်သွားတယ်၊ ဒဲ-သည်လို တွေးတောလို့နေခဲ့ပါလျှင် ထိုသူနှစ်ယောက်

တို့၏ ရန်ပြုပုံဟာ ဘယ်အခါမှ ငြိမ်းနိုင်တော့မှာ မဟုတ်ဘူး၊ အဆင့်ဆင့်တိုးတိုးပြီး ရန်ပြုကြီး အမြစ်တွယ်နေလိမ့်မယ်၊ ဤကဲ့သို့ ဆိုလိုရင်းဖြစ်ပေ၏။

(၂) အကျောဇ္ဈ မံ၊ အဝဓိ မံ၊ အဇိနိမံ၊ အဟာသိ မေ။
ယေ စ တံ နုပနယ္ဟန္တိ၊ ဝေရံ တေသံ ဥပသမ္မတိ။

အနက်ကား

(၂) မံ၊ငါ့ကို။ အကျောဇ္ဈ၊ အမျက်ထွက်လေပြီ။ မံ၊ ငါ့ကို။ အဝဓိ၊ ရိုက်ပုတ်သည်းဆဲလေပြီ။ မံ၊ ငါ့ကို။ အဇိနိ၊ လွှမ်းမိုးအောင်နိုင်လေပြီ။ မေ၊ ငါ၏။ဓနံ၊ဥစ္စာပစ္စည်းကို။ အဟာသိ၊ အတင်းယူဆောင်လေပြီ။ ဣတိ၊ဤသို့နှလုံးသွင်း၍။ ယေစ၊ အကြင်သူတို့သည်ကား။ တံ၊ ထိုနှိပ်စက်သည်းပန်းသောသူကို။ နုပနယ္ဟန္တိ-နဥပနယ္ဟန္တိ၊ ဒေါသကိုနှိပ်ချုံး၍ ရန်ပြုးဖွဲ့လေ့မရှိကြလေကုန်။ တေသံ၊ ထိုသူနှစ်ဦးတို့၏။ ဝေရံ၊ ဒေါသအမျက် ရန်စံနက်သည်။ ဥပသမ္မတိ၊ လက်စသိမ်း၍ ချုပ်ငြိမ်းလေတော့သတည်း။

ဆိုလိုရင်းအဓိပ္ပါယ်

သည်-လူဟာ ငါ့ကိုယ်ဆဲတယ်၊ ငါ့ကိုရိုက်နှက် ပုတ်ခတ်သွားတယ်၊ ငါ့အပေါ်မှာ အနိုင်ကျင့်သွားတယ်၊ ငါ့ဥစ္စာကို အတင်းယူဆောင်သွားတယ်၊ အဲ-သည်ကဲ့သို့ မတွေးတောဘဲ ချောချောမောမော စိတ်သဘောကောင်းကောင်းထား၍ ရန်ပြုးမဖွဲ့ဘဲ နေခဲ့ပါလျှင် ရန်ပြုးပြန်ပွားခြင်းမရှိဘဲ မျက်မာန်ကိုသိမ်း၍ ချုပ်ငြိမ်းသွားတော့မယ်၊ ဤကဲ့သို့ ဆိုလိုရင်းဖြစ်ပေသည်။

မှတ်ချက်။ ။ဤဂါထာနှစ်ပုဒ်ကို ဓမ္မပဒပါဠိတော်မှ ထုတ်ဆောင်၍ ပြလိုက်ပါသည်။

အကျွတ်တရားရပုံ

အဲ-သည်ကဲ့သို့မျက်မာန်ကိုသိမ်းလျက် ရန်ငြိမ်းဘို့တရားကို ရှင်တော်ဘုရား ဟောကြားတော်မူတဲ့ အခါ ရဟန်းတော်ပေါင်း တသိန်း အကျွတ်တရားရတော်မူကြသတဲ့၊ အပြောအဆိုခက်တဲ့ တိဿ ရဟန်းကြီး

ဟာလဲ စိတ်နေစိတ်ထားပျော့ပျောင်း သဘောကောင်းလျက် ပြောလွယ်,ဆိုလွယ်,ဆုံးမလွယ်တဲ့အဖြစ်သို့ရောက်သွားတယ်၊သည်ဒေသနာတော်ဟာ လွန်စွာအကျိုးရှိသွားတာပေါ့။

အပျင်းကြီးသောတိသရဟန်း

တိသရဟန်းကြီးသည် စိတ်ထား ပျော့ပျောင်း၍ သဘောပင်ကောင်းပါသော်လဲ ရဟန်းတို့နှင့်ဆိုင်တဲ့ တရားအလုပ်ကို အားမထုတ်ချင်ဘဲ ပျင်းပျင်းရိရိနှင့် အိပ်လို့သာနေလေ့ရှိသတဲ့။

မြတ်စွာဘုရားတန်ခိုးဖြင့် သတိပေးဆုံးမပုံ

ထို တိသရဟန်းကြီးသည် ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းတိုက်ကြီးအတွင်းမှာ ပျင်းရိထိုင်းမှိုင်းစွာ ဂနထိုင်လျက် အချိန်ဖြုန်းပုံအကြောင်းများကို သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်ဦးသီတင်းသုံးတော်မူတဲ့ ရှင်တော်ဘုရားက ဒိဗ္စစက္ခု အဘိညာဉ်ဖြင့် တွေ့မြင်တော်မူလေရာ ကရုဏာသခင် အရှင်တဆူ ဖြစ်တော်မူတဲ့အတိုင်း ထိုတိသရဟန်းကြီးအား ချီးမြှင့်တော်မူလိုသဖြင့် ဇေတဝန်ကျောင်းတော်ကြီးမှ ကောင်းကင်ဂဂုဏ်ဖြင့် လျင်မြန်စွာ ကြွတော်မူလာပြီး အိပ်ပျော်နေတဲ့ တိသရဟန်းကြီး၏ အထက်ကောင်းကင်ယံမှာ ရပ်တန့်တော်မူကာ ခြောက်ခြိုးသောရောင်ခြည်တို့ကို တပြိုင်နက်လွှတ်တော်မူတယ်။

ရောင်ခြည်တော်တွေက နှိုးသဖြင့် အိပ်ရာမှနိုးလာတဲ့အခါ တိသရဟန်းကြီးသည် ပြာဂဏ်းပြာရာ၌ လျင်မြန်စွာထိုင်ပြီး ဘုရားကိုယ်တော်မြတ်ကြီးကို ရှိခိုးလို့နေတယ်၊ ထိုအခါရှင်တော်မြတ်ဘုရားက သြဝါဒဂါထာတပုဒ်ကို သွန်သင်လို–ဟောကြားတော်မူလေသတည်း။

သတ္တိယာ ဝိယ သြမဋ္ဌော၊ ဒယ္ဟမာနော ဝ မတ္ထကေ။
ကာမရာဂံ ပဟာနာယ၊ သတေဝဘိက္ခု ပရိဗ္ဗဇေ။
(ထေရဂါထာပါဠိတော်။)

အနက်ကား

သတ္တိယာ၊ လုံမကြီးဖြင့်။ သြမဋ္ဌောဝိယ၊ ထိုးစိုက်အပ်ဘိသကဲ့သို့ရင်း။ မတ္ထကေ၊ ဦးခေါင်းထက်၌။ ဒယ္ဟမာနောဝ၊ တရှိန်ရှိန် တဂဏ်ပြောင်

ပြောင် မီးလောင်၍ နေဘိသကဲ့သို့ဂုင်း။ဝေ-တထာ၊ ထိုနည်းတူစွာ။ ဘိက္ခု၊ သံသရာဘေးကို မြော်တွေးရှုဆင်ခြင်လေ့ရှိသောရဟန်းသည်။ သတော၊သတိတရားလက်ကိုင်ထားလျက်။ ကာမရာဂ၊ ငါးပါး အာရုံ ကာမဂုဏ်၌ ခုံမင်တွယ်တာသောကာမရာဂကို။ပဟာနာယ၊ ပယ်သတ် ခြင်းအကျိုးငှါ။ ပရိဇ္ဇဧ၊ ပူပူပန်ပန်ပြင်းထန်စွာ အားထုတ် ကြိုးစား ရာသတည်း။

ဆိုလိုရင်းအဓိပ္ပါယ်

သည်ဂါထာ၏ ဆိုလိုရင်းအဓိပ္ပါယ်မှာ လုံထိုးခံရတဲ့သူ,ဦးခေါင်း၌ မီးလောင်နေတဲ့သူ၊ သည်သူများဟာ လွန်စွာပြင်းထန်တဲ့ ဒုက္ခဝေဒနာ တို့မှ လျင်မြန်စွာလွတ်ကင်းလေအောင်ရှက်ဆောင်ကြိုးစားကြရတာ လို ထိုနည်းတူစွာ သံသရာဘေးကို မြော်တွေး ရှုဆင်ခြင်လေ့ရှိတဲ့ ရဟန်းများဟာလဲ၊မိမိတို့သန္တာန်မှာ အစဉ်မပြတ် စွဲကပ်ပူးဝင်နေတဲ့ ကာမတဏှာကို လျင်မြန်စွာပယ်သတ်ရလေအောင် သတိတရားလက် ကိုင်ထားပြီး ပူပူပန်ပန် အပြင်းအထန်အားထုတ်ကြရမယ်၊ ဤကဲ့သို့ ဆိုလိုရင်းဖြစ်ပေသည်။

ကိုလေသာကာမဂုဏ်ကိုသာ ခုံမင်တွယ်တာပြီး သာယာတပ်မက် ခြင်းခွါ၍ သံသရာဝဋ်မှ လွတ်တွက်လိုသော ပုဂ္ဂိုလ်အပေါင်းတို့သည် ကိုလေသာ ကာမဂုဏ်ဖွက်မှ ထွက်ပေါက်ကို ရှာကြရမည် ဖြစ်ပေ သတည်း။

မှတ်ချက်။ ။ဤဂါထာ၌ လုံထိုးပုံလေးမျိုးကို အဋ္ဌကထာဆရာကြီး ဖွင့်ပြတော်မူလျက် ရှိပေသည်။

လုံထိုးပုံ လေးမျိုး

(၁) သြမဋ္ဌ,
(၂) ဥမ္မဋ္ဌ,
(၃) မဋ္ဌ,
(၄) ဝိမဋ္ဌ- ဤကဲ့သို့ လုံထိုးပုံလေးမျိုးရှိသည်။

၁။ အောက်သို့စိုက်၍ ကိုးသည်ကို သြမဋ္ဌ-ဟုခေါ်၏။
၂။ အပေါ်သို့လှန်၍ ထိုးသည်ကို ဥမ္မဋ္ဌ-ဟု ခေါ်၏။

၃။ ကန့်လန့်ဖြတ် ထိုးသည်ကို မဋ္ဌ-ဟု ခေါ်၏။
၄။ စိတ်ရှိတိုင်း အမျိုးမျိုး ထိုးသည်ကို ဝိမဋ္ဌ-ဟု ခေါ်၏၊ ဤကဲ့သို့ ဖွင့်ဆိုသော လုံချက်လေးမျိုးကို ဗဟုသုတအလို့ငှါ မှတ်သားရာ၏။

တိသ ရဟန္တာဖြစ်ပုံ

ဤဒေသနာတရားကို ကြားနာရပြီးတဲ့အခါ တိသ ရဟန်းသည် ဒေါသမာန်မာန် ကင်းရှင်းစွာနှင့် နူးညံ့ပြေ့ပျောင်းသော စိတ်ကောင်းနှလုံးကောင်းကို မွေးမြူပြီးလျှင် ရဟန်းကိုနှင့်ဆိုင်တဲ့ တရားအလုပ်ကို အားထုတ်ကြိုးစားတော်မူတယ်၊ ထို့နောက် တိသ သံယုတ်ဒေသနာကို ရှင်တော်ဘုရား ဟောကြားတော်မူသည်တွင် တရားတော်၏အဆုံး၌ အလုံးစုံသော ကိလေသာတို့ကို ပယ်ခွာဖြတ်တောက်ပျက် မြင့်မြတ်သော ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။

ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူပြီးတဲ့အခါ ရှင်တော်ဘုရားအား တရားတည်းဟူသော ပူဇော်မြင်းအလို့ငှါ "သဟ္ဓိယာ ဝိယ ဩမဒ္ဒေ" ဟူသော ဂါထာကို မကြာမကြာ ရွတ်ဆိုကာ ဥဒါန်းကျူးတော်မူလေ့ရှိပေသတည်း။

တိသထေရဝတ္ထုပြီး၏။

၄၀–ဝဏ္ဏမာနထေရဝတ္ထု

တိသဘုရားလက်ထက် သရက်သီးရှာဒါန်းသော အမျိုးသားတဦး

သံသရာဝဋ်မှ လွတ်မြောက်လိုတဲ့ဆန္ဒဖြင့် ဝိဝဋ္ဋနိဿိတခေါ်တဲ့ ပါရမီကုသိုလ်မျိုးကို စိုက်ပျိုးထူထောင်နေတဲ့ အမျိုးသားကလေးတယောက်သည် သဒ္ဓါတရားနှင့်ပြည့်စုံစွာ လှူပြည့်လောက်၍ ဖြစ်လာ၍ရာ တိသမြတ်စွာဘုရား ဆွမ်းခံကြွလာသည်ကို မြင်တော့ ကြည်လင် စေတနာမြတ်နိုးစွာဖြင့် အနုံအရသာနှင့် ပြည့်စုံတဲ့ သရက်သီးတွေကို လှူဒါန်းပူဇော်လိုက်တယ်။

ဂေါတမဘုရားလက်ထက် လိန္ဆဝိမင်းမျိုး၌ ဖြစ်ပုံ

ဤကုသိုလ်စေတနာကြောင့် လှူပြည့်နှက်ရက် မြင့်ပြော်သော ဘုံဘဝတို့၌ အကြိမ်ပေါင်းများစွာ ကျင်လည်ခဲ့ရပြီးတဲ့နောက် ယခုဘုရား

ရှင် လက်ထက်တော်သို့ရောက်တော့ ဝေသာလီပြည် လိစ္ဆဝီမင်းမျိုးမှာ ဖြစ်ပေါ်လှိုလာခဲ့တယ်၊ အမည်မှာတော့ ဝမုမာန် တဲ့၊ အရွယ်သို့ရောက်လာတဲ့အခါ သာသနာတော်ကို ကြည်ညိုလှစွာ သဒ္ဓါတရားနှင့် ပြည့်စုံသဖြင့် သံဃာတော်တို့အား မပြတ်မပြတ် ဆည်းကပ် လှူဒါန်းလေ့ရှိတယ်။

သပိတ်မှောက် ကံထိုက်ခြင်း

တနေ့သောအခါ ထိုဝမုမာနအမည်ရှိတဲ့ လိစ္ဆဝီမင်းသားသည် ရှင်ဒဗ္ဗမထေရ်မြတ်ကြီးအား မတော်မတရား ပြစ်မှားစွပ်စွဲမိတဲ့အတွက် သပိတ်မှောက်ကံကြီးထိုက်ခြင်း ရဟန်းတော်တို့၏ သပိတ်မှောက်ခြင်းကို မံရရှာတယ်။

သပိတ်မှောက် မံရခြင်း အကြောင်းများကို ထင်ရှားစွာသိကြရန်လ အောင် ဝိနည်းဂုဏ္ဌဝါ ပါဠိတော်မှ ထုတ်ဆောင်ကာ တော်ပြပါဦးမည်။

ဂုဏ္ဌဝါပါဠိတော်မှ အကျယ်ထုတ်ပြမှု

ဝမုမာနအမည်ရှိတဲ့လိစ္ဆ[illegible]မင်းသားဟာ[illegible]ကဒ္ဒမည်ရှိတဲ့ ရဟန်းဆိုးတို့[illegible]ခင့် အကျွမ်းတဝင် ပေါင်းသင်းဆက်ဆံ[illegible]ပြီ။ တဦး၏အကျိုးကိုတဦးက [illegible]ထောက်ပံ့ကာ ပေးဝယ်ရှက်နေကြသတဲ့၊ မေတ္တိယဘုံမင်းက ရဟန်းတွေက ရှင်ဒဗ္ဗအပေါ်မှာ မနာလိုတဲ့စိတ်ထားခြင့် ပြစ်မှားစွပ်စွဲတဲ့အကြောင်းကိစ္စ[illegible]ကြီးဟာ မအောင်မြင်ဘဲ ဆုံးရှုံးသွားတဲ့အတွက် စိတ်လက်မကြည်မသာနှင့် မှိုင်တွေချကာနေကြတယ်။

လိစ္ဆဝီမင်းသားကလျှောက်ပုံ

တနေ့သောအခါ ထိုဒဗ္ဗ[illegible]ဝီမင်းသားသည် ဘုရားတရားသမားတွေ ပြစ်တဲ့ ပေတ္တိယဘုံမင်းက ရဟန်းတို့ယဉ်ကျေ ကျွန်ပ်ရှိခိုးတော့ စကားမပြောဘဲ တုန်ပြီးနေနေကြတယ်၊ လိစ္ဆဝီမင်းသားက သုံးကြိမ်တိုင်အောင် [illegible]ကြပါ[illegible]ကို [illegible]ကားပါ[illegible] စကားပြန်ပြော[illegible]ကြ[illegible]ဟဲ့။

ထိုအခါ လိစ္ဆဝီမင်းသားက–

"အရှင်ဘုရားတို့.. တပည့်တော်အပေါ်မှာ ဘယ်လိုအပြစ်များရှိပါသလဲ၊ ရှေးအခါနှင့်မတူဘဲ အမှုကွဲပြားလှပါတကား၊ အကြောင်းကိုသိရလေအောင် တပည့်ရင်းအား မိန့်ကြားတော်မူကြပါဘုရား"။

အဲ-သည်လိုလျှောက်ထားတယ်။

မေတ္တိယဘုမဇကရဟန်းတို့က ပြောကြားပုံ

ထိုအခါ ဆရာရဟန်းတို့က–

"ငါတို့မှာဒုက္ခကြီးတွေ့နေကြရတယ်၊ဒဗ္ဗအမည်ရှိတဲ့ရဟန်းတပါးက ငါတို့တတွေအား နှိပ်စက်လို့နေတယ်၊ သင်-လိစ္ဆဝီမင်းသားက အလေးမပြုဘဲ လျစ်လျူ။ ရှုနေတော့မှာလား၊ အရေးရှိတဲ့အခါ တပည့်တို့ဝတ်တရားအတိုင်း ကူညီဝန်းပိုင်းပါအုံး"–

လို့–နှလုံးမသာတဲ့ အမှုအရာနှင့်ပြောဆိုကြသတဲ့။

လိစ္ဆဝီမင်းသားကပြန်လျှောက်ပုံ

ထိုအခါ လိစ္ဆဝီမင်းသားက မိမိဆရာတွေကိုထိသဖြင့် မဲ့ရှုမခံသာ ဒိတ်မျိုးတွေပေါ်လာသောကြောင့်–

"စိုးရိမ်တော်မူကြပါနှင့်ဘုရား၊ ဆိုင်ရာဌာနကဝင်ရောက်၍ ကူညီဝန်းပိုင်းပါ့မယ်၊ဘယ်လိုကူညီဆောင်ရွက်ရမယ်ဆိုတာကိုသာ အမိန့်ရှိတော်မူကြပါတော့"–

လို့ ပြောဆိုဝန်ခံကာ လျှောက်ထားတယ်။

လိစ္ဆဝီမင်းသားအားတိုက်တွန်းကြပုံ

သည်လိုဝန်ခံချက်ကိုရတော့ဆရာရဟန်းတွေက ဝမ်းသာအားရနှင့်–

"သင်-လိစ္ဆဝီမင်းသား-နှားထောင်ပါ၊ မြတ်စွာဘုရားထံသို့ အမြန်သွားပြီးရှိခိုးဝပ်တွားကျက် ရဟန်းတော်ရှင်ဒဗ္ဗသည် တပည့်တော်၏မယားကို ပြစ်မှားကျူးလွန်သွားပါတယ်၊တရားအတိုင်း စီရင်တော်မူပါဘုရား-လို့ လျှောက်ထားပါ။

သည်လိုလျှောက်ထားခဲ့ပါလျှင် ငါတို့အကျိုးကို ဆောင်ရွက်ရာကျ၍ ရှင်ဒဗ္ဗမျက်စိုးသွားလိမ့်မယ်။

ထိုအခါ ငါတို့မှာ လာဘ်လာဘရှင်ရှင်နှင့် ကြည်လင်ဝမ်းမြောက်ခြင်းဖြစ်ရလိမ့်မယ်''။

အဲ-သို့ကလို ပြောဆိုတိုက်တွန်းကြပါရော။

တိုက်တွန်းချက်အတိုင်းလျှောက်ပုံ

ထိုအခါ လိစ္ဆဝီမင်းသားက စဉ်းစားခြင်းမရှိဘဲ မိမိဆရာများကို ကူညီလိုတဲ့ ဆန္ဒအားကြီးလှသည်နှင့် လျင်မြန်စွာဘုရားရှင်အထံတော်သို့ သွားရောက်ပြီး–

''ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား....ကိုးကွယ်ရာမှဘေးဖြစ်၍လာပါပြီ၊ မသင့်လျော်တဲ့အမှုဆိုးကြီးနှင့် တွေ့ကြုံနေရပါပြီ၊ အရှင်ဘုရား၏တပည့်သားဖြစ်တဲ့ ရှင်ဒဗ္ဗသည် တပည့်တော်၏ချစ်မယားကို ပြစ်မှား ကျူးလွန် သွားပါတယ်ဘုရား၊ တရားအတိုင်း စီရင်တော်မူပါဘုရား''။

အဲ-သည်ကဲ့သို့ လျှောက်ထားပါရော၊ မိတ်ဆွေယုတ်တို့နှင့် ပေါင်းသင်းမခြင်းကြောင့် အဆင်ခြင်ဉာဏ်ကင်းပြီး မှားခြင်းကြီး မှားရရှာတယ်။

မတရားစွပ်စွဲမှုကြောင့်သပိတ်မှောက်ကံ့ထိုက်ပုံ

သည်လိုလျှောက်ထားတော့ ရှင်တော်မြတ်ဘုရားက ရှင်ဒဗ္ဗကိုခေါ်ပြီး မေးမြန်းစစ်ဆေးတော်မူလေရာ အမှုမမှန်ဘဲ မတရားစွပ်စွဲကြောင်းထင်ရှားသဖြင့် ရှင်တော်မြတ်ဘုရားက သို့ကလို - မိန့်ကြားတော်မူတယ်၊ချစ်သားရဟန်းတို့ .... ဝဟုအမည်ရှိတဲ့ လိစ္ဆဝီမင်းသားသည် ရှင်ဒဗ္ဗအား မတရားသောစွပ်စွဲခြင်းဖြင့် စွပ်စွဲလေပြီ၊ သည်ကဲ့သို့ မတရားစွပ်စွဲမှုကြောင့် ဝဟုလိစ္ဆဝီအား သပိတ်မှောက်ခြင်းအမှုကို ပြုကြရမယ်၊ ချစ်သားရဟန်းတို့....အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပါသကာအား သပိတ်မှောက်ခြင်းအမှုကို ပြုအပ်၏။

သပိတ်မှောက်ကံရှစ်ပါး

အင်္ဂါရှစ်ပါးဆိုသည်မှာ—

၁။ ''ရဟန်းတို့အား လာဘ်မရအောင် အားထုတ်ခြင်း,
၂။ အကျိုးမဲ့ဖြစ်သွားအောင် အားထုတ်ခြင်း,
၃။ ကောင်းစွာမနေနိုင်အောင် အားထုတ်ခြင်း,
၄။ ရဟန်းတို့ကိုဆဲရေးခြင်း,
၅။ ရဟန်းချင်းချင်းကွဲပြားအောင်ကုန်းတိုက်ခြင်း,
၆။ ဘုရားရှင်၏ကျေးဇူးမဲ့ကို ပြောဆိုခြင်း,
၇။ တရားတော်၏ကျေးဇူးမဲ့ကို ပြောဆိုခြင်း,
၈။ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ သည်အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပါသကာအား ရဟန်းတော်များက သပိတ်မှောက်ထိုက်၏''။

ဤကဲ့သို့ မိန့်ကြားတော်မူတယ်။

ဘုရားရှင်၏ထံမှ အဓိန္ဒတော်ကြီးကျလာတော့ သံဃာတော်အရှင်မြတ်များက သပိတ်မှောက်ဝတ်တရားနှင့်အညီ သိမ်အပြင်သို့ဝင်ပြီး သပိတ်မှောက်ကမ္မဝါစာကို ရွတ်ဘတ်လျက် ဝဖုအမည်ရှိတဲ့ လိစ္ဆဝီမင်းသားအား သပိတ်မှောက်တော်မူကြတယ်၊ ဘုရားရှင် လက်ထက်တော်က ယခုပြုဆိုခဲ့တဲ့ သပိတ်မှောက်ကံကြီးဟာ လွန်စွာထင်ရှားကျော်စောတာပေါ့။

လိစ္ဆဝီမင်းသားကတောင်းပန်၍သပိတ်လွှန်ခြင်း

ရှင်အာနန္ဒာ ကိုယ်တော်မြတ်ကြီးသည် သပိတ်မှောက်ပြီးတဲ့နောက် ဝေသာလီပြည်တွင်းသို့ ဆွမ်းခံလှည့်လည်တော်မူသည်တွင် ဝဖုလိစ္ဆဝီမင်းသား၏ အိမ်တော်သို့ဝင်ပြီး သို့ကလို မိန့်ကြားတော်မူတယ်။

''အို-ဒါယကာ လိစ္ဆဝီ....သင်သည် ရှင်ဒဗ္ဗအား မတရားစွပ်စွဲခြင်းဖြင့် စွပ်စွဲခဲ့တယ်၊ သို့အတွက်ကြောင့် ဘုရားရှင်၏ အမိန့်တော်အတိုင်း ရဟန်းတော်တို့က သင့်ကိုသပိတ်မှောက်ကြ

ပြီ၊ သင်သည် ရဟန်းတော်တို့နှင့် ပေါင်းသင်းဆက်ဆံခွင့်ကို ရနိုင်တော့မည်မဟုတ်''။

အဲ–သို့ကလို မိန့်ကြားတော်မူတယ်။

ရှင်အာနန္ဒာ၏အမိန့်ကြောင့်လိ ဿ ဝီမင်းသားမှ ခေမြောသွားပုံ

ရှင်အာနန္ဒာ၏ အမိန့်တော်စကားကို ကြားသည်နှင့် တပြိုင်နက် လိစ္ဆဝီမင်းသားမှာ ဘယ့်ကလောက် ထိခိုက်သွားသလဲဆိုတော့ စိတ်ပင်ပန်း၍ ညှိုးနွမ်းခြင်းဖြစ်ပြီး ဗုံးကနဲ ထိုနေရာမှာ လဲကျသွားပါရော တဲ့၊ သတိမရဘဲ မိန်းမောမှေ့ နစ်မြောသွားရှာတယ်၊ ထိုအခါ ရှင်အာနန္ဒာကိုယ်တော်မြတ်ကြီးလဲ နေရာမှထသွားပါရော၊ ကြည့်ရှုခြင်းကိုမှ ပြုတော်မမူတော့ဘူး။

စဉ်းစားဆင်ခြင်ရန်

ကဲ–စဉ်းစားကြည့်ကြစမ်းပါ၊ ရှေးအခါက သပိတ်မှောက်ကံများဟာ နစ်နာခြင်းသို့ရောက်အောင် ဘယ်ကလောက် ထိခိုက်သွားသလဲလို့၊ သာသနာတော်ကြီး အားကောင်း၍ မျက်နှာကြီးကြီးနှင့် ထွန်းလင်းနေတဲ့အခါ သပိတ်မှောက်မဲ့ အရေးကို သေဘေးလောက်မက ကြောက်လန့်ကြရတယ်၊ သို့ကလောက်ထိခိုက်စေနိုင်တဲ့အတွက် သာသနာတော်၏ဂုဏ်တန်ခိုးဟာ ဖြိုးဖြိုးဝေဝေနှင့် ကြီးကျယ်လို့နေတာပေါ့၊ သပိတ်မှောက်ရေးကိစ္စ တန်ခိုးကြီးလေလေ သာသနာတော်ကြီး အားရှိလေလေဘဲ-လို့ မှတ်သားကြရမယ်။

သာသနာတော်ခေတ်တိမ်၍ မှေးမှိန်အားနဲနေတဲ့ ယခုအခါများမှာတော့ ရဟန်းတော်တို့၏ သပိတ်မှောက်မှုများကို ''ရဟန်းတော်တို့က သပိတ်မှောက်ကြလျှင် ငါတို့ကလဲ ခွက်မှောက်မယ်''ဟုကြိမ်းဝါးခုခံကာ နေတတ်ကြတယ်၊ သာသနာရေးကို အလေးမပြုတဲ့ သဘောတွေပေါ့၊ သာသနာအရှိန်ကို မှေးမှိန်အောင် ပြုလေလေ သာသနာတော်ကြီး အားနဲလေလေဘဲ၊ အဲ–သို့အတွက်ကြောင့် သာသနာတော်ရေးမှာ ကြေးတွက်ခုခံခြင်းမပြုကြဘဲ အလေးဂရုပြုနိုင်သမျှ ပြုလုပ်ကြရမယ်။

ဆွေမျိုးများကမျောင်းမျပြောဆိုပုံ

အဲ–ပြဆိုခဲ့ပြီးတဲ့အတိုင်း လိစ္ဆဝီမင်းသားသည် သပိတ်မှောက်ခံရတဲ့ ဒဏ်ချက်ကြောင့် အသက်သေလုကမန်း ပင်ပန်းကြီးစွာ ဒုက္ခရောက်နေတဲ့အခါ ဆွေမျိုးညီတို အပေါင်းတို့လာပြီး သို့ကလို ပြောဆိုကြတယ်။

"သင်ဟာ အလွန်မှားတာဘဲ၊ ရဟန်းဆိုးတို့၏ စကားကို နားယောင်ပြီး အကျင့်သီလနှင့်ပြည့်စုံတဲ့ အရှင်ဒဗ္ဗကိုမှမတော်မတရား စွပ်စွဲပလေတယ်။

သို့ရာတွင် လွန်ပြီးတာရှိပလေစေတော့၊ ရှင်တော်ဘုရားထံ သို့သွားပြီး ဝပ်တွား တောင်းပန်ခဲ့ပါလျှင် သပိတ်မှောက်ကံကြီးကို ရှုပ်သိမ်းတော်မူလိမ့်မယ်။

ရှင်တော်ဘုရားသည် သတ္တဝါများတို့၌ သနားတော်မူလေ့ရှိသည့်အတိုင်း တောင်းပန်ဝန်ချခဲ့ပါလျှင် အပြစ်ဒဏ်မှ သည်းခံခွင့်လွှတ်တော်မူလေ့ရှိတယ်"။

ဆွေမျိုးအပေါင်းနှင့်တကွမြတ်စွာဘုရားအားတောင်းပန်ပုံ

ဆွေမျိုးညီတို့၏ စကားကိုကြားတော့ ဝဖုအမည်ရှိတဲ့ လိစ္ဆဝီမင်းသားသည် စိတ်နှလုံးသက်သာခွင့်ကိုရသဖြင့် လျင်မြန်စွာ လဲနေရာမှထပြီး ဘုရားရှင်အထံသို့ သွားရောက်တောင်းပန်ရန် စိုသောအဝတ်တို့ကို ဝတ်လျက် စိုသောဆံပင်တို့ကို ဖားလျားချကာ ဆွေမျိုးညီတကာ အပေါင်းတို့နှင့်တကွ သွားရောက်တယ်၊ ဘုရားရှင်အထံသို့ ရောက်တော့ ခြေတော်အစုံကို မိမိဦးခေါင်းဖြင့်ထိခိုက်ညွှတ်တွားကာ ရှိခိုးပြီး–

"ဘုန်းတော်ကြီးလှသောရှင်ပင်ဘုရား....အကျင့်သီလနှင့်ပြည့်စုံတဲ့ ရှင်ဒဗ္ဗအား မတော်မတရား စွပ်စွဲခဲ့သည်မှာ တပည့်တော်မှားပါပြီ၊တွေ့ဝေမိုက်မှား၍ ပြုကျင့်လွန်ကျူးမိတဲ့ အပြစ်များကို သည်းခံခွင့်လွှတ်တော်မူပါဘုရား၊ နောင်အခါ ဤကဲ့သို့သော အမှုမျိုးကို မပြုတော့ပါဘုရား"။

အဲ-သို့ကလိုလျှောက်ထားတောင်းပန်တယ်။

မြတ်စွာဘုရားမိန့်ကြားပုံ

ထိုအခါ ရှင်တော်မြတ်ဘုရားက–

"အို-လိစ္ဆဝီမင်းသား··မိုက်မှားတွေဝေသဖြင့် ပြုကျင့်မိတဲ့ အပြစ်ကို သတိရစွာနှင့် တောင်းပန် ဝန်ချပါလျှင် ငါဘုရားသာ သနာတော်၌အပြစ်ကင်း၍ကြီးပွားခြင်းဖြစ်နိုင်တယ်၊သင့်၏ မှားယွင်းတဲ့ အပြစ်များကို ငါဘုရားသည်းခံတော်မူမယ်"–

လို့အမိန့်ရှိတော်မူကာ ရဟန်းတော်တို့ကို ခေါ်ပြီး–

"အို-ချစ်သားရဟန်းတို့····· လိစ္ဆဝီမင်းသားသည် မိုက်မှားသော အပြစ်ဒဏ်မှ သည်းခံခွင့်လွှတ်ရန် တောင်းပန်နေပြီ၊ သပိတ်မှောက်ကံကို ပြန်၍ နုတ်သိမ်းကြပေတော့"။

အဲ-သည်ကဲ့သို့ အမိန့်ရှိတော်မူတယ်။

ဝဗုလိစ္ဆဝီသက်သာရာရပုံ

ဘုရားရှင်၏ အမိန့်တော်အတိုင်း လိစ္ဆဝီမင်းသားကို သိမ်အတွင်းသို့ ခေါ်ဆောင်၍ သံဃာတော်တို့အား ဝန်ချတောင်းပန်စေပြီးလျှင် သပိတ်လှန်ကမ္မဝါဖြင့် ရွတ်ဘတ်နုတ်သိမ်းတော် မူကြလေရာ လိစ္ဆဝီမင်းသားသည် သပိတ်မှောက်ကံမှ လွတ်ကင်းပြီး စိတ်နှလုံး ချမ်းသာခြင်းသို့ ဆိုက်ရောက်လေသတည်း။

ထိုအခါကစပြီး-ဝဗုလိစ္ဆဝီမင်းသားသည် မေတ္တိယဘုမဇကရဟန်းတို့ကို ကြည့်ညှိုဆက်ဆံခြင်းမပြုဘဲ သီလဝန္တရဟန်းတို့ကိုသာ လှူဒါန်းပူဇော်ကာ သာသနာရေးကို အလေးအမြတ်ပြုလို့နေထိုင်သွားတယ်၊ သံဃာဂိုဏ်းသင့်မည့် အရေးကိုလဲ သေဘေးလောက် မကအောင် ကြောက်လန့်နေရှာသတဲ့။

ဆင်ခြင်စဉ်းစားရန်

မကောင်းတဲ့မိတ်ဆွေများနှင့် ပေါင်းသင်းမိတဲ့အတွက်လိစ္ဆဝီမင်းသားမှာ မှားခြင်းကြီးမှောက်မှားပြီး သပိတ်မှောက်ကံကြီးထိုက်သွားရှာတယ်၊ မိတ်ဆွေသူတော်ကောင်းတို့နှင့်သာ ပေါင်းသင်းလို့ နေခဲ့ပါလျှင် သည်လိုမှောက်မှားနိုင်ပါရိုးလား၊ အဲ-သည်အချက်ကိုထောက်ထားပြီး မှောက်မှားခြင်းကို ဖြစ်စေတတ်တဲ့ မိတ်ဆွေယုတ်တို့နှင့် အပေါင်းအသင်းမလုပ်ဘဲ ရှောင်ကြဉ်ကြရမယ်။

ရဟန်းပြုပုံ

ထို့နောက်လိစ္ဆဝီမင်းသားသည် တနေ့ထက်တနေ့ သိမ်မွေ့နူးညံ့တဲ့ စိတ်များကို မွေးမြူလျက် သံဝေဂဉာဏ် ထက်သန်လာတဲ့ အခါ လူ့ဘောင်မှာ မပျော်မွေ့ဘဲ ငြီးငွေ့လာသည်နှင့် သာသနာတော်သို့ဝင်ပြီး ရဟန်းပြုတော်မူတယ်၊ရဟန်းဖြစ်တဲ့အခါ မူလအမည်ရင်းအတိုင်း ဝဏ္ဏမာနဏေရဟုယဉ်လို့ ထင်ရှားကျော်စောတော်မူတယ်၊ ရဟန်းဖြစ်တော်မူပြီးတဲ့နောက် ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ် ကြိုးစားလေရာ ကမ္မဋ္ဌာန်းအလုပ်ခွင်မှာ စိတ်မဝင်စားနိုင်ဘဲ ဥဒ္ဒစ္စတရားဖြင့်လွှင့်ပါးလို့ နေတယ်၊ စိတ်လွင့်တဲ့အခါ ထိန,ဓိဒ္ဓတွေ၀င်ပြီး အိပ်ချင်တဲ့သဘောမျိုးတွေနှင့် ငိုက်လို့သာနေသတဲ့။

အဲ-သည်ကဲ့သို့ဖြစ်ပုံအကြောင်းများကို ရှင်တော်ဘုရားသိမြင်တော်မူလေရာ ထိုရဟန်းရှိရာသို့ ကောင်းကင်ခရီးဖြင့် ကြွကာပူလာပြီး နှုန်းဆော်ဝိုက်တွန်းတဲ့ ဒေသနာဂါထာကို ဘုံကလို-မိန့်ကြားတော်မူလေသတည်း။

သဇ္ဇိယာဝိယ သြမဇ္ဇော၊ဒယ္ဟမာနော ဝ မတ္ထကေ။
ဘဝရာဂံ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။ ။

အနက်ကား

သဇ္ဇိယာ၊ လုံ့မကြီးဖြင့်။သြမဇ္ဇောဝိယ၊ထိုးဈိုက်အပ်ဘိသကဲ့သို့ရှင်း။ မတ္ထကေ၊ ဦးခေါင်းထက်၌။ ဒယ္ဟမာနော၀၊ တရှိန်ရှိန်တဖြောင်ဖြောင်မီးလောင်၍ နေဘိသကဲ့သို့ရှင်း။ တထာ၊ ထိုနည်းတူစွာ။ ဘိ ဘ္ဂု၊သံသရာဘေးကို မြော်တွေးရှာဆင်ခြင်လေ့ရှိသောရဟန်းသည်။သတော၊သတိတရား လက်ကိုင်ထားလျက်။ ဘဝရာဂံ၊ဘုံဘ၀အားကျိုးမျိုးတို့၌ တွယ်တာ၍ သာယာတပ်မက်ခြင်း တဏှာကို။ ပဟာနာယ၊ ပယ်သတ်ခြင်းအာကျိုးငှာ။ ပရိဗ္ဗဇေ၊ ပူပူပန်ပန် ခြင်းထန်စွာ အားထုတ်ရာသတည်း။

(မှတ်ချက်။ ။ဤဂါထာ၏ အဓိပ္ပါယ်ကို ရှေးကခြေတိုလဲ့ဒီ။)

ရှင်တော်ဘုရားက သတိပေးနှိုးဆော်သောအားဖြင့် ဟောကြားဆုံးမတော်မူတဲ့ ဒေသနာဂါထာကို ကြားနာရပြီးတဲ့နောက် ပုံထိုးပံရ

တဲ့သူ, ဦးခေါင်းခ္ဍ မီးလောင်ခံရတဲ့သူတို့အသွင် အပူတပင်ကြီးစားအား ထုတ်တော်မူလေရာ မကြာမီအတွင်းမှာပင် ကိလေသာ တောအုပ် အာသဝေါချုံပုတ်တို့ကို ပယ်ခုတ်သုတ်သင်ပြီးလျှင် ဖြူစင်သန့်ရှင်းစွာ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း၊ ရဟန္တာဖြစ်ပြီးတဲ့အခါ ရှင်တော်ဘုရားမိန့်ကြားတော်မူတဲ့ ''သတ္တိယာဝိယသြမဌော'' ဂါထာကို အကြိမ်ကြိမ် ဥဒါန်းကျူးရင့်ကာ ဘုရားရှင်၏ဂုဏ်ကျေးဇူးကို ချီးကျူးပူဇော်၍ နေတော်မူလေသတည်း။

ဝမုမာန ထေရဝတ္ထုပြီး၏။

ကေနိပါတ် စတုတ္ထဝဂ် ထေရာဘာသာပြန်ပြီး၏။

၄၁–သိရိဝမုထေရဝတ္ထု

ဝိပဿီဘုရားလက်ထက် အမျိုးသားတဦး

ဒုက္ခမီးရောင် တပြောင်ပြောင်နှင့် တောက်လောင်ငြိစွဲလို့နေတဲ့ သံသရာဝဋ်ထဲမှ လွတ်ရုန်ခွာရှောင်လိုသော အမျိုးသားကလေး တယောက်သည် ရှေးလွန်လေခဲ့တဲ့ ကိုးဆယ့်ဟကမ္ဘာ ထက်အခါ ဝိပဿီရှင်တော်ဘုရား ထင်ရှားပွင့်တော်မူဝိုက်တွင် မနုဿလူ့ဘုံမှာ သဒ္ဓါတရားနှင့်ပြည့်စုံတဲ့ အမျိုးသားကလေးတယောက်ဖြစ်လာခဲ့တယ်။

ပန်းအထူးရှာဒါန်းခြင်း

တနေ့သောအခါ ဝိပဿီရှင်တော်မြတ်ဘုရားသည် ကြည်လင် အေးမြတဲ့ ရေကန်တခုအတွင်းသို့ သက်ဆင်း၍ ရေသုံးသပ်တော်မူနေတယ်၊ ဆိုခဲ့တဲ့အမျိုးသားသည် ကံအားလျော်စွာ ရေသုံးသပ်တော်မူနေတဲ့ ဝိပဿီရှင်တော်ဘုရားကို တွေ့ကြုံလေရာ သဒ္ဓါတရား ပွားများကြည်ညိုလာသည်နှင့် ကိုးကိုး အမည်ရှိတဲ့ ပန်းအထူးအဆန်းတို့ဖြင့် လှူဒါန်းပူဇော်လိုက်တယ်။

ဘဝအဆက်ဆက်

အဲ-သို့ကလို ကြည်ညိုစွာလှူဒါန်းလိုက်တဲ့ ပန်းဒါနကုသိုလ်စေတနာကြောင့် ထိုဘဝမှ စုတေသွားတဲ့နောက် သံသရာတခွင်မှာ ရှုင်ရှုင်လန်းလန်းနှင့် ချမ်းသာပန်းပွင့်ပြီး မြင့်မြတ်သောစည်းစိမ်ဖြင့် ဂုဏ်သိရှိကြက်

သရေကြီးကျယ်စွာ စံစားကျင်လည်ခဲ့ရတယ်၊အထူးမှာတော့ လွန်ခဲ့တဲ့ ခုနစ်ဆယ့်ခုနစ်ကမ္ဘာထက်အခါ ရတနာခုနစ်ပါးကိုအစိုးရ၍ ဘီမရထ အမည်ရှိတဲ့ စကြာမင်းကြီး ဖြစ်ခဲ့တယ်။

(က) ကဠနဋ္ဌိကသက်ာသော၊ သဗ္ဗညူ လောကနာယကော။
ဩဒကံ ဒဟမဲဂ္ဂယ္ဟ၊ သိနာသိ အဂ္ဂပုဂ္ဂလော။ ။

အနက်ကား

(က) ကဠနဋ္ဌိကသက်ာသော၊ ရှေပန်းတိုင်ကြီးနှင့်တူတော်မူသော။ သဗ္ဗညူ။ တရားအလုံးစုံကို အကုန်သိမြင်တော်မူသော။ အဂ္ဂ-ပုဂ္ဂလော၊ လောကဓာတ်တိုက်အလုံးဝယ် အမြတ်ဆုံးသော ပုဂ္ဂိုလ်ကြီးလည်းဖြစ်တော်မူပေထသော။ လောကနာယကော၊ လောကရှေ့ဆောင်ဘုန်းခေါင်,ဘုန်းဖျားဝိပဿီ ရှင်တော်မြတ်ဘုရားသည်။ ဩဒ-ကံ၊ ရေကြည်, ရေဒေးတို့ဖြင့် ပြည့်လျှံ၍နေသော။ ဒဟံ၊ရေအိုင်ကြီး အတွင်းသို့။ ဥဂ္ဂယ္ဟ၊ ဆင်းသက်တော်မူ၍။ သိနာသိ၊ ရေသုံးသပ်တော်မူ လေသတည်း။

(ခ) ပဂ္ဂယ္ဟ ကိ ံကိနိ ံ ပုပ္ဖံ၊ ဝိပဿိဿာဘိရောပယိ ံ။
ဥဒဂ္ဂစိတ္တော သုမနော၊ ဒ္ဒိပဒိန္ဒဿ တာဒိနော။ ။

အနက်ကား

(ခ) တဒါ၊ ထိုရောအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ဥဒဂ္ဂစိတ္တော၊ ဟက်တက်ကြွကြွ အားရခြင်းလန်းသော စိတ်ရှိသည်ဖြစ်၍။ သုမနော၊ ဝမ်းမြောက်ဝမ်းသာ။ကိ ံကိနိ ံ ပုပ္ဖံ၊ ကိ ံကိနိအမည်ရှိသော ပန်းပိုင်ကို။ ပဂ္ဂယ္ဟ၊ ဆွတ်ခူယူဆောင်လျက်။ ဒ္ဒိပဒိန္ဒဿ၊ အကြင်နှစ်ချောင်းရှိသော သတ္တဝါတို့၏ အရှင်သခင်ဖြစ်တော်မူသော။ ဝိပဿိဿ၊ ဝိပဿီ ရှင်တော်မြတ်ဘုရားအား။ အဘိရောပယိ ံ၊ စေတနာကြီးဖြင့် တင်လှူဆက်ကပ်ခဲ့ပါသတည်း။

(ဂ) သဗ္ဗသဗ္ဗတိ ံသေ ကသ ံပ္ပ၊ ရာဇာ ဘီမရထော အဟု။
သဗ္ဗရတနသမ္ပန္နော၊ စက္ကဝတ္တိ မဟာဗ္ဗလော။ ။

အနက်ကား

(၈) ဣတော၊ ဤဘဒ္ဒကမ္ဘာမှ။ သတ္တသတ္တတိမေကပ္ပေ၊ ရှေးလွန်ခဲ့သော ခုနစ်ဆယ့် ခုနစ်ကမ္ဘာမြောက်၌။အဟံ၊အကျွန်ုပ်သည်။သတ္တ-ရတနသမ္ပန္နော၊ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော။ မဟဿလော၊ ဗိုလ်ပါအင်အား အလွန်များသော။ ဘီမရထော၊ ဘီမရထအမည်ရှိသော။ စက္ကဝတ္တိရာဇာ၊ စကြဝတေးမင်းကြီးသည်။အဟုံ၊ ဖြစ်ခဲ့ပါသတည်း။ ဣဒံ၊ ဤသို့စကြဝတေးမင်းကြီးဖြစ်ရခြင်းသည်။ ပုဗ္ဗပုဗ္ဗာယ၊ ပန်းလှူဒါန်းရသောဒါနစေတနာ၏။ ဖလံ၊ အကျိုးထူးအမှန်ပေတည်း။

အဆုံးဘဝသို့ ဆိုက်ရောက်ပုံ

အဲ-ပြုတိုခဲ့ပြီးတဲ့အတိုင်း သုဂတိသံသရာဟိုဠ်ဌသာ ချမ်းသာစွာ ကျင်လည်ခဲ့ရပြီးတဲ့နောက် ယခု ဘုရားရှင်လက်ထက်တော်သို့ ရောက်တော့ ရာဇဂြိဟ်ပြည်မှာ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝတဲ့ ပုဏ္ဏားသူဌေး၏သားဖြစ်လာတယ်၊ အမည်မှာတော့ သိရိဝမုတဲ့၊ သိရိဝမုဆိုတဲ့ အမည်၏ အဓိပ္ပါယ်မှာတော့-ဘုန်းကြီးသံဃ အပျိုးပျိုးကို တိုးပွားစေနိုင်တယ်လို့ဆိုလိုတယ်၊ ပါရဒီဘုန်းကံ ရင့်သန်ထက်မြက်ခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတိုင်းငယ်ရွယ်စဉ်ကစပြီး အသိအလိမ်မာနှင့်တကွ ယဉ်ကျေးသိမ်မွေ့စွာကြီးပွားလာခဲ့တယ်။

ကျွတ်တမ်းဝင်ပုံ

အရွယ်သို့ခံ့ကာရောက် လူလားမြောက်လာတော့-ရာဇဂြိဟ်ပြည့်ရှင် ဘုရင်ပိမ္ဗိသာရမင်းကြီးက သာသနာရေးနှင့် စပ်လျဉ်းတဲ့ အစည်းအဝေးကြီးကို ပြုလုပ်ပေးပို့ပြီးလျှင် ရဟန္တာသုံးပါးနှင့် စပ်ဆိုင်တဲ့ စကားများကိုကြားရတော့ သဒ္ဓါတရားဖြစ်ပွားပြီး သာသနာတော်အတွင်းသို့ဝင်ကာ ရဟန်းပြုလိုတဲ့ စိတ်ဇော်ပေါ်ပေါက်လာတယ်။

တောအုပ်လိုလို်ခေါင်းခွ ကမ္မဋ္ဌာန်းအားထုတ်ပုံ

ထိုအခါ ဘုရားရှင်မှာအောင်ပန်ပြီး သာသနာတော်ထယ်း ရဟန်းပြုလုပ်သွားတယ်၊ ရဟန်းဖြစ်ပြီးတဲ့အခါမှာ ပြိုင်ကျောင်း, ဗျာဝကျောင်းတို့ ရှောင်ကိုင်ပါလေသည်။ ဘုရားတော်အကွင်းမှာ တကိုယ်တည်းနေပါတယ်ဆိုတဲ့ ဝေဘာရတောင်နှင့် ပဏ္ဍဝတောင်၏အနီး

တခုသော တောအုပ်ကြီးအတွင်းမှာရှိတဲ့ တောင်လိုဏ်ခေါင်းကြီးထဲမှာ တကိုယ်တည်း ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်လို့နေတော်မူတယ်။

ထိုအခါ အရပ်ရှစ်မျက်နှာမှ မှုန်မှိုင်းရီရစ်ဝိုင်းကာ မိုယ်းတိမ်တွေ တက်လာပြီးအလွန်ကြီးတဲ့မိုယ်းရွာခြင်းဖြစ်လာတယ်၊ လျှပ်စစ်, လျှပ်ပန်းတွေဟာလဲ တဝိုးဝိုး တဝင်းဝင်းနှင့် ထွန်းလင်းပြက်သန်းကြတယ်။ မိုယ်းကြိုးသံပမာ လွန်စွာပြင်းထန်တဲ့မိုယ်းခြိမ်းသံတို့လဲကောင်းကင်မှ ကြိမ်းဟိန်းလို့နေကြတယ်၊တဝိုးဝိုးတဝင်းဝင်းနှင့်ထွန်းလင်းပြက်သန်းနေတဲ့ လျှပ်ပန်း, လျှပ်စီးရောင်တွေဟာ သီတင်းသုံးရာဖြစ်တဲ့တောင်လိုဏ်ကြီးအတွင်းသို့ ထွန်းလင်းတောက်ပစွာ ဝင်းကနဲ, ဝင်းကနဲ ပြေးဝင်လာကြတယ်။

အဲ-သို့ကလို-အခါမဲ့မိုယ်းကြီးရွာတော့ သိရိဝဏ္ဏရဟန်းတော်အရှင်မြတ်မှာ ကိုယ်၏ ရှင်လန်းခြင်း,စိတ်၏ရှင်လန်းခြင်းနှင့်တကွ ချမ်းသာသုခကို ရရှိတော်မူတယ်၊စိတ်နှလုံးချမ်းသာတော့ သမာဓိကိုလဲ ရလာတာပေါ့၊ထိုအခါ မိမိပွားများရင်းပြုစ်တဲ့ ဘာဝနာအလုပ်ကို ရှေးကထက်ဘိုး၍ ကြိုးကြိုးစားစား အနားမနေဘဲ အမြဲအားထုတ်တော်မူတယ်။

လျှပ်စစ်ကိုမုံယှဉ်၍ ဝိပဿနာဆင်ခြင်မှု

မိမိသီတင်းသုံးရာဖြစ်တဲ့ တောင်လိုဏ်ဂူကြီးအတွင်းသို့ ဝင်းကနဲ, ဝင်းကနဲ ဝင်ဝင်လာကြတဲ့ လျှပ်စီးတွေကို သမာဓိနိပ်တ်ယူကာ အာရုံပြုပြီး—

> ''သည်လျှပ်စီးတွေဟာ ရုတ်တရက် ၁ဏာခြင်းဖြစ်ပေါ်ပြီး-ရုတ်တရက်ပျောက်ကွယ်လို့ သွားကြတယ်၊ သည်လျှပ်စီးတွေမှာ ခိုင်မြဲတဲ့သဘောတရားမရှိဘူး။
>
> ထိုနည်းတူစွာ ရူပ်, နာမ်ခန္ဓာတွေဟာလဲ အဝေကြာင်းအားလျော်စွာ၁ဏာ၁ဏာဖြစ်ပေါ်ပြီး- ၁ဏာ၁ဏာချုပ်ဆုံးလို့သွားကြတယ်၊ ရူပ်,နာမ် တရားတို့ဟာ ခိုင်မြဲတဲ့သဘောမရှိဘူး။
>
> ထို့ပြင် လျှပ်စီးတွေမှာအခိုင်အမာဖြစ်တဲ့ အကျစ်သာရမရှိတာလို၊ ရူပ်,နာမ် ခန္ဓာတွေဟာလဲ အခိုင်အမာ ရှယ်လို့ပြောစလောက်အောင် ဘာတခုမျှ အကျစ်သာရမရှိပါဘူး

သို့ကလို-အနှစ်သာရမရှိတဲ့ ရုပ်, နာမ်ခန္ဓာတွေကို အခိုင်အမြဲ ထင်မှတ်ကာ ငါဘဲ,သူဘဲ, လူဘဲ,နတ်ဘဲ အထင်လွဲပြီး စွဲလမ်းနေခြင်းဟာ လွန်စွာမှောက်မှား ပါကလား"။

အဲ-သို့ကလို လျှပ်စစ်ကို နမူနာထားပြီး ရုပ်, နာမ် တရားတို့ကို ဝိပဿနာဉာဏ်ဖြင့် အဘန်ဘန် ရှုစားသုံးသပ်တော်မူတယ်။

ထိုကဲ့သို့ သုံးသပ်တော်မူစဉ်အတွင်းမှာပင် ဉာဏ်အမြင်ပွင့်လင်းသဖြင့် ကိလေသာတောကြီးကို ရှင်းလင်းပြီး မြင့်မြတ်သော ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူ၏လေသတည်း။

အဲ-ပြဆိုခဲ့ပြီးတဲ့အကိုင်း ဝင်းကနဲ,ဝင်းကနဲ ပြက်သန်းတဲ့ လျှပ်ပန်းတွေကို အာရုံပြုကာ ဝိပဿနာတင်မြဲ ဆင်ခြင်သောအားဖြင့် ဉာဏ်ပညာအလင်းပေါက်မှ မဂ်စခန်း,ဖိုလ်စခန်းရောက်ပုံများကို ထောက်ထားဆင်ခြင်ကာ ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်ကြတဲ့ ပုဂ္ဂိုလ်များဟာလဲ တဝုန်းဝုန်းတဝင်းဝင်း ထွန်းလင်းပြက်သန်းတဲ့ လျှပ်ပန်းလျှပ်စီးပေါ့ကို မြင်ကြတဲ့အခါ သိရှိဝမ်းမြောက်ပြီး ထုံးကိုနှလုံးသွင်းပြီး လျှပ်ပန်းလျှပ်စီးကို မှီရင်းထားလျက် ရုပ်,နာမ် တရားတို့၏ အနှစ်စွဘာသဘောတွေကို ထင်မြင်အောင် ဆင်ခြင်သင့်ကြပေတယ်။

ဥဒါန်း ကျူးရင့်မှ

ရဟန္တာအဖြစ် သို့ ဆိုက်ရောက်တော်မူပြီးတဲ့အခါ လွန်စွာမှ ဝမ်းမြောက်တော်မူလှသဖြင့် ကိုယ်တိုင်ရွှတ်တမ်း ဝင်ရေးဆိုအားကြွဝင်းများကို ညွှန်ကြားလိုတဲ့ သဘောအားဖြင့် ဥဒါန်းဂါထာတပုဒ်ကို သို့ကလို ကျူးရင့်တော်မူတယ်။

ဝိဝရမဒ္ဒသတ္ထိ ပိဋ္ဌိကာ ဧဝဘာရသ ၈ ပဏ္ဍိတ ၈။
နဂပ်ပရဂတော ၈ ဗျာယတ်ပိ ပုဂ္ဂဿ အာဇ္ဇိ ဝ ယ ဟာ ဒိနော။
(ဃောရ ဂါထာ ပဏ္ဍိတော်။)

အနက်ကား

ဧဝဘာရသ၈ ဧဝဘာရတော်ပင်ကြီးပေါ်ရှိ။ ပဏ္ဍိတ ပဏ္ဍိတ ဧဝ ပေါ်ပေါ်ကြီးပေါ်ရှိ။ ဝိဝရမဒ္ဒ ရှေးပေါ်ကျယ်ပြန့်လို ဟိုရှေးကအဆုံးကို။ ပိဋ္ဌိ ကာ ကျယ်ပြန့်ပြန်းတို့သည်။ အဇ္ဇ ပတ်ဝန်း,ဝင်းကန့,ဝင်းကနဲ လျှပ်ပ

ဝင်ကာ ထွန်းလင်းတောက်ပကြွလေကုန်၏။ တာဒိနော၊ လောကဓံ လေဟုန်တို့ကြောင့် တုန်လှုပ်ခြင်းမရှိသော။ အပ္ပဋိမဿ၊ ပြိုင်ဘက်ကင်း သော ဘုရားရှင်၏။ ပုတ္တော၊ သားတော်ဖြစ်သော ရဟန်းတော်အရှင် မြတ်သည်။ နဂဝိဝရဂတော၊ တောင်လိုဏ်ခေါင်းအတွင်းဂို သီတင်းသုံး နေထိုင်လျက်။ ဗျာယတိ၊ ဗျာနဝင်စားကာ တရားထင်ပြင်၍ နေတော် မူလေသတည်း။

သိရိဝဗုဒ္ဓေရ ဝတ္ထုပြီး၏။

၄၅-ခဒိရပနိယရေဝတဝတ္ထု

ပဒုမုတ္တရ ဘုရားလက်ထက် အမျိုးသားတဦး

ဓနဝတီရပ်ခတ် သမုဒ္ဒါဒိဟု ရဟတ်စကြာ သံသရာဝဋ်ဌက် ကရွတ် စက်ကြီး အတွင်းမှာ လွတ်လွတ်ခုန်လွှားမြဲ သွားလိုတဲ့ဆန္ဒနှင့် ပါရမီ ကုသိုလ်များကို စိုက်ပျိုးထူထောင်လို့နေတဲ့အမျိုးသား တယောက်သည် ရှေးလွန်လေပြီးတဲ့ ကမ္ဘာတသိန်းအာဂါ ပဒုမုတ္တရဘုရားရှင် လက်ထက် တော်တွင် ဟံသာဝတီ နေပြည်တော်အနီး ဂင်္ဂါမြစ်ဆိပ်တွင် ကူးတို့ သူကြီးဖြစ်ကာ ဟိုမှာဘက်ကမ်း, သည်မှာဘက်ကမ်းသို့ ကူးသန်းပို့ဆောင် ရောက်ကြရလေအောင် ပို့ဆောင်လို့ နေတယ်။

နိဗ္ဗာန်ကူးတိုပို့ရန် ဘုရားရှင်အားလျှောက်မုံ

တနေ့သောအာဂါ ပဒုမုတ္တရရှင်တော်မြတ်ဘုရားကြီးသည် နောက် ပါသံယာတော်တသိန်းနှင့်တကွ ဂင်္ဂါမြစ်ဆိပ်သို့ ကြွရောက်တော်မူလာ ရာ ကူးတို့သူကြီးက ဟိုမှာဘက်ကမ်းသို့ ကူးလိုတော်မူတဲ့ ဆန္ဒရှိပုံများ ကို သိလေသည့်အတွက် ဘုရားရှင်ထံပါးမှာ ဝပ်တွားရှိခိုးလျက်–

> "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား…ဟိုမှာဘက်ကမ်းသို့ ကူးတော်မူလိုပါလျှင် လှေပေါင်းများစွာကို ပြင်ဆင်ပြီး သံယာတော်အပေါင်းနှင့်တကွ တဘက်ကမ်းသို့ ရောက်ရအောင် ပို့ဆောင်ပါရစေ၊ တပည့်တော်အား သနားသဖြင့် ကူးတို့ အားကို ခံတော်လူပါဘုရား"။

သည့်ကဲ့သို့လျှောက်ထားလေရာ ရှင်တော်ဘုရားလဲ သိတ်ဆိတ်နေ ခြင်းဖြင့်လျှောက်ထားတောင်းပန်ချက်ကို အာဂုံပေးတော်မူတယ်။

ထိုအခါ ကူးတို့သူကြီးသည် လက်အောက်ငယ်သားတို့ကို လျင်မြန်စွာ ဆော်အောလျက် မိမိပိုင်ဆိုင်တဲ့ လှေပေါင်းများစွာတို့ကို လျင်မြန်စွာပြင်ဆင်စေပြီး လှေတို့၏ ပေါင်းမိုးထက်၌ စကားဝါပန်းတို့ကို ဖိတာန်ကြက်စေလျက် ဘုရားရှင်အား ဆက်သလှူဒါန်းတယ်၊ ထိုအခါ ဘုရားရှင်သည် သံယာတော် အပေါင်းနှင့်တကွ စကားဝါပန်းတို့ဖြင့် ချယ်လယ် ပြင်ဆင်ထားတဲ့ လှေများပေါ်သို့ တက်ကြွတော်မူတယ်။

ဘုရားရှင် ဗျာဒိတ်တော်

ကူးတို့သူကြီးကလဲ မိဘဝပည့်လက်သားတို့နှင့်တကွ အားရဝမ်းသာစွာ လှေခပ်ပြီး ဂဂ္ဂရိယာပြဲပြဲဖြိုးဖြိုးကြီးကျက် အကြီးအကျယ် ပို့ဆောင်တယ်၊ ရေလယ်ပြင်သို့ရောက်တဲ့အခါ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အနာဂတ်သဘာဝတော်ကြောင့် ရှုမြော်ဆင်ခြင်ပြီး ကူးတို့ သူကြီးအား ဗျာဒိတ်စကား သိုက်လို ဝိုန့်ကြားတော်မူတယ်။

“ဂ္ဂ ဒါယကာ၊ သံယာတော်တသိန်းနှင့်တကွသော ငါဘုရားအား တဘက်ကမ်းသို့ရောက်အောင် ပို့ဆောင်ကြင်း တည်းဟူသော ကူးတို့အလုကို ကြည်ဖြူလေးပြက်စွာ သင်-လှူဒါန်းပေကယ်။

လှေအပေါင်းတို့မှာလဲ စကားဝါပန်းကြင့် ချယ်လယ်ပြီး တင့်တယ် ခပ်နားစွာ ပြုလုပ်လှူဒါန်းပေတယ်။

သည်ကုသိုလ် စေတနာကြောင့် သည်ဘဝမှ စုတေ သွားတဲ့အခါ နတ်ပြည်လောကမှာ မွေ့လျော်ရလိမ့်မယ်၊ ကိုအခါ သင်၏ဒါမာန်သည် လှ သင်္ဘော သဏ္ဌာန်ကဲ့သို့ ကောင်းကင်အပြင်မှာတည်တဲ့လျက် ဒါမာန်၏အထက်မှာ ပန်းဝိတာန်ကြီး ဝိုးကာလျက် ဆန်းကြယ်စွာ ဖြစ်ပေါ်ပေလိမ့်မယ်။

ရနောင်အခါ ငါးဘယ်ရှစ်ကမ္ဘာတည်ရှိ ကရဏာ အမည်ရှိသော စကြဝဠာတမ်းကြီးတကြိမ်၊ ငါးဘယ်ခုနစ်ကမ္ဘာထက်ရှိ စပျော်အမည်ရှိသော စကြဝဠာတမ်းကြီးတကြိမ် ဖြစ်လိမ့်မည်။

နောင်ကမ္ဘာတဘိန်း လွန်လေသောအခါ ဂေါတမ မြတ်စွာ ဘုရားထင်ရှားပွင့်ဟော်မူသည်တွင် ရေဝတအမည်ဖြင့် သာဝက ကြီးဖြစ်၍ ကျွတ်တမ်းဝင်ရလိမ့်မယ်''။

အဲ-သည်ကဲ့သို့ ဗျာဒိတ်စကားကို မိန့်ကြားတော်မူတယ်။

ဆိုင်ရာအပဒါန် ပါဠိတော်များကို ထုတ်ပြပါဦးမည်

(က) ဂင်္ဂါ ဘဂီရတီနာမ၊ ပဘူတာ ဟိမဝန္တတော၊
တိတ္ထဿ နာဝိကော အာသိ၊ သြရိမေဓ တရိမဟံ။ ။

အနက်ကား

(က) ပုရော၊ ရှေးလွန်လေပြီးသော ကမ္ဘာတသိန်းထက်၌။ ဟိမ-ဝန္တတော၊ ဟိမဝန္တောတောင်ကြီးမှ။ ပဘူတာ၊ အစပြု၍ စီးဆင်းလာသော။ ဘဂီရတီနာမ၊ ဘဂီရတီအမည်ရှိသော။ဂင်္ဂါ၊ ဂင်္ဂါဂြစ်ကြီးသည်။ အတ္ထိ၊ ရှိလေ၏။ တာယ၊ ထိုဂင်္ဂါမြစ်ကြီး၏။ တိတ္ထဿ၊ မြစ်ကမ်းထိပ်၏။ သြရိမေဓ၊ ဤမှာဘက်ကမ်းဟု၎င်း။ ပါရိမေဓ၊ ဟိုမှာဘက်ကမ်းဟု၎င်း။ အဟံ၊ အကျွန်ုပ်သည်။ တရိံ-တရဏ္ဍော၊ ကူးတို့ပို့၍ နေသော။ နာဝိကော၊ လှေသူကြီး ကူးတို့မူးသည်။ အာသိံ၊ ဖြစ်ခဲ့ပါသတည်း။

(ခ) ပုဗ္ဗေ ဗဟုံ သုတော အာသိ၊ ပဒုမုတ္တရနာယကော၊
ဝသီသတသဟဿေဟိ၊ ဂင်္ဂါတီရဲ ဥပါဂတော။ ။

အနက်ကား

(ခ) ပုဗ္ဗေ၊ ဘုရားရှင်ကို မဖူးမြင်ရခဲဖြစ်သော ရှေးကာလ၌။ ပဒုမုတ္တရနာယကော၊ ပဒုမုတ္တရ ဘုရားရှင်ကို။ ဗဟုံ၊ အကျွန်ုပ်သည်။ သုတော၊ သတင်းစကားကြားရဘူးသည်။အာသိ၊ ဖြစ်ခဲ့ပေလေသတည်း။ တတော၊ ထိုသတင်းစကား ကြားရပြီးသောနောက်၌။ ဝသီ၊ ထို ပဒုမုတ္တရ ဘုရားရှင်သည်။ ဝသီသတသဟဿေဟိ၊ ရဟန်းပေါင်း တသိန်းကျော်နှင့်တကွ။ ဂင်္ဂါတီရဲ၊ ဂင်္ဂါမြစ်ကမ်းထိပ်သို့။ ဥပါဂတော၊ အာဂုံတော်စွာ လိုက်၍လာပါသတည်း။

(ဂ) ဗဟူ နာဝါ သမာနေတ္မာ၊ စတုဂေဟိ သုသံဝုတာ၊
နာဝါယ ဆဒနံ ကတ္မာ၊ ပဒီပေဟိ နုရာသတာ။ ။

အနက်ကား

(ဂ) တဒါ၊ ထို ဂင်္ဂါမြစ်ဆိပ်သို့ ကြွရောက်တော်မူလာသော အခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဗဟူနာဝါ၊ များစွာသော လူအပေါင်းတို့ကို။ သမာနေတွာ၊ စုဆောင်းယူဆောင်ပြီးသော်။ စမ္မကေဟိ၊ စကားဝါပန်းတို့ဖြင့်။ သုသံခတံ၊ ချယ်လယ်ပြုပြင် ကောင်းစွာ တန်ဆာဆင်ယင်အပ်သော။ နာဝါယဆဒနံ၊ လှေ၏အမိုးကို။ ကတွာ၊ ပြုလုပ်၍။ နရာသဘံ၊ ဘုရားရှင်ကိုယ်တော်မြတ်သို့။ ပဋိမာနိ၊ရှိသေစွာဆက်ကပ်လှူဒါန်းခဲ့ပါသတည်း။

(ဃ) အာဂန္ဒွာန စ သမ္ဗုဒ္ဓေါ၊ အာရုဟီ နာဝါလဒ္ဓကံ။
ဝါရိမဇ္ဈေ ဌိတော သတ္ထာ၊ ဇုမာ ဂါထာ အဘာသထ။

အနက်ကား

(ဃ) သမ္ဗုဒ္ဓေါ၊ ရှင်တော်မြတ်ဘုရားသည်။ အာဂန္ဒွာနစ၊ ကမ်းဆိပ်မှ ကြွလာတော်မူပြီးသော်။ နာဝါလဒ္ဓကံ၊ အမွှန်းတင်၍ပြုပြင်ချယ်လှယ်ထားအပ်သောလှေထက်သို့။ အာရုဟီ၊ တက်ကြွတော် မူလေ၏။ တတော၊ ထိုနောက်။ သတ္ထာ၊ ရှင်တော်မြတ် ဘုရားသည်။ ဝါရိမဇ္ဈေ၊ မြစ်လယ်ရေကြောင့်။ ဌိတော၊ ရပ်တည်တော်မူလျက်။ ဇုမာဂါထာ၊ ဤဗျာဒိတ်တော် ဂါထာတို့ကို။ အဘာသထ၊ မိန့်ကြားတော် မူလေသတည်း။

(c) ယော ယံ တာရေသိ သမ္ဗုဒ္ဓံ၊ သံယဠ္ဟာပိ အနာသဝံ။
တေန စိတ္တ ပသာဒေန၊ ဒေဝလောကေ ရမိဿတိ။ ။

အနက်ကား

(c) ဘောဇ္ဈော၊ အို-ပရိသတ် အပေါင်းတို့။ ယော၊ အကြင် ဒါယကာသည်။ ယံသမ္ဗုဒ္ဓံ၊ အကြင်မြတ်စွာဘုရားကိုဌင်း။ အနာသဝံ၊ ကိလေသာအာသဝေါ ကွာလျှောကုန်မန်း၍ ရဟန္တာ ဖြစ်ပြီးသော။ သံယဠ္ဟာပိ၊ သံယာတော် အရှင်မြတ်များကိုဌင်း။ တာရေသိ၊ တဘက်ကမ်းသို့ရောက်အောင် ပို့ဆောင်ပေ၏။ ဧသော၊ ထို ဒါယကာသည်။ တေနစိတ္တပသာဒေန၊ထိုစိတ်စေတနာကြည်လင်စွာ လှူဒါန်းမှုကြောင့်။ ဒေဝလောကေ၊ နတ်ပြည်လောကဌ်။ ရမိဿတိ၊ မွေ့လျော်ပျော်ပါး ခံစားရလတ္တံ့သတည်း။

(စ)　နိဗ္ဗတ္တိသတိ တေ ဗျမ္ဘံ၊ သုကတံ နာဝါသဏ္ဌိတံ။
အာကာသေ ပုပ္ဖစ္ဆဒနံ၊ ဓာရယိသတိ သဗ္ဗဒါ။　　။

အနက်ကား

(စ)　တဒါ၊ ထိုနတ်ပြည်သို့ ဆိုက်ရောက် လေသောအခါ၌။ တေ၊ သင်ဒါယကာ၏။ ဗျမ္ဘံ၊ ဘုံနန်းဗိမာန်သည်။နာဝါသဏ္ဌိတံ၊လှေ,သင်္ဘော ပုံသဏ္ဌာန်နှင့်တူစွာ။ သုကတံ၊ ကုသိုလ်ကံဖြင့် စီမံဘန်ဆင်း အပ်သည် ဖြစ်၍။ နိဗ္ဗတ္တိသတိ၊ အဆန်းတကြယ် တင့်တယ်စွာ ဖြစ်ပေါ်လတ္တံ့ သတည်း။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ အာကာသေ၊ ကောင်းကင်ထက်၌။ ပုပ္ဖစ္ဆဒနံ၊ ပန်းဗိတာန်ကြီးကို။ ဓာရယိသတိ၊ ဆောင်းမိုးကာ နေရ လတ္တံ့သတည်း။

(ဆ)　အဌပညာသကေ ကပ္ပေ၊ တာရဏောနာမ ခတ္တိယော။
စာတုရန္တော ဝိဇိတာဝီ၊ စက္ကဝတ္တိ ဘဝိသတိ။　　။

အနက်ကား

(ဆ)　တတော၊ ထို့နောက်။ အဌပညာသကေ ကပ္ပေ၊ လာလတ္တံ့သော ငါးဆယ့်ရှစ်ကမ္ဘာထက်၌။ခတ္တိယော၊မင်းမျိုးနွယ်ဇာတ်မှအမြတ်ဆုံးဖြစ်ပေါ်၍လာသော။ စာတုရန္တော၊ မြေ,ရေ ဆုံးအောင် လေးကျွန်းလုံး အစိုးရသော။ဝိဇိတာဝီ၊ရန်အပေါင်းကိုအောင်မြင်၍အောင်ပွဲရှင်ကြီးလည်း ဖြစ်ပေထသော။ တာရဏောနာမ၊ တာရဏ အမည်ရှိသော။ စက္ကဝတ္တိ၊ စကြဝတေး မင်းကြီးသည်။ ဘဝိသတိ၊ ဖြစ်လတ္တံ့ သတည်း။

(ဇ)　သတ္တပညာသကေ ကပ္ပေ၊ စမ္ဘကော နာမ ခတ္တိယော။
ဥဂ္ဂစ္ဆန္တောဝ သူရိယော၊ ဇောတိသတိ မဟတ္တလော။　　။

အနက်ကား

(ဇ)　သတ္တပညာသကေကပ္ပေ၊လာလတ္တံ့သောငါးဆယ့်ခုနစ်ကမ္ဘာထက်၌။ ခတ္တိယော၊ မင်းမျိုးနွယ်ဇာတ်မှ အမြတ်ဆုံး ဖြစ်ပေါ်၍ လာသော။ မဟတ္တလော၊ ဗိုလ်ပါအင်အား အလွန်များသော။စမ္ဘကော-နာမ၊ စမ္ဘက အမည်ရှိသော။ စက္ကဝတ္တိ၊ စကြဝတေး မင်းကြီးသည်။

ဟုတ္တာ၊ ဖြစ်၍။ ဥဂ္ဂစ္ဆန္ဒောဟု ထွက်ပေါ်၍လာသော။ သူရိယောဝ၊ တောက်ရောင် ထိန်လင်း ရှင်နေမင်းကဲ့သို့။ ဧောတိသတိ၊ တန်ခိုးရောင်ဖြင့် တောက်ပြောင် ထွန်းလင်းလတ္တံ့သတည်း။

(ဈ) ကပ္ပသတသဟဿမ္ပိ၊ သြက္ကာဝကကုလသမ္ဘဝေါ၊
ဂေါတမောနာမ ဂေါတ္တေန၊သတ္ထာ လောကေ ဘဝိဿတိ။ ။
(ဤဂါထာကို အနက်ပေးခဲ့လျှင်။)

(ဉ) တိဒသာ သော စဝိတ္ဝာန၊ မနုဿတ္တံ ဂမိဿတိ။
ရေဝတောနာမ နာမေန၊ ဗြဟ္မဇန္တု ဘဝိဿတိ။ ။

အနက်ကား

(ဉ) တဒါ၊ ထိုဂေါတမဘုရားရှင်လက်ထက်တော်အခါ၌။ သော၊ ထိုကူးတို့မှူးဒါယကာသည်။ တိဒသာ၊ တာဝတိံသာနတ်ပြည်မှ။ စဝိတ္ဝာ-န၊ စုတေခဲ့၍။ မနုဿတ္တံ၊ လူ့အဖြစ်သို့။ ဂမိဿတိ၊ ဆိုက်ရောက်လာလတ္တံ့။ နာမေန၊ အမည်အားဖြင့်။ ရေဝတောနာမ၊ ရေဝတအမည်ရှိသော။ ဗြဟ္မဇန္တု၊ ပုဏ္ဏားမျိုးသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့ သတည်း။

(၎) အဂါရာ နိက္ခမိတ္ဝာန၊ သုက္ကံမူလေန စောဒိတော။
ဂေါတမဿ ဘဂဝတော၊ သာသနေ ပဗ္ဗဇိဿတိ။ ။

အနက်ကား

(၎) သော၊ ထိုရေဝတသည်။ အဂါရာ၊ အိမ်ရာထောင်သောလူတို့ဘောင်မှ။ နိက္ခမိတ္ဝာန၊ ထွက်မြောက်လေပြီးသော်။ သုက္ကမူလေန၊ ဖြူစင်သန့်ရှင်းသော ရှေးကံ အကြောင်းရင်းသည်။ စောဒိတော၊ နှိုးဆော်တိုက်တွန်းအပ်သည်ဖြစ်၍။ ဂေါတမဿ၊ ဂေါတမအမည်ရှိသော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်မြတ်ကြီး အတွင်း၌။ ပဗ္ဗဇိဿတိ၊ ရဟန်းပြုလတ္တံ့သတည်း။

(၌) သော တထာ ပဗ္ဗဇိတ္ဝာန၊ယုတ္တ ယောဂေါ ဝိပဿတိ။
သဗ္ဗာသဝေ ပရိညာယ၊ နိဗ္ဗာယိဿတိ နာသဝေါ။ ။

အနက်ကား

(၌) သော၊ ထိုရေဝတသည်။ တထာ၊ ထိုဆိုအပ်ခဲ့ပြီးသောအတိုင်း။ ပဗ္ဗဇိတ္ဝာန၊ သာသနာတော်ထမ်း ရှင်ရဟန်း ပြုလုပ်ပြီးသော်။

ယုတ္တယော်ဝေါ၊ မနေမနားကြိုးစားအားထုတ်သည်ဖြစ်၍။ ဝိပဿတိ၊ ဝိပဿနာ ဥာဏ်ပေါ်ပေါက်၍ အထူးသိမြင်ခြင်းသို့ ရောက်လတ္တံ့။ တဒါ၊ ထိုအခါ၌။ သဗ္ဗာသဝေ၊ စီးသွန်ကျလျှာ အလုံးစုံသောအာသဝေါတို့ကို။ ပရိညာယ၊ပဟာနပရိညာဖြင့်ပယ်ရှားပြီးသော်။ အနာသဝေါ၊ အာသဝေါကုန်ခန်း၍ ရဟန္တာ အဖြစ်သို့ ဆိုက်ရောက်တော်မူလျက်။ နိဗ္ဗာယိဿတိ၊ ခန္ဓာဝန်ဇာတ်သိမ်း၍ ချုပ်ငြိမ်းခြင်းသို့ ရောက်လတံ့သတည်း။

အဲ-ပြဆိုခဲ့တဲ့အတိုင်း ရေလယ်ခေါင်မြစ်ပြင်မှာ ဗျာဒိတ်စကားကို မိန့်ကြားတော်မူပြီးတဲ့နောက် တဘက်ကမ်းသို့ ရောက်အောင်ပို့ဆောင်ပြီးတဲ့အခါ ကူးတို့သူကြီးဒါယကာမှာ ဖိဖြေပြုလုပ်ခဲ့တဲ့ ကုသိုလ်စေတနာကြောင့် ဝမ်းသာလို့ မဆုံးနိုင်အောင် ရှင်ပြုံး နှစ်ပြုံက်စွာနှင့် ပရစေတနာတွေ ဖြစ်ပွားလို့နေတယ်၊ ဗျာဒိတ်စကားကို ကြားရတဲ့အခါကစပြီး ယနေ့နက်ပြန်ပင် ကျွတ်တမ်းဝင်ရတော့ မလောက် ဝမ်းမြောက်ခြင်းကြီး ဟိုးပွား ပျက် ကြီးကြီးစားစားနှင့် ကုသိုလ်ရေးတို့ကိုသာ အားထုတ်လို့နေတယ်။

တေဒဂ်ဘွဲ့ဆုတောင်းပု

တိုနောက် တနေ့သော အခါ ဘုရားရှင်အယံသို့ သွားပြီး တရားတော်ကိုနာသည်တွင် တောနေရဟန်းတော် တပါးအား အာရည်ကတေဒဂ်ဖြင့် မိုးမြင့် မြောက်စားတော် သည်ကို ပြင်လေရာ မိဖိကိုယ်တိုင်ပင် သည်အကိုင်း ပြစ်ချင်သော ဆေးရိုသည်နှင့် တရားနာပြီး၍ အိမ်သို့ပြန်လာရာတွင် အရှေ့မဟာဝိဟာရကို ခမ်းနားစွာဆောက်လုပ်ပြီး သယ်ဆောင်များနှင့်တကွ ဘုရားရှင်ကိုဘိတ်ကြားလျက် အရှင်ပဲ့သဘင်ကို ဆင်ယင် ကျင်းပတယ်၊ ပွဲခံနိုး ပြီးတဲ့အခါ လျှောက်ထား ဆုတောင်းပုံက သည်လိုတဲ့။

> "ဘုန်းတော်ကြီးလှသော ရှင်ပင်ဘုရား.....ဒါနစေတနာကြောင့် နောင်ပွဲ့တော်ပူလတ္တံ့သော ဘုရားရှင်ကို လက်ထက်တော်အခါတွင် ဟေဒဂ်ဘွဲ့ယူးကို ဆင်းသော အရှင်ရဟန္တာ မြတ်ကြီး ဖြစ်ရပါလို၏ ဘုရား"။

အဲ-သို့ကဲသို့ ဆုတောင်းလျှောက်ထားတယ်။

ဗျာဒိတ်တော်

ထိုအခါ ရှင်တော် မြတ်ဘုရားက အနာဂတ်သ ဘုဏ်တော်ဖြင့် ရှုမြော်ဆင်ခြင်ပြီး-

"အို-ဒါယကာ...ထက်မြက်သောကုသိုလ်စေတနာကြောင့် သင်တောင့်တတဲ့အတိုင်း ပြည့်စုံလတ်။

နောင်ကမ္ဘာတသိန်းလွန်လေသော် ဂေါတမမြတ်စွာဘုရား ထင်ရှား ပွင့်တော်မူသည်တွင် ရှင်ရေဝတ ဟူသောအမည်ဖြင့် အာရညကတောဒဂ် ဘွဲ့ထူးကို ဆင်လျက် ကျွတ်တမ်းဝင်ရလိမ့်မယ်"။

ဘဝအဆက်ဆက်

ဤကဲ့သို့သော ဗျာဒိတ်စကားကို မိန့်ကြားတော်မူတဲ့အခါ အလှူရှင်ဒါယကာမှာ အတိုင်းထက်အလွန် ဝမ်းသာခြင်းဖြစ်ပြီး ထိုနေ့ကစ၍ ကုသိုလ်အမျိုးမျိုးတို့ကို တိုးပွားစုဆောင်းမိအောင်သာ ရွက်ဆောင်အားထုတ်လို့နေသတဲ့၊ အသက်အတိုင်းနေ၍ ထိုဘဝမှ စုတေသွားတဲ့အခါ ပြိုလုပ်ဆည်းပူးခဲ့တဲ့ ကုသိုလ် စေတနာကြောင့် လူ့ပြည်နတ်ရပ် မြင့်မြတ်သောဘုံဘဝတို့၌သာ များသောအားဖြင့် ကျင်လည်ကျက်စားခဲ့ရတယ်။

အဆုံးဘဝရှိဆိုက်ရောက်ပုံ

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း ကုသိုလ်ကံလက်ရှိနှင့် ဝိသေသ ပုဂ္ဂိုလ်ထူးဖြစ်ပေသော ဒါယကာသည် ကမ္ဘာတသိန်းအတွင်းမှာ လူချမ်းသာ, နတ်ချမ်းသာတို့ကို ပျော်ရွှင်စွာ ခံစားခဲ့ပြီးတဲ့နောက် ယခုဘဒ္ဒကပ်ကမ္ဘာသို့ရောက်တော့ ဂေါတမရှင်တော်ဘုရား ထင်ရှား ပွင့်တော်မူသည်တွင် မဂဓတိုင်းကြီး အဝင်အပါ နာဠကရွာ၌ ရူပသာရီမည်သော ပုဏ္ဏားမကြီး၏ သားဖြစ်လာတယ်၊ အမည်မှာတော့ ရေဝတတဲ့၊ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ ညီတော်ရင်းပေပေါ့၊ရူပသာရီပုဏ္ဏားမကြီးမှာ သားလေးယောက်နှင့်သမီးသုံးယောက် ထွန်းကား လာတယ်။

သားလေးယောက်တို့၏ အမည်ကတော့-
(၁) ဥပတိဿ,
(၂) စုန္ဒ,
(၃) ဥပသေန,
(၄) ရေဝတတို့ဖြစ်ကြတယ်။
သမီးသုံးယောက်တို့၏အမည်ကတော့-
(၁) စာလာ,
(၂) ဥပစာလာ,
(၃) သီသုပစာလာ တို့ ဖြစ်ကြတယ်။

ထိုသားသမီး ခုနစ်ယောက်တို့တွင် ရေဝတလေးဟာ အထွေးဆုံး အငယ်ဆုံးပေပေါ့၊ ဥပတိဿဆိုတာကတော့ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးဖြစ်ပေတယ်။

ရူပသာရီ ပုဏ္ဏားမကြီးကတော့ ဘုရားရှင် သာသနာ မထွန်းကားမီကပင်လျှင် မိစ္ဆာဒိဋ္ဌိဂိုဏ်းဝင် ဖြစ်နေတဲ့အတွက် ဘုရားရှင်သာသနာတော် ထွန်းပေါ်၍လာသော်လဲ ကြည်ညို သက်ဝင်ယုံကိုမပြုဘဲ နေမြဲတိုင်းပင် နေထိုင်တယ်၊ နောင်တော် အကြီးဆုံးဖြစ်တဲ့ ဥပတိဿသည်ကား ဘုရားရှင်သာသနာတော် ထွန်းပေါ်၍လာတဲ့အခါ သာသနာတော်သို့ဝင်ပြီး ရဟန်းပြုသည်ကစ၍ ရှင်သာရိပုတ္တရာ လက်ျာရံကိုယ်တော်မြတ်ကြီး တပါးရယ်လို့ ထင်ရှား ကျော်စောခဲ့တယ်၊ နောင်တော်ကြီးဖြစ်သူ သာသနာဘောင်သို့ ဝင်သွားတဲ့နောက် ညီတော်နှစ်ယောက်နှင့် နှမတော် သုံးယောက်တို့လဲ နောင်တော်ကြီး နည်းကို အစဉ်လိုက်ပြီး နှစ်ပြုက်ခြောက်ခြားစွာ သာသနာဘောင်သို့ဝင်၍ ရဟန်းပြုကြတယ်။

ရူပသာရီသူဌေးကတော်အကြောင်း

အဲ-သည်ကဲ့သို့ ရဟန်းပြုကြလေရာ မိခင်ရူပသာရီ၏ အထံမှာ အထွေးဆုံး ရေဝတ တယောက်သာ ကျန်ရစ်တော့ဟယ်၊ ထိုအခါ မိခင်ဖြစ်သူ ရူပသာရီ သူဌေးကတော်ကြီး၏ စိတ်ထဲမှာ သို့ကလို အကြံဖြစ်ပေါ်လာသတဲ့။

ငါ့မှာ သားသမီး ခုနစ်ယောက် ထွန်းကားခဲ့ရာ သားသုံးယောက်နှင့် သမီးသုံးယောက်တို့ကဖြင့် အိမ်ရာထောင်တဲ့ လူ့ဘောင်မှထွက်ပြီး ရှင်ဂေါတမဘက်သို့ ရောက်ကုန်ကြပေါ့။

ငါ့လက်ထဲမှာ အထွေးဆုံး ဖြစ်တဲ့ ရေဝတ ကလေးတယောက်သာ ကျန်ရစ်ခဲ့ တော့တယ်၊ သည်သားထွေး ကလေးကိုသာ အမွေပေးခဲ့ရတော့မှာဘဲ၊ ငါပိုင်ဆိုင်တဲ့ ရတနာရွှေငွေတွေကလဲ ရှစ်ဆယ့်ခုနစ်ကုဋေ ရှိတယ်၊ သည် ရေဝတ ကလေးတယောက် သူ့နောင်တော်များနောက်သို့ လိုက်သွားခဲ့ပါလျှင် ငါပိုင်တဲ့ ပစ္စည်းဥစ္စာတွေဟာ မင်းဘဏ္ဍာ ဖြစ်ကုန်တော့မှာဘဲ၊ အမွေဆက်ခံသူပြုန်း၍ အညွှန့်တုံးကြီးဖြစ်ရတော့မယ်။

သို့အတွက်ကြောင့် အထွေးဆုံးဖြစ်တဲ့ ရေဝတ ကလေးကိုဖြင့် ငါ့လက်တွင်းက မထွက်ရလေအောင် စောစောစီးစီးက အိမ်ထောင်ရေးကိစ္စဖြင့် နှောင်ဘွဲ့လိုထားမှ သင့်တော့မယ်။

အဲ-သို့ကလို အကြီးဖြစ်သည်နှင့် မျိုးတူ,ဂုဏ်တူဖြစ်တဲ့ အမျိုးသမီး ကလေးတယောက်ကို ကြောင်းလမ်းဆက်သွယ်လို့ ထားတယ်၊ ထိုသို့ ကြောင်းလမ်း ဆက်သွယ်တဲ့အခါ ရေဝတကလေးမှာ ခုနစ်နှစ် ရှယ် ကလေးသာရှိသေးသတဲ့။

ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက တင်ကြို၍အသင့်စီမံထားပုံ

နောင်တော်ကြီးဖြစ်တဲ့ ရှင်သာရိပုတ္တရာသည်ကား- ညီတော် အထွေးဆုံးဖြစ်တဲ့ ရေဝတကလေး၏ နောင်အခါ ဖြစ်ပျက်မည့် အကြောင်းအရာကို ကောင်းစွာသိမြင်တော်မူသောကြောင့် ရှိရှိသမျှသော ရဟန်းတို့ကို သို့ကလို တင်ကြိုမိန့်ကြား၍ မှာထားတော်မူသတဲ့။

"ငါ့ရှင်တို့.. ငါ၏ညီတော် အထွေး ရေဝတကလေးသည် ရဟန်းပြုလိုတဲ့စိတ်ဖြင့် အကယ်၍ ဆိုက်ရောက်လာခဲ့ပါလျှင် ရောက်လာသည်နှင့် တပြိုက်နက် ရဟန်းပြုပေးလိုက်ကြပါ၊

ကြာကြာဆိုင်း၍ မနေကြပါနဲ့၊ မိဘများက မိစ္ဆာဒိဋ္ဌိဖြစ်နေတဲ့ အတွက် ပန်ကြားနေဘို့မလိုတော့ဘူး။

အဲ–သို့ကလို တင်ကြို၍ မှာထားတော်မူတယ်။

သစေ အာဝုသော ရေဝတော ပဗ္ဗဇိတုကာမော အာဂစ္ဆတိ၊ အာဂတမတ္တမေव နံ ပဗ္ဗာဇေယျာထ၊ မမ မာတာ-ပိတရော မိစ္ဆာဒိဋ္ဌိကာ၊ ကိံ တေဟိ အာပုစ္ဆိတေဟိ။ (ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ အမိန့်တော် ဓမ္မပဒအဋ္ဌကထာ ပါဠိ။)

အနက်ကား

အာဝုသော၊ ငါ့ရှင်တို့။ ရေဝတော၊ ညီတော်ရေဝတသည်။ပဗ္ဗဇိတုကာမော၊ ရဟန်းပြုလိုသည်ဖြစ်၍။ သစေအာဂစ္ဆတိ၊ အကယ်၍ ဆိုက်ရောက်လာသည်ဖြစ်ငြားအံ့။ အာဂတမတ္တမေဝ၊ ဆိုက်ရောက်လာသောခဏ၌ပင်လျှင်။ နံ၊ထို ညီတော်ရေဝတကို။ပဗ္ဗာဇေယျာထ၊ ရဟန်းပြုပေးလိုက်ကြကုန်လော။ မမ၊ ငါ၏။ မာတာပိတရော၊ မယ်တော်ခမည်းတော်တို့သည်။ မိစ္ဆာဒိဋ္ဌိကာ၊ အယူမှားသော မိစ္ဆာဒိဋ္ဌိများဖြစ်ကြကုန်၏။ တေဟိ၊ ထိုမိစ္ဆာဒိဋ္ဌိတို့ကို။ အာပုစ္ဆိတေဟိ၊ ပန်ကြားအပ်ကုန်သဖြင့်။ ကိံ၊အဘယ်အကျိုးရှိအံ့နည်း။

(မှတ်ချက်။ ။ဤအဋ္ဌကထာပါဠိကို ထောက်ထားသောအားဖြင့် မိစ္ဆာဒိဋ္ဌိ၏သားများသည် သာသနာတော်တွင်းသို့ ဝင်ရောက်၍ ရဟန်းပြုရန်လာရောက်ခဲ့ကြပါလျှင် မိဘတို့အား ပန်ကြားဘွယ်မလို၊ ရဟန်းတော်တို့ သဘောအတိုင်း လျှင်မြန်စွာ ရဟန်းပြုပေးနိုင်သည်ဟူ၍ အဓိပ္ပါယ်တိုက်ရိုက်ထင်ရှားလေသည်။)

ရေဝတကိုလက်ထပ်ပေးပုံ

တနေ့သောအခါ ရေဝတ၏ မိခင်သူဌေးကတော်ကြီးသည် ကြောင်းလမ်းဆက်သွယ်ထားပြီးသော သတို့သမီး၏မိဘများနှင့် အသေအချာနေ့ရက်ချိန်းဆိုပြီးသော် မင်္ဂလာသဘင်ဆင်ယင်ကျင်းပရန် ရေဝတနှင့် တကွ ပရိသတ်ပေါင်း များစွာတို့ကိုခေါ်၍ သတို့သမီးကလေးအိမ်သို့ တခန်းတနား သွားရောက်ကြတယ်။

မင်္ဂလာပြုလုပ်ရန် ပြင်ဆင် ၁၆်းကျင်းထားသော နေရာသို့ သတ္တိသား သတ္တိသမီးတို့ အစုံအညီထိုင်မိကြသော အခါ မင်္ဂလာဆရာက မင်္ဂလာစကားတို့ကို ပြောကြားရှတ်ဘတ်လျက် မောင်မယ်စုံတို့၏ လက်ကို ရေခွက်တခုထဲ၌ထားပြီး သိမ်းမြားလက်ထပ်လို့ ပေးတယ်။

လက်ထပ်ပြီးတဲ့အခါ မင်္ဂလာဘုတောင်းစကားကို ပြောကြားသည်တွင် "မင်္ဂလာဆောင်သတို့သမီး၏ အဖွားကြီးကဲ့သို့ ချမ်းချမ်းသာသာနှင့် အသက်ရှည်ကြပါစေ"လို့ ဆုတောင်းဆုယူပြုလိုက်တယ်။

ယောကျ္ဍပအဖွားအိုကို တွေ့မြင်ပုံ

ထိုအခါ ရေဝတသတို့သားက အဘွားကြီးဆိုတာဘယ်ကလောက် မျှားချမ်းသာမှု ဘယ့်ကလောက်မင်္ဂလာရှိတယ် ဆိုတဲ့အချက်ကို သိလိုတဲ့ဆန္ဒရှိသဖြင့် "ဆုတောင်းစကားတွင် ပါလာတဲ့ အဖွားကြီးကို ကျွန်တော်ကြည့်ရှုလိုပါတယ်" လို့ တောင်းပန် ပြောကြားတော့ ပရိသတ်အများက အဖွားကြီးကို မင်္ဂလာဆောင်သတို့သား ထံသို့ ခေါ်ယူဆောင်သွင်းလာကြတယ်၊ အဖွားကြီးသည်ကား အကြာပြိုင်းရိုင်း, ခါးဝိုင်းကိုင်းနှင့် နားကိုင်းပိုင်ဟေ့, သွားတွေကြွေ၍ ပါးရေပြိုနေ့ ဇရာရောဂါ ကောင်းကောင်းမှ လမ်းမရောက်နိုင်ဘဲ တောင်ခေါ်းထောက်ပြီး တုန်တုန်ခိုက်ခိုက် မောဟိုက်ပင်ပန်းစွာ ဝင်ရောက်၍လာတယ်။

ရေဝတသ်ဝေဂရပုံ

တုန်တုန်ခိုက်ခိုက်မောဟိုက်ပင်ပန်းလျက်မရှင်လန်းတဲ့အမူအရာနှင့် ဝင်ရောက်လာတဲ့ အဖွားကြီးကို မြင်လျှင် ရေဝတ၏စိတ်ထဲမှာ ထိတ်ခနဲလန့်သွားပြီး--

> အို-ပရိသတ်အပေါင်းတို့... ဆုတောင်းစကားတွင် ပါလာတဲ့အတိုင်း ကျွန်တော်တို့လဲ သည်အဖွားကြီးလိုဘဲ ဖြစ်ရအုံးမှာလား၊ ရှင်ရေယွင်းပို့ အိုကြီးပင်လျှက် ကိုယ်အင်အားမပြည့်စုံ တုန်တုန်ခိုက်ခိုက် ဖြစ်နေတာကို ချမ်းသာတယ်လို့ ဆိုရမှာလား၊ လောကကြီး အလယ်မှာ သည်လို အသက်အရွယ်နှင့်

တင့်တယ်တယ်လို့ ဆိုရမှာလား၊ ကျွန်တော်ရဲ့ဇနီးလဲ သည်အ
ဖွားကြီးလိုဘဲ ဖြစ်သွားလိမ့်မယ်၊ ထိုအဘိုးကောင်ကြီးကို စောင့်
ရှောက်ပြီး ထောက်ပံ့ ကျွေးမွေးနေရတာ ဘာအကျိုးရှိအုံး
မှာလဲ၊ အဲ-သို့သလို ပြောဆိုမြည်တမ်းလိုက်တော့ ပရိသတ်အ
များက "အိုမင်းတဲ့အခါ သည်လိုဖြစ်ရတာချည်းပေ!"—
လို့-ပြောဆိုပြန်ကြားလိုက်ကြတယ်။

လောကီဘောင်မှထွက်ရန်ကြိုးစည်မုံ

ထိုအခါ ရေဝတ၏စိတ်ထဲမှာ လွန်စွာ ထိတ်လန့်ခြင်းဖြစ်ပြီး—

"သြော်- လူ့ပြည်လောကကြီးအတွင်းမှာ ရှည်ကြာလေး
မြင့်စွာ ချမ်းချမ်းသာသာနှင့် မက်လာရှိအောင် နေထိုင်ခွင့်မရ
ပါကလား၊ လူဖြစ်လို့လာခဲ့ပါလျှင် မှန်စွာအိုမင်းရလိမ့်မယ်၊
အလုံးစုံယိုယွင်းမှု အိုမင်းဒုက္ခဆိုမှဖြင့်လဲ ဘယ်နေရာတကွက်မှာမှ
နှစ်သက်ဘွယ်မရှိတော့ဘူး၊ အိုခြင်းဖြင့် အညွှန့်တုံးမှ အဆုံးကြ
တော့လဲ သေရလိမ့်အုံးမယ်၊ နှစ်သက်ဘွယ်ဆိုတာ ဘယ်မှာ ရှိ
သေးသလဲ၊ သြော်-ငါ့နောင်တော်ကြီးဟာ သည်လိုအရေးတွေ
ကို မြင်တဲ့အတွက် လူ့ဘဝဘောင်တွင် ပျော်ရွှင်ခြင်းမရှိဘဲ ကျွတ်
ကျွတ်လွတ်လွတ် သက်နုံးဝတ်ပြီးသွားတော်မူတာဘဲ ထင်ပါရဲ့၊
ငါလဲဘဲ နောင်တော်ကြီး၏ နည်းလမ်းအတိုင်း လောကီဘက်မှ
လွတ်ထွက်အောင် ရုန်းမှသင့်တော့မယ်"။

အဲ-သို့ကလို အကြံဖြစ်ပေါ်လာသတဲ့၊ ဇနီးသမ်ကလေးအပေါ်မှာ
နှစ်သက်တဲ့ စိတ်များဟာ မြို့ရွာကလေးလောက်မျှ မဖြစ်ပေါ်လာဘူး
တဲ့၊ထူးဆန်းတဲ့ ပုဂ္ဂိုလ်မြတ်ကလေးပေါ့နော်။

မက်လာဆောင်ကိစ္စကြီး ပြီးစီးတဲ့အခါ မိခင်သူဌေးကတော်ကြီးက
သတ္တိသမီးကိုယူဆောင်ပြီး တောလမ်းခရီးခြင့် လှည်းစီးမှုပြန်လာတယ်၊
သတ္တိသားနှင့် သတ္တိသမီး လှည်းအတူစီးကြတာပေါ့၊ ထိုသို့ပင် အတူစီး
သော်လဲ မိမိဇနီးကို အဖွားအိုကြီး ထင်နေတဲ့အတွက် နှစ်သက်ဘို့ဝေး
ရော့၊နဲနဲကလေးမှ စေ့စေ့မကြည့်ဘူးတဲ့၊စိတ်ပျက်ပျက် ့ မသက်မသာ
မျက်နှာအောက်သိုးကြီးနှင့်သာ လှည်းအတူစီးလာတယ်။

ဇနီးသယ်ကလေးအကဲခတ်လွှဲပုံ

ဇနီးသစ်ကလေးမှာတော့ သူ့ဌေးသား လူပျိုစစ်ကလေးကို ရတဲ့အတွက် နှစ်သက်ခုံမင်စွာနှင့် ချစ်လင်ကလေးရဲ့ မျက်နှာကိုသာ တစိမ့်စိမ့်ကြည့်ရှုနေရှာတယ်၊ မျက်နှာအိုနေတာကိုမြင်တော့ ရှက်ရှာတယ်လို့ ထင်ပြီး—

"ငါ့လင်ကလေးဟာ တခါမျှ မိန်းမတို့နှင့် မတွေ့ဘူးဘူး၊ သစ်သစ်လွင်လွင် လူပျိုစင်ကလေး အမှန်ဖြစ်ရှာတယ်၊ မတွေ့စဘူးလက်ဦးတွေ့ကြုံရတဲ့အတွက်အရှက်ကြီးရှက်နေရှာတယ်"—

လို့ တွေးတောမိသတဲ့၊သတို့သမီးကလေးက မရှက်ပါစေနဲ့တော့ လို့ စတင်ကာနှုတ်ဆက်ပြီး သွက်သွက်လက်လက်နှင့် ပြီးရှင်းကာ ပြောဆိုပါသော်လဲ မောင်မင်းကြီးသားကဖြင့် မလှုပ်တချက် လှုပ်တချက်နှင့် နှုတ်ဆက်ဖေါ်မရဘဲ ငေးတေးတေးကြီးစိုက်လို့သာ နေသတဲ့၊ သူ့တို့နှစ်ယောက်ရဲ့ စိတ်ထားဟာ လွန်စွာကွာခြားနေကြတာပေါ့။

ထွက်ပြေးရန်ကြံစည်ပုံ

အိမ်ထောင်ပြုပြီးကာစဖြစ်တဲ့ ရေဝတရဲ့စိတ်ထဲမှာ ဇနီးသယ်ကို အနည်းငယ်ကလေးမျှ မချစ်ခင် မစုံမက်နိုင်တဲ့အတွက် မိန်းမလက်မှ လွတ်အောင်ခွာရှောင်ဝေးဝေးထွက်ပြေးလိုတဲ့စိတ်တွေသာဖြစ်နေသတဲ့၊ သစ်ပင်တွေရှုပ်တဲ့ တောအုပ်တခုအတွင်းသို့ရောက်တဲ့အခါ ထွက်သွားရလေအောင် ပရိယာယ်ဟန်ဆောင်ပြီး—

"လှည်းကို မောင်းနှင့်ကြပေတော့ တပိုတပါးခေတ္တသွားလိုက်ပါအုံးမယ်၊ မကြာခင် မှီအောင်လိုက်လာခဲ့မယ်"။

အဲ-သို့ကလို ပြောဆိုမှာထားပြီး လှည်းပေါ်မှ ဆင်းသွားသတဲ့၊ ထိုနောက် မကြာခင်ပြန်လာပြီး လှည်းပေါ်သို့ တက်စီးပြန်တယ်၊ ထိုနည်းအတိုင်းပင် သုံးကြိမ်တိုင်တိုင် အယုံသွင်းလျက် လှည်းပေါ်မှ ဆင်းဆင်းသွားသတဲ့။

အဆုံးစွန်ထွက်ပြေးပုံ

သည်နည်းအတိုင်း သုံးကြိမ်တိုင်တိုင် အယုံ သွင်းပြီးတဲ့နောက် လေးကြိမ်မြောက်တဲ့ အခါကျတော့ သတို့သား-ရေဝတသည်—

"ကဲ-သည်တခါဖြင့် ကိစ္စတိုးပေတော့ အဆိုးတိုင် စွန့်စား လိုက်တော့မယ်၊ ဇနီးသယ်ကိုခင်တွယ်လို့နေခဲ့ပါလျှင် သူ့လက်တွင်းမှ လွတ်ကင်းအောင် ထွက်ရှောင်နိုင်တော့မှာ မဟုတ်ဘူး၊ အသက်ဆုံးသည့်တိုင်အောင် အရှုံးခံရတော့မယ်၊ နောင်တော်ကြီးရဲ့ နောက်တော်သို့လိုက်ပြီး သာသနာ သိုက်ကြီးကို တူးဖေါ်၍ သူတော်ကောင်းတို့ နည်းလမ်းဖြင့် ရဟန်းပြုတော့မယ်"။

သည်ကဲ့သို့ ကြိမ်းဝါးပြီး အတင်းထွက်ပြေးသွားပါရော့တဲ့။

ယောဂ္ဂမနှင့်ဇနီးသယ် သောကဗျာပါများပုံ

မိဘင်ကြီးနှင့်တကွ ဇနီးအခြေအရံများကတော့ လာလိမ့်နိုးနိုးနှင့် သာမျှော်ကိုးယုံစားရင်းရှိသည်ကြီးနှင့် ရှေ့သို့ဆက်၍သာလှည့်ကြည့်မောင်းသွားကြတယ်၊ မပြန်လာဘဲ ကြာသွားတဲ့အခါ ဝမ်းသက်ဆေးကို စားမိလို့ ကြာသွားဟဲ့ လားမှတ်ကာဘဲလို့ အထင်ရောက်ကြသတဲ့၊ မပြန်လာဘဲ အဝေးတော်ကြီးကြာသွားပေတဲ့ဦးရိန်မကင်းရှိကြတဲ့အတွက်လှည်းကိုဖြုတ်ပြီး တောအုပ်အတွင်းမှာ ရေဝတကိုရှာကြပါသေးလေမတွေ့ဘူး။

ထိုသေမျိုးဆိုင်ကြီးနှင့် ဇနီးကလေးမှစ၍ ဝိယိုဟစ်ကြွေး ပူဆွေးစိတ်နောက် ဒုက္ခရောက်ကြီး ပေါ်မှသို့သာပြန်လာကြရာရုသတဲ့၊ သတို့သမီးကလေးမှာ လက်ထပ်ပြီးသာ လက်ထပ်ရပြီး၊ ကုန်ပြောင်ယှဉ်ပြီး ပေါင်းဘက်ခြင်းမပြုလိုက်ရဘဲ စောစောဒီးဒီး ကွဲသခြင့် ဝမ်းနည်း ပက်လက်ညူးငယ်တဲ့မျက်နှာက ဆင့် အပျိုစစ်စစ် မုဆိုးမကလေးဖြစ်နေရစ်ရှာတယ်၊ လောကီရေးနှင့် စည်းစားခဲ့ပါလျှင် လွန်စွာကံကဲတဲ့ သတို့သမီးကလေးရယ်လို့ ဆိုရမှာပေါ့။

တောရကျောင်းတခုသို့ဆိုက်ရောက်သွားပုံ

မရပ်မဆိုင်းဘဲ ခြင်းခုန်းဖိုင်းတဲ့အလား အတင်းထွက်ပြေးသွားတဲ့ ရေဝတကလေးသည် ပြေးပြီးပြေးရာပြေးလေ သာအားပါ ကံအားလျော်စွာ ရဟန်းတော်တို့ သီတင်းသုံးရာဖြစ်တဲ့ တောရကျောင်းတခုသို့ ဆိုက်ရောက်သွားပါရော။

လျှောက်ပုံ

ထိုအခါ ပျာရိပြောရာ အရေးကြီးသောအမှုအရာနှင့် ရှိသေစွာလက်အုပ်ချီပြီး-

"အရှင်ဘုရားတို့ တပည့်တော်အား သနားတော်မူကြပါသ ဖြင့် လျင်မြန်စွာ ရဟန်းပြုပေးတော်မူကြပါ"။

သို့ကလို လျှောက်ထားတောင်းပန်တယ်။

ရေဝတရဲ့ကိုယ်မှာလဲ လက်ထပ်ပြီး ပြန်လာခါစဖြစ်သဖြင့် အဆင်တန်ဆာတွေကို ပြောင်လက်စွာ ဝတ်ဆင်လာလျက်ရှိတယ်၊ ရေဝတရဲ့ ရုပ်သွင်ကို ရဟန်းတော်များကမြင်ကြတော့ အံ့အားသင့်သော အမှုအရာနှင့်-

အို-ဒါယကာကလေး သင့်ကိုယ်မှာလဲ အလွန်အဘိုးတန်တဲ့ ဝတ်စားတန်ဆာတို့ဖြင့် ဆင်ယင်လျက်ရှိပါကလား၊ မင်းသားကလေးလား၊ မှူးမတ်သားကလေးလား၊ ခြားနားစွာ ငါတို့မသိရလေဘူး၊ အခွင့်မရသေးတဲ့သူကိုလဲ အလျင်အမြန်ရဟန်းပြုမပေးစကောင်းဘူး"။

အဲ-သို့ကလို မိန့်ဆိုခြင်းပယ်တော်မူကြတယ်။

ရဟန်းတော်တို့အမိန့်စကားကိုကြားလေရာ ရေဝတက-

တပည့်တော်သည်ကား အခြားသူမဟုတ်ပါ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး၏ ညီရင်းဖြစ်ပါတယ်၊ ခြင်းပယ်ရန် မသင့်လျော်ပါဘုရား"-

လို့ လျှောက်ထားတောင်းပန်တယ်။

သာမဏေပြုလုပ်ပုံ

ထိုအခါ ရဟန်းတော်များက ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးမှာထားတော်မူတဲ့ အမိန့်တော်စကားမြတ်ကို သတိရတော်မူကြသည်နှင့်ကြာရှည်စွာမဆိုင်းလင့်ဘဲရေဝတအား ဝတ်စားတန်ဆာတို့ကိုချွတ်ချလူဝတ်မှ ပြောင်းလဲစေပြီးလျှင် ရှင်သာမဏေ ပြုလုပ်ပေးတော်မူကြတယ်၊ အသက်နှစ်ဆယ် မပြည့်သေးတဲ့အတွက် သာမဏေအဖြစ်နှင့်

သာ နေထိုင် ရသေးတာပေါ့၊ သာမဏေဖြစ်တဲ့အခါ မူလအမည် သည်ဘာအတိုင်း ရေဝတ သာမဏေရယ်လို့ပင် ခေါ်ဝေါ်ကြတယ်။

မြတ်စွာဘုရားသာဓုခေါ်ပုံ

တောနေ ရဟန်းတော်များကလဲ သာမဏေ ပြုလုပ် ပေးပြီးတဲ့ နောက် ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးထံသို့ ညီတော် ရေဝတ ကလေးရဲ့ သတင်းစကားများကို အလုံးစုံလျှောက်ထားပေးပို့ကြတယ်၊ အိမ်မှာ ကျန်ရစ်တဲ့ ညီတော်ကလေး လှုံ့ဆော်မှု ထွက်ပြေးလာပြီး တောရကျောင်း တခုခု ရှင်သာမဏေ ပြုလုပ်ကြောင်း သတင်းကို ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ကြားလေရာ "ငါ့ညီထွေးတ ယောက် လွတ်မြောက်ခဲ့ပေပြီ"ဟု ဝမ်းမြောက်တော် မူလှသည်နှင့် ရှင်တော်ဘုရားထံသို့သွားပြီး သည်အကြောင်းကို လျှောက်ထားပြန် တယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလဲ ရှင်သာရိပုတ္တရာရဲ့ညီတော်ကို သာဓုခေါ်ပြီးချီးမွမ်းတော်မူတာပေါ့။

ညီတော်ထံသွားရန်ဘုရားရှင်တားမြစ်ပုံ

ထို့နောက် ရဟန်းဘောင်သို့ ဝင်ရောက်လာတဲ့ ညီတော် ရေဝတ အထံသို့ သွားရောက်ချီးမြှောက်လိုတဲ့ ဆန္ဒနှင့် ရှင်သာရိပုတ္တရာ ကိုယ် တော်ကြီးက ဘုရားရှင်ထံမှာ ခွင့်ပန်လျှောက်တောင်းလေရာ "ယခု အခါသွားရန်မသင့်သေး၊ ခေတ္တဆိုင်းလင့်ဦး" သည်ကဲ့သို့ အမိန့်တော် ရှိသည်နှင့် ညီတော်ထံသို့ မသွားရသေးဘဲ ဆိုင်းတော် မူနေရတယ်၊ ထို့နောက်တဘန် နှစ်ရက် သုံးရက်ရှိပြန်တော့ ရှေးနည်းအတိုင်းပင် ခွင့်တောင်းပြန်လေရာ အခွင့်ပေးတော်မူသေးဘဲ ရှေးနည်းအတိုင်းပင် တားမြစ်တော်မူပြန်တယ်။

တားမြစ်ရခြင်းအကြောင်းရင်း

တားမြစ်တော်မူခြင်းအကြောင်းကတော့ သည်လိုတဲ့၊ ရဟန်းကိစ္စ မပြီးသေးခင် ရေဝတ အထံသို့ သွားရောက်ခဲ့ပါလျှင် ရေဝတမှာ ဝိပဿနာအလုပ်ပျက်စီး၍ အနှောင့်အရှက်ကြီးဖြစ်နေမည့် အရေး

ကို မျှော်တွေး စိုးရိမ်တော်မူတဲ့အတွက် တားမြစ်တော်မူခြင်းဖြစ်ပေ တယ်၊ ရဟန်းကိစ္စပြီးစီးတဲ့အခါ သယ်ဘော် အများနှင့်တကွ ဘုရား ရှင်ကိုယ်တော်တိုင်ကြွပြီး ရှင်ရေဝတကို ချီးမြှင့်တော်မူရန် ကြိုတော်မူ ရင်းလဲရှိတယ်။

ရှားတောသို့သွားရောက်၍တရားအားထုတ်ပုံ

ပြဆိုခဲ့ပြီးတဲ့အတိုင်း သာမဏေအဖြစ်သို့ ရောက်လေသောရေဝတ မှာ သည်လိုအကြီးဖြစ်ပေါ်လာတယ်။

သည်တောရကျောင်းမှာသာ အရှည်သဖြင့် ငါနေထိုင်ခဲ့ ပါလျှင် ငါ၏ရပ်ရွာနှင့် မျှားစွာ မဝေးသောကြောင့် ဆွေမျိုး မိဘတို့က လာရောက် ရှာဖွေကြပြီး ငါ့ကိုတွေ့တဲ့အခါ အိမ် သို့ပြန်အောင် အတင်း ခေါ်ဆောင် ကြလိမ့်မယ်၊ သို့အတွက် သည်တောရကျောင်းမှာ ကြာကြာနေလို့ မသင့်သေးဘူး၊ ခပ် ဝေးဝေး ပြေးရောင်အုံးမှ သင့်လိမ့်မယ်။

သည်ကဲ့သို့ အကြီ ဖြစ်ပေါ်သဖြင့် ဥပဇ္ဈာယ် ရဟန်းတို့ ထံမှ အရဟတ္တဖိုလ်သို့ရောက်သည့်တိုင်အောင် အစဉ်အတိုင်း အားထုတ်ရန် ကမ္မဋ္ဌာန်း နည်းလမ်းများကို ကောင်းမွန်စွာ သင်ကြားပြီး သဝိတ် သက်နိုးကို ဆောင်ယူကာ ထိုတောရကျောင်းမှ ထွက်ခွာသွားပြန် တယ်။

ထိုသို့ထွက်ခွာခဲ့ရာ ယူဇနာသုံးဆယ်ခရီးသို့ရောက်တော့ ရှားတော ကြီးတခုကိုတွေ့ရတယ်၊ရှားပင်ဆိုတာ စိုစိုပြေပြေမရှိဘဲဆူးတွေပေါက်၍ ချောက်ချောက် သွေ့သွေ့ ဖြစ်နေတဲ့အတွက် ထိုရှားတောကြီးဟာ ဘယ်မှာ စိုစိုပြေပြေရှိနိုင်ပါမလဲ၊ ရှားပင်ဆိုတာ ဂနိုင်စိမ့်စမ်းနှင့် အေး ချမ်းတဲ့ အရပ်ဌာနမှာ ပေါက်လေ့မရှိဘူး၊ ရေရှားရှားကုန်းချောက် ချောက်မှာသာ ပေါက်ရောက်လေ့ရှိတယ်၊ သို့အတွက်ကြောင့် ရှား တောဆိုလျှင် မြေချောက်ချောက် ကုန်းခေါင်ခေါင် နေရောင်ပူပြင်း လျက် ပျော်မွေ့ခင်းမရှိဘူးလို့သာ မှတ်ကြပေတော့။

ရှားတောကိုမြင်၍ဆင်ခြင်မှုံ

သာမဏော ရေဝတသည် ထိုရှားတောကြီးကို မြင်လေရာ–

"တခါဖြင့် နေရာကျပြီ၊ သည်ဌာနမှာပင် တရားအလုပ်နှင့် အားထုတ်လို့နေတော့မယ်၊ ရှားတောဆိုတာ စိမ့်စမ်းလဲ မပေါက် ခမ်းခြောက်တဲ့ ဌာနဖြစ်လို့ လူပေါင်း များစွာလဲ လာချင်တဲ့ ဆန္ဒမရှိကြဘူး၊ လူဆိုတဲ့ သူတွေဟာ သစ်သီးဂဏိုင်ပန်းဂဏိုင်နှင့် စမ်းအိုင်စီးသွန်၍ ရေတံခွန်ရှိတဲ့ တောတောင်များကိုမှ အတူ ပျော်ပျော် အဖေါ်ခေါ်ပြီး မြွေလျှာ်ရန်သွားလိုတဲ့ ဆန္ဒရှိကြတယ်။

လူမရောက်တဲ့ ဌာနမှာ ကမ္မဋ္ဌာန်းအလုပ်နှင့် နေထိုင်ရပါလျှင် ဆိတ်ငြိမ်ခွင့်ကိုရ၍ ဝိသေသတရားထူးကိုပေါက်ရောက်နိုင်တယ်။

ရဟန္တာဖြစ်မှုံ

အဲ-သို့ကလို ကြံစည်ဆင်ခြင်ပြီး ထိုရှားတောကြီးအတွင်းသို့ ဝင်၍ ဆိတ်ဆိတ်ငြိမ်ငြိမ် ဇုန်ခြေရရနေထိုင်ကာ ဝါဆိုပြီးလျှင်ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ကြိုးစားတော်မူလေရာ ပဋိသမ္ဘိဒါလေးပါး အဘိညာဉ်ခြောက်ပါးနှင့်တကွ ကိလေသာကုန်းဝန်း၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။

တရားထူး ပေါက်ရောက်ရာဖြစ်တဲ့ အရပ်ဌာနကို မမေ့စကောင်း မစွန့်စကောင်းဆိုတဲ့အတိုင်း ရှင်ရေဝတသည် ရဟန်းကိစ္စပြီးစီးသော်လဲ ထိုရှားတောကြီးကို မခွါဘဲ ရှားပင် အလေ့ပေါက်တို့နှင့် သွေ့ခြောက်တဲ့ တောအုပ်အတွင်းမှာပင်လျှင် ပျော်ပျော်ရှင်ရှင်အဘိညာဉ်ဈာန်သမာပတ်များကိုသာ ဝင်စားကာ သီတင်းသုံးတော်မူနေတယ်။

သံဃာတော်ငါးရာနှင့်တကွဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်တော်မူလာပုံ

နောင်တော်ဖြစ်တဲ့ ရှင်သာရိပုတ္တရာ ကိုယ်တော် ပြတ်ကြီးကလဲ ညီတော်ကလေးအထံသို့ သွားလိုတဲ့ဆန္ဒဖြင့် တဝါတွင်းလုံး သီတင်းသုံးကာ အချိန်ကိုလွန်စေပြီးတဲ့နောက် ဝါကျွတ်၍ ပဝါရဏာပြုပြီးတဲ့

အခါ ဘုရားရှင်ထံသို့ ဝင်ပြီး ရှေးနည်းအတိုင်းပင် ခွင့်တောင်းတော်မူ ပြန်တယ်။

ထိုအခါ ဘုရားရှင်က ရှင်လန်းသော မျက်နှာတော်ဖြင့်—

အို-ချစ်သား သာရိပုတ္တရာ.... ယခုအခါ သွားချိန်သင့် လျော်ပြီ၊ ငါဘုရားကိုယ်တော်တိုင်သွားရောက်၍ သင့်ညီတော်ကို ချီးမြှောက်တော်မူမယ်၊ ငါ၏ နောက်တော်သို့ လိုက်လိုတဲ့ ရဟန်းများလိုက်ကြပေစေ—

လို့ အမိန့်တော်ရှိတော်မူတယ်။

ထိုအခါ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူနေကြတဲ့ ရဟန်းတော်ပေါင်းငါးရာတို့သည် ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ညီတော်ကို ရှုမျှော်ချီးမြှောက်လိုကြသည်တကြောင်း, တောစခန်းတောင်းစခန်းဖြင့် ကြွတော်မူသောဘုရားရှင်၏ နောက်တော်ကခြံရံကာ လိုက်ပါလိုကြသည်တကြောင်း၊ ဤသို့သောအကြောင်းများကြောင့် ရှင်လန်းဝမ်းမြောက်စွာ နောက်တော်ကလိုက်ပါရန် အသီးသီးဝန်ခံတော်မူကြတယ်။

ဤကဲ့သို့ကြွတော်မူကြီး ကြွတော်မူရန် စီမံပြီးစီးတဲ့အခါ ဘုရားရှင်ကိုယ်တော်မြတ်သည် ဇေတဝန်ကျောင်းတော်ကြီးမှ ရဟန်းငါးရာတို့ဖြင့် ခြံရံကာ ဘုရားရှင်တို့၏ တင့်တယ်စမ္ပယ်ခြင်းဖြင့် ထွက်ကြွတော်မူတယ်။

ရှင်အာနန္ဒာလျှောက်ပုံ

ခရီးအတန်ငယ်ရောက်လေသော်လမ်းနှစ်ခွကို တွေ့လေရာ ရှင်အာနန္ဒာက ရှိသေစွာ လက်အုပ်မိုးပြီး ရှိခိုးလျှောက်တင်လေသည်မှာ—

ဘုန်းတော်ကြီးလှသော ရှင်ပင်ဘုရား ယခုလမ်းနှစ်ခွ တွေ့ရာတွင် လမ်းတခုသည်ကား- ယူဇနာသုံးဆယ်မျှသာ ဝေးကွာ၍ ရှားတောနှင့် ဖြောင့်တန်းသော တောလမ်းကြီးဖြစ်ပါတယ်၊ လူနေအိမ်ခြေမရှိ၊ တောတောင်အတိသာဖြစ်ပါသဖြင့် ဆွမ်းအလှိုင်ငါ လွန်စွာခဲယဉ်း၍ ရေမိုးချောက်ခန်းသော ကန္တာရလမ်းကြီးဖြစ်ပါတယ်။

လမ်းတခုသည်ကားယူဇနာခြောက်ဆယ်ရှည်လျား၍ ကွေ့ကောက်သော လမ်းကြီးဖြစ်ပါတယ်၊ သို့ရာတွင် ရှာစဉ်မပြတ်

စည်းကမ်း၍ ခရီးလမ်းသာလျက် ဆွမ်းအလိုငှါ လွန်စွာလွယ်ကူ ပါတယ်၊ ထိုလမ်းနှစ်လမ်းရှိရာတွင် အဘယ်လမ်းဖြင့် ကြွတော်မူမည်ဟု အမိန့်ရှိတော်မူပါဘုရား။

သည်ကဲ့သို့ လျှောက်ထားလေရာ ရှင်တော်မြတ်ဘုရားက "နောက်လိုက်နောက်ပါ ရဟန်းတော်ငါးရာတို့တွင် ငါ့သားတော်သီဝလိပါရဲ့လား"လို့မေးတော်မူတယ်။

ထိုအခါရှင်အာနန္ဒာက"ပါပါသည်ဘုရား"လို့ လျှောက်တင်လေရာ ဘုရားရှင်က "ငါ့ချစ်သား သီဝလိပါခဲ့ပါလျှင် ယူဇနာသုံးဆယ်မျှသာ ဝေးကွာတဲ့ ကန္တာရတောလမ်းဖြင့် ကြွတော်မူမယ်လို့ မိန့်တော်မူပြီး တောလမ်းခရီးဖြင့် ကြွတော်မူတယ်။

သည်ကဲ့သို့ ကန္တာရ တောလမ်းခရီးဖြင့် ကြွတော်မူခြင်းမှာ အခြားအကြောင်းကြောင့် မဟုတ်ပေ၊ ရှင်သီဝလိ၏ ဘုန်းလာဘ်လာဘကို သိစေလိုသည်တကြောင်း၊ တောတောင်အတွင်းခဲ့ ရှိနေကြတဲ့ နတ်အပေါင်းတို့အား ကုသိုလ်တရား ဖြစ်ပွားအောင် ချီးမြှင့်တော်မူလိုသည်တကြောင်း သည်အကြောင်းများကြောင့် ကြွတော်မူလိုရင်းဖြစ်ပေသည်။

နတ်အချင်းချင်းနှိုးဆော်မှု

တောလမ်းခရီးဖြင့် ကြွတော်မူတဲ့အခါ တောစောင့်နတ်, တောင်စောင့်နတ် ဘုမ္မစိုး, ရုက္ခစိုးနတ်အပေါင်းတို့က ဝမ်းမြောက်ဝမ်းသာကြော်ငြာ ဟစ်ကြွေးကြကုန်လျက်–

"အို-အဆွေတော်နတ်အပေါင်းတို့.... ငါတို့၏သခင် ရှင်သီဝလိ ကိုယ်တော်မြတ်ကြီး ကွလာပြီ၊ ဆွမ်းဘောဇဉ်မှစ၍ လူဒါန်းဘွယ် အမျိုးမျိုးတို့ကို ပြင်ဆင်၍ ထားကြကုန်၊ တဲကျောင်းမဏ္ဍပ်မှစ၍ ခင်းကျင်းပြင်ဆင်ကြကုန်။

ဤကဲ့သို့ နတ်အချင်းချင်းနှိုးဆော်ကာ လူဒါန်းပူဇော်ကြဘို့အတွက် သူ့ထက်ငါ အားထုတ်ကြတယ်။

ယူဇနာသုံးဆယ်ခရီးမှာ တယူဇနာလျှင် တဲကျောင်းမဏ္ဍပ် တခုစီ တခုစီ အဆန်းတကြယ် တင်ဒယ်အောင် ဘန်ဆင်းထားကြတယ်၊

ထိုတောတောင်မှာရှိတဲ့ နတ်အပေါင်းတွေဟာ ရှင်သီဝလိုကိုရည်မှန်းပြီး ပုဂ္ဂလိကဒါန အဖြစ်ဖြင့်သာ လှူဒါန်းပူဇော်ကြသတဲ့၊ သတ္တဝါတို့၏ အဇ္ဈာသယဆိုတာ မိမိတို့စိတ်ညွှတ်တဲ့ အတိုင်း ကြည်ညိုမြတ်နိုးကြစမြဲပေပေါ့။

ခရီးလမ်းတထောင့်တထောင့်၌ နတ်များလှူဒါန်းကြပုံ

အလွန်ကြမ်းထမ်းတဲ့ ကန္တာရတောလမ်းခရီးဖြင့် ယူဇနာ၃သုံးဆယ်တိုင်တိုင် ကြွတော်မူလေရာ ဘယ်နေရာမှာမှ ခေါင်းပါးတယ်လို့ မရှိဘဲ၊ သာဝတ္ထိပြည်သူ ပြည်သားတို့ လှူဒါန်းပူဇော်ကြပုံလောက် မကအောင် နတ်သမီးနတ်သားအပေါင်းတို့က ကောင်းမွန်ပြည့်စုံစွာ လှူဒါန်းပူဇော်ကြတယ်။

နံနက်အချိန်မှာ ဆွမ်းဘောဇဉ်ယာဂုမှစ၍ စားဘွယ်အမျိုးမျိုးကိုလှူဒါန်းကြတယ်၊ညနေချမ်းအချိန်မှာ အဖျော်ယမကာအမျိုးမျိုးနှင့်တကွ ပန်းနံ့သာများကို လှူဒါန်းပူဇော်ကြတယ်။

ရှင်သီဝလိ ကိုယ်တော်မြတ်ကြီးကလဲ မိမိအားရည်မှန်း၍ လှူဒါန်းပူဇော်တဲ့ ပုဂ္ဂလိက ပစ္စည်းတို့ကို သံဃာတော်အများနှင့်တကွ ဘုရားရှင်အား လှူဒါန်းတော်မူလေရာ ချမ်းချမ်းသာသာ လုံလောက်စွာသုံးဆောင်၍ တောတောင် ကန္တာရခရီးမှထွက်မြောက်တော်မူကြတယ်။

ရှင်သီဝလိကိုယ်တော်မြတ်ကြီးရဲ့ ဘုန်းတန်ခိုးဟာ လွန်စွာထင်ရှားပြီး သံဃာတော်အများလဲ ချမ်းသာတော်မူကြပေသပေါ့၊ ပုထုဇဉ်ရဟန်းတော်တွေဖြင့် အလွန်ပျော်ကြမှာဘဲနော်။

ရှင်ရေဝတ၏ပြင်ဆင်ခင်းကျင်းပုံများ

သံဃာတော် ၈ါးရာနှင့်တကွ ဘုရားရှင် ကြွလာတော်မူကြောင်းကို တင်ကြို၍သိတော်မူလေရာ ရှင်ရေဝတသည် ရှားတောကြီးတခုလုံးကို နန္ဒဝန်ဥယျာဉ်ကြီးပမာ တင့်တယ်ခမ်းနားစွာ ဖန်ဆင်းပြီး ဘုရားရှင်သီတင်းသုံးတော်မူရန် ဂန္ဓကုဋိတိုက်တော်ကြီးနှင့်တကွ သံဃာတော်အရှင်မြတ်များ တပါးလျှင်တကျောင်းကျစီ သီတင်းသုံးတော် မူကြရန် အထွဋ်ထုပိကာနှင့်တကွသော ဆန်းကြယ်တဲ့ ကျောင်းပေါင်း ၈ါးရာတို့ကို ဖန်ဆင်းထားတယ်။

ထို့ပြင်လဲ စကြိုအမျိုးမျိုး ကမ္မဋ္ဌာန်းကျောင်း အမျိုးမျိုးတို့ကိုလဲ စုံလင်စွာဖန်ဆင်းထားတယ်၊ အရှင်ရေဝတ၏တန်ခိုးဖြင့်ဖန်ဆင်းထားလိုက်တဲ့ ကျောင်းတိုက်ကြီးဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီးမျှမကအောင် ဆန်းကြယ်ကြတယ်၊ အံ့သြဘွယ်ခမ်းနားနေသတဲ့။

ရှင်ရေဝတကလဲ မိမိသီတင်းသုံးရာဌာနသို့ ကြွရောက်တော်မူလာတဲ့ ဘုရားရှင်ကို မိမိတန်ခိုးဟုန်ဖြင့် အစွမ်းကုန် ပူဇော်လိုက်ထာပေါ့လေ၊ ရှင်ရေဝတမှာ ရဟန်းကိစ္စပြီးဆုံးနေတဲ့အတွက် အထူးသဖြင့် တရားပြ၍ သြဝါဒပေးရန်အခွင့်မရှိတော့ဘူးပေါ့။

ရှားတောင်မြတ်စွာဘုရားတလသီတင်းသုံးပုံ

ထိုရှားတောကြီးအတွင်းမှာ ဘုရားရှင်ကိုယ်တော်မြတ်သည် ဖလသမာပတ် ဝင်စားတော်မူကာ တလတိုင်တိုင် သီတင်းသုံးတော်မူတယ်၊ ထိုတလအတွင်းမှာ ဆွမ်းကိစ္စအတွက် ခက်ခဲခြင်းမရှိရလေအောင် ရှင်သီဝလိကို ကြည်ညိုကြတဲ့ နတ်ပေါင်းများစွာတို့က ပြည့်စုံ လုံလောက်စွာ လှူဒါန်းပူဇော်ကြတယ်။

ရဟန်းကြီးနှစ်ပါးကဲ့ရဲ့ပုံ

ဘုရားရှင်ကြွတော်မူရာ နောက်တော်က ပါလာတဲ့ တောထွက်ရဟန်းကြီးနှစ်ပါးသည် ခမ်းနားတင့်တယ်၊ ကြီးကြယ်ထူးဆန်းတဲ့ အဆောက်အဦပေါင်း များစွာတို့ကို မြင်လေရာ စိတ်တမျိုး အထင်ရောက်ပြီး မှောက်မှောက်မှားမှားနှင့် တီးတိုးစကား သို့ကလို ပြောကြားကြသတဲ့။

"ရှင်သာရိပုတ္တရာ၏ ညီတော်ဖြစ်တဲ့ ရှင်ရေဝတသည် ဤတောကြီးအတွင်းသို့လာပြီး ခမ်းခမ်း နားနား နေရအောင် ပြောင်ပြောင်လက်လက် အညွှန့်အတက်တွေရှိတဲ့ ကျောင်းတွေကိုသာဆောက်လုပ်ပြုပြင်နေတယ်၊ ရဟန်းအလုပ်ကိုတော့ အားမထုတ်ဘူး၊ သည်လိုပုဂ္ဂိုလ်မျိုးဟာ ဘယ်မှာတရားတူးရနိုင်ပါမလဲ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလဲ ရှင်သာရိပုတ္တရာရဲ့ညီတော်မို့မျက်နှာလိုက်တဲ့သဘောနဲ့ သည်တောတောင်သို့ ရောက်အောင် ချီးမြှောက်ခြင်းငှါ ကြွတော်မူလာတယ်"။

အဲ-သည်လို တီးတိုးစကားပြောကြားကြသတဲ့၊ ပုထုဇဉ်ဆိုတာ လျှာကိုစိုးပိုင်တဲ့အတိုင်း ထင်မိထင်ရာ ပြောကြစမြဲပေပေါ့၊ တကယ့်ပုဂ္ဂိုလ်မြတ်ကြီးတွေ ကြွတော်မူရာတွင် သည်လိုပုဂ္ဂိုလ်မျိုးတွေ ကပ်ပါး ကပ်မြောင်နှင့် ရောယောင်၍ ပါလာတတ်ခြင်းဟာလဲ လောကဓမ္မတာတမျိုးပေပေါ့။

ဘုရားရှင်ကိုယ်တော်မြတ်ကလဲ ထိုရဟန်းကြီးနှစ်ပါးတို့၏ မှားယွင်းဘောက်ပြန်တဲ့ စိတ်အကြံများကို သိရှိတော်မူတယ်၊ ထိုမှားယွင်းချက်ပြယ်ပျောက်အောင် ရှက်ဆောင်တော်မူမည်-ဟု ကြံစည်တော်မူခြင်းလဲ ရှိသတဲ့။

ဇေတဝန်ကျောင်းသို့ပြန်ကြွပုံ

ရှင်တော်မြတ်ဘုရားသည် ရှားတောကြီးအတွင်းမှာ တလတိုင်တိုင် သီတင်းသုံးတော်မူပြီးတဲ့နောက် နောက်ပါ သံဃာတော် အများနှင့် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူတယ်၊ ရှားတောမှထွက်သည်နှင့်တပြိုင်နက် ဖန်ဆင်းထားတဲ့ တန်ခိုးဣဒ္ဓိပါဒ် အလုံးစုံကိုအကုန်ရုတ်သိမ်းလိုက်ရာ ပကတိမူလရင်းအတိုင်း ဆူးတွေပေါတဲ့ ရှားတောကြီးပြန်ဖြစ်သွားတယ်၊ အထင်မှားတဲ့ ရဟန်းကြီးနှစ်ပါးတို့သည် ဧရာဝေနှင့် ဘိနပ်များ မေ့ကျန်ရစ်သဖြင့် ပြန်၍ယူကြလေရာ မိမိတည်းခိုစဉ်ကတွေ့မြင်တဲ့အဆောက်အဦတွေတခုမျှမရှိဘဲ အလွန်ခြောက်ခန်းတဲ့ ရှားတောကြီးကိုသာ တွေ့မြင်ကြရတော့တယ်၊ ဆူးတွေပေါတဲ့ ရှားတောကြီးအတွင်းသို့ ဝင်သွားကြရာ ဆူးစူးခြင်းဒဏ်များကိုပင်ခံစားရသတဲ့။

ယုံမှားချက်ကိုအချင်းချင်းဖြေဖျောက်ပြောဆိုပုံ

မိမိတို့မေ့ကျန်ရစ်ခဲ့သော ပစ္စည်းများကို ယူဆောင်ကာ ရှားတောကြီးအတွင်းမှထွက်လာကြရာ ရဟန်းကြီးနှစ်ပါး အချင်းချင်း ဤကဲ့သို့ ပြောကြားကြသတဲ့။

"ဟိုတုန်းက ငါတို့ထင်မြင်တဲ့ အချက်များ မှားကုန်ပေါ့၊ ရှင်ရေ၀တဟာ အပိုအလုပ်တွေကို အားထုတ်နေတဲ့ ပုဂ္ဂိုလ်မဟုတ်ပေဘူး၊ ဘုရားရှင် ကြွရောက်တော်မူလာတဲ့အခါ ကြီးကျယ်ခမ်းနားစွာပူဇော်လိုတဲ့ဆန္ဒကြောင့် သူ့တန်ခိုးအစွမ်းဖြင့်

ဘုံနန်းဗိမာန်နှင့်တူတဲ့ ဧကျောင်းကန် အရိပ်အာဝါသတွေကို ဖန်ဆင်းထားတဲ့ လက္ခဏာဘဲ၊ ဘုရားရှင်ကြွတော်မူသည်နှင့် တပြိုင်နက် ရှားတောကြီးဖြစ်နေပုံများကိုလဲ အထင်အရှားမြင်ရပေတယ်၊ ရေဝတကလေးဟာ အရွယ်ငယ်ငယ်နှင့်ရဟန်းကိစ္စ တုံး၍ အဆုံးသို့ရောက်အောင် စွမ်းဆောင်နိုင်ပေတယ်''။

''အဲ-သို့ကလို ပြောကြား၍ မိမိတို့ယုံမှားချက်များကို ဖြေဖျောက်ကြသတဲ့''။

ရှားတောအကြောင်းနှင့်စပ်လျဉ်း၍အခြင်းအခံ့ဖြစ်ပုံ

ဇေတဝန်ကျောင်းတော်သို့ ပြန်လည် ဆိုက်ရောက်ကြတဲ့ အခါ နောက်တနေ့နံနက် စောစောတွင် ဝိသာခါ ကျောင်းအစ်မကြီးဒိမ်သို့သွား၍ ယာဂုများသောက်ကြတဲ့အခါ ဝိသာခါဒါယိကာမကြီးက ရဟန်းကြီးနှစ်ပါးကို သို့ကလို ဧမေးမြန်းလျှောက်ထားတယ်။

ရှင်ရေဝတ သီတင်းသုံးတဲ့တောအရပ်သို့ ဘုရားရှင်ကြွတော်မူရာ ကိုယ်တော်တို့လဲ နောက်တော်က ပါသွားကြတယ် မဟုတ်လား၊ ရှင်ရေဝတ သီတင်းသုံးရာဖြစ်တဲ့ တောအုပ်ကြီးဟာ သာသာယာယာနှင့် မွေ့လျော်ဘွယ် ရှိပါရဲ့လား ဘုရား''

အဲ-သည်လို လျှောက်ထားတော့ ရဟန်းတော်ကြီးနှစ်ပါးက-

''ဒါယိကာမကြီး တောခေါင်ခေါင်နှင့် ကုန်းပြောင်ကာနေ ပူ၍ ဝုံ့ရှိုးတွေအလွန်ပေါတဲ့အပြင် ရှားတောကြီးဖြစ်တဲ့အတွက် ဆူးငြောင့်ခလုတ်တွေကလဲ ရှုပ်ပွေလို့ နေတော့တာဘဲ၊ စိမ့်စမ်းမပေါက်ဘဲ ခန်းခြောက်တဲ့ တောအုပ်ကြီးဖြစ်တယ်၊ အလွန်ပျင်းစရာ ဘယ်မှာမွေ့လျော်ဘို့ရှိပါမလဲ'' လို့ မိမိတို့ တွေ့ကြုံခဲ့တဲ့အတိုင်း ပြောကြားကြတယ်။

ဝိသာခါမေးမြန်းချက်ကို မိန့်ကြားပုံ

ထို့နောက်တဖန် တချိုပုထုဇဉ်ရဟန်းတော်များ ယာဂုသောက်ဘို့ ကြွရောက်တော်မူလာကြရာ ဝိသာခါ ဒါယိကာမကြီးက တောအကြောင်းကို လျှောက်ထားမေးမြန်းပြန်သည်တွင်-

"အိုဒါယိကာမကြီး....အလွန်ထူးဆန်း၍ နတ်နန်း နတ်ဘုံ သဘွယ်ကြီးကြီးကျယ်ကျယ်နှင့် မွေ့လျော်ဘွယ်အလွန်ကောင်းလှ ပါတယ်၊ သို့ကလောက် ထူးဆန်းကြီးကျယ်တဲ့ တောကို ဘယ် အခါမျှ မမြင်စဘူးပါ"။

အဲ-သည်လို မိန့်ကြားတော်မူကြပြန်တယ်။

ရဟန်းတော်အချင်းချင်းတို့စကားဟာဆန့်ကျင်ဘက်ခြားနားနေကြ တာပေါ့၊ မိမိတို့တွေ့မြင်ခဲ့ရတဲ့အတိုင်း ဒိဋ္ဌသဘောအားဖြင့် ပြော ကြားတော်မူကြရာ သူ့ဘက်, ငါ့ဘက်နှင့် တဘက်တလမ်းစီ ဖြစ်နေကြ တာပေါ့၊ ဘယ်ဘက်ကမှ လက်လျှော့လို့ မပေးကြဘူး။

ဘုရားရှင်ကြရောက်၍ တောအကြောင်းကို ဟောကြားတော်မူပုံ

ဘုရားရှင်ကိုယ်တော်မြတ်သည် ဒေသစာရီကြွချီတော်မူရာ အရပ်မှ သာဝတ္ထိပြည်သို့ ဆိုက်ရောက်တော်မူလာသောအခါ ပင့်လျှောက်သူ အထူးမရှိခဲ့ပါလျှင် ဝိသာခါ၏ အိမ်သို့ ကြွရောက်၍ ဆွမ်းဘုဉ်းပေးမြဲ ဖြစ်သောအတိုင်း သယ်ဘတော်အများနှင့်တကွ ဘုရားရှင်ကိုယ်တော် တိုင် ဝိသာခါ၏ အိမ်သို့ ကြွရောက်တော်မူလာရာ ဝိသာခါဒါယိကာမ ကြီးကရှိသေလေးမြတ်စွာ ဘောဇဉ်ခဲဘွယ်အထူးထူးတို့ဖြင့် လှူဒါန်း ကျွေးမွေးတယ်၊ ဆွမ်းလုပ်ကျွေးပြီးတဲ့ အခါ ဘုရားရှင်အထံသို့ ချဉ်း ကပ်ပြီး-

ဘုရားရှင်အားဝိသာခါလျှောက်ပုံ

"ဘုန်းတော်ကြီး လှသော အရှင်ဘုရား ရှင်ရေ၀တ၏ သီ တင်းသုံးရာဖြစ်တဲ့ တောအုပ်ကြီးဟာ မွေ့လျော်ဘွယ် ရှိပါ၏ လားဘုရား၊ အချို့ရဟန်းတော်များက မွေ့လျော်ဘွယ်မရှိဘူး အချို့ရဟန်းတော်များကတော့ မွေ့လျော်ဘွယ် ကောင်းတယ်၊ သို့ကလို ပြောဆိုငြင်းခုံလို့နေကြပါတယ်ဘုရားအရှင်မြတ်ကြီး ၏ အမိန့်တော် စကားကို နာခံလိုပါသည်ဘုရား"။

လို့လျှောက်ထားတယ်။

မြတ်စွာဘုရားမိန့်ကြားပုံ

ထိုအခါရှင်တော်မြတ်ဘုရားက ရဟန်းတော်တို့၏ငြင်းခုံချက်စကားတို့ကို မည်သို့မှမိန့်ကြားတော်မမူဘဲ တော,တောင်တို့နှင့်တကွ အလုံးစုံသော အရပ်ဌာနတို့၏ မွေ့လျော်ဘွယ်ရှိပုံများကို သိုကလို-မိန့်ကြားတော်မူလေသတည်း။

ဂါမေဝါ ယဒိဝါ ရညေ၊ နိန္နေဝါ ယဒိဝါ ထလေ။
ယတ္ထ အရဟန္တော ဝိဟရန္တိ၊ တံဘူမိ ရာမဏေယျကံ။ ။
(ဓမ္မပဒ ပါဠိတော်)

ဒါယိကေ၊ အိုဝိသာခါ ဒါယိကာမကြီး။ ဂါမေဝါ၊ မြို့ရွာဌာန အတွင်းဌာဏင်း။ ယဒိ၊ ထို့အပြင်တပါး။ အရညေဝါ၊ တောတောင် အရပ်ဌာနဌာဏင်း။ နိန္နေဝါ၊ စိုပြေချိုင့်ဝှမ်းရာ အရပ်ဌာနဌာဏင်း။ ယဒိ၊ ထို့ပြင်တပါး။ ထလေဝါ၊ခြောက်ခန်းသော ကုန်းခေါင်ခေါင်အရပ်ဌာဏင်း။ ယတ္ထ၊ အကြင်အရပ်ဌာနဌာ။ အရဟန္တော၊ ကိလေသာ ကုန်သောရဟန္တာပုဂ္ဂိုလ်မြတ်တို့သည်။ ဝိဟရန္တိ၊ သီတင်းသုံး နေထိုင်တော်မူကြ၏။ တံဘူမိ၊ ကိုရဟန္တာပုဂ္ဂိုလ်တို့၏သီတင်းသုံးရာဖြစ်သောမြေပြင်အရပ်ဌာနသည်။ ရမဏေယျကံ၊ စိတ်နှလုံးရွှင်ပျော်၍ မွေ့လျော်ဘွယ်ဖြစ်ပြီသာတည်း။

ဆိုလိုရင်းအဓိပ္ပါယ်

အို–ဝိသာခါ....၊ မြို့ရွာဌာနဖြစ်စေ,တောဌာနဖြစ်စေ,စိုပြေချိုင့်ဝှမ်းရာဌာနဖြစ်စေ, ခြောက်ခန်းသော ကုန်းခေါင်ခေါင်အရပ်ဌာနဖြစ်စေ၊ အကြင်အရပ်ဌာ ရဟန္တာပုဂ္ဂိုလ်တို့ သီတင်းသုံး နေထိုင်တော်မူခဲ့ပါလျှင် ထိုအရပ်ဌာနကို မွေ့လျော်ပျော်ဘွယ်ရှိတယ်-လို့ မှတ်ရမယ်။"

မွေ့လျော်ခြင်းဆိုတာ တော,တောင်အတွင်းမှာ ရှိတာမျိုးမဟုတ်ဘူး၊ လူတို့၏ စိတ်သန္တာန်အတွင်းမှာ ရှိနိုင်တယ်၊ သစ်သီး, ပန်းမာလတွေ ပေါများ၍ မည်မျှလောက်ပင် မွေ့လျော်ဘွယ်ကောင်းတဲ့ တော,တောင်ဖြစ်စေကာမူ လူတို့စိတ်သန္တာန်အတွင်းမှာ မွေ့လျော်ပျော်ရွှင်ခြင်း ဆိုတဲ့ သောမနဿဓာတ်မဖြစ်ခဲ့ပါလျှင် ဘယ်မှာမွေ့လျော်ဘွယ် ကောင်းတယ်လို့ ထင်မြင်နိုင်ပါ့မလဲ။

အလွန်ခြောက်သွေ့၍ ငြီးငွေ့ဘွယ်ကောင်းတဲ့ တောအတွင်းမှာဖြစ်စေကာမူ လူတို့၏ စိတ်ဓာတ်အတွင်း၌ မွေ့လျော်ခြင်း သောမနဿဓာတ်ဖြစ်ပေါ်လာခဲ့ပါလျှင် မွေ့လျော်ဘွယ်မရှိဘူးလို့ဘယ်မှာဆိုနိုင်ပါမလဲ၊ ရဟန္တာပုဂ္ဂိုလ်တို့မှာ သာယာတပ်မက်ခြင်း ကင်းဝေးပြီးဖြစ်၍ ဘယ်အရပ်မှာနေနေ၊ အပြင်အာရုံတွေ၏ အနှောင့်အရှက်ကို မခံရဘဲ အမြဲပင်မွေ့လျော်တော်မူနိုင်ကြတယ်။

အဲ-သို့အတွက်ကြောင့် ရဟန္တာပုဂ္ဂိုလ်တို့ သီတင်းသုံးရာဖြစ်တဲ့ ဌာနများဟာ ဘယ်အရပ်မှာမဆို မွေ့လျော်ဘွယ်ရှိတယ်-လို့သာ မှတ်ရမယ်။

အဲ-သည်ကဲ့သို့ တော,တောင်အကြောင်းနှင့် စပ်လျဉ်း၍ မိန့်ကြားတော်မူတဲ့အခါ ဝိသာခါမှစ၍ ပရိသတ်ပေါင်း များစွာတို့မှာ အသိဉာဏ် ရှင်းရှင်းနှင့် အလင်းဉာဏ်ပေါ်ပေါက်ကြတယ်။

တော,တောင်တို့နှင့် မွေ့လျော်ခြင်းနှင့် စပ်လျဉ်း၍ ရှင်တော်ဘုရားဟောကြားတော်မူအပ်သော ဒေသနာတခုရှိပြန်သည်မှာ—

ရမဏီယာနိ အရညာနိ၊ ယတ္ထ နဒီ ဇနော။
ဝိတရာဂါ ရမိဿန္တိ၊ နဒီ ကာမ ဂဝေသိနော။ ။
(ဓမ္မပဒပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ အရညာနိ၊ တော,တောင်အရပ်ဌာနတို့သည်။ ရမဏီယာနိ၊ ပကတိသဘောအားဖြင့် မွေ့လျော်ဘွယ်ရှိကြလေကုန်၏။ဇနော၊လူများအပေါင်းသည်။ ယတ္ထ၊အကြင်တော,တောင်အရပ်ဌာနတို့၌။ နရမတိ၊ စိတ်ထားရှင်ပျော် မမွေ့လျော်။ ကဿ၊ အဘယ့်ကြောင့်နည်းဟူမူကား။ တေဇနာ၊ထိုလူအများ အပေါင်းတို့သည်။ ကာမဂဝေသိနော၊ မြို့ရွာနှင့်ဆိုင်သော ကာမဂုဏ်တို့ကိုသာ ရှာမှီးလေ့ရှိကြကုန်သောကြောင့်တည်း။ ဝိတရာဂါ၊ ရဟန္တာပုဂ္ဂိုလ်တို့သည်ကား။ယတ္ထ၊အကြင် တော,တောင် အရပ်ဌာနတို့၌။ ရမိဿန္တိ၊ ရှင်ရှင်ပျော်ပျော်နှင့် မွေ့လျော်တော်မူကြကုန်လတံ့၊ ကဿ၊ အဘယ့်ကြောင့်နည်းဟူမူကား။ တေ၊ထိုရဟန္တာပုဂ္ဂိုလ်တို့သည်။ နကာမဂဝေသိနော၊မြို့ရွာနှင့်ဆိုင်သော ကာမဂုဏ်တို့ကို ရှာမှီးလေ့မရှိကြကုန်သောကြောင့်တည်း။

ဆိုလိုရင်း အဓိပ္ပါယ်

ချစ်သားရဟန်းတို့....၊တော,တောင် အရပ်ဌာနတွေဟာ ဆိတ်ငြိမ်ခြင်း,သန့်ရှင်းခြင်းစသော ပကတိ သဘောအားဖြင့် အလွန်ပင် မွေ့လျော်ဘွယ် ရှိကြတယ်၊ သို့ရာတွင် မြို့ရွာအာရုံနှင့် ကာမဂုဏ်လိုက်စားတဲ့ လူအများကတော့ တော,တောင်အတွင်းမှာ မွေ့လျော်ခြင်း မဖြစ်နိုင်ကြဘူး၊ကိလေသာကုန်ခန်းတဲ့ရဟန္တာပုဂ္ဂိုလ်တို့သည်ကား-မြို့အာရုံ,ရွာအာရုံနှင့် ကာမဂုဏ်ရှာမှီးလေ့မရှိကြတဲ့အတွက် တော,တောင်အတွင်းမှာ ချမ်းချမ်းသာသာနှင့် မွေ့လျော်နိုင်ကြတယ်။

စဉ်းစားဘွယ်

ဖော်ပြခဲ့သော အထက်ပါ ဂါထာ၏အဓိပ္ပါယ်အတိုင်း တော,တောင်တို့၏ မွေ့လျော်ဘွယ်များနှင့် ပုထုဇဉ်လူသားတို့၏ ငြီးငွေ့ပုံများကို စဉ်းစားဆင်ခြင်ရမယ်။

တောဂဲ့ဘွဲ့ထူးကိုရရှိခြင်း

ရှင်ရေဝတသည်သာမဏေဘဝနှင့်ပင်လျှင်ပဋိသမ္ဘိဒါလေးပါး၊အဘိညာဉ်ပြောက်ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်ပြီးတဲ့နောက် အသက်နှစ်ဆယ်သို့ရောက်တဲ့အခါ ဥပသမ္ပဒကံဆောင်၍ ရဟန်းဘောင်သို့ တက်လာတော်မူခဲ့တယ်၊ ရှားတောကြီးအတွင်းမှာသာ သီတင်းသုံးနေထိုင်လေ့ရှိတဲ့အတွက် ခဒိရ ဝနိယ ရေဝတ-ရယ်လို့ သာသနာတော်အတွင်းမှာ ထင်ရှားကျော်စောတော်မူတယ်၊ ထိုအမည်ကို မြန်မာလိုပြန်ဆိုရပါလျှင် ရှားတောရေဝတ-ရယ်လို့ ပြန်ဆိုရမှာပေါ့။

တနေ့သောအခါ ရှင်ရေဝတသည် ဘုရားရှင်နှင့်တကွ နောင်တော်ကြီးဖြစ်တော်မူသော ရှင်သာရိပုတ္တရာကို ဖူးမြင်လိုတဲ့ ဆန္ဒနှင့်၊ ရှားတောကြီးမှထွက်ပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကြွလာတော်မူခဲ့တယ်၊ ယခင်ကပင် ရှင်ရေဝတ၏ သတင်းထူးများ ထင်ရှားကျော်စောလျက် ရှိနေသောကြောင့် ဇေတဝန်ကျောင်းတော်သို့ ဆိုက်ရောက်လာတဲ့အခါ ရဟန်းအများကသွားရောက်ရှိစားကာ အလွှာပ, သလွှာပ စကားတို့ကို ပြောကြားတော်မူကြသော အာဂါ အရိယာပုဂ္ဂိုလ် ပရိသတ်အပေါင်းတို့၏ အလယ်တွင် ဘုရားရှင် ကိုယ်တော်မြတ်

ကြီးက ရှင်ရေ၀တအားတေဒဂ်ဘွဲ့ထူးဖြင့်သို့ကလို-ချီးကျူးမြောက်စားတော်မူလေသတည်း။

တေဒဂ္ဂံ ဘိက္ခဝေ မမသာ၀ကာနံ ဘိက္ခူနံ အာရညကာနံ ယဒိဒံ ခဒိရ၀နိယော ရေ၀တော။

အနက်ကား

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။မမ၊ ငါ၏ဘုရား၏။ သာ၀ကာနံ၊ တပည့်မြတ်ဖြစ်ကြကုန်သော။ အရညကာနံ၊ တောင်ခွနေလေ့ ရှိကြကုန်သော။ ဘိက္ခူနံ၊ ရဟန်းအပေါင်းတို့တွင်။ခဒိရ၀နိယော၊ ရှားတောင်ခွ နေလေ့ရှိသော။ယဒိဒံ-ယောအယံရေ၀တော၊ အကြင်ရေ၀တသည်။အတ္ထိ၊ရှိ၏။ ဒီတံ-ဧသော၊ ထိုရှင်ရေ၀တသည်။ အဂ္ဂံ-အဂ္ဂေါ၊ အမြတ်ဆုံးပေတည်း။

ဇာတိဌာနသို့ကြွရောက်တော်မူပုံ

အဲ–ပြဆိုခဲ့ပြီးတဲ့အတိုင်း သာသနာတော် အတွင်းမှာ ရဟန်းတို့ဂုဏ်ရောင်အလင်းဖြင့် တ၀င်း၀င်းတောက်ပတော် မူလျက်ရှိသော ရှင်ရေ၀တသည် ဇာတိဌာနဖြစ်တဲ့ နာဠကရွာကြီးသို့ ကြွရောက်လိုတဲ့ဆန္ဒဖြစ်ပေါ်လာသည်နှင့် နောင်တော်ကြီးအားခွင့်ပန်ကြားပြီး ဆွေမျိုးဥာတိနှင့် မိဘတို့ဒေသသို့ ကြွသွားတော်မူတယ်။

မိခင်ဖြစ်သူ သာရိပုဏ္ဏားမကြီးကလဲ ရေ၀တထွက်ပြေးတဲ့နေ့ကစပြီး ဘယ်တနေ့မှာမှ မေ့လျော့ခြင်းမရှိဘဲ သားထွေးကလေးမို့ ပူဆွေးစိုးရိမ်ကာလွမ်းဆွတ်တမ်းတလျက်သာရှိနေရှာတယ်၊သို့ရာတွင်တခါတခါမှာလဲမိမိစကားကိုငြင်းဆန်ပြီး သူ့နောင်ကြီးနောက်တော်သို့ကောက်ကောက်ပါအောင်လိုက်သွားတဲ့အတွက် စိတ်မကျေနိုင်ဘဲအမျက်ထွက်လို့သာ နေသတဲ့၊ သာရိပုဏ္ဏားမကြီးမှာ သာသနာကို မကြည်ညိုတဲ့ မိစ္ဆာဒိဋ္ဌိမကြီးဖြစ်နေတဲ့အတွက်သားတွေ,သမီးတွေ,သာသနာဘောင်မှာ သက်နိုးရောင်တ၀င်း၀င်းနှင့် နေထိုင်ကြတာကိုလဲ တနေ့တရက်မျှ နှစ်သက်ခြင်းမဖြစ်နိုင်ဘူးတဲ့။

သာရိပုဏ္ဏားမကြီးထံမှာ အမွေခံစေဘို့ သား,သမီး တယောက်မျှ မကျန်ရစ်တော့ဘူး၊စာလာ,ဥပစာလာ, သီသုပစာလာ၊ ဆိုတဲ့သမီးသုံးယောက်မှတယောက်စီတယောက်စီ,မွေဖွားထားခဲ့တဲ့မြေးယောကျ်ား

ကလေး သုံးယောက်သာ ကျန်ရစ်တော့တယ်၊ အမွေခံကလေး တွေပေပေါ့၊ ထိုမြေးသုံးယောက် အမည်သည်မှာလဲ သူတို့မိခင်၏ အမည်သည်အတိုင်း စာလာ, ဥပစာလာ, သီသုပစာလာရယ်လို့ မှည့်ခေါ်ထားတယ်၊ မိခင်တို့၏ အမည်အတိုင်း မှည့်ခေါ်တဲ့ အတွက် ယောကျ်ားကလေးတွေပင် ဖြစ်သော်လဲ ဇာတ်ထိုလိင်ဆန်တဲ့အမည်သည် ကို ရနေကြတာပေါ့။

ရှင်ရေဝတသည် ဇာတိဌာန မိဘနေအိမ်သို့ ဆိုက်ရောက်တော်မူတဲ့ အခါ ရဟန်းအသွင်နှင့်တွေ့မြင်ရတဲ့အတွက်မိခင်ကြီးက ချုန်းချုန်းချလို့ ငိုရှာတယ်၊ သို့ရာတွင် အဏာန်ကလေးကြာတော့ ကွဲကွာနေတဲ့ သား၏ မျက်နှာကို ကြည်လင်စွာမြင်ရတဲ့ အတွက် နှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်လာရှာတာပေါ့၊ မိစ္ဆာဒိဋ္ဌိမကြီးဖြစ်နေသောကြောင့် ကြည်သိုခြင်း-သဒ္ဓါတရားဖြင့်မကြည်သိုနိုင်ဘဲ သား၏ ချစ်ခြင်းဖြင့် သာလျှင် ချစ်ခင်လို့နေသတဲ့၊ ဆွေမျိုးဥာတိအပေါင်းတို့နှင့်တကွ မိခင်ကြီးအား တရား ဓမ္မဖြင့် လမ်းမှန်ကို ပြပါသော်လဲ စွဲမြဲပြီးဖြစ်တဲ့ မိစ္ဆာဒိဋ္ဌိ စရိုက် ဓာတ်ကို မဖြတ်မတောက်နိုင်ကြတဲ့ အကွက် သာသနာဘက်သို့ မညွှတ် မကိုင်းဘဲရှိနေကြတယ်။

တူမောင်များအားတရားဟောကြားပုံ

ထိုအခါ ရှင်ရေဝတသည် တူတော်ကလေး သုံးယောက်ကို ခေါ်ပြီး တရားဓမ္မဖြင့် နှုးလေရာ ပါရမီရှင်ကလေးတွေဖြစ်ကြတဲ့အ တိုင်း ဦးလေးရဟန်းတော်၏ စကားကို ကြားရုံမျှနှင့်သဘောကျပြီး နောက်တော်သို့ လိုက်၍ ရဟန်းပြုရန် အာမခံကြတယ်၊တူတော် သုံးယောက်တို့၏ ဝန်ခံချက်ကိုရတော့ ရှင်ရေဝတသည် ဝမ်းသာအား ရနှင့် မိခင်ကြီးကိုမျှမကိုင်ကြားဘဲ တူတော်သုံးယောက်ကို ခေါ်ပြီး ဇေ တဝန်ကျောင်းတော်သို့ ပြန်ကွာလာခဲ့တယ်၊ ဇေတဝန်ကျောင်းတော်သို့ ဆိုက်ရောက်လေသော အခါတူကလေးသုံးယောက်ကို ရှင်သာမဏေဖြစ် လုပ်စေပြီး ဇာနေ့ရေရနှင့် ကျကျနန ရှိခိုးအောင် ဆုံးမကာ သင့်လျော်ရာ ကမ္မဋ္ဌာန်းကို စီးပြန်း သင်ကြားလျက် ကျင့်ဝတ် တရားနှင့် ညီမျှအောင် နေထိုင်စေတယ်။

တူတော် သံဃရတနာများအား သတိပေးပုံ

တနေ့သောအခါ ရှင်ရေဝတမှာ မကျန်းမမာဖြစ်သည်နှင့် နောင်တော်ကြီး ရှင်သာရိပုတ္တရာက သူနာမေးအဖြစ်ဖြင့် ညီတော်ရှင်ရေဝတ အထံသို့ ကြွတော်မူလာတယ်၊ညီတော်-ရှင်ရေဝတသည် နောင်တော်ကြီး ကြွတော်မူလာသည်ကို ခပ်လှမ်းလှမ်းကမြင်လေရာ တူတော် သာမဏေကလေးများကိုမငြိမ်မဆိန်ဇုန်ခြေမဲ့စွာမြင်တော်မူသွားမည်ကို စိုးရိမ်လှသဖြင့် ပိပိပြားပြားနှင့် သတိထား၍နေထိုင်ကြစေရန် တင်ကြောကာ သတိပေးသောအားဖြင့် တူတော်-သာမဏေတို့အားသို့ကလို-မိန့်ကြားတော်မူလိုက်တယ်။

စာလေ ဥပစာလေ သီသူပစာလေ။
ပဋိသတိကာနုခေါ ဝိဟရထ။
အာဂတော ဝေါ ဝါလံ ဝိယ ဝေဓိ။
(ထေရဂါထာပါဠိတော်)

စာလေ၊ အို-စာလာ။ဥပစာလေ၊ အို–ဥပစာလာ။ သီသူပစာလေ၊ အို–သီသူပစာလာ။ တူမြေ၊သင်တို့သည်။ ပဋိသတိကာ၊ ငြိမ်ငြိမ် ဆိန်ဆိန်၊ ဇုန်ခြေရှိရှိ ပိပိပြားပြား သတိထားကြကုန်လျက်။ ဝိဟရထနုခေါ၊ ကောင်းမွန်စွာနေထိုင်ကြပါကုန်၏လော။ ဝါလံ၊သားမြီးမျှင်ကလေးကို။ဝေဓိဝိယ၊မှန်အောင်ပစ်နိုင်သောလေးသမားကဲ့သို့။ဧမ္မဝေဓီ၊တရားအလုံးစုံကို အကုန်ဖောက်ထွင်း၍ မြင်နိုင်ပေသော။ ဝေါ၊ သင်တို့၏။ မာတုလော၊ ဦးရီးတော်ဘုရားသည်။ အာဂတော၊ ကြွတော်မူလာခဲ့ပြီ တကား။

ဆိုလိုရင်းအဓိပ္ပါယ်

အို–တူတော်သာမဏေများတို့….၊ပိပိပြားပြားနှင့်သတိထား၍နေကြကုန်၊ သားမြီးမျှင်ကလေးကို မှန်အောင်ပစ်နိုင်သော လေးသမားကြီးကဲ့သို့ တရားအလုံးစုံကို အကုန်ဖောက်ထွင်းကာ သိမြင်တော်မူနိုင်တဲ့ သင်တို့ဦးရီးတော်ဘုရား ကြွတော်မူလာပြီ၊ အဲ–သည်ကဲ့သို့ အမိန့်တော်ရှိတဲ့အခါ သာမဏေကလေး သုံးပါးတို့သည် မိမိတို့ကမ္မဋ္ဌာန်းထိုင်ရာဌာနမှ လျင်မြန်စွာထပြီး ဦးရီးတော်ဘုရားကို ကြိုဆိုဝတ်ပြုကာ ရှိသေစွာနေထိုင်ကြတယ်။

ရှင်သာရိပုတ္တရာမေးမြန်းပုံ

ညီတော်,နောင်တော်နှစ်ပါး အချင်းချင်း မိန့်ကြားမေးမြန်းတော်မူကြပြီးတဲ့အခါ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် တူတော်သာမဏေကလေးတို့အထံသို့ ကြွသွားတော်မူပြီး-

"အို- ငါ့တူတော်များ ..သင်တို့သည်ဘယ်သို့သောနေထိုင်ခြင်းဖြင့် အချိန်ကိုကုန်လွန်စေကြပါသလဲ"

လို့-မေးမြန်းတော်မူတယ်။

တို့အခါ တူတော်-သာမဏေကလေးတို့က ဦးလေး-ရဟန်းတော်၏ဆုံးမချက်အတိုင်း နေထိုင်ကြပုံများကို အကျယ်အားဖြင့် လျှောက်ထားကြလေရာ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက သာဓု-ခေါ်တော်မူပြီး "ငါ့ညီတော်ရေဝတသည် အသက်နုနယ်တဲ့ သာမဏေကလေးတို့ကိုပင် ယဉ်ကျေးအောင် ဆုံးပတမ်းပေသည်တကား"ဟု ညီတော်ကို ချီးကျူးကာ မြှင့်ကြွတော်မူလေသတည်း။

ရေဝတဝေကရ ဝတ္ထုပြီး၏။

ဦးကွင်ငရ့
ထေရဘာသာပြန် ကတိယတွဲပြီးပြီ။

(စတုတ္ထတွဲကို ဆက်လက်၍ ဘတ်ရှ်တော်မူကြပါ။)